

# ဦးဒေါဇင်

# အရိယသစ္စာ

နဋ္ဌိ သစ္စာပွရော ဓမ္မာ
သစ္စာမှ တပါး တရားမရှိ

မဟာဘာရတ

# ဦးဩဘာသ
# အရိယသစ္စာ

# ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်
# [၇၇၄၂။၇၇၄၂-က]


၁၉၇၅-ခုနှစ် ဇူလိုင်လ၊

ပထမ အကြိမ်၊

အုပ်ရေ ၂၀၀၀

ပန်းချီ

ကျော်ကျော်

ဘလောက်

နယူးဘားမား

မျက်နှာဖုံး ကာလာ မောင်မောင်လှ

သတ်မှတ်ဈေး ၆ ကျပ်၊

ဤစာအုပ်ကိုဦးသော်ဇင် (ဥယျာဉ်မှူးစာပေတိုက်)(မြဲ-၀၇၈၉)
အမှတ်၁၀၅၊ ဟံသာဝတီလမ်း၊ တောင်ဥက္ကလာပမြို့ကထုတ်ဝေ၍
ဒေါ်မြင့်မြင့် (မြဲ-၀၁၈၃၅) ပုံနှိပ်တိုက်၊
အမှတ် ၆၈၊၁၆၅ လမ်း၊ တာမွေ၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။
ဖြန့်ချိရေး ယမုနာစာပေ၊ ၆၈၊၁၆၅ လမ်း၊ တာမွေ၊ ရန်ကုန်မြို့။
ဖုန်း - ၅ ၁ ၆ ၇ ၂

သစ္စာ ရွှေမိုး ငွေကြိုး ဖြိုင်ဖြိုင်
သစ္စာ ပန်းပွင့် လန်းတင့် လှိုင်လှိုင်
သစ္စာ ဇင်ကုံး ပင်လုံး မြိုင်မြိုင်
သစ္စာ နံ့သင်းပျံ့ တကြိုင်ကြိုင်

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | အရိယသစ္စာဥယျောဇဉ် | .... | ၆ |
| ၂။ | အရိယပြဿနာ | .... | ၈ |
| ၃။ | မောက္ခ | .... | ၂၀ |
| | အဝိဇ္ဇာ၏လက္ခဏာ | .... | ၂၀ |
| | ဝိဇ္ဇာ၏လက္ခဏာ | .... | ၂၉ |
| ၄။ | ပဋိသမ္ဘိဒါမဂ်ပါဠိတော် | .... | ၄၄ |
| | ဉာဏကထာ | .... | ၅၃ |
| | သစ္စကထာ | .... | ၆၆ |
| ၅။ | မဟာဝဂ်ပါဠိတော် | .... | ၆၉ |
| | ဓမ္မအာဒါသ | .... | ၇၀ |
| | သုဘဒ္ဒပရိဗိုဇ် | .... | ၇၄ |
| ၆။ | အရိယဝံသသုတ် | .... | ၇၇ |
| ၇။ | ဇာတိဂုတ်ပါဠိတော် | .... | ၈၁ |
| | လောဘသုတ် | .... | ၈၁ |
| | ဒေါသသုတ် | .... | ၈၂ |
| | မောဟသုတ် | .... | ၈၂ |

# မာတိကာ


| | | |
|---|---|---|
| ကောဓသုတ် | .... | ၈၃ |
| မက္ခသုတ် | .... | ၈၃ |
| မာနသုတ် | .... | ၈၄ |
| ဝေဒနာသုတ် | .... | ၈၅ |
| အဒ္ဓါသုတ် | .... | ၈၆ |
| အဂ္ဂိသုတ် | .... | ၈၆ |
| ၈။ သက္ကပဉှသုတ် | .... | ၈၈ |
| ၉။ အာဠဝကသုတ် | .... | ၁၁၂ |
| ၁၀။ ယက္ခပြဿနာ | .... | ၁၄၂ |
| ၁၁။ သဘိယသုတ် | .... | ၁၅၁ |
| ၁၂။ ပါရာယနဝဂ် | .... | ၁၆၀ |
| ၁၃။ အရိယသူမြတ်အဖြစ် | .... | ၁၈၆ |
| ၁၄။ ဝိမုတ္တိရသ | .... | ၁၉၄ |
| ၁၅။ နိဂုံးချုပ် | .... | ၂၁၂ |

# အရိယ သစ္စာ

## ဥယောဇဉ်

လမ်းခရီးအားလုံးတွင် အင်္ဂါရှစ်ပါးရှိသော မဂ်လမ်းခရီးသည် အမြတ်ဆုံး ဖြစ်၏။ သစ္စာအားလုံး တို့တွင် အရိယသစ္စာ လေးပါးသည် အမြတ်ဆုံးဖြစ်၏၊ သဘောတရားအားလုံးတို့တွင် ရာဂကင်းသော နိဗ္ဗာန်သည် အမြတ်ဆုံး ဖြစ်၏၊ အခြေနှစ်ချောင်းရှိသော သတ္တဝါအားလုံးတို့တွင် မျက်စိရှိသူသည် အမြတ်ဆုံးဖြစ်၏။

ဤအင်္ဂါရှစ်ပါး ရှိသော မဂ်လမ်းခရီးသည် သာလျှင် ဉာဏ်အမြင် စင်ကြယ်ခြင်း အတွက် ခရီးမှန်ဖြစ်၏၊ ဤမဂ်လမ်းခရီးမှ တပါးသော ခရီးသည်မရှိတော့ပြီ၊ ထို့ကြောင့် သင်တို့သည် ဤလမ်းခရီးကိုသာ သွားကြကုန်လော့၊ ဤခရီးမှန်သည်မာရ်မင်းမမြင်နိုင်သော လမ်းခရီးတည်း။

သင်တို့သည် ဤမဂ် လမ်းဟူသော ခရီးကို

သွားကြသည် ရှိသော် ဆင်းရဲအဆုံးကို ပြုကြရလိမ့်မည်၊ ငါသည် ရာဂစသော ဆူးငြောင့်ကင်းသောလမ်းမှန်ကို ကိုယ်တိုင် သိ၍ သင်တို့အားမဂ်လမ်းခရီးမှန်ကို ညွှန်ကြားခဲ့ပြီ။

သင်တို့သည် ကိုယ်တိုင် အားထုတ် ကြကုန်လော့၊ တထာဂတတို့သည် ညွှန်ပြ ရုံမျှသာဖြစ်ကြ၏၊ ကျင့်၍ ရှုမြိုက်သူတို့သာ မာရ်မင်းအနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကြ၏။

-ဓမ္မပဒ

ရဟန်းတို့-အရိယသစ္စာလေး ပါး တို့ကိုလျော်ကန်စွာ မသိခြင်းကြောင့်၊ ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်ရင်း, သင်တို့သည်ရင်း၊ ရှည်လျားစွာသော ဤကာလ ပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

ရဟန်းတို့- ထိုအရိယ သစ္စာတို့ကို ငါသိမြင်ပေပြီ၊ ဘဝသစ်သို့ ဆွဲဆောင်တတ်သော ကြိုးနှင့်တူစွာ ဘဝတဏှာကို ကောင်းစွာ နုတ်ပယ်ပြီးပေပြီ၊ ဆင်းရဲ၏ အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးပေပြီ၊ ယခုအခါ တဖန်ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ။

မဟာပရိနိဗ္ဗာနသုတ်

# အရိယပြဿနာ

အဘယ်သို့သောသူကို အရိယဟုခေါ်ဆိုသနည်း။
ဤပြဿနာကို ရှေးဦးစွာ အရိယလူမျိုး အမည်ကို ခံယူထားကြသော ဟိန္ဒူတို့၏ အလို အားလျော်စွာ ဖြေဆိုပါမည်။
ကြိုဏ္ဍဝေဒ ဝိသွမာရိယမ်-
အိုလူသားတို့ လောကကို အရိယပြုလုပ်ကြလော့။

ဤကား 'ရိဂွေဒ'စကားဖြစ်၏၊ ရိဂွေဒကို မြန်မာတို့က 'ဣရုဝေဒ'ဟု ခေါ်ဆိုကြ၏။ ကမ္ဘာပေါ်ရှိ စာပေ တို့တွင် 'ဝေဒ'သည် ရှေးအကျဆုံးဟု ဆိုကြ၏။ ဝေဒမှာလည်း လေးစောင်ရှိရာ ထိုတွင် ရိဂွေဒသည် ရှေးဦးစွာ ပေါ်ပေါက်သော ဝေဒဖြစ်၏၊ ယင်းဝေဒတွင် အရိယဟူသော ဝေါဟာရကို တွေ့ရ၏။ အရိယဟူသောစကားမှာ မြန်မာတို့ အသိများသော ပါဠိဝေါဟာရဖြစ်၏။ သက္ကတဘာသာဖြင့်ကား 'အာရ်ယ'ဖြစ်၏။ယင်းအာရ်ယကိုပါဠိဘာသာ၌ အရိယဟုခေါ်၍ ထို့အတူ မြန်မာတို့လည်းခေါ်ကြ၏၊

အထက်ဖော်ပြပါ ရိဂွေဒစကားဖြင့် အရိယတို့၏ရှေးကျခြင်းနှင့် သူတို့၏ သဘောထားကိုထင်ရှားသိနိုင်၏။ အရိယတို့၏ ရှေးကျခြင်းမှာ လွန်စွာရှေးကျလှသည်ဟု သုတေသီတို့ ယုံကြည်ကြသော ရိဂွေဒ၌ ထိုဝေါဟာရ ပါဝင်နေသဖြင့်လင်းပါးဖွယ် မရှိပါ၊ ဝေဒသည် လွန်ခဲ့သောနှစ်ပေါင်း ရှစ်ထောင်

ကျော်အထက်က ပေါ်ပေါက်ခဲ့ပါလျှင် အရိယဟူသော ဝေါဟာရသည် ထိုနှင့်အတူတကွ သို့မဟုတ်ထို ထက် ရှေးကျသော အခါကာလကပင် ဖြစ်လိမ့်မည်၊ ထိုမှတပါးသူတို့၏ စိတ်နေသဘောထားကား အဘယ်သို့ပါနည်း။

အရိယတို့သည် လောကကို အရိယ ပြုလုပ် လိုကြ၏။ တကမ္ဘာလုံးကို အရိယတို့သာ ဖြစ်စေလိုကြ၏။ ယနေ့လည်း အင်အားကြီးမားသောလူမျိုးများသည် ဤသို့ပင် အလိုဆန္ဒရှိကြသည်။ ကမ္ဘာဦးကစ၍ ယနေ့တိုင်ပြောင်းလဲခြင်း မရှိသော လူတို့၏ အယူအဆတွင် ဤယူအဆသည် ထိပ်ဆုံးကဖြစ်၏။ သို့ကြောင့် ဤအယူအဆနှင့် ပတ်သက်၍ မှတ်ချက်ချနေသဖြင့် အကျိုး ရှိလှမည် မထင်ပါ။

ဆက်လက် စဉ်းစားနိုင်သည်မှာ အရိယတို့သည် ကမ္ဘာကို အဘယ်ကြောင့် အရိယ လောက ပြုလုပ် လိုကြသနည်းဟူသောအချက်ပင်ဖြစ်၏။ ယင်းဖြင့် ထိုစဉ်အခါက ကမ္ဘာပေါ်တွင် အရိယမဟုတ်သော လူများလည်းရှိနေကြောင်း သိရ၏။ အဆိုပါ ရိဂွေဒမှာပင် "လူသည် အရိယနှင့်'ဒဿျု'ဟူ၍ နှစ်မျိုးရှိ၏" ဟု ဖော်ပြထား၏။ ဒဿျုဟူသည်မှာ လူဆိုးလူမိုက် လူကြမ်းဖြစ်၏။ သို့ဖြင့်လည်းအရိယဆိုသူမှာ လူတော်လူကောင်း လူနုဟု အဓိပ္ပါယ် သက်ရောက်၏၊ အထဗ္ဗဝေဒကမူ "ဒဿျုဟူသည်မှာ သုဒ္ဒဖြစ်၏"ဟု ဖွင့်ဆို၏။ ရှေးအခါက လူတို့ကိုလေးမျိုးလေးစား ခွဲခြားထားကြသည်။ ယင်းတို့မှာ ဤသို့ပါတည်း။

(၁) ဗြာဟ္မဏ—ပုဏ္ဏားမျိုး။
(၂) ခတ္တိယ —မင်းမျိုး။

(၃) ဝေဿ —ကုန်သည်မျိုး။
(၄) သုဒ္ဒ —အလုပ်သမားမျိုး။

ဒသျုဆိုသည်မှာ အလုပ်သမားမျိုးဖြစ်သော သုဒ္ဒဖြစ်သည်၊ ဤအကြောင်းကို ဆွာမိဒယာနန္ဒဆိုသူက သူ၏သ'စ္စတ္ထပကာသ'အမည်ရှိသော ကျမ်းတွင်ဤသို့ဖွင့်ဆို၏။

"အရိယ၏ အမည်သည် တရားရှိသော, ပညာရှိသော, ထွက်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့ အမည်ဖြစ်၏။ အဆိုပါ ပုဂ္ဂိုလ်တို့နှင့်ဆန့်ကျင်ဖက်ဖြစ်သော သူတို့ကို ဒသျု၊ဝါ-ထားပြ-လူဆိုး,တရားမရှိသူ, ပညာမဲ့သူဟု ခေါ်၏၊ တနည်း ဗြာဟ္မဏ, ခတ္တိယ, ဝေဿတို့ကိုအရိယခေါ်၏၊ သုဒ္ဒကိုအနရိယခေါ်၏။"

အနရိယ ဟူသည်မှာ အရိယမဟုတ်သူဖြစ်၏၊ တရားရှိသူ, ပညာရှိသူ, ထွက်မြောက်ပြီးသူမှန်လျှင် အရိယ ဖြစ်၏။ ဓါးပြ-လူဆိုး, တရားမရှိသူ, ပညာမတတ်သူဟူသမျှဒသျု သို့မဟုတ် သုဒ္ဒသို့မဟုတ် အနရိယဖြစ်၏ဟု ဆိုပါလျှင်မထောင်းတာလှပါ၊ ထိုသူတို့ကို အရိယ ပြုလုပ်မည်ဆိုပါက ယနေ့လည်း လက်ခံနိုင်စရာ အကြောင်းရှိ၏။ တရား မရှိသူကို တရားရှိအောင်, ပညာမဲ့ကို ပညာရှိဖြစ်အောင် ပြုလုပ်ခြင်း အတွက် ကန့်ကွက်ဖွယ်ရာရှိမည်မဟုတ်ပါ၊ သို့ရာတွင် ဆွာမိ ဒယာနန္ဒသည် အဆိုပါကျမ်းတွင် သူ၏ အယူဝါဒကိုဤသို့ဖွင့်ပြ၏။

"အိန္ဒိယကို အရိယတို့တိုင်းပြည်ဟု ခေါ်ခြင်းမှာ ကမ္ဘာကို စတင် ဖန်ဆင်းစဉ်က အစပြု၍ ဤတိုင်းပြည်တွင်, အရိယတို့နေထိုင်လာခဲ့ကြသည်။ နယ်နိမိတ် အကျယ် အဝန်း ကား

မြောက်ဖက်၌ ဟိမဝန္တာတောင်, တောင်ဖက်၌ ဝိန္ဓယာ စလ တောင်တန်း, အနောက်ဖက် ၌ သရဿတီမြစ်, အရှေ့ဖက်၌ ဗြဟ္မပုတြမြစ်ဖြစ်သည်။ ဤလေးပါးသော နိမိတ် အတွင်းရှိ တိုင်းပြည်အားလုံးကို 'အရိယဝတ္တ'ဟုခေါ်သည်၊ ဤတိုင်းပြည်၌ အမြဲနေသူတို့ကိုလည်း အရိယဟုခေါ်သည်။"

ယင်းဖြင့် သိရသည်မှာ အထက်ဖော်ပြပါ နယ်နိမိတ် ပိုင်းခြားသတ်မှတ်ထားသော အိန္ဒိယပြည်သည် အရိယနိုင်ငံဖြစ်၍ ထိုတွင်နေထိုင်ကြသော လူများသည် အရိယတို့ ဖြစ်ကြ၏ ဟူသတည်း၊ ဆွာမိ၏စကားသည် ရှေ့နောက်မညီလှ၊ ဝေဒ နှင့်လည်း ဆန့်ကျင်နေသည်။ ဝေဒက လူသည်အရိယနှင့်ဒသျု ဟုနှစ်မျိုးရှိ၏ဟုဆိုသည်။ ယင်းစကားကိုသူကိုယ်တိုင်"ဗြာဟ္မဏ, ခတ္တိယနှင့် ဝေဿသည် အရိယမည်၏၊ သုဒ္ဒသည် ဒသျုသို့ မဟုတ် အနရိယ"ဟု ဖွင့်ဆိုခဲ့သည်။ ယခုဘဖန်အိန္ဒိယ၌ အမြဲ နေထိုင်သူတို့ကို အရိယဟု ဆိုပြန်သည်။ ထိုတွင်အနရိယ သုဒ္ဒ ဒသျုတို့လည်း နေကြသည်မဟုတ်ပါလော၊ စင်စစ် သူတို့သည် အိန္ဒိယပြည်၌ ရှေးဦးလူများဖြစ်ကြ၏။ အဆိုပါ နယ်နိမိတ် အတွင်း၌ အမြဲနေထိုင်ကြသူများ အရိယဖြစ်လျှင် သူတို့ကပိုပြီး အရိယစစ်ဖြစ်နိုင်၏။ သို့ရာတွင် ဒယာနန္ဒသည် သူတို့ကိုလူဆိုး သူခိုး အနရိယဟုဆိုပြီးလျှင် အိန္ဒိယ၌အမြဲနေသူများကို အရိယ ဟုဆိုပြန်၏။

"အရိယနှင့် ဒသျု(၀)-ပညာရှိဒေဝနှင့် လူမိုက် အသုရ တို့၌အမြဲမပြတ် တိုက်ပွဲများဖြစ်သောကြောင့် အရိယ တို့သည် ကမ္ဘာတွင်အကောင်းဆုံး ဖြစ်သော ဤမဇ္ဈိမ ဒေသကို သိ၍

ပြောင်းရွှေ့လာရောက်ကာအခြေတည်နေကြသည်ကိုအကြောင်းပြု၍ ဤတိုင်းပြည်၏ အမည်သည်'အရိယဝတ္တ' ဖြစ်လာသည်။"

ဆွာမိဒယာနန္ဒ၏ စကားပင်ဖြစ်၏။ သူ၏ အာဘော်မှာ အိန္ဒိယနိုင်ငံသို့ ရှေးဦးစွာရွှေ့ကောက်ပြီး ရောက်လာသောလူတို့မှာ အရိယဖြစ်သော ဟူ၏။ ယင်းအယူအဆကိုယခုခေတ်သမိုင်းပညာရှင်တို့ လက်ခံကြမည်မဟုတ်ပါ။ဤကိစ္စနှင့်ပတ်သက်၍ ဟန်တာ၏ အိန္ဒိယနိုင်ငံသားတို့၏ ရာဇဝင် အကျဉ်းချုပ်မှ လိုရာ အချို့ကို ကောက်နုတ်ဖော်ပြပါဦးမည်။

ရှေးကာလ၌ ဥရောပတိုက်သားစာစီဆရာ (စာရေးဆရာ)တို့က အိန္ဒိယတိုင်းသားတို့ကိုဟိန္ဒူလူမျိုး,မုသမင်(မိုစလင်)လူမျိုးဟူ၍ နှစ်မျိုးသာခွဲခြားထားလေသည်။ သို့ရာတွင် ၎င်းပြည်သူ-ပြည်သားတို့ကို စေ့စေ့ငုသေချာစွာကြည့်ရှုလျှင် အမျိုးလေးဦးရှိကြောင်းကိုတွေ့ကြုံကြရ၏။ ဤလေးဦးတို့သည်ကား-ပဌမဦ ပြည်တွင် ရှိရင်းလူရိုင်း ဖြစ်သော အရိယာမဟုတ်သော အနရိယ အမျိုးတို့သည် ၁၈၇၂-ခုနှစ်တွင် ဗြိတိသျှပြည်အပေါင်းတို့၌ လူပေါင်းတကုဋေရှစ်သန်းခန့် အရေအတွက်ရှိ၏။ ဒုတိယ၌ ယခုအခါ ဗြာဟ္မဏနှင့်ရာဇပုတ်(ခတ္တိယ)ဟုတွင်သော သံသကရိုတ် ဘာသာစကားကိုပြောကြသော အရိယ လူမျိုးတို့၏ အနွယ် ဖြစ်သည်၊ လူဦးရေမှာ တကုဋေ ခြောက်သန်းခန့်ရှိ၏၊ တတိယ၌အမျိုးရောပြွမ်းသော ပြည်သူ-ပြည်သားများစွာပင်ဖြစ်သည်။ ဤပြည်သူ-ပြည်သားတို့ကိုဟိန္ဒူအမည်ဖြင့်အများသိအပ်၏၊ ၎င်းဟိန္ဒူတို့သည် အရိယနှင့် အနရိယ အမျိုး နှစ်ပါးတို့မှ

ပေါက်ပွားဆင်းသက်လာကြ၏။ ထိုအမျိုး နှစ်ပါးတို့ တွင်လည်းအနရိယမျိုးမှ ဆင်းသက်သူများ ဤတတိယ အမျိုးသည်အရေအတွက်အားဖြင့်၁၂-ကုဋေ့ဘသန်းရှိ၏။ စတုတ္ထ၌ခရစ်ယာန်ပွင့်တော်မူသည်မှစ၍ အနှစ် တထောင် ခန့်၌အိန္ဒိယသို့ လာစပြုသော မုသမန် မျိုးပင်တည်း၊ အရေအတွက်အားဖြင့်ယခုအခါလူပေါင်း၄-ကုဋေ ၅-သန်းရှိ၏။

အိန္ဒိယ၌ နေထိုင်ရင်း လူဟောင်းတို့သည်များစွာသော အမျိုးဖြစ်ကြ၏။ ထိုအမျိုး၏ အမည် မရှိသည့် အတွက်ကြောင့် ၎င်းလူဟောင်းတို့ကို အနရိယ အမျိုး ဟူ၍ ၎င်း၊ ပြည်ရှိရင်း လူဟူ၍၎င်း ခေါ်ဝေါ်ကြ၏။....လွန်ခဲ့ ပြီးသော ကျောက်ခေတ် အစနှင့် သတ္တုပေါ်စ ခေတ်တို့၏အဆုံး၌ရှိရင်း လူဟု အမည်ပေးထားသော အမျိုးသား တို့အား အသစ်ရောက်ပေါက်သော အရိယ အမျိုးတို့က နှိပ်နင်းသည်ကို တွေ့မြင်ရ၏။

အောင်မြင်သူဖြစ်သော အရိယအမျိုးက ရှေးဟောင်း အမျိုးသားတို့ကို ဒသျုဟူ၍၎င်း, ဒါသဟူ၍၎င်း ခေါ်ဝေါ်ကြ၏။....အရိယ အမျိုးသည်အေးမြသော မြောက်ဖက်အရပ်မှ အိန္ဒိယသို့ ဝင်ရောက်သည်ဖြစ်၍ အသားဖြူသော ဂုဏ်ဖြင့် တက်ကြွ၏၊ ၎င်းတို့ပြောဆိုသော သံသကရိတ်စကား၌ 'ဝဏ္ဏ'ဟူသောစကားသည် အရောင် ဟူသော အဓိပ္ပါယ်ကိုရ၏။ ဤသံသကရိတ်စကားသည်နောက်အခါ၌ အမျိုးဟူ၍၎င်း, ဇာတ်ဟူ၍၎င်း အဓိပ္ပါယ်ရောက်ပြန်လေ၏၊ အနည်းဆုံးအားဖြင့် အနှစ် သုံးထောင်ကျော်-လေးထောင်ခန့် ကာလက ဝေဒသုံးပုံကို စီရင်သော အရိယ

အမျိုးသား ဆရာဟောင်းတို့သည် ဒသျူကိုသတ်၍အရိယ အမျိုးအရောင်ကို စောင့်ရှောက်ကာကွယ်သည် ဟူ၍၎င်း, အရိယလူမျိုးတို့အား အသားညိုလူမျိုးတို့ကို နှိပ်နင်း ပေးအပ်သည်ဟူ၍၎င်း- ကိုယ်မှအရောင်ထွက်သော မိမိဘုရားတို့ကို ချီးမွမ်းထောပနာပြောက်၍ဖွဲ့ဆိုကြ၏။ မိမိတို့ကိုးကွယ်သော မာန်ခက်ထန်သော ဘုရားတို့သည် မာန် ပြင်းထန်သော နွားလားများကဲ့သို့ အသားမဲလူမျိုးတို့ကို ပရမ်း-ပတာထွက်ပြေးစေသည်ဟူ၍ ထိုလင်္ကာဆရာတို့က ဖော်ပြသဖြင့် သိရ၏။

ထို့ပြင်အရိယလူမျိုးတို့သည် အဆင်းသဏ္ဍာန် ရုပ်ဟန်လှပကြသည်ဖြစ်၍ ပြည်၌ရှိရင်း လူဟောင်းတို့၏ ပိပြားသောမောင်ဂွတ်မျက်နှာတို့ကိုမှ ရှာစက်ဆုပ်ကြ၏။ အနရိယအမျိုးတို့ကိုနှာခေါင်းမရှိဟူ၍တဦးသောဝေဒလင်္ကာဆရာကစပ်ဆိုသည်မှာ နှာခေါင်းပြားသည်ဟုဆိုလိုဟန် လက္ခဏာရှိသည်။ တဦးသော ဝေဒလင်္ကာဆရာက မိမိ ဘုရားများကိုနှာခေါင်းလှသည်ဟူ၍ချီးမြောက်၏။

ထိုခေတ်ကာလနောက် အနည်းဆုံးနှစ်ပေါင်းတထောင်ခန့်တိုင် ရောက်သောအခါ အာလိဇ္ဇန္ဒာ မင်းတရားကြီးသည် အိန္ဒိယသို့ စစ်ချီလာရာ ပါသော အပေါင်းအဖော်တို့က အာရုံစိုက်နေအနရိယ အမျိုးသားတဦး၏အကြောင်းအတ္တုပ္ပတ္တိကို ဖွဲ့ဆိုရာ၌ ထိုကဲ့သို့ အမြင် မတင့်တယ်သောမျက်နှာရှိပုံအကြောင်းကို ထုတ်ဖော်လေသည်။ သို့ရာတွင်စင်စစ်မှာမူ ဝေဒသီချင်းတို့၌ ရှိရင်းလူဟောင်း အမျိုးသားတို့ကို နာကျင်စွာနှိမ့်ချစော်ကားသဖြင့် ခေါ်ဝေါ်သော

စကားတို့သည်ကား ယဇ်ပူဇော်ခြင်းကို နှောင့်ရှက်သောသူများဟူ၍၎င်း, အသားကို ရန်ကြမ်းစွာ စားလေ့ ရှိသောသူများဟူ၍၎င်း၊ သားစိမ်းစားဟူ၍၎င်း၊တရားမဲ့ ပြုကျင့်တတ်သူများဟူ၍၎င်း၊ ယဇ်နတ်မပူဇော်သောသူများဟူ၍၎င်း, ဘုရားမရှိသော သူများဟူ၍၎င်း, ဝတ်ပြုခြင်းအခမ်းအနားမရှိသောသူများဟူ၍၎င်း-များစွာပါရှိလေ၏။

ကာလရှည်လျားလတ်၍ အရိယအမျိုးကနှင်ထုတ်လိုက်သဖြင့် ဤရိုင်းစိုင်းသော အမျိုးသားတို့သည် တောတောင်အရပ်သို့ ခိုဝင်ကြသောအခါ ၎င်းတို့ကို အရိယ အမျိုးကထိုထက်တိုး၍ ကြောက်မက်ဖွယ်စက်ဆုပ်ရွံရှာဖွယ် ရှိအောင်အရုပ်ရေးထုဘီသကဲ့သို့ ချဲ့ထွင်လည်ဆယ်လျက်ကဲ့ရဲ့ပြစ်တင်ပြောဆိုကြ၏။ နောက်ဆုံး၌ အရိယအမျိုးယဇ် ဆရာနှင့်လင်္ကာဆရာတို့က ထိုလူရိုင်းတို့ကို နတ်ဆိုးများ ဘီလူးများဟူ၍ သမုတ်ရေးသားပြောဆိုကြ၏။

သို့ပင် ဖြစ်ငြားသော်လည်း အနရိယ အမျိုးသားအားလုံးစုံတို့သည် လူရိုင်းချည်း မဖြစ်နိုင်ကုန်၊ ကုံထံကြွယ်ဝသော အနရိယ အမျိုးသားဒသျုတို့အကြောင်းကိုလည်း ကြားသိရ၏။ ဤသူတို့၏ ရဲတိုက်ခုနစ်လုံး, ခံတပ်ကိုးဆယ်ဟူသော စကားကို ဝေဒသီချင်းတို့က ထွက်ဆို၏။ အရိယ အမျိုးသည် အနရိယ အမျိုးသားတို့နှင့် တဖြည်းဖြည်း မိတ်ဖြစ်ကြ၏။ ၎င်းပြင် အိန္ဒိယ၌ တန်ခိုး အကြီးဆုံးဖြစ်သော တိုင်းပြည်အချို့တို့ကို အနရိယလူမျိုး ဘုရင်တို့က အုပ်စိုးကြ၏။

သို့ဖြင့် သိရသည်မှာ အိန္ဒိယနိုင်ငံ၏ ရှေးဦးလူမှာအရိယ သို့မဟုတ်၊ အနရိယဘို့ဖြစ်ခြင်းပင်တည်း၊ ထိုမှတပါးမှတ်သား ထားသင့်သည်တို့မှာ အရိယလူမျိုးဘို့၏ အခြားအမည် များနှင့် အနရိယ လူမျိုးတို့၏ အခြားအမည်များဖြစ်၏၊ ထိုအမည်တို့ သည် ဤစာအုပ်အတွက် လွန်စွာ အရေးပါ အရာ ရောက် သော ပဓာန အချက်အလက်တို့ဖြစ်၏။ အရိယ လူမျိုးကိုတင် စားခေါ်ဝေါ်သော အခြားအမည်တို့မှာ ဒေဝ, ဗြာဟ္မဏ, ခတ္တိယ, ဝေဿ စသည်တို့ဖြစ်၏၊ အနရိယ လူမျိုးကို တင်စား ခေါ်ဝေါ်သောအခြားအမည်တို့မှာဒသျု၊ ဒါသ၊ ယက္ခ၊ အသုရာ၊ စသည်တို့ဖြစ်၏။ ဤစကားလည်းဆွာမိဒယာ နန္ဒ၏ စကားဖြင့် ပင် ထင်ရှားနိုင်ပါသည်။

နတ်-အသုရာတို့ စစ်ပွဲ၌ အိန္ဒိယသား အဇ္ဇုန်နှင့် ဒသရထမင်းစသည်တို့သည် အရိယတို့ကို ကယ်ဆယ်ရေး, အသုရာတို့ကို ချေမှုန်းရေးတွင် ပါဝင်ကူညီကြ၏။ အဆို ပါစကားဖြင့် အိန္ဒိယမှပြင်ပဟိမဝန္တာတောင်၏အရှေ့, အရှေ့တောင်ထောင့်, တောင်ဖက်, အနောက်တောင် ထောင့်, အနောက်ဖက်, အနောက် မြောက်ထောင့်, မြောက်, အရှေ့မြောက်ထောင့်တွင် တည်ရှိသော အရပ် ဒေသတို့၌ အသုရာများ နေထိုင်ကြောင်း ထင်ရှား၏၊ အကြောင်းကား ဟိမဝန္တာ အနီးအပါးရှိ အရိယတို့ အား ဤဘက်တိုက်ခိုက်သောကြောင့် ဤကိုးပြည်ရှိ မင်းတို့ သည် ထိုအရိယဘို့အားကူညီကြသည်

ဟိန္ဒူတို့၏အလွန်ရှေးကျသောမနုသမိတိကျမ်း၌"အရိယဝတ္တမှတပါးသောတိုင်းပြည်တို့ကိုဒသျုဒေသ,မလေချဒေသခေါ်၏" ဟုဆို၏၊ မလေချဒေသဆိုသည်မှာ မိလက္ခုတို့နေရာဖြစ်ပေမည်၊ ဤမျှဖြင့် ပြဿနာမဖြစ်နိုင်ပါ၊ သို့ရာတွင်အရိယတို့သည်မိမိတို့ကို သိကြွားဂြိုဟ်မှာ မိုးဒေဝါအဖြစ် မြှင့်တင်ပြီး အခြားသူတို့ကို နဂါး, ဂဠုန်,ကုမ္ဘဏ်,ယက္ခအဖြစ် နှိမ့်ချသဖြင့်ပြဿနာအရပ်ရပ် ရှုပ်ရှက်ခတ်လာတော့သည်၊ ပညာရှိကြီးတို့ကားနတ်ပြဟ္မာစသည်မှာ အရိယလူမျိုးတို့ဖြစ်သည်၊ ဘီလူးယက္ခ စသည်မှာ အနရိယ လူမျိုးတို့ဖြစ်သည်ဟုဟုတ်တိုင်းမှာစွာ သိကြသည်၊ ထိုမှတပါးသော သူတို့ကား ထိုနတ်ပြဟ္မာဘီလူးယက္ခတို့အပေါ်မှာ ယုံမှားခြင်း အထပ်ထပ်ဖြင့်ဆက်စပ်နေကြ၏၊

ဤနတ်ပြဟ္မာ, ဘီလူးယက္ခ ပြဿနာသည် ဗုဒ္ဓမမှသို့အစဉ်လျှောက်ပြီး မြန်မာတို့အတွင်းမှာလည်း မွှေနှောက်နေ၏။ ယင်းပြဿနာ၏ မူလမှာဝေဒဖြစ်၏၊ ဗုဒ္ဓဝါဒီတို့သည်ဝေဒကိုလက်မခံကြပါ၊ အကယ်၍ လက်ခံယုံကြည်ပါလျှင် ဗုဒ္ဓဝါဒီမဖြစ်နိုင်ပါ၊ သာသနာမှအပ အညတိတ္ထိသာဖြစ်မည်၊ သို့ပါလျက် ဗုဒ္ဓဝါဒီစစ်စစ်တို့ နတ်ပြဟ္မာဝါဒ ဖြစ်နေကြသည်၊ အကယ်၍ နတ်ပြဟ္မာအယူအဆကို နှစ်သက်လျှင်ထိုသူတို့ပေါက်ဖွားရာဝေဒကို လေ့လာသင့်သည်၊ တဆင့်စကားဖြင့်ကိုးကားရသည်မှာ ကလေးကလားနိုင်လှသည်။

ဆွာမိဒယာနန္ဒသည် ဝေဒကျမ်းစာအတတ်တွင် တဖက်ကမ်းရောက် တတ်မြောက်သော ကမ္ဘာကျော် ရသေ့ကြီးဖြစ်သည်။ ဟန်တာကား အိန္ဒိယသမိုင်းတွင် မနိုင်းယှဉ်နိုင်လောက်

အောင် ထင်ရှားသော သမိုင်းသုတေသီဖြစ်၏၊ သူတို့နှစ်ဦးက "အရိယာတို့သည် မိမိတို့ကို နတ်ဒေဝါ ဗြဟ္မာသိကြားဟုခေါ်ဆိုကြသည်။ အနရိယတို့ကိုမူ ဘီလူးယက္ခဟု သမုတ်ကြသည်" ဟု အညီအညွတ်သဘောတူကြသည်၊သူတို့၏ဝေဖန်ဆုံးဖြတ်ချက်ကို လက်ခံနိုင်ပါလျှင်ကား ဗုဒ္ဓခေတ်၏ သိပ္ပံနည်းကျခြင်းမှာပိုပြီး တောက်ပနေနိုင်လိမ့်မည်၊ ဗုဒ္ဓခေတ် အဘွင်းမှာ ယင်းတို့သည် အဘယ်မျှသက်ဝင်နေစေကာမူ အနှောင့်အရှက်ဖြစ်နိုင်ဖွယ် မရှိပါ။ အကြောင်းကားသူတို့၏ သဘာဝအရင်းအမြစ်ကို သိမြင်ထားသောကြောင့် အနှစ်သာရကို ရွေးချယ်နိုင်ပါသည်။

အနှစ်မရှိသောတရား၌ အနှစ်ရှိ၏ဟု အယူရှိကြ၍အနှစ်ရှိသောတရား၌ အနှစ်မရှိဟု အယူရှိကြသော သူတို့သည် မှားယွင်းသော ကြံစည်မှုလျှင် အာရုံရှိကြရကား အနှစ် ရှိသော တရားကို မသိနိုင်ကြကုန်။

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟု အယူရှိကြ၍ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိဟုအယူရှိကြသော သူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကြရကား အနှစ်ရှိသောတရားကိုရနိုင်ကြကုန်၏။

ဂေါတမ ဗုဒ္ဓသည် လူအများခေါ်ဝေါ် ပညတ်သမုတ်အပ်သော ဝေါဟာရတို့ကို မဆန့်ကျင်ပါ၊ လူတို့ခေါ်ဝေါ်သည့် အတိုင်းပင် ဒေဝတာ, ဗြဟ္မာစသည်ဖြင့် အလိုက်သင့်ပင် သုံးစွဲလေ့ရှိသည်။ ပိဋကတ် တော်တွင် နတ်ဒေဝတာ, ဗြဟ္မာ, သိကြားနှင့် ပတ်သက်သော သုတ္တန်များအတော်များများ ပါဝင်လျက်ရှိသည်။ ထို့အတူ ဘီလူးယက္ခ ဂန္ဓဗ္ဗတို့လည်း

ပါဝင်ကြ၏၊ သို့ရာတွင် မြတ်စွာဘုရားသည် ယင်းတို့ကို ကိုးကွယ်ဆည်းကပ်ရန် တိုက်တွန်းခြင်းမရှိ၊ တရားနှင့်ပတ်သက်၍ ဘာန်းဆာဆင်ကာ အသုံးချသွားခြင်းသာဖြစ်၏၊ အကယ်၍ မြတ်စွာဘုရားသည် နတ်ပြဟ္မာ အယူအဆကိုရှင်းပြနေပါကအရေးကြီးသောတရားကို ဟောကြားရန်ပင် အချိန်ရမည်မဟုတ်၊မြတ်စွာဘုရား၏ ပဓာန ရည်ရွယ်ချက်မှာ လူအများ တရားသိမြင်ရစေရန် ဖြစ်၏၊ တရား၏အနှစ်သာရကို တွေ့မြင်ပါလျှင် ဘယ်သူသည် အခြံအရံ ဖြစ်သော အနှစ်မဲ့ အကာကို မြတ်နိုးပါမည်နည်း။

ထို့အတူ မြတ်စွာဘုရားသည် အရိယနှင့် အနရိယဟူသော ဝေါဟာရကိုလည်း လက်ခံအသုံးပြုခဲ့သည်။ သို့ရာတွင် ယင်းတို့မှာ အမျိုးအနွယ် အသွင်သဏ္ဌာန်မဟုတ်၊ တရားနှင့်သာ ဆက်စပ်၏၊ တရားကိုသိမြင်ပါလျှင် အဘယ်အမျိုးအနွယ်မှ မွေးဖွားလာသည်ဖြစ်စေ ကျီးတောင်ကဲ့သို့ အသားနက်မှောက်ပြီး ကြံ့ကဲ့သို့နှာခေါင်းပက်လက်လှန်နေသော်လည်း အနရိယမဟုတ်၊ အရိယဖြစ်၏၊ မှန်မြတ်ဖြူစင်၏၊ တရားမသိလျှင် ဗျိုင်းတောင်ကဲ့သို့ အသားရောင်ဖြူဖွေးပြီး ဆင်နှာမောင်းတမျှ နှာခေါင်း ရှည်လျားသော်လည်း ဖြူစင်မြင့်မြတ်သော အရိယမဖြစ်၊ မည်းညစ် ယုတ်နိမ့်သော အနရိယဖြစ်၏၊ သို့ကြောင့် မြတ်စွာဘုရားသည် မိမိသာသနာသို့ ရောက်ရှိလာပြီး တရားသိမြင်သော ဗြာဟ္မဏ အရိယတို့က အမျိုးယုတ် ဒသျုဟုသမုတ်သော သူတို့ကို မြင့်မြတ်သောဗြာဟ္မဏ အရိယအဆင့်တွင် အောင်လံဝင့်စေ၏။

ဗြဟ္မဏာ တဏှာတည်းဟူသော အယဉ်ကို ဖြတ်လော့။ လုံ့လပြု၍ ကာမကို ပယ်လော့၊ သင်္ခါရတို့၏ ကုန်ရာကို သိ၍ မပြုပြင်အပ်သော နိဗ္ဗာန်ကို သိလော့၊ ဗြဟ္မဏာဖြစ်လော့။

ဗြဟ္မဏာသည် နှစ်ပါးသောတရားတို့၌ တဖက်ကမ်းသို့ ရောက်၏။ ထိုအခါ အမှန်တရားကို သိသော ဗြဟ္မဏာအား အလုံးစုံသော ကာမရာဂ သံယောဇဉ် စသည်တို့သည် ချုပ်ခြင်းသို့ရောက်ကုန်၏။

အကြင်ပုဂ္ဂိုလ်အား ဤမှာဘက်ကမ်းသည်ရှင်း၊ ထိုမှာဘက်ကမ်းသည်ရှင်း၊ ထိုမှာဘက် ဤမှာဘက် နှစ်ပါးသည်ရှင်း မရှိ၊ ပူပန်ခြင်းကင်းသည် ဖြစ်၍ ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြဟ္မဏာဟု ငါဆို၏။

အနိစ္စစသော လက္ခဏာကိုရှု၍ ကိလေသာမြူကင်းလျက် နေလေ့ရှိသော ရဟန်းကိစ္စပြုပြီးသော အာသဝေါကင်း၍ အထွတ်အမြတ်သို့ ရောက်သော ပုဂ္ဂိုလ်ကို ဗြဟ္မဏာဟု ငါဆို၏။

နေသည် နေ့အခါမှာသာတောက်ပ၏၊ လသည် ညဥ့် အခါမှာသာ တောက်ပ၏၊ မင်းသည် မင်းမြောက်တန်းဆာဆင်မှသာ တောက်ပ၏၊ ဗြာဟ္မဏာသည် ဈာန်ဝင်စားမှသာတောက်ပ၏။ (စင်စစ်သော်ကား ဗုဒ္ဓသည်သာ တန်ခိုးဘော်ဖြင့် အလုံးစုံသော နေ့ ညဥ့် ပတ်လုံး တောက်ပ၏။)

မကောင်းမှုကို အပ ပြုပြီးသောကြောင့် ဗြဟ္မဏာဟု ဆိုအပ်၏။ မကောင်းမှုကို ငြိမ်းစေတတ်သော အကျင့်ရှိသော

ကြောင့် သမဏဟု ဆိုအပ်၏။ မိမိ၏ ကိလေသာ အညစ်အကြေး ကို ထုတ်ပယ်သောကြောင့် ပဗ္ဗဇိတဟု ဆိုအပ်၏။

ဗြာဟ္မဏကို မပုတ်ခတ်ရာ၊ ဗြာဟ္မဏသည် မိမိကို ပုတ်ခတ်သော ထိုသူအား အမျက်မထွက်ရာ၊ ဗြာဟ္မဏအား ပုတ်ခတ်ခြင်းသည် စက်ဆုပ်ဖွယ်ဖြစ်၏။ ပုတ်ခတ်သူအား အမျက်ထွက်သူသည် ထိုထက်သာ၍ပင် စက်ဆုပ်ဖွယ်ဖြစ်၏။

ချစ်နှစ်သက်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ဒေါသစိတ်ကို မတားမြစ်နိုင်ခဲ့မူ ထိုမတားမြစ်နိုင်ခြင်းသည် ဗြာဟ္မဏအတွက် အနည်းငယ်မျှ မမြတ်၊ အကြင်အကြင် ဝတ္ထုမှ ညှဉ်းဆဲလိုသောစိတ်သည် ဆုတ်နစ်၏။ ထိုထိုဝတ္ထုမှ ဆင်းရဲမှု ငြိမ်းသည်သာတည်း။

အကြင်ပုဂ္ဂိုလ်အား ကိုယ်ဖြင့်၎င်း၊ နှုတ်ဖြင့်၎င်း၊ စိတ်ဖြင့်၎င်း၊ မကောင်းမှုပြုခြင်းမရှိ၊ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးတို့ဖြင့် စောင့်ရှောက်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။

အကြင်ဆရာထံမှ သမ္မာသမ္ဗုဒ္ဓ ဟောကြားသော တရားကို သိရာ၏။ ဗြာဟ္မဏသည် မီးကို ပူဇော်သကဲ့သို့ ထိုဆရာကို ရိုသေစွာ ရှိခိုးရာ၏။

ဆံကျင်ထုံးခြင်းတို့ဖြင့်၎င်း၊ အနွယ်အားဖြင့်၎င်း၊ ဇာတ်အားဖြင့်၎င်း၊ ဗြာဟ္မဏမဖြစ်နိုင်၊ သစ္စာဉာဏ်နှင့် တရားရှိသူသည်သာ စင်ကြယ်သူလည်းဖြစ်၏။ ဗြာဟ္မဏလည်းဖြစ်၏။

ပညာမရှိသော ရသေ့ သင့်အားဆံကျစ်ထုံးခြင်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သစ်နက်ရေ ဝတ်ခြင်းဖြင့် သင့်အား

အဘယ်အကျိုးရှိအံ့နည်း။ သင်၏ ကိုယ်တွင်း၌ ကိလေသာတော ရှိလျက် ပြင်ပကိုသာ သုတ်သင်ဘိ၏။

ပံသုကူ သင်္ကန်းကို ဆောင်သော ကြုံလှီ၍ အကြောပြိုင်းပြိုင်းထသော တယောက်တည်း တောထဲ၌ ဈာန်ဝင်စားလေ့ရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။

ဗြာဟ္မဏမျိုး၌ ဖြစ်သော ဗြာဟ္မဏီမှ ဖြစ်သော သူကို ဗြာဟ္မဏဟု ငါမဆို၊ ထိုဗြာဟ္မဏသည် ရာဂစသော ကြောင့်ကြမှု ကိလေသာရှိခဲ့မူ ဘောဝါဒီအမည်ရှိ၏။ ကြောင့်ကြမှု ကိလေသာ မရှိ၊ စွဲလန်းမှုလည်းမရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။

အကြင်ပုဂ္ဂိုလ်သည် အနှောင်အဖွဲ့ သံယောဇဉ်အားလုံးကို ဖြတ်၍ ထိတ်လန့်မှု၊ ပူပန်မှုမရှိ၊ ကပ်ငြိတတ်သည့် ကိလေသာကို လွန်သော ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကိုဗြာဟ္မဏဟု ငါဆို၏။

ဒေါသ နှောင်ကြိုးကိုရင်း၊ တဏှာလွန်ကြိုးကိုရင်း မိစ္ဆာဒိဋ္ဌိထူးကြိုးကိုရင်း ဖြတ်၍ အဝိဇ္ဇာတံခါး ကျည်မင်းတုပ်ကိုနုတ်ပယ်ပြီးလျှင် သစ္စာကိုသိသော ထိုပုဂ္ဂိုလ်ကိုဗြာဟ္မဏဟု ငါဆို၏။

ဤသည်တို့ကား ဓမ္မပဒပါဠိတော် ဗြာဟ္မဏဝဂ်မှ ကောက်နုတ်ချက်တို့ဖြစ်၏။ ဤတွင် ဗြာဟ္မဏနှင့် ပတ်သက်၍ ဂေါတမ ဗုဒ္ဓ၏ အယူအဆတို့ကို တွေ့နိုင်၏၊ ထိုစဉ်အခါက အရိယနိုင်ငံသားတို့သည် လောကတွင် မိမိတို့နိုင်ငံသာ အကောင်းဆုံးဖြစ်၍ လူမျိုးတို့တွင် မိမိတို့လူမျိုးသာ အမြတ်ဆုံးဟု ယူဆကြ၏။ ပါထိကဝဂ်ပါဠိတော် အဂ္ဂညသုတ်တွင် ဗြာဟ္မဏမျိုး

ဖြစ်သော ဝါသေဋ္ဌက မြတ်စွာဘုရားအား ဤသို့ လျှောက်ကြား၏။

"မြတ်စွာဘုရား ပုဏ္ဏားတို့သည် ဤသို့ ဆိုကြပါကုန်၏။ ပုဏ္ဏားမျိုးသာလျှင် မြတ်၏၊ တပါးသောအမျိုးတို့သည် ယုတ်ကုန်၏။ ပုဏ္ဏားမျိုးသာလျှင် ဖြူစင်၏။ တပါးသောအမျိုးတို့သည် မည်းနက်ကုန်၏။ ပုဏ္ဏားမျိုးသာလျှင် စင်ကြယ်ကုန်၏။ ပုဏ္ဏား မဟုတ်သောသူတို့သည် မစင်ကြယ်ကုန်၊ ပုဏ္ဏားတို့သာလျှင် ဗြဟ္မာ၏ရင်၌ဖြစ်ကုန်သော ဗြဟ္မာခံတွင်းမှ ဖွားကုန်သော ဗြဟ္မာကြောင့် ဖြစ်ကုန်သော ဗြဟ္မာဖန်ဆင်းကုန်သော ဗြဟ္မာ့အမွေခံဖြစ်ကုန်သော ဗြဟ္မာ၏သားတို့တည်း"

"ဝါသေဋ္ဌ ပုဏ္ဏားတို့၏ကြင်ယာ ပုဏ္ဏေးမတို့ဥတုလာသည်ကိုရင်း, ကိုယ်ဝန်ဆောင်သည်ကိုရင်း,သားဖွားသည်ကိုရင်း, နို့တိုက်သည်ကိုရင်း၊ မြင်ကြရကုန်၏။ ထိုပုဏ္ဏားတို့သည် အင်္ဂါဇာတ်မှ မွေးဖွားသည်ဖြစ်ကုန်လျက် ပုဏ္ဏားမျိုးသာ မြတ်၏။ ဗြဟ္မာ၏သားတို့ဖြစ်ကုန်၏ဆိုကြ၏။ ထိုပုဏ္ဏားတို့သည် ဗြဟ္မာကိုလည်း ရှုတ်ချရာရောက်ကုန်၏။ မမှန်သောစကားကိုလည်းဆိုရာရောက်ကုန်၏။ များစွာသော မကောင်းမှုကိုလည်း ပွားစေရာရောက်ကုန်၏"

မြတ်စွာဘုရားက ဝါသေဋ္ဌအား ပြန်လည်မိန့်ကြားခြင်းဖြစ်၏။ ထို့နောက်မြတ်စွာဘုရားသည် "လူအပေါင်း၌ အကြင်သူတို့သည် အမျိုးအနွယ်ကို အားကိုးလေ့ရှိကုန်၏။ ထိုသူတို့တွင် မင်းမျိုးသည်မြတ်၏။ နတ်လူအပေါင်း၌ အကြင်သူသည် အသိဉာဏ်ဝိဇ္ဇာ, အကျင့်စရဏနှင့်ပြည့်စုံ၏၊ ထိုသူသည်မြတ်၏" ဟု

စင်စစ်မြင့်မြတ်သူကို ထုတ်ဖော်ပေး၏။ မင်း၊ ပုဏ္ဏား၊ ဆင်းရဲသား၊ မည်သူမဆိုလူဖြစ်စေ, နတ်ဖြစ်စေ, ဝိဇ္ဇာစရဏနှင့် ပြည့်စုံလျှင်မြတ်၏။ မပြည့်စုံလျှင်မမြတ်၊ မြတ်စွာဘုရား၏ အယူအဆကို ယနေ့လည်းလက်ခံနိုင်ကြသည်။

အခါးတပါး၌ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစဥရုဝေလတောနေရဥ္ဇရာမြစ်ကမ်းနားအဇပါလညောင်ပင်၏အနီး၌နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက် ပတ်လုံးတင်ပလ္လင်ခွေကာ ဝိမုတ္တိသုခကို ခံစားလျက် ထိုင်တည်းနေတော်မူ၏။ ထိုအခါမြတ်စွာဘုရားသည် ထိုခုနစ်ရက်ကိုလွန်သဖြင့် ထိုအရဟတ္တဖိုလ်ဖလသမာပတ် သမာဓိမှထတော်မူ၏။

ထိုအခါတဟုန်းဟုန်း မာန်မူခြင်းကို ပြုတတ်သည့်သဘောရှိသော ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ရပ်လျက် မြတ်စွာဘုရားအား "အရှင်ဂေါတမ အဘယ်မျှဖြင့်ဗြာဟ္မဏဖြစ်ပါသနည်း။ ဗြာဟ္မဏအဖြစ်ကိုပြုတတ်သော တရားတို့ကား အဘယ်တို့ပါနည်း" ဟု မေးလျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤပြဿနာ၏ အနက်အဓိပ္ပါယ်ကိုသိတော်မူ၍ "အကြင်သူသည် မကောင်းမှုကိုအပပြုပြီးဖြစ်၏။ တဟုန်းဟုန်းမာန်မူခြင်း သဘောမရှိ၊ ကိလေသာဟူသော ဖန်ရည်မရှိ၊ ဘာဝနာကိုစီးဖြန်း အားထုတ်သောစိတ်ရှိ၏။ သိခြင်း၏အဆုံး အရဟတ္တဖိုလ်သို့ရောက်၏။ မြတ်သောအကျင့်ကိုကျင့်သုံးပြီးဖြစ်၏။ ထိုပုဂ္ဂိုလ်သည်သာ ဗြာဟ္မဏမည်၏။

ထိုဗြာဟ္မဏသည် ဟုတ်မှန်သောသဘောဖြင့် မြတ်သော စကားကိုလည်း ဆိုရာ၏။ အကြင်ပုဂ္ဂိုလ်သည် လောကဝယ် တစုံတရာအာရုံ၌ တပ်မက်မှုစသည် တိုးပွားခြင်းမရှိ၊ ထိုပုဂ္ဂိုလ်သည်သာဟုတ်မှန်သောသဘောဖြင့် ငါဗြာဟ္မဏဟု ပြောဆိုထိုက်၏” ဟု ဥဒါန်းကျူးရင့်၏။

အခါတပါးလည်း မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အရှင်သာရိပုတြာ, အရှင်မဟာမောဂ္ဂလ္လာန်, အရှင်မဟာဿဿပ, အရှင်မဟာကစ္စာယန, အရှင်မဟာ ကောဋ္ဌိက, အရှင်မဟာကပ္ပိန, အရှင်မဟာစုန္ဒ, အရှင်အနုရုဒ္ဓါ, အရှင်ရေဝတနှင့် အရှင်နန္ဒတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြ၏။

မြတ်စွာဘုရားသည် ထိုအရှင်မြတ်တို့ လာသည်ကို အဝေးကမြင်၍ ရဟန်းတို့အား “ရဟန်းတို့ ဗြာဟ္မဏဖြစ်သော ထိုသူတို့သည်လာကြ၏။ ရဟန်းတို့ ဗြာဟ္မဏဖြစ်သော ထိုသူတို့သည်လာကြ၏” ဟု မိန့်ကြား၏။ ယင်းသို့ မိန့်ကြားသော် ဗြာဟ္မဏဇာတ်ရှိသော ရဟန်းတပါးသည် မြတ်စွာဘုရားအား “အရှင်ဘုရား အဘယ်မျှဖြင့် ဗြာဟ္မဏမည်ပါသနည်း။ ဗြာဟ္မဏအဖြစ်ကို ပြုတတ်သောတရားတို့ကား အဘယ်မျှတို့ပါသနည်း” ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤပြဿနာ၏ အနက်အဓိပ္ပါယ်ကိုသိတော်မူ၍ “အကြင် ပုဂ္ဂိုလ်တို့သည် မကောင်းမှုတရားတို့ကိုအပပြုပြီးလျက် အခါခပ်သိမ်းသတိရှိကုန်သည်ဖြစ်၍

သွားလာနေထိုင်ကုန်၏။ သံယောဇဉ်ကုန်ခန်းပြီး၍ သစ္စာလေးပါးကို သိပြီးဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့သာ လောက၌ အမှန်စင်စစ်ဗြာဟ္မဏတို့မည်ကုန်၏" ဟု ဥဒါန်းကျူးရင့်၏။

ဤဥဒါန်း ပါဠိတော်မှ ကောက်နုတ်ချက် ဖြင့်လည်း မြတ်စွာဘုရား၏ ဗြာဟ္မဏအဖွင့်ကိုကောင်းစွာသိနိုင်၏။ မြတ်စွာဘုရားသည် လွန်စွာ တွင်ကျယ်နေသော ဗြာဟ္မဏ ဟူသော ဝေါဟာရကိုမပယ်ပါ၊ ထိုဝေါဟာရ၏အနက်အဖွင့်နှင့် အကျင့်ကိုသာ ပြုပြင်ပေးခြင်းဖြစ်၏။

ဟိန္ဒူတို့၏ အရိယပုဂ္ဂိုလ်စာရင်းတွင် လူသုံးမျိုးပါဝင်လျက်ရှိ၏။ယင်းတို့မှာမင်းမျိုး၊ပုဏ္ဏားနှင့်သူကြွယ်ခေါ် ကုန်သည်မျိုးတို့ဖြစ်ကြ၏။ ထိုတွင် ပုဏ္ဏားခေါ် ဗြာဟ္မဏမျိုးမှာအရိယတို့၏ အထွတ်အထိပ်ဖြစ်၏။ သို့ကြောင့်မြတ်စွာဘုရားသည် ဗြာဟ္မဏတရားကိုအတော်များများ ဟောကြားခြင်းဖြစ်၏။ ဟိန္ဒူဝါဒ၏ ပင်မမှာ ဗြဟ္မာဖြစ်၏။ ဗြဟ္မာ၏သားမြေးများသည် ဗြာဟ္မဏမည်၏။ ဗြာဟ္မဏဟူသောအမည်ကို ခံယူသည်မှာ ဗြဟ္မာ၏သားမြေးများဖြစ်သောကြောင့်တည်း။ အချို့သော မြန်မာတို့သည် မြန်မာ၏ဗမာဟူသော ဝေါဟာရကိုပင် ဗြဟ္မာနှင့်ဆက်စပ်ပြီး ကြံဆခဲ့ကြ၏။ ဗမာဟူသည်မှာ ဗြဟ္မာက ဆင်းသက်လာသောဟူ၏။ ယင်းအယူအဆကို ဟိန္ဒူတို့နှစ်သက်ကြမည် မထင်ပါ။ အကြောင်းကား ဗြဟ္မာ၏သားမြေးမြစ်ဖြစ်သော အရိယတို့သည် အရိယနိုင်ငံဖြစ်သောအိန္ဒိယ၌သာ အစဉ်နေထိုင်ကြသောကြောင့် ဖြစ်၏။

မိမိတို့သည် အရိယတို့၏အကြောင်းကို အသင့်အတင့်

သိသကဲ့သို့ သူတို့၏တရားကိုလည်းအသင့်အတင့်သိဘို့လိုပါသည်။ သို့မှသာလျှင် မှန်မြတ်သောအမှန်တရားအတွက်ပိုပြီး လေးနက်နိုင်မည်။ အကောင်းဟူသည်မှာ မကောင်းကိုထောက်ထားပြီး ဖြစ်သကဲ့သို့ မကောင်းခြင်း သည်လည်း အကောင်းကြောင့် မကောင်းခြင်းဖြစ်၏။ သို့အတွက်ဘက်စုံ လေ့လာသင့်ပါသည်။ သို့မဟုတ်ပါက တဘက်သတ်ဆုံးဖြတ် သကဲ့သို့ဖြစ်ပြီး အမှန်တရားနှင့်အလှမ်းကွာသွားပေလိမ့်မည်။

# မောက္ခ

[ ဟိန္ဒူ၊ သစ္စညာ ပကာသကျမ်း ]

အကြင်သူသည် သိမှုဝိဇ္ဇာနှင့် မသိမှု အဝိဇ္ဇာ သရုပ်ကို အတူတကွသိ၏။ ထိုသူသည် အဝိဇ္ဇာကို လွန်မြောက်၍ဝိဇ္ဇာဉာဏ်ဖြင့် လွတ်မြောက်ခြင်း မောက္ခကိုရ၏။

အဝိဇ္ဇာ၏ လက္ခဏာကား....

အကြင်သူသည် မမြဲသောသံသရာလောက ခန္ဓာကိုယ်တို့ ၌မြဲ၏ဟု ယူဆခြင်း တနည်းဤမျက်မှောက်လောကသည်အမြဲ တည်နေလိမ့်မည်၊ ရှေးကလည်း အမြဲတည်လာခဲ့သည်၊ ယောဂ အစွမ်းအားဖြင့် ဤနတ်ခန္ဓာတို့သည် အမြဲနိစ္စရှိနေသည်စသည် ဖြင့် အမှားမြင်ခြင်းသည် အဝိဇ္ဇာတပါး၊ မစင်ကြွယ် သေးမိန်းမ

စသည်တို့၌ရင်း, မှုသားဆိုခြင်း, ခိုးဝှက်ခြင်း စသောမစင်ကြယ်သော အမှုတို့၌ စင်ကြယ်သည်ဟု မှတ်ယူခြင်းတပါး,ကာမဂုဏ်၌ အထူးလိုက်စားခြင်း တည်းဟူသောဆင်းရဲဒုက္ခကိုပင်ချမ်းသာသုခဟု ယုံမှားခြင်းတပါး၊ အနတ္တ၌ အတ္တဟုထင်မှားခြင်းတပါး ဤလေးပါးသော ထင်မှားခြင်းကိုပင် အဝိဇ္ဇာဟု ခေါ်သည်။

## ဝိဇ္ဇာ၏ လက္ခဏာကား....

အဆိုပါထင်မှားခြင်း အဝိဇ္ဇာနှင့် ဆန့်ကျင်ဘက် ဖြစ်သော အနိစ္စ၌ အနိစ္စ, နိစ္စ၌ နိစ္စ, မစင်ကြယ်ခြင်း၌ မစင်ကြယ်, စင်ကြယ်ခြင်း၌ စင်ကြယ်သည်၊ ဒုက္ခ၌ဒုက္ခ, သုခ၌ သုခ,အနတ္တ၌ အနတ္တ,အတ္တ၌ အတ္တဟုအမှန်သိခြင်းကို ဝိဇ္ဇာဟုခေါ်သည်။

တနည်း အကြောင်းအရာဝတ္ထုတို့၏ မှန်သောသရုပ်သဘောသိခြင်းကို ဝိဇ္ဇာခေါ်၍ အရာဝတ္ထုတို့၏ ပကတိသဘောတရားကိုမသိပဲအခြားတပါးထင်မှားမြင်မှားခြင်းကိုအဝိဇ္ဇာခေါ်သည်။

တနည်း ကုသိုလ်ကောင်းမှုနှင့် ဘုရားဆည်းကပ်ပူဇော်မှုတို့သည် အတွင်းသန္တာန် အပြင်သန္တာန် အပြုအမူ အထူးမျှသာဖြစ်၍ ဉာဏ်ပညာ အထူးမဟုတ်သောကြောင့် အဝိဇ္ဇာဖြစ်၏။ ထို့ကြောင့် ဖြူစင် မြင့်မြတ်သောကုသိုလ်မှုနှင့်ထာဝရဘုရားကို ဆည်းကပ်ပူဇော်မှုမှုကင်း၍ သေခြင်း ဆင်းရဲမှမည်သူမျှမလွတ်နိုင်။

တနည်း ဖြူစင်သောအမှု, ဖြူစင်သောပူဇော်မှု,ဖြူစင်သောဉာဏ်ဖြင့်သာ ဝိမုတ္တိရသကို ရနိုင်၍ မဖြူစင်သောမုသားဆိုခြင်းစသောအမှု, ကျောက်တောင် ကျောက်ဆောင် ရုပ်တု

ဆင်းတုတို့ကို ပူဇော်ခြင်း၊မှားသော ဉာဏ်အမြင်ဖြင့် သံသရာ အနှောင်အဖွဲ့၌ ကျရောက်ရသည်၊ အလုပ်ကိစ္စ၊ ပူဇော်ခြင်း၊ အသိဉာဏ်နှင့် မည်သူမျှ မကာင်း နိုင်သောကြောင့် တရားနှင့် လျော်သော မှန်ကန်သောစကားကို ဆိုခြင်းစသော ကံအမှုတို့ ကိုပြု၍ မုသားဆိုခြင်းစသော မကောင်းမှုကံတို့ကို ပယ်စွန့်ခြင်း သည်ပင် သံသရာမှ ထွက်မြောက်ကြောင်း လမ်းကောင်းလမ်း မှန်ဖြစ်သည်။

"ဝိမုတ္တိကို အဘယ်သူမရသနည်း"

"အနှောင်အဖွဲ့ခံရသူ"

"အဘယ်သူ အနှောင်အဖွဲ့၌ ခံနေရသနည်း"

"မကောင်းမှုနှင့် အမြင်မှားခြင်း၌ မိနေသောသတ္တဝါ ဖြစ်သည်"

"အနှောင်အဖွဲ့နှင့်လွတ်မြောက်ခြင်းသည် သူ့သဘာဝ အတိုင်းဖြစ်နေသလော၊ သို့မဟုတ် အခြားအကြောင်းတစုံတရာ ကြောင့် ဖြစ်နေသလော"

"အခြားအကြောင်းကြောင့်ဖြစ်သည်၊ အကြောင်းကား သူ့သဘာဝအတိုင်းသာဖြစ်မည်ဆိုက နှောင်ဖွဲ့ခြင်းနှင့် လွတ် မြောက်ခြင်းသည် မည်သည့်အခါမျှ ကုန်ဆုံးခြင်း ပြောင်းလွဲ ခြင်းဖြစ်တော့မည်မဟုတ်"

"အဘယ်မှ လွတ်မြောက်လိုကြပါသနည်း"

"ဆင်းရဲဒုက္ခမှ"

"လွတ်မြောက်ပြီးနောက် ဘယ်အရာကိုရပြီး အဘယ်မှာ နေရမည်နည်း"

"ချမ်းသာသုခရပြီး ဗြဟ္မာမှာ နေရပါသည်"

"လွတ်မြောက်ခြင်းနှင့် နှောင်ဖွဲ့ခြင်းသည် အဘယ် အကြောင်းကြောင့်ဖြစ်ပါသနည်း"

"ဘုရားသခင်၏ အမိန့်အာဏာကို လိုက်နာခြင်း, မကောင်းသောတရား, မကောင်းသောပညာ, မကောင်းသော သူတို့နှင့် ပေါင်းသင်းခြင်း၊ မကောင်းသောအပြုအမူ,မကောင်း သော အလေ့အထတို့မှ ရှောင်ကြဉ်ခြင်း၊ မှန်သော စကားကို ဆိုခြင်း, သူတပါး အကျိုးကိုဆောင်ခြင်း၊ ကောင်းသောပညာ, အဂတိမလိုက်ပဲ တရားအတိုင်း သူတော်ကောင်း တရားတိုးပွား အောင်ပြုခြင်း၊ ယောဂအကျင့်ကိုကျင့်ခြင်း၊ အတတ်ပညာသင် ကြားပို့ချခြင်း၊ တရားသဖြင့် ကြိုးစား အားထုတ်ကာ အသိ ဉာဏ်တိုးပွားအောင် ပြုခြင်း၊ အလုံးစုံတို့ထက်ကောင်းမြတ်သော နည်းနာတို့ကို လိုက်နာကျင့်ကြံခြင်းတို့ဖြင့် သံသရာဒုက္ခမှလွတ် မြောက်ခြင်းကိုရ၏။ ဤနည်းနှင့်ဆန့်ကျင်ဘက်ဖြစ်သော ဘုရား သခင်၏ အမိန့်အာဏာကို ဖီဆန်ခြင်း စသည် တို့ကြောင့် သံသရာ အနှောင်အဖွဲ့တွင် နှောင်ဖွဲ့ခြင်းခံရ၏"

"လွတ်မြောက်ခြင်း၌ အသက်ဇီဝသည် ပျောက်ကွယ် သွားသလော၊ ထင်ရှားပင်ရှိနေပါသလော"

"ထင်ရှားရှိနေပါသည်"

"အဘယ်မှာ ရှိပါသနည်း"

"ဗြဟ္မာမှာ"

"ဗြဟ္မာအဘယ်မှာနည်း၊ ထို လွတ် မြောက် ပြီး သော

အသက်ဇီဝသည် တနေရာတည်းမှာ နေရသလော၊ သို့မဟုတ် စိတ်ထင်တိုင်း အလုံးစုံသော နေရာတို့မှာလှည့်သည်ကျက်စား နေသလော"

"မရှိပါ"

"ဖြဟ္မာသည် အလုံးစုံသော အရပ်၌ ပြန့်နှံ့ နေသဖြင့် လွတ်မြောက်ပြီး သောဇီဝသည် ထိုဖြဟ္မာ၌အဘားအဆီးအပိတ် အပင်မရှိပဲ အသိဥာဏ်ရှင်လန်းဝမ်းမြောက်ခြင်းနှင့်တကွ လွတ်လပ်စွာ လှည့်လည်နေပါသည်"

"လွတ်မြောက်ပြီးသော အသက်ဇီဝမှာ ထူထဲရုန့်ရင်း သောကိုယ်ရှိသလော"

"ထိုရုပ်မရှိလျှင် ထိုဇီဝသည် ချမ်းသာသုခနှင့် ပျော်ရွှင် ဝမ်းမြောက်ခြင်းကို အဘယ်သို့ခံစားပါမည်နည်း"

"ဇီဝမှာ မှန်သော စိတ်ကူးစသော ပကတိသဘော တရားဖြစ်သော ဂုဏ်သတ္တိစွမ်းအား အလုံးစုံရှိနေ၍မဟာဘုတ် အစုဖြစ်သော ရုန့်ရင်းသော ကိုယ်ကားမရှိ၊ ဥပမာ မောက္ခ၌ ခတ်လေးပါးအစုဖြစ်သော ကိုယ်ဝါ၊ ဣန္ဒြေတို့သည် ဇီဝအတ္တ နှင့်အတူတကွမရှိ၊ သို့ရာတွင်မိမိ၏ သဘာဝဂုဏ်တို့ကား ရှိ၏။ ကြားလိုသောအခါ နား, တွေ့ထိလိုသောအခါ အရေ, ကြည့်လို သောအခါမျက်စိ, အရသာအလို့ငှာ ရသာရည်, အနံ့အလို့ ငှာ နှာခေါင်း, စိတ်ကူးအလို့ငှာ မနော, အမှား အမှန် အကောင်းအဆိုး ဆုံးဖြတ်ရန်အသိဥာဏ်, တွေးတောအောက် မေ့ရန်စိတ်, ငါတည်းဟူသောမာန အလို့ငှာ အဟံကာရရုပ် စသည်တို့မိမိ၏ ပကတိသတ္တိဖြင့် ဖြစ်ပေါ်လာ၏။ ဤအခြေ၊

အနေတွင် ဇီဝ၏ ခန္ဓာသည်ကား သက်သက် စိတ်ကူးမျှသာ ဖြစ်၏။ ခန္ဓာကိုယ်ကိုမှီလျက် ဠဒြေတို့ဖြင့် မိမိတို့ ကိစ္စတို့ကိုပြုဘိ သကဲ့သို့ လွတ်မြောင်ခြင်း၌လည်း ထိုဇီဝသည် မိမိအစွမ်းသတ္တိ ဖြင့် အလုံးစုံသောချမ်းသာကို ခံစား၏။

"ထိုလွတ်မြောက်ပြီးသော ဇီဝ၏ အစွမ်း သတ္တိသည် အဘယ်မျှရှိ၍ အဘယ်ကဲ့သို့သော အမျိုးအစားနည်း"

"ပဓာနသတ္တိကား တပါးတည်းဖြစ်သည်။ အသေးစိတ် အားဖြင့်ကား နှစ်ဆဲ့လေးပါး အပြားရှိ၏။

(၁) ခွန်အား
(၂) စွမ်းရည်သတ္တိ။
(၃) ဆွဲဆောင်တတ် သော သတ္တိ။
(၄) နိုးဆော်ခြင်း။
(၅) ကြံစည်ခြင်း။
(၆) ကြောက်ရွံ့စေခြင်း။
(၇) ပိုင်းခြား သိမြင် တတ် သော သဘော။
(၈) လှုပ်ရှားခြင်း။
(၉) ရဲရင့်ခြင်း။
(၁၀) ပြန်ပြောင်း အမှတ်ရ ခြင်း။
(၁၁) ဆုံးဖြတ်တတ်ခြင်း။
(၁၂) အလိုဆန္ဒ။
(၁၃) ချစ်ခြင်း။
(၁၄) မုန်းခြင်း။
(၁၅) ပေါင်းယှဉ်ခြင်း။
(၁၆) ခွဲခြမ်းခြင်း။
(၁၇) ပေါင်းစပ် တတ်သော သတ္တိ။
(၁၈) ခွဲ ခြား တတ် သော သတ္တိ။
(၁၉) ကြားတတ်ခြင်း။
(၂၀) တွေ့ထိတတ်ခြင်း။
(၂၁) မြင်တတ်ခြင်း။
(၂၂) အရသာခံ စား တတ် ခြင်း။
(၂၃) အနံ့နံတတ်ခြင်း။
(၂၄) အသိဉာဏ်။

စသည်ဖြင့် ၂၄ ပါးသော အစွမ်းသတ္တိနှင့် ယှဉ်သော ဇီဝ ဖြစ်၏။ ဤအစွမ်းသတ္တိ တို့ဖြင့် လွတ်မြောက်ခြင်း ၌လည်း ဇီဝ သည် ချမ်းသာကို ခံစား၏။ လွတ်မြောက်ခြင်း၌ ဇီဝ ချုပ်ငြိမ်း သွားမည်ဆိုပါက လွတ်မြောက်ခြင်း၏ အရသာကို အဘယ်သူ ခံစားမည်နည်း၊ ဇီဝ၏ ချုပ်ငြိမ်း သွားခြင်းကိုပင် လွတ်မြောက်ခြင်းဟု ထင်မြင် ယူဆသူကား အလွန်မိုက်မဲ၏။ အကြောင်းကား လွတ်မြောက်ပြီးသော ဇီဝသည် သံသရာဝဋ် ဆင်းရဲမှ လွတ်မြောက်၍ သုခအပေါင်းနှင့်ပြည့်စုံသော အဆုံး မရှိသောဘုရားသခင်၌ ချမ်းသာကိုခံစားနေခြင်း ဖြစ်၏။"

ဝေဒါန္တဒဿနန၌ "လွတ်မြောက် ပြီးသောသူ၌ မနော (စိတ်) သဖွယ် အလွန်သိမ်မွေ့သောကိုယ်, ဣန္ဒြေနှင့်အသက် (ပါဏ)လည်း ထင်ရှားရှိနေသည်"ဟု ဆို၏။

ဗျာသရသေ့ကြီးက "လွတ်မြောက်ခြင်း၌ ရှိခြင်း မရှိ ခြင်းဘာဝ အဘာဝနှစ်ပါးလုံးကို ယူဆ၏။ သန့်ရှင်း စင်ကြယ် သော စွမ်းအင်သတ္တိနှင့် ပြည့်စုံသော ဇီဝသည် ထင်ရှားရှိနေ၍ မစင်ကြယ်ခြင်း, မကောင်းမှု, ဆင်းရဲ, အသိဉာဏ်မဲ့ခြင်းစသည် တို့မရှိ"ဟု ယူဆ၏။

ကဌ ဥပနိသျှဒ်၌ကား "အကြင်အခါ စင်ကြယ်သော စိတ်နှင့်တကွ ဣန္ဒြေငါးပါးတို့သည် ဇီဝနှင့် အတူရှိနေကြ၏။ အသိဉာဏ်တည်မြဲနေ၏။ ထိုသို့ရှိနေခြင်းကိုပင် မြတ်သောဂတိ ဝါ-မောက္ခဟုခေါ်ကုန်၏"ဟု ဆို၏။

"သတ္တဝါသည် လွတ်မြောက်မှုကို ရပြီးသည့်နောက်၌

တဖန်ဇာတိ, ဇရာ, မရဏ တည်းဟူသော ဆင်းရဲသို့ပြန်လာဦး မည်လော"

"မုဏ္ဍက ဥပနိသျှဒ်၌ "ထိုလွတ်မြောက်ပြီးသောသတ္တဝါ တို့သည် ဗြဟ္မာ၌ချမ်းသာကို ခံစားပြီးနောက်တဖန် မဟာကပ် ကုန်ဆုံးပြီးသောအခါ လွတ်မြောက်မှု ချမ်းသာကို စွန့်ကာ၍ သံသရာလောကသို့ ပြန်လာသည်"ဟု ဆိုပါသည်။ ယခုသံသရာ အနှောင်အဖွဲ့မိနေသော, လွတ်မြောက်သော သတ္တဝါများရှိ သကဲ့သို့ပင် နှောင်အခါ၌လည်း အခါခပ်သိမ်း ရှိနေလိမ့်မည်။ အမြဲသံသရာစက်ထဲ၌ လည်နေသူ, အမြဲလွတ်မြောက်သူဟူ၍ဘယ် အခါမျှမရှိ"

"ကျမ်းဆရာ အားလုံးနှင့် တလောကလုံးက ဇာတိ-မရဏ တဖန်ပြန်၍ မဖြစ်ခြင်းကိုပင် လွတ်မြောက်ခြင်းခေါ်သည် ဟု ယူဆကြသည်မဟုတ်ပါလော"

"ဤစကား ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါ၊ အကြောင်း ကား ပထမအချက်က သတ္တဝါတို့၏ စွမ်းအင်သတ္တိ ကိုယ်ခန္ဓာ စသော အရာဝတ္ထုနှင့်အကျင့်တရားတို့မှာ အပိုင်း အခြားရှိနေ သဖြင့် အကျိုးတရားသည်အပိုင်းအခြားမရှိသော အနန္တအဘယ် သို့ဖြစ်နိုင်မည်နည်း။ အဆုံးမရှိသော အနန္တစွမ်းအား, ကံနှင့် အသုံးအဆောင်တို့သည် သတ္တဝါတို့တွင်မရှိသောကြောင့် အဆုံး မရှိသော အနန္တသုခကို မခံစားနိုင်၊ မပြဲသော နည်းနာတို့၏ အကျိုးသည်လည်း မဖြစ်နိုင်၊ ထို့ပြင် တချက်မှာလည်း လွတ် မြောက်ခြင်းမှ တစုံတယောက်မျှ ပြန်မလာပါလျှင် လောကကြီး

သည် သတ္တဝါတို့မှ သုဉ်းသိတ်၍ သံသရာအဆက် ပြတ်သွားရာသည်။”

“လွတ်မြောက်သွားသည်နှင့်အမျှပင် ဘုရားသခင်ထပ်ပြီး ဖန်ဆင်းသောကြောင့် လောကကြီး မဆိတ်သုဉ်းနိုင်ပါ”

“သို့ဖြစ်လျှင် ဇီဝသည် နိစ္စဖြစ်သွားလိမ့်မည်၊အကြောင်းကား ဇာတိရှိလျှင် မရဏရှိမြဲဓမ္မတာဖြစ်၏။သင်၏စကားအတိုင်းဆိုလျှင် လွတ်မြောက်မှုရပြီးနောက်လည်း နိစ္စဖြစ်သွားလိမ့်မည်။ လွတ်မြောက်မှုနေရာ၌လူအများပြွတ်သိပ်နေလိမ့်မည်၊အကြောင်းကား ထိုနေရာ၌အဝင်များပြီး အထွက်နည်းသောကြောင့် အတိုးဘက်က အတိုင်းအရှည်မရှိ ဖြစ်နေရာသည်။ ထို့ပြင်ဒုက္ခမရှိပဲ သုခမဖြစ်နိုင်ပါ၊ ဥပမာ- အစပ်မရှိပါလျှင် အချိုရှိပါဦးမည်လော၊ အကြောင်းကား အရသာတခု၏ ဆန့်ကျင်ဘက်အရသာရှိမှ နှစ်ခုလုံးကိုသိရမည် အရသာတမျိုးတည်းကိုသာ စားသုံးနေသူသည် အရသာမျိုးစုံကို စားနေသူကဲ့သို့ အကောင်းကိုမတွေ့နိုင်ပါ။ ထို့ပြင်လည်း ထာဝရဘုရားသည် အဆုံးရှိသောသတ္တဝါတို့အား အဆုံးမရှိသောအကျိုးကို ပေးမည်ဆိုပါက သူ၏စည်းမျဉ်း ပျက်ပြားသွားရာသည်။ အင်အားအလျောက် ဝန်ထုပ်ဝန်ပိုးကို ပေးကမ်းထမ်းရွက်စေခြင်းသာလျှင်ပညာရှိတို့၏အလုပ်ဖြစ်သည်။ နည်းသောစွမ်းအင် ဉာဏ်ပညာရှိသော သတ္တဝါတို့အား အဆုံးမရှိသောအနန္တ သုခတည်းဟူသောဝန်လေးကိုတင်ပေးခြင်းသည် ဘုရားအတွက်မသင့်လျော်ပါ အကယ်၍ဘုရားသည် သတ္တဝါအသစ်တို့ကို ဖန်းဆင်းပြုလုပ်သည် ဆိုပြန်ကလည်း ဖန်ဆင်းသောအကြောင်းများ ကုန်ခမ်းသွားရာ၏။ အကြောင်း

ကားမည်မျှကြီးကျယ်သော ဘဏ္ဍာတိုက်ကြီးဖြစ်စေကာမူအဝင် မရှိဘဲ အထွက်သာရှိပါက ဆင်းရဲမွဲတေသွားလိမ့်မည်။ သို့ဖြစ်၍ လွတ်မြောက်ရာသို့သွားပြီး တဖန်ပြန်လာသော အစီအစဉ်သာ ကောင်းပါသည်။ အနည်းငယ်မျှသော ထောင်ဒဏ်ထက်တသက် တကျွန်းဒဏ်ကို သတ္တဝါတို့သဘော ကျပါမည်လား။ ထိုလွတ်မြောက်မှုမှ ပြန်မလာရပါလျှင် တသက်ပန် ထောင်ဒဏ်နှင့် အနည်းငယ်မျှသာခြားနား၍ လွတ်မြောက်မှု ထောင်တွင် အလုပ်ကြမ်း မလုပ်ရခြင်းသာ ထူးပေမည်။ အမြဲဗြဟ္မာ၌ ရောနှောသွားခြင်းသည် သမုဒ္ဒရာထဲ နှစ်မြုပ်သွားသကဲ့သို့ ဖြစ်၏”

“ထာဝရဘုရားသည် သံသရာဝဋ်ဆင်းရဲဟူသမျှမှ အမြဲလွတ်မြောက်သော ဤချမ်းသာ အပေါင်းနှင့် ပြည့်စုံသူဖြစ်သကဲ့သို့ သတ္တဝါတို့လည်း အမြဲလွတ်မြောက် ချမ်းသာရမည်ဆိုပါက အပြစ်ရှိဦးမည်လော”

“ဘုရားသည် အနန္တသဘာဝ, အနန္တစွမ်းအင်, အနန္တဂုဏ်, အနန္တကိစ္စနှင့် ပြည့်စုံသောကြောင့် မည်သည့်အခါမျှ အဝိဇ္ဇာမှောင်နှင့် ဆင်းရဲခြင်း အနှောင်အဖွဲ့၌ မကျရောက်ပါ။ သို့ကြောင့် ဘုရားသခင်နှင့် တန်းတူ မည်သည့်အခါမျှ မဖြစ်နိုင်ပါ”

“သို့ဖြစ်ပါလျှင် လွတ်မြောက်ခြင်းသည်လည်း ဖြစ်ခြင်းပျက်ခြင်း ဇာတိ မရဏ တရားနှင့် အလားတူပင် ဖြစ်၍ ယင်းအတွက် အပင်ပန်းခံ၍ ကျင့်သော်လည်း အချည်းနှီးပင် မဟုတ်ပါလော”

"လွတ်မြောက်ခြင်းသည် ဇာတိ မရဏတရားနှင့် တန်းတူ မဟုတ်ပါ၊ အကြောင်းကား ကမ္ဘာ ဖြစ်ပေါ် ပျက်စီး သော အကြိမ်ပေါင်း သုံးသောင်းခြောက်ထောင် တိုင်အောင် သတ္တဝါ တို့သည် လွတ်မြောက်ခြင်း ချမ်းသာခံစားရခြင်း, ဆင်းရဲမရှိခြင်း မှာ နည်းသည်မဟုတ်ပါ။ ယနေ့စား၏။ နက်ဖြန် ဆာပြန်၏၊ နက်ဖြန် ဆာမည့် အတွက် အဘယ်ကြောင့် ကြိုးစားရှာဖွေနေ ပါသနည်း။ မွတ်သိပ်ဆာလောင်ခြင်း, အနည်းငယ်သော ဥစ္စာ ပစ္စည်း လယ်ယာမိုးမြေ ဂုဏ်သိက္ခာ သားမယားတို့ အတွက် အဘယ့်ကြောင့် မရှာဖွေဘဲနေရမည်နည်း။ သေမည်မလွဲဟုသိ သော်လည်း ရှင်ရန် ကြိုးစားအားထုတ်သကဲ့သို့ပင် လွတ်မြောက် ခြင်းမှ တဖန် ပြန်လာရမည်ကို သိသော်လည်း ထိုလွတ်မြောက် မှု ချမ်းသာအတွက် နည်းလမ်းရှာဖွေကြိုးစားရန် အရေးကြီး၏"

"လွတ်မြောက်ခြင်းကို တဘဝနှင့် ရမည်လော"

"မရပါ၊ဘဝပေါင်းများစွာကြာပြီးမှ ရမည်။ အကြောင်း ကား ဤသတ္တဝါတို့၏ စိတ်နှလုံးတွင် ဖြစ်ပွားသော အဝိဇ္ဇာ ဟူသော အနှောင်အဖွဲ့ ပြတ်စဲသွား၍ အလုံးစုံသော ယုံမှား သံ သယ မရှိမှသာ မကောင်းမှုများ ကုန်ခန်းသွားပြီးလျှင် မိမိ၏ အတ္တအတွင်း အပြင်၌ ပြန့်နှံ့နေသော ထာဝရဘုရား၌ နေရ၏"

"လွတ်မြောက်မှု၌ ထာဝရဘုရား၏ အသက် ဇီဝသည် ရောနှောနေသလော"

"သီးခြားနေပါသည်။ အကယ်၍ ရောနှောသွားမည်ဆို ပက လွတ်မြောက်ခြင်း၏ အရသာကို ဘယ်သူ ခံစားတော့မည် နည်း။ လွတ်မြောက်မှု၏ နည်း နာ အ ဖြာ ဖြာ တို့ သည်လည်း

အချည်းနှီးဖြစ်သွားရာ၏။ ထို့ပြင်လွတ်မြောက်ခြင်း မဟုတ်တော့ဘဲ အသက်ကိုမီးလောင်သကဲ့သို့ ဖြစ်သွားပါမည်။သတ္တဝါတို့သည် ဘုရားသခင်၏ အာဏာကိုလိုက်နာခြင်း၊ ကောင်းမှုပြုခြင်း၊ သူတော်ကောင်းနှင့် ပေါင်းသင်းဆက်ဆန်ခြင်း၊ ယောဂအကျင့်စသော ဖေါ်ပြပါ အကျင့်တရားတို့ကို ကျင့်မှသာ လွတ်မြောက်မှုကို ရနိုင်သည်"

ဗြာဟ္မဏတို့၏ မောက္ခအကြောင်းကို ပိုပြီး ရှင်းလင်းစေရန် သျှင်ဥက္ကဋ္ဌ၏ ကပ္ပပြဿနာ အမည်ရှိသော စာအုပ်မှ ဟိန္ဒူဝါဒအကြောင်းကို ကောက်နုတ်ဖေါ်ပြပါဦးမည်။

ဟိန္ဒူလူမျိုးတို့မှာ အားထားမှီခိုရာ ကျမ်းဂန်တွေများလှသလောက် အယူဝါဒတို့လည်း ပေါများလှကုန်၏။ အသီးသီးသော ဝေဒကျမ်းကြီးများ၌ ပါရှိသော စာပိုဒ်တခုကိုဖြစ်စေ၊ ကဏ္ဍတခုကို ဖြစ်စေ၊ အမှီပြု၍ ဖြစ်ပေါ်လာခဲ့၏။ အိန္ဒိယနိုင်ငံ၌ အရေးကြီးဆုံးသော ဝါဒတို့ကား-

(၁) ဆံကရ၏ အဒွိတ္တဝါဒ၊

(၂) ရာမနုဇ၏ ဝိသေသ အဒွိတ္တဝါဒ၊

(၃) မာဓဝ၏ ဒွိတ္တဝါဒတို့ ဖြစ်သတည်း။

ဤဝါဒတို့၏ အကျယ်ကို ရေးသော် တခုစီ တခုစီအတွက် တကျမ်းစီရေးမှသာလျှင် ပြည့်စုံပေရာ၏။ သို့သော် ဘာသာရေး အသိဉာဏ် ဗဟုသုတ တိုးပွားရေးအတွက် အမြွက်မျှစီ ဖေါ်ပြပေအံ့။

ဆံကရသည် တတ္တမသိ ဟူသော ဝေဒကျမ်းလာ စကားနှင့် သဗ္ဗခလု ဣဒံ ဗြဟ္မာဟူသော ဆန္ဒောဂျ ဥပနိသဒ်ကျမ်းလာ

စကားတို့ကို အခြေခံပြု၍ ဤလောက၌ မြင်, ကြား, နံ့, လျက် ထိခြင်းတို့ဖြင့် သိရသော အရာဟူသမျှတို့သည် မာယာမျှသာ ဖြစ်ကုန်၏။ ပရမတ္ထ သဘာဝအားဖြင့် ထင်ရှားရှိသော အရာများ မဟုတ်ကြကုန်။

ဤဗြဟ္မာသည်သာလျှင် တကယ်ရှိ အဟုတ်ရှိသော အရာဖြစ်၏၊ ဆိုလိုရင်းကား ဤ ဤဗြဟ္မာသာလျှင် မှန်၏။ အခြားအားလုံးသော အရာတို့သည် အမှားတို့သာ ဖြစ်ကုန်၏ ဟုလိုသည်။ ဤဗြဟ္မာ၏ အစိတ်အပိုင်းဖြစ်သော မိမိ၏ အတ္တကို ရင့်ကျက်အောင် အားထုတ်ရမည်၊ ငါသည်ဗြဟ္မာဝါ ဗြဟ္မာသည် ငါဖြစ်၏ဟု သိလာသောအခါ မောက္ခဝါ လွတ်လပ်ခြင်း ဖြစ်လေတော့၏။ ဤဆံကရ၏ အလိုအားဖြင့် ထင်ရှားမရှိသော သံသရာမှ လွတ်မြောက်လိုမှုသည် အချည်းနှီးပင် ဖြစ်၏။ လူသားသည် မိမိပင်လျှင် ဗြဟ္မာဖြစ်ကြောင်းကို သိရန် အားထုတ်ရမည်၊ ဤသို့အားထုတ်၍ သိမြင်လာသော် လူသား၏ ကိစ္စပြီးလေတော့၏။

ရာမနုဇ၏ အလိုအားဖြင့် ဗြဟ္မာဟူသော ပရမတ္ထမသည် ရှိလည်းရှိ၏။ မှန်လည်းမှန်၏။ သို့ရာတွင် သံသာရိကဝါ လောကအတွင်းရှိ သက်ရှိသက်မဲ့အရာတို့ကား ရှိရုံသာ ရှိ၍ မှန်ကား မမှန်ကြကုန်၊ ထို့ကြောင့် မမှန်သော သံသာရိကနယ်မှ လွတ်မြောက်ရန် အရေးကြီးလေသည်။ သတ္တဝါတယောက်၏ ကိုယ်ကာယသည် ရှိကား ရှိ၏။ သို့ရာတွင် မှန်သော တရားမဟုတ်ချေ။ ထိုကိုယ်ကာယ အတွင်း၌ရှိသော အတ္တမူကား ရှိလည်း ရှိ၍ မှန်လည်းမှန်သော အရာဖြစ်၏။

ကာယသည် မမြဲ၊ ပျက်စီးတတ်၏။ သို့ရာတွင် အတ္တကား မြဲ၏။ ပျက်စီးခြင်းမှကင်း၏။ သတ္တဝါ၏ အတ္တသည်ပရမတ္တမ၏ အစိတ်အပိုင်းဖြစ်၍ ခန္ဓာကိုယ်ကို အမှီပြုနေသောကြောင့် သင်္ခါရ အတ္တဝါအထည်ဒြပ်ကိုမှီသောအတ္တဖြစ်၏။ ပရမတ္တမကား နိဂ္ဂုဏ ဖြစ်၍ အထည်ကို ဒြပ်ကိုမှီတွယ်ခြင်း မရှိချေ။ ဤသို့ ဝေဖန်ပြီး သော် ရာမနုဇသည် ဝိသေသအဒွိတ္တဝါဒကို ဖြန့်ဖြူးခဲ့၏။

မာဓဝဆရာကမူ ဗြဟ္မာဟူသော ပရမတ္တမလည်း အဟုတ် ရှိ၍တကယ်မှန်၏။ထို့ပြင်သံသာရိကလောကအတွင်းရှိသမျှ အရာ တို့သည်လည်း အဟုတ်ရှိ၍ တကယ်ပင် မှန်ကြလေကုန်သည်။ အဓိပ္ပါယ်ကား ကိုင်တွယ် စမ်းသပ်လို့ရစကောင်းသော ရုပ်နှင့် ကိုင်တွယ်စမ်းသပ်လို့ မရစကောင်းသော နာမ်တို့သည် နှစ်ခုစ လုံး တကယ်ထင်ရှားရှိ၍ တကယ်မှန်ကြလေကုန်၏ဟု ဆိုလိုသည်၊ ဤနည်းအားဖြင့် အကျယ်တဝင့်ဝေဖန်၍ မာဓဝသည် ဒွိတ္တ ဝါဒကို စတင်ဟောပြောခဲ့လေသည်။

ဟိန္ဒူတို့၏ယုံကြည်မှုကို အကျဉ်းချုံးရသော် ဟိန္ဒူသည် ကံကိုငှင်း၊ ကံ၏ အကျိုးကိုငှင်း ယုံ၏။ ကံ၏အကျိုးကိုဗြဟ္မာ က အမိန့်ချမှတ်ပေးသည်ဟု ယုံကြည်၏။

သတ္တဝါတိုင်း၌ အတ္တသည်ရှိ၏၊ ထိုအတ္တသည်ပရမတ္တမ အစိတ်အပိုင်းဖြစ်၍ ပရမတ္တမမှ ထွက်လာခဲ့၏၊ သတ္တဝါသေသော် လည်း အတ္တကားမသေ၊ ခန္ဓာအသစ်လဲခြင်းမျှဖြစ်၏၊မြွေများ အရေလဲသကဲ့သို့တည်း၊ သတ္တဝါ၏ အတ္တသည် မကောင်းမှုများ ကို ရှောင်ကြဉ်၍ ကောင်းမှုများကိုတွင်တွင်ပြုလုပ်ခြင်းဖြင့်ငှင်း, ဗြဟ္မာ၏ ဂုဏ်တော် ကျေးဇူးတော်ကို ဆင်ခြင်အောက်မေ့

ခြင်းဖြင့်ရှင်း တဖြည်းဖြည်းရင့်၍ကျက်၍ တိုး၍တက်၍လာ၏။ မြင့်၍ မြတ်၍ လာရ၏။ ထိုသို့ရင့်ကျက်၍ မြင့်မြတ်လာလေလေ ပရမတ္ထမနီးကပ်၍ လာလေလေ ဖြစ်ချိမ့်မည်။

နောက်ဆုံး၌ သတ္တဝါတို့၏ အတ္တသည်ရှင်းထွက်ခွာလာခဲ့ရာဖြစ်သော ပရမတ္တမနှင့် ပြန်လည်ပူးပေါင်း ရပေလိမ့်မည်။ ဤသို့ပြန်လည် ပူးပေါင်းမိခြင်းသည် ဟိန္ဒူ ဝါဒအရမှန်မြတ်သော မောက္ခ ( လွတ်လပ်မှုဖြစ်သတည်း။ ဤကားအယူဝါဒကွဲပြားနေစေကာ ဟိန္ဒူဝါဒီ အားလုံးကြိုက်ညီသော ယုံကြည်မှုပင်ဖြစ်သတည်း။"

ဗြာဟ္မဏ ဝါဒမောက္ခကို လေ့လာ ပြီးလျှင် ဂေါတမဗုဒ္ဓ၏ ဝိမောက္ခကိုလည်း ဆက်လက် လေ့လာ သင့်ပါသည်။ ဗုဒ္ဓ၏ ဝိမောက္ခမှာ ရှစ်ပါးအပြားရှိ၏၊ မြတ်စွာ ဘုရားသည် မဟာပရိနိဗ္ဗာန်ဝင်စံရန်အတွက် ဝေသာလီပြည်မှ ကုသိနာရုံသို့ ကြွသွားစဉ် လမ်းခရီးအကြား၌ အရှင်အာနန္ဒာအား ဝိမောက္ခ တရားရှစ်ပါးကို ဟောကြားခြင်းဖြစ်၏။

အာနန္ဒာ လွတ်မြောက်ခြင်း ဝိမောက္ခတို့သည် ရှစ်ပါး အပြားရှိကုန်၏၊ အဘယ်ရှစ်ပါးတို့နည်းဟူမူ....

(၁) မိမိသန္တာန်၌ ကသိုဏ်းရုပ် ဈာန်ရှိသည်ဖြစ်၍ပြင်ပ သန္တာန်၌လည်း ကသိုဏ်းရုပ်တို့ကို ရှု၏၊ ဤကား ပထမဝိမောက္ခတည်း။

(၂) မိမိသန္တာန်၌ အဆင်းရုပ်ကို မမှတ်မူ၍ ပြင်ပ အန္တာန်၌ ကသိုဏ်းရုပ်တို့ကို ရှု၏၊ ဤကား ဒုတိယ ဝိမောက္ခတည်း။

(၃) တင့်တယ်၏ ဟူ၍သာလျှင်နှလုံးသွင်း၏၊ ဤကား တတိယ ဝိမောက္ခတည်း။

(၄) ရူပသညာတို့ကိုလုံးဝလွန်မြောက်၍ပဋိဃသညာတို့ လုံးဝ ချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝ နှလုံး မသွင်းမူ၍“ကောင်းကင်သည် အဆုံးမရှိ” ဟုနှလုံးသွင်း လျက် အာကာသာနဉ္စာယတနာ စျာန်သို့ရောက်၍နေ၏၊ ဤ ကားစတုတ္ထဝိမောက္ခတည်း။

(၅) အာကာသာနဉ္စာယတန စျာန်ကို လုံးဝ လွန် မြောက်၍ “ဝိညာဉ်သည် အဆုံးမရှိ”ဟု နှလုံး သွင်းလျက်ဝိညာဏဉ္စာယတန စျာန်သို့ရောက်၍နေ၏၊ ဤကား ပဉ္စမဝိမောက္ခတည်း။

(၆) ဝိညာဏဉ္စာယတန စျာန်ကို လုံးဝလွန်မြောက်၍ “တစုံတခု မျှမရှိ”ဟု နှသုံးသွင်းလျက် အာကိဉ္စ ညာယတနစျာန်သို့ ရောက်၍နေ၏၊ ဤကားဆဋ္ဌဝိမောက္ခတည်း။

(၇) အာကိဉ္စညာယတန စျာန်ကိုလုံးဝလွန်မြောက်၍ နေဝ သညာ နာသညာ ယတန စျာန်သို့ရောက်၍ နေ၏၊ ဤကားတတ္တမ ဝိမောက္ခတည်း။

(၈) နေဝသညာ နာသညာယတန စျာန်ကို လုံးဝ လွန်မြောက်၍ သညာ ဝေဒနာတို့၏ ချုပ်ရာ နိရောဓ သမာပတ်သို့ ရောက်၍နေ၏၊ဤကား အဋ္ဌမဝိမောက္ခ တည်း။

အာနန္ဒာရှစ်ပါးသော ဝိမောက္ခတို့ဟူသည် ဤသည်တို့ ပင်တည်း။

# ပဋိသမ္ဘိဒါမဂ် ပါဠိတော်

[ ဓမ္မစက္က ပဝတ္တနဝါရ ]

အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်။

အခါတပါး၌မြတ်စွာဘုရားသည် ဗာရာဏသီပြည်ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူ၏၊ ထို အခါ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ကို သိစေတော်မူ၏။

ရဟန်းတို့။ ။ရဟန်းဖြစ်သူသည် ဤအစွန်းနှစ်ပါးအဖို့ နှစ်ပါးတို့ကို မမှီဝဲအပ်ကုန်၊ အဘယ်နှစ်ပါးတို့နည်း ဟူမူ ယုတ်ညံ့၍ ရွာသူတို့၏ အကျင့်ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်ဖြစ်၍ အရိယတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွားနှင့် မစပ်ယှဉ်သောကာမဂုဏ်တို့၌ ကာမဂုဏ်

ချမ်းသာကို ကပ်ငြိသောအားဖြင့် အဖန်တလဲလဲ လိုက်စား အားထုတ်ခြင်းငှင်း၊ ကိုယ်စိတ်၏ ဆင်းရဲခြင်းကိုဖြစ်စေတတ်သော အရိယတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွားနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းငှင်း ဤနှစ်ပါးတို့တည်း။

ရဟန်းတို့။ ။ဤအစွန်းအဖို့ နှစ်ပါးတို့သို့မကပ်ရောက်မူ၍ တထာဂတ အထူးသဖြင့် သိအပ်သော ပညာမျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကို ပြုတတ်သော အလယ် အလတ် ဖြစ်သော အကျင့်သည် ကိလေသာ ငြိမ်းရန် အလို့ငှာဖြစ်၏၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် အလို့ငှာဖြစ်၏။

ရဟန်းတို့။ ။တထာဂတ အထူးသဖြင့် သိအပ်သော ပညာ မျက် စိ ကို ပြု တတ် သော ဉာဏ် အမြင်ကိုပြုတတ်သော၊ ကိလေသာငြိမ်းခြင်းထူးသော ဉာဏ်ဖြင့် သိခြင်း၊ သစ္စာလေးပါးကို သိခြင်း၊ နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းငှာဖြစ်သော ထိုအလယ်- အလတ်ဖြစ်သော အ ကျင့် သည် အဘယ်နည်း....

အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တည်း။

အင်္ဂါရှစ်ပါးရှိသောအရိယမဂ်ဟူသည်အဘယ်နည်း။

မှန်စွာသိမြင်ခြင်း သမ္မာဒိဋ္ဌိ, မှန်စွာကြံစည်ခြင်းသမ္မာသင်္ကပ္ပ, မှန်စွာပြောဆိုခြင်း သမ္မာဝါစာ, မှန်စွာပြု လုပ်ခြင်း သမ္မာကမ္မန္တ, မှန်စွာ အသက်မွေးခြင်း သမ္မာအာဇီဝ, မှန်စွာ အားထုတ်ခြင်း သမ္မာ ဝါယမ, မှန်စွာအောက်မေ့ခြင်းသမ္မာသတိ, မှန်စွာ တည်ကြည်ခြင်း သမ္မာသမာဓိဤသည်တို့တည်း။

ရဟန်းတို့။ ။တထာဂတ အထူးသဖြင့် သိအပ်သော ပညာမျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကို ပြုတတ်သောကိလေသာငြိမ်းရန် အလို့ငှာဖြစ်သော ထူးသော ဉာဏ်ဖြင့် သိရန်အလို့ငှာဖြစ်သော သစ္စာလေးပါးကိုသိရန်အလို့ငှာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ ဖြစ်သော ထိုအလယ်အလတ် ဖြစ်သော မြတ်သော အကျင့်ဟူသည် ဤမဂ်အကျင့်ပင်တည်း။

ရဟန်းတို့။ ။ဤသည်ကားဆင်းရဲဖြစ်သောအရိယတို့၏ အမှန်တရား ဒုက္ခအရိယ သစ္စာ ပေတည်း။ ပဋိသန္ဓေ တည်နေရခြင်းသည်လည်း ဆင်းရဲ၏။ အိုရခြင်းသည်လည်းဆင်းရဲ၏၊ နာရခြင်းသည်လည်းဆင်းရဲ၏၊ သေရခြင်းသည်လည်းဆင်းရဲ၏၊ မချစ်သောသူတို့နှင့်အတူ နေရခြင်းသည်လည်း ဆင်းရဲ၏၊ ချစ်သောသူနှင့် ကွေကွင်းရခြင်းသည်လည်းဆင်းရဲ၏။ လိုချင်ရာကို မရခြင်းသည်လည်း ဆင်းရဲ၏။ အကျဉ်း အား ဖြင့် စွဲလမ်းရာ အာရုံဖြစ်သော ခန္ဓာ ငါးပါးတို့သည်လည်း ဆင်းရဲကုန်၏။

ရဟန်းတို့။ ။ဤသည်ကား ဆင်းရဲ၏ အကြောင်းဖြစ်သောအရိယတို့၏ အမှန်တရားသမုဒယအရိယသစ္စာပေတည်း။ အကြင်တဏှာသည် ဘဝသစ်၌ ဖြစ်စေတတ်၏၊ နှစ်သက်ခြင်း တပ်မက်ခြင်းနှင့်တကွဖြစ်၏၊ထိုထိုအာရုံ၌ လွန်စွာ နှစ်သက်တတ်၏၊ ဤတပ်မက်မှုတဏှာသည်အဘယ်နည်း ကာမဘုံတို့၌ တပ်မက်မှု ကာမတဏှာ, တည်မြဲ၏ဟု ယူသော သဿတ ဒိဋ္ဌိနှင့်တကွဖြစ်သော တပ်မက်မှုဘဝတဏှာ, သေလျှင်

ပြတ်စဲ၏ဟုယူသော ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သော တပ်မက်မှု ဝိဘဝတဏှာတို့တည်း။

ရဟန်းတို့။ ။ဤသည်ကား ဆင်းရဲ၏ချုပ်ရာဖြစ်သော အရိယတို့၏ အမှန်တရား နိရောဓ အရိယသစ္စာပေတည်း၊ ထိုတပ်မက်မှု တဏှာ၏ သာလျှင် အကြွင်းမဲ့ စွဲမက်မှု ကင်းပျောက်ချုပ်ငြိမ်းရာ စွန့်လွှတ်ရာ တဇန်စွန့်ပယ်ရာ လွှတ်မြောက်ရာ မကပ်ငြိရာပင်ဖြစ်၏။

ရဟန်းတို့။ ။ဤသည်ကား ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယတို့၏ အမှန်တရားမဂ္ဂအရိယသစ္စာပေတည်း။ ဤအရိယ မဂ်သည် အင်္ဂါရှစ်ပါးရှိ၏။ အင်္ဂါရှစ်ပါးဟူသော်ကား....

မှန်စွာသိမြင်ခြင်း သမ္မာဒိဋ္ဌိ ॥ပ॥ မှန်စွာ တည်ကြည်ခြင်းသမ္မာ သမာဓိတို့တည်း။

ရဟန်းတို့။ ။"ဤတရားသည် ဆင်းရဲဖြစ်သောအရိယတို့၏အမှန်တရားဒုက္ခအရိယသစ္စာမည်၏" ဟု ရှေးအဖို့က မကြားဘူးကုန်သော တရားတို့၌ ငါ၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှား ဖြစ်၏၊ အပြားအားဖြင့် သိတတ်သောဉာဏ်ပညာသည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိတတ်သော ဉာဏ်ဝိဇ္ဇာသည်ထင်ရှားဖြစ်၏၊ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

---

★ ॥ပ॥ ဟူသည်မှာ ပေယျာလဖြစ်၏၊ အခိပ္ပါယ်မှာ အထက်တွင် ဖော်ပြပြီးဖြစ်၍ ထိုနှင့်အလားတူ ရွတ်ဆိုရန် ဖြစ်ပါသည်။

ရဟန်းတို့။ ။ငါသည် "ထိုဆင်းရဲဖြစ်သော ဤအရိယ တို့၏ အမှန်တရားဒုက္ခအရိယသစ္စာကိုပိုင်းခြား၍သိထိုက်၏"ဟု ရှေးအဖို့က မကြားဘူးကုန်သောတရားတို့၌ငါ၏ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့။ ။ငါသည် "ထိုဆင်းရဲဖြစ်သော ဤအရိယ တို့၏ အမှန်တရားဒုက္ခ အရိယ သစ္စာကို ပိုင်းခြား၍ သိခဲ့ပြီ"ဟု ရှေးအဖို့က မကြားဘူးကုန်သောတရားတို့၌ ငါ၏ပညာမျက်စိ သည် ထင်ရှားဖြစ်၏။ပ။ဉာဏ်အလင်းရောင်သည်ထင်ရှားဖြစ်၏။

ရဟန်းတို့။ ။"ဤ တရား သည် ဆင်း ရဲ ခြင်း ၏ အကြောင်းဖြစ်သော အရိယ တို့၏အမှန်တရား သမုဒယ အရိယသစ္စာမည်၏"ဟု ရှေးအဖို့က မကြားဘူးကုန်သော တရားတို့၌ငါ၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့။ ။ငါသည်"ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော ဤအရိယတို့၏ အမှန်တရားသမုဒယသစ္စာကို ပယ်အပ်၏"ဟု ရှေးအဖို့က မကြားဘူး ကုန်သော တရားတို့၌ ငါ၏ ပညာမျက်စိသည် ထင်ရှား ဖြစ်၏။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့။ ။ငါသည် "ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော ဤအရိယတို့၏ အမှန်တရားသမုဒယသစ္စာကိုပယ်အပ်ပြီ"ဟု ရှေးအဖို့ကမကြားဘူးကုန်သော၊

တရားတို့၌ ငါ၏ ပညာမျက်စိသည် ထင်ရှား ဖြစ်၏။ ။ ပ ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့။ ။ငါသည် "ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော ဤအရိယတို့၏ အမှန်တရား သမုဒယသစ္စာကို ပယ်အပ်ပြီ" ဟု ရှေးအဖို့က မကြားဘူးကုန်သော တရားတို့၌ ငါ၏ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့။ ။"ဤနိဗ္ဗာန်သည် ဆင်းရဲ၏ ချုပ်ရာဖြစ်သော အရိယတို့၏ အမှန်တရားနိရောဓသစ္စာမည်၏" ဟု ရှေးအဖို့က မကြားဘူးကုန်သော တရားတို့၌ ငါ၏ ပညာမျက်စိသည် ထင်ရှား ဖြစ်၏ ။ ပ ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့။ ။ငါသည် "ထိုဆင်းရဲ၏ ချုပ်ရာဖြစ်သော ဤအရိယတို့၏ အမှန်တရား နိရောဓအရိယသစ္စာကို မျက်မှောက်ပြုအပ်၏" ဟု ရှေးအဖို့က မကြားဘူးကုန်သောတရားတို့၌ ငါ၏ပညာမျက်စိသည်ထင်ရှား ဖြစ်၏၊ ။ ပ ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့။ ။ငါသည် "ထိုဆင်းရဲ၏ ချုပ်ရာဖြစ်သော ဤအရိယတို့၏ အမှန်တရား နိရောဓအရိယသစ္စာကို မျက်မှောက်ပြုအပ်ပြီ" ဟု ရှေးအဖို့က မကြားဘူးကုန်သော တရားတို့၌ ငါ၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ ။ ပ ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့။ ။"ဤတရားသည် ဆင်းရဲ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား မဂ္ဂအရိယ သစ္စာ မည်၏"ဟု ရှေးအဖို့က မကြားဘူးကုန်သော တရားတို့၌ ငါ၏ပညာမျက်စိ သည် ထင်ရှား ဖြစ်၏၊ ။ ပ ။ ဉာဏ် အလင်း ရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့။ ။ငါသည် "ထိုဆင်းရဲ၏၊ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော ဤ အရိယတို့၏ အမှန်တရား မဂ္ဂအရိယ သစ္စာကို ပွားများအပ်၏" ဟု ရှေးဖို့က မကြားဘူးကုန်သော တရားတို့၌ ငါ၏ ပညာ မျက်စိသည် ထင်ရှားဖြစ်၏၊ ။ ပ ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့။ ။ငါသည် "ထိုဆင်းရဲ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သောဤအရိယ တို့၏ အမှန်တရား မဂ္ဂ အရိယ သစ္စာကို ပွားများပြီးပြီ"ဟုရှေး အဖို့ကမကြားဘူးကုန်သောတရားတို့၌ငါ၏ပညာမျက်စိသည်ထင် ရှားဖြစ်၏၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်ဝိဇ္ဇာသည် ထင်ရှား ဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် ပညာသည် ထင် ရှားဖြစ်၏။ ထိုးထွင်း၍ သိတတ်သော ဉာဏ် ဝိဇ္ဇာသည် ထင် ရှားဖြစ်၏၊ ။ ပ ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့။ ။ဤအရိယတို့၏ အမှန်တရားလေးပါးတို့ ၌ ဤသုံးပါးသော အပြန်, တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သော ငါ၏ ဉာဏ်အမြင်

မစင်ကြယ်သေးသမျှ ကာလပတ်လုံး ငါသည် နတ်, မာရ်နတ်, ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏ,ဗြာဟ္မဏ,မင်းများ, လူများနှင့်တကွသော လူလောက၌ အတုမရှိသော ကိုယ်တိုင်မှန်စွာသိသော အရဟတ္တမဂ်ဉာဏ်ကို သိပြီဟူ၍ ဝန်မခံခဲ့ချေ။

ရဟန်းတို့။ ။ဤအရိယ မဂ်တို့၏ အမှန်တရား လေးပါးတို့၌ဤသုံးပါးသောအပြန့်,တဆယ့်နှစ်ပါးသောအခြင်းအရာရှိသော မှန်ကန်သောငါ၏ အမြင်စင်ကြယ်လာသော အခါ၌သာလျှင် ငါသည် နတ်, မာရ်နတ်, ဗြဟ္မာတို့နှင့် တကွသော နတ်လောကနှင့် သမဏ, ဗြာဟ္မဏ, မင်းများ လူများတို့နှင့်တကွသော ဤလောက၌ အတုမရှိသော ကိုယ်တိုင် မှန်စွာသိသော အရဟတ္တ မဂ်ဉာဏ်ကို သိပြီဟူ၍ဝန်ခံခဲ့၏၊ ငါ၏ကိလေသာတို့မှ လွတ်မြောက်မှုသည် မပျက်စီးနိုင်ပြီ၊ ဤကား အဆုံးစွန်သော ဘဝတည်း၊ ယခုအခါဘဝသစ်၌ ဖြစ်ပျက် ခြင်းမရှိတော့ပြီဟု ငါ့အားဉာဏ်အမြင် ပစ္စဝေက္ခဏာဉာဏ်သည်လည်းထင်ရှားဖြစ်ပေါ်လာပြီ။

မြတ်စွာဘုရားသည် ဤစကားကို မိန့်ကြား၏၊ ပဉ္စဝဂ္ဂီရဟန်းတို့သည် နှစ်လိုကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ စကားကို ဝမ်းမြောက်စွာခံယူကြလေကုန်သတည်း။

ဤစကားပြေ ဒေသနာကို ဟောကြားလေသော် အရှင်ကောဏ္ဍညအား“ ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏” ဟုမြူအညစ်အကြေးကင်းသော မျက်စိသောဘာပတ္တိမဂ်ဉာဏ်သည် ဖြစ်ပေါ်လာ၏။

ပညာမျက်စိသည် ထင်ရှားဖြစ်၏ ဟူသည် မြင်ခြင်းသဘောအားဖြင့်, အသိဉာဏ်သည် ထင်ရှားဖြစ်၏ ဟူသည် သိခြင်းသဘောအားဖြင့်, အပြားအားဖြင့် သိတတ်သောဉာဏ်ပညာသည် ထင်ရှားဖြစ်၏ ဟူသည် ခွဲခြား၍သိခြင်းသဘောအားဖြင့်, ထိုးထွင်း၍ သိတတ်သောဉာဏ်ဝိဇ္ဇာသည် ထင်ရှားဖြစ်၏ ဟူသည် ထိုးထွင်း၍ သိခြင်းသဘောအားဖြင့်, အလင်းရောင်သည် ထင်ရှားဖြစ်၏ ဟူသည် အလင်းရောင် သဘောအားဖြင့်ဖြစ်၏။

ပညာမျက်စိသည် ဓမ္မတည်း၊ အသိဉာဏ်သည်ဓမ္မတည်း၊ အပြားအားဖြင့် သိတတ်သော ဉာဏ်ပညာသည် ဓမ္မတည်း၊ ထိုးထွင်း၍သိတတ်သော ဉာဏ်ဝိဇ္ဇာသည် ဓမ္မတည်း၊ အလင်းရောင်သည် ဓမ္မတည်း၊ ဤဓမ္မငါးပါးတို့သည် ဓမ္မပဋိသမ္ဘိဒါ၏ အာရုံတို့လည်းဖြစ်ကုန်၏၊ ကျက်စားရာတို့လည်းဖြစ်ကုန်၏၊ ထိုပဋိသမ္ဘိဒါ၏ အာရုံတို့သည် ကျက်စားရာတို့တည်း၊ ထိုပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် အာရုံတို့တည်း၊ ထို့ကြောင့် ဓမ္မတို့၌ သိသောဉာဏ်ကို ဓမ္မပဋိသမ္ဘိဒါ ဟုဆိုအပ်၏။

မြင်ခြင်းသဘောသည် အတ္ထတည်း၊ သိခြင်းသဘောသည် အတ္ထတည်း ခွဲခြား၍ သိခြင်းသဘောသည်အတ္ထတည်း၊ ထိုးထွင်း၍ သိခြင်းသဘောသည် အတ္ထတည်း၊ အလင်းရောင် သဘောသည် အတ္ထတည်း၊ ဤအတ္ထငါးပါးတို့သည် အတ္ထပဋိသမ္ဘိဒါ၏ အာရုံတို့လည်း ဖြစ်ကုန်၏။ ကျက်စားရာတို့လည်း ဖြစ်ကုန်၏။ ထို အတ္ထပဋိသမ္ဘိဒါ၏ အာရုံတို့သည် ကျက်စားရာတို့တည်း ထို အတ္ထပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် အာရုံတို့တည်း၊-

ထိုကြောင့် အတ္တတို့၌ သိသောဉာဏ်ကို အအတ္တပဋိသမ္ဘိဒါဟု ဆိုအပ်၏။

ခမ္မငါးပါးတို့ကို ကောင်းစွာပြရန်သဒ္ဒါကို ထုတ်ဆောင်ပြောဆိုခြင်းတို့သည်၎င်း၊ အတ္တငါးပါးတို့ကို ကောင်းစွာပြရန် ဗျဥ္စနနိရုတ္တိ အဘိလာပတို့သည်၎င်း ရှိကုန်၏။ ဤဆယ်ပါးသော နိရုတ္တိတို့သည် နိရုတ္တိပဋိသမ္ဘိဒါ၏ အာရုံတို့လည်း ဖြစ်ကုန်၏။ ထိုအာရုံတို့သည် ကျက်စားရာတို့တည်း၊ ထိုနိရုတ္တိပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် အာရုံတို့တည်း၊ ထို့ကြောင့် နိရုတ္တိတို့၌ သိသောဉာဏ်ကို နိရုတ္တိပဋိသမ္ဘိဒါဟု ဆိုအပ်၏။

ဓမ္မငါးပါးတို့၌ သိသောဉာဏ်၊ အတ္တငါးပါးတို့၌ သိသောဉာဏ်၊ နိရုတ္တိဆယ်ပါးတို့၌ သိသောဉာဏ်၊ ဤဉာဏ်နှစ်ဆယ်တို့သည် ပဋိဘာန ပဋိသမ္ဘိဒါ၏ အာရုံတို့တည်းဖြစ်ကုန်၏။ ကျက်စားရာတို့လည်း ဖြစ်ကုန်၏။ ထိုပဋိဘာန ပဋိသမ္ဘိဒါ၏ အာရုံတို့သည် ကျက်စားရာတို့တည်းထိုကျက်စားရာတို့သည်အာရုံတို့တည်း။ ထို့ကြောင့်ပဋိဘာန်တို့၌သိသောဉာဏ်ကိုပဋိဘာနပဋိသမ္ဘိဒါဟု ဆိုအပ်၏။

## ဉာဏ ကထာ

"ဤတရားကား ဆင်းရဲ အမှန်တရား ဒုက္ခအရိယသစ္စာတည်း။ ဤတရားကားဆင်းရဲဖြစ်ကြောင်း အမှန်တရားဒုက္ခ သမုဒယ အရိယသစ္စာတည်း။ ဤတရားကား ဆင်းရဲ ချုပ်ငြိမ်းရာ အမှန်တရား ဒုက္ခနိရောဓ အရိယသစ္စာတည်း။ ဤတရားကား

ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကျင့်ဝတ် အမှန်တရား ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စာတည်း”ဟု ကြားနာအပ်သော တရားမည်၏။ ထိုတရားအပေါင်းကို သိတတ်သော ပညာသည် အဘယ်သို့လျှင် သုတမယဉာဏ်မည်သနည်း။

ထိုအမှန်တရားလေးမျိုး အရိယသစ္စာတို့တွင် ဒုက္ခအရိယသစ္စာဟူသည် အဘယ်နည်း။

ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲတည်း။ အိုရခြင်းသည်လည်း ဆင်းရဲတည်း။ သေရခြင်းသည်လည်း ဆင်းရဲတည်း။ စိုးရိမ်ခြင်း၊ ငိုကြွေးမည်တမ်းခြင်း၊ကိုယ်ဆင်းရဲရခြင်း၊ စိတ်ဆင်းရဲရခြင်း၊ ပြင်းစွာ ပင်ပန်းရခြင်းသည်လည်း ဆင်းရဲတည်း၊ မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်းသည်လည်း ဆင်းရဲတည်း။ ချစ်နှစ်လိုဖွယ်တို့နှင့် ကွဲကွာ ကွေကွင်းရခြင်းသည်လည်း ဆင်းရဲတည်း။ အလိုရှိသည်ကို မရခြင်းသည်လည်း ဆင်းရဲတည်း။ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးသည်လည်း ဆင်းရဲတည်း။

ထို ဒုက္ခ သစ္စာ တို့ တွင် ပဋိသန္ဓေနေရခြင်း ဇာတိသည် အဘယ်နည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်း၌ ရှေးဦးစွာ ဖြစ်ပေါ်ခြင်း၊ ပြည့်စုံစွာ ဖြစ်ပွားခြင်း၊ အသက်ဝင်ခြင်း၊ ကိုယ်အင်ရှားဖြစ်ခြင်း၊ ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်း၊ မျက်စိ နားအစရှိသော တည်နေရာ အာယတနများကို ရခြင်းတည်း။ ဤသဘောကို ဇာတိဟုဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် အိုခြင်းဇရာသည် အဘယ်နည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်း၌ အိုမင်းခြင်း၊ သွေးမြေ့ခြင်း၊ ကျိုးပဲ့ခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်း၊ ရုပ်အသက် ဆုတ်ယုတ်ခြင်း၊ ဣန္ဒြေရင့်ခြင်းတည်း၊ ဤသဘောကို အိုခြင်းဇရာဟု ဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် သေခြင်းမရဏသည် အဘယ်နည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်းမှ ရွေ့လျောခြင်း၊ ရွေ့လျောသော အခြင်းအရာ၊ ပျက်စီးခြင်း၊ ကွယ်ပျောက်ခြင်း၊ သက်ပြတ်သေဆုံးခြင်း၊ ကွယ်လွန်ခြင်း၊ သေချိန်ပြုခြင်း၊ ခန္ဓာတို့၏ ပျက်ခြင်း၊ ကိုယ်ကောင်ပစ်ခြင်း၊ ဇီဝိတိန္ဒြေ ပြတ်စဲခြင်းတည်း။ ဤသဘောကို သေခြင်း မရဏဟု ဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် စိုးရိမ်ခြင်း သောကသည် အဘယ်နည်း။

ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ အနာရောဂါဖြစ်ခြင်း၊အကျင့်သီလ ပျက်စီးခြင်း၊အယူပျက်စီးခြင်း၊တစုံတခုသောပျက်စီးခြင်းနှင့် ပြည့်စုံသူ၏လည်း၊ တစုံတခုသော ဆင်းရဲတရားနှင့် တွေ့ကြုံသူ၏လည်း၊ စိုးရိမ်ခြင်း၊ စိုးရိမ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း၊ စိုးရိမ်သော သူ၏ အဖြစ်၊ အတွင်း၌ စိုးရိမ်ခြင်း၊ အတွင်း၌ အဖန်တလဲလဲ စိုးရိမ်ခြင်း၊ စိတ်ပူခြင်း၊ နှလုံးမသာခြင်း၊ ပူဆွေးမှု ညှိုးကျူး ၀င်နေခြင်းတည်း၊ ဤသဘောကို စိုးရိမ်ခြင်းသောကဟု ဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် ငိုယိုမည်တမ်းခြင်း ပရိဒေဝဟူသည် အဘယ်နည်း။

ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ အနာရောဂါဖြစ်ခြင်း၊ အကျင့်သီလ ပျက်စီးခြင်း၊ အယူပျက်စီးခြင်းနှင့် တွေ့ကြုံသူ၏ရင်း၊ တစုံတခုပျက်စီးခြင်းနှင့် ပြည့်စုံသူ၏ရင်း၊ တစုံတခုသော ဆင်းရဲတရားနှင့် တွေ့ကြုံသူ၏ရင်း၊ ပြင်းစွာ ငိုကြွေးခြင်း၊ အဖန်ဖန် ငိုကြွေးခြင်း၊ ပြင်းစွာ ငိုကြွေးသော အခြင်းအရာ အဖန်တလဲလဲ ငိုကြွေးသော အခြင်းအရာ။ငိုကြွေးသူ၏ အဖြစ်၊ အဖန်ဖန်ငိုကြွေးသောသူ၏အဖြစ်၊ အချည်းနှီးပြောဆိုခြင်း၊ ဖောက်ပြန်၍ ပြောဆိုခြင်း၊အဖန်ဖန်ပြောဆိုခြင်း၊ ပြောဆိုသော အခြင်းအရာ၊ ပြောဆိုသောသူ၏ အဖြစ်တည်း။ ဤသဘောကို ငိုယိုမြည်တမ်းခြင်း ပရိဒေဝဟုဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် ကိုယ်ဆင်းရဲခြင်း ဒုက္ခဟူသည် အဘယ်နည်း။

မသာယာအပ်သော ကိုယ်၌ဖြစ်သော ဆင်းရဲ၊ ကိုယ်အတွေ့ကြောင့် ဖြစ်သော မသာယာအပ်သော ဆင်းရဲကို ခံစားခြင်း၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော မသက်သာသော ဆင်းရဲကို ခံစားခြင်းတည်း။ဤသဘောကိုကိုယ်ဆင်းရဲခြင်းဒုက္ခဟုဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် နှလုံးမသာခြင်း ဒေါမနဿဟူသည် အဘယ်နည်း။

မသာယာအပ်သော စိတ်၌ဖြစ်သော ဆင်းရဲ၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာအပ်သော ဆင်းရဲကို ခံစားခြင်း၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသက်သာသော ဆင်းရဲကို ခံစားခြင်းတည်း။ ဤသဘောကို နှလုံးမသာယာခြင်း ဒေါမနဿဟု ဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် ပြင်းစွာပင်ပန်းခြင်းဥပါယာသသည် အဘယ်နည်း။

ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ပျက်စီးခြင်း၊ အနာရောဂါဖြစ်ခြင်း၊ အကျင့်သီလ ပျက်စီးခြင်း၊ အယူပျက်စီးခြင်း၊ တစုံတခုသော ပျက်စီးခြင်းနှင့် ပြည့်စုံသူ၏ငင်း၊ တစုံတခုသော ဆင်းရဲတရားနှင့် တွေ့ကြုံသူ၏ ငင်း၊ ပင်ပန်းခြင်း၊ ပြင်းစွာပင်ပန်းခြင်း၊ ပင်ပန်းသောအခြင်းအရာ၊ ပြင်းစွာပင်ပန်းသော အခြင်းအရာ၊ ပင်ပန်းသူ၏ အဖြစ်၊ ပြင်းစွာပင်ပန်းသူ၏ အဖြစ်တည်း။ ဤသဘောကို ပြင်းစွာ ပင်ပန်းခြင်း ဥပယာသဟု ဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် မချစ်မနှစ်မြို့သူ မချစ်မနှစ်မြို့သော အရာဝတ္ထုတို့နှင့် ပေါင်း သင်း ရော နှော ရ ခြင်း ဆင်း ရဲ ဒုက္ခ ဟူ သည် အဘယ်နည်း။

ဤလောက၌ အလိုမရှိအပ်၊ မနှစ်သက်အပ်၊ မမြတ်နိုးအပ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိသဘောတရားတို့သည်ငင်း၊ အကျိုးမဲ့ အစီးအပွား မဲ့ခြင်း၊ မချမ်းသာခြင်း၊ ဘေးမငြိမ်းခြင်းကို လိုလားသော သူတို့သော်ငင်း၊ ထိုသူအား ရှိကြကုန်၏။ ထိုအာရုံ သတ္တဝါတို့နှင့် တွေ့ရခြင်း၊ ဆုံရခြင်း၊ ပေါင်းဖေါ်ရခြင်း၊ ရောနှော၍ နေရခြင်းတည်း။ ဤသဘောကို မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံ ပေါင်းသင်းရခြင်း၊ ဆင်းရဲ ဒုက္ခဟု ဆိုအပ်၏။

ထိုဒုက္ခသစ္စတို့တွင် ချစ်ခင်နှစ်လိုဖွယ်တို့နှင့် ကွေကွင်းရခြင်း ဆင်းရဲဟူသည် အဘယ်နည်း။

ဤလောက၌ လိုလား နှစ်သက် မြတ် နိုး အပ် ကုန် သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ သဘောတရား တို့သော်၎င်း၊ အ ကျိုး စီး ပွား၊ ချမ်း သာ ခြင်း၊ ဘေးကင်း ခြင်းကို လိုလားသော ဒ္ဓမိ အဖ၊ ညီအစ်ကို၊ နှစ်မ အစ်မ၊မိတ်ဆွေ အပေါင်း အဖေါ်၊ ဆွေမျိုးသားချင်းတို့သော်၎င်း၊ ထိုသူအား ရှိကုန်၏။ ထိုသတ္တဝါ အာရုံတို့နှင့် မတွေ့ရခြင်း၊ မဆုံရခြင်း မပေါင်းဖော်ရခြင်း၊ မရောနှောခြင်းတည်း၊ ဤသဘောကို ချစ် ခင်နှစ်လိုဖွယ်တို့နှင့် ကွေကွင်း ကွဲကွာရခြင်း ဆင်းရဲဟုဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် အကြင် လို လား တောင့်တသော အရာကို မရခြင်း ဆင်းရဲဒုက္ခဟူသည် အဘယ်နည်း။

ပဋိသန္ဓေနေခြင်း သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ပဋိသန္ဓေနေခြင်း သဘောမဖြစ်ကုန်မူ ကောင်း လေစွ၊ ပဋိသန္ဓေနေခြင်းသည် ငါတို့ထံသို့ မရောက်လာမူကောင်း လေစွ" ဟု ဤသို့တောင့်တမှုသည် ဖြစ်၏။ ထိုသို့တောင့်တသော် လည်း ဤကိုတောင့်တခြင်းဖြင့် မရအပ် ဤသည်ကိုလည်း လိုလား တောင့်တသော အရာကို မရခြင်း ဆင်းရဲဒုက္ခဟု ဆိုအပ်၏။

အိုခြင်းသဘော ရှိကုန်သော သတ္တဝါတို့အား။ပ။နာခြင်း သဘော ရှိကုန်သော သတ္တဝါတို့အား ။ ပ ။ သေခြင်းသဘော ရှိကုန်သော သတ္တဝါတို့အား စိုးရိမ်ခြင်း၊ ငိုယိုမြည်တမ်းခြင်း ကိုယ်ဆင်းရဲခြင်း၊ စိတ်နှလုံး မသာယာခြင်း၊ ပြင်းစွာပင်ပန်း ခြင်း သဘောရှိကုန်သော သတ္တဝါတို့အား ။ ပ ။ ငါတို့သည် ထိုသဘောတို့ မဖြစ်ကုန်မူ ကောင်းလေစွ" ဟုဤသို့သောတောင့် တခြင်းသည်ဖြစ်၏၊ သို့သော်လည်း ဤကိုတောင့်တခြင်းဖြင့်

မရအပ်၊ ဤသည်ကိုလည်း အကြင်လိုလားတောင့်တသော အရာကိုမရခြင်း ဆင်းရဲဒုက္ခဟုဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည် ဆင်းရဲဒုက္ခတို့တည်း၊ ဤဥပါဒါန်တို့ အာရုံဖြစ်သော ငါးပါးသောခန္ဓာတို့ ဟူသည် အဘယ်တို့နည်း။

ဥပါဒါန်တို့၏ အာရုံဖြစ်သောရုပ် ဥပါဒါနက္ခန္ဓာ, ဝေဒနာ ဥပါဒါနက္ခန္ဓာ, သညာဥပါဒါနက္ခန္ဓာ, သင်္ခါ ရဥပါဒါနက္ခန္ဓာ, ဝိညာဏ် ဥပါဒါနက္ခန္ဓာ၊ ဤငါးပါးတို့ကို အကျဉ်းချုပ်အားဖြင့် ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါး ဆင်းရဲဒုက္ခတို့ဟုဆိုအပ်၏။

ဤသည်ကို ဆင်းရဲအမှန်ဒုက္ခအရိယသစ္စာဟု ဆိုအပ်၏။

ထိုအမှန်တရားလေးပါးတို့တွင် ဆင်းရဲ၏ အကြောင်း အမှန်တရားဒုက္ခသမုဒယ အရိယသစ္စာသည်အဘယ်နည်း။

တဖန်ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက်တတ်သော ရာဂနှင့်တကွဖြစ်သော ထိုထိုဘဝအာရုံ၌ နှစ်သက် တပ်မက်တတ်သော တဏှာတည်း။

ဤတဏှာသည် အဘယ်နည်း။

ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာတည်း။

ထိုတဏှာ ဖြစ်ပေါ်လတ်သော် အဘယ်၌ ဖြစ်ပေါ်သနည်း၊ တည်လတ်သော် အဘယ်၌ တည်သနည်း။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ် သဘောသည်ရှိ၏၊ ထိုတပ်မက်သော တဏှာသည်ဖြစ်ပေါ်လတ်သော် ဤချစ်ခင်ဖွယ် သာယာဖွယ် အာရုံ၌ဖြစ်ပေါ်၏၊ တည်လတ်သော် ဤချစ်

ခင်ဖွယ် သာယာဖွယ် အာရုံ၌တည်၏။

လောက၌ ချစ်နှစ်သက်ဖွယ်သဘောသာယာဖွယ်သဘော ဟူသည် အဘယ်နည်း။

လောက၌ မျက်စိသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာဖြစ်ပေါ်သည်ရှိသော် ဤမျက်စိ၌ဖြစ်၏၊ တည်သည်ရှိသော် ဤမျက်စိ၌တည်၏။

လောက၌ နားသည်, နှာခေါင်းသည်, လျှာသည်, ကိုယ်သည် စိတ်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောရှိ၏၊ ထိုတဏှာ ဖြစ်သည်ရှိသော ဤစိတ်၌ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်၌တည်၏။

လောက၌ အဆင်းရူပါရုံတို့သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောတို့တည်း၊ ထိုတဏှာ ဖြစ်ပေါ်လတ်သော်ဤ ရုပ်၌ဖြစ်ပေါ်၏။ သက်ဝင်လတ်သော်ဤရုပ်၌သက်ဝင်၏။

လောက၌ အသံသဒ္ဒါရုံသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောတို့တည်း။ပ။ လောက၌ ဓမ္မာ ရုံတို့ သည် လောက၌ မျက်စိ အသိ စက္ခုဝိညာဏ်သည်။ ပ ။လောက၌ စိတ် အသိ မနောဝိ ညာဏ်သည်။ ပ ။လောက၌ မျက်စိ အတွေ့ စက္ခုသမ္ဖဿသည်။ ပ ။လော က ၌ စိတ် အ တွေ့ မနော သမ္ဖဿသည်။

လောက၌ စက္ခုသမ္ဖဿကြောင့်ဖြစ်သော ခံစားမှု ဝေဒနာသည်၊ ။ ပ ။ မနောသမ္ဖဿကြောင့် ဖြစ်သောခံစားမှု ဝေဒနာသည်။ ပ ။လောက၌ ရူပ သညာ သည်း။ ပ ။ ဓမ္မသညာသည်၊ ရူပါရုံ၌ စေ့ဆော်မှု ရူပ သဉ္စေတနာသည်၊

။ ပ ။မဗ္ဗာရုံ၌ စေ့ဆော်မှု စေ့တနာသည်၊ ရူပတဏှာသည်။ ပ ။ ဓမ္မ တဏှာ သည်၊ ရူပဝိတက်, သည်။ ပ ။ ဓမ္မ ဝိတက်သည်၊ ရူပ ဝိစာရသည်။ ပ ။ ဓမ္မ ဝိစာရ သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောတည်း၊ ထိုတဏှာဖြစ်ပေါ်လတ်သော်ဤရုပ်၌ဖြစ်ပေါ်၏သက်ဝင်လတ်သော်ဤရုပ်၌သက်ဝင်၏။

ဤသည်ကို ဆင်းရဲဖြစ်ကြောင်း အမှန်တရားဒုက္ခ သမုဒယ အရိယသစ္စာဟု ဆိုအပ်၏။

ထိုအမှန်တရားသစ္စာလေးပါးတို့တွင်ဆင်းရဲချုပ်ရာအမှန်တရား ဒုက္ခနိရောဓ အရိယသစ္စာသည် အဘယ်နည်း။

ထိုတဏှာ၏သာလျှင် အကြွင်းမဲ့ကင်းချုပ်ရာ,တဏှာကို စွန့်ရာ, တဏှာမှ ထွက်မြောက်ရာ, တဏှာဖြင့် မကပ်ငြိရာနိဗ္ဗာန်တည်း။

ထိုတဏှာကို ပယ်အပ်သော် အဘယ်၌ပယ်အပ်သနည်း။ ချုပ်ငြိမ်းသော် အဘယ်၌ ချုပ်ငြိမ်းသနည်း။

လောက၌ ချစ်ခင်ဖွယ်သာယာဖွယ်သော သဘောသည် ရှိ၏၊ထိုတဏှာကိုပယ်သော်ထိုချစ်ခင်ဖွယ် သာယာဖွယ်သဘော၌ ပယ်၏ချုပ်ငြိမ်းသော် ဤချစ်ခင်ဖွယ်သာယာဖွယ်သဘော၌ချုပ်ငြိမ်း၏။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ် သဘောဟူသည် အဘယ်နည်း။

လောက၌ မျက်စိသည် ချစ်ခင်ဖွယ်သာယာဖွယ်သဘောတည်း။ ထိုတဏှာကို ပယ်အပ်သော် ဤမျက်စိ၌ ပယ်၏၊ ချုပ်ငြိမ်းသော် ဤ မျက်စိ၌ ချုပ် ငြိမ်း ၏ ။ ပ ။ လောက၌မဗ္ဗာ

ရုံကို သုံးသပ်ခြင်းသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောတည်း ထိုဘဏ္ဍာကို ပယ်အပ်သော် ဤရုပ်၌ပယ်အပ်၏၊ ချုပ်ငြိမ်းသော် ဤရုပ်၌ ချုပ်ငြိမ်း၏။

ဤသည်ကို ဆင်းရဲချုပ်ရာ အမှန်တရားဒုက္ခ နိရောဓ အရိယ သစ္စာဟုဆိုအပ်၏။

ထိုအမှန်တရား သစ္စာလေးပါးတို့တွင် ဆင်းရဲ ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်းလမ်းစဉ် အမှန်တရားဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယ သစ္စာသည် အဘယ်နည်း။

မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ပင်တည်း။

ဤမဂ်သည် အဘယ်နည်း....

မှန်ကန်သော ရှုမြင်ခြင်း, မှန်ကန်သော ကြံစည်ခြင်း, မှန်ကန်သော ပြောဆိုခြင်း, မှန်ကန်သောပြုလုပ်ခြင်း, မှန်ကန်သော အသက်မွေးခြင်း, မှန်ကန်သောအားထုတ်ခြင်း, မှန်ကန်သော အောက်မေ့ခြင်း, မှန်ကန်သောတည်တံ့ခြင်းတည်း။

ထိုရှစ်ပါးတို့တွင် မှန်ကန်သောရှုမြင်ခြင်း သမ္မာဒိဋ္ဌိသည် အဘယ်နည်း။

ဆင်းရဲခြင်း၌ သိသောဉာဏ်, ဆင်းရဲ ဖြစ်ကြောင်း၌ သိသောဉာဏ်, ဆင်းရဲချုပ်ရာ နိဗ္ဗာန်၌သိသောဉာဏ်, ဆင်းရဲ ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်၌ သိသောဉာဏ် ဤဉာဏ်ကို မှန်ကန်သောရှုမြင်ခြင်း သမ္မာဒိဋ္ဌိဟုဆိုအပ်၏။

ထိုရှစ်ပါးတို့တွင် မှန်ကန်သော ကြံစည်ခြင်း သမ္မာသင်္ကပ္ပသည် အဘယ်နည်း။

ကာမမှ လွတ်မြောက်ရေးကို ကြံစည်ခြင်း, ပြစ်မှားမှု ကင်းလွတ်ရေးကို ကြံစည်ခြင်း, ညှဉ်းဆဲမှု ကင်းလွတ်ရေးကို ကြံစည်ခြင်းတည်း၊ ဤကြံစည်ခြင်းကို မှန်ကန်စွာ ကြံစည်ခြင်း သမ္မာသင်္ကပ္ပဟု ဆိုအပ်၏။

ထိုရှစ်ပါးတို့တွင် မှန်ကန်သောပြောဆိုခြင်း သမ္မာဝါစာသည်အဘယ်နည်း။

မဟုတ် မမှန် ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း, ချောပစ်ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း, ရုန့်ရင်း ကြမ်းတမ်းသော စကားပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း,ပြိန်ဖျင်းသောစကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်းတည်း၊ ဤရှောင်ကြဉ်ခြင်းကို မှန်ကန်သောပြောဆိုခြင်း သမ္မာဝါစာဟုဆိုအပ်၏။

ထိုရှစ်ပါးတို့တွင် မှန်ကန်သော ပြုလုပ်ခြင်း သမ္မာကမ္မန္တသည် အဘယ်နည်း။

သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ခြင်း, သူ့ဥစ္စာခိုးခြင်းမှရှောင်ကြဉ်ခြင်း,ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှရှောင်ကြဉ်ခြင်း တည်း၊ ဤရှောင်ကြဉ်ခြင်းကို မှန်ကန်စွာပြုလုပ်ခြင်း သမ္မာကမ္မန္တဟုဆိုအပ်၏။

ဤရှစ်ပါးတို့တွင် မှန်ကန်သောအသက်မွေးခြင်း သမ္မာအာဇီဝသည် အဘယ်နည်း။

ဤသာသနာ၌ အရိယဖြစ်သော တပည့်သည်မှားသော အသက်မွေးခြင်းကို ပယ်၍မှန်သောအသက်မွေးခြင်းဖြင့်အသက်မွေး၏၊ ဤအသက်မွေးခြင်းကို မှန်ကန်သောအသက်မွေးခြင်း သမ္မာအာဇီဝဟုဆိုအပ်၏။

ထိုရှစ်ပါးတို့တွင် မှန်ကန်သော အားထုတ်ခြင်း သမ္မာဝါယာမသည် အဘယ်နည်း။

ဤသာသနာ၌ ရဟန်းသည် မဖြစ်သေးသောအကုသိုလ်တို့ကို မဖြစ်ပေါ်စေရန်အလိုကိုဖြစ်စေ၏။ အားထုတ်၏၊ လုံ့လစိုက်၏ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။

ဖြစ်ပြီးသော အကုသိုလ် အယုတ်တို့ကိုပယ်ရန်။ ပ ။....

မဖြစ်သေးသော ကုသိုလ် တရား တို့ကို ဖြစ် ပေါ်စေရန်။ ပ ။....

ဖြစ်ပြီးသော ကုသိုလ်တရားတို့ကိုတည်မြဲစေရန်မပျောက်ပျက်စေရန်တိုးတက်ဖြစ်ပွားစေရန်ပြန့်ပြောစေရန်ပွားများစေရန်ပြည့်စုံစေရန်အလိုကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏၊ ဤအားထုတ်ခြင်းကို မှန်ကန်သောအားထုတ်ခြင်း သမ္မာဝါယာမဟု ဆိုအပ်၏။

ထိုရှစ်ပါးတို့တွင် မှန်ကန်သော အောက်မေ့ခြင်း၊သမ္မာသတိသည် အဘယ်နည်း။

ဤသာသနာ၌ ရဟန်းသည် ပြင်းစွာ အားထုတ်သောလုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿတို့ကို ပယ်ဖျောက်၍ ရုပ်ပေါင်း၌ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ ခံစားမှု ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာ အားထုတ် သောလုံ့လရှိသည်ဖြစ်၍။ပ။အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ဤနေခြင်းကို မှန်ကန်စွာ အောက်မေ့ခြင်း သမ္မာ သတိဟု ဆိုအပ်၏။

ထိုရှစ်ပါးတို့တွင် မှန်ကန်စွာ တည်တံ့ခြင်းသမ္မာသမာဓိ သည် အဘယ်နည်း။

ဤသာသနာ၌ ရဟန်းသည် ကာမဂုဏ် တို့မှ ကင်း ၍သာလျှင် အကုသိုလ် တရားတို့မှ ကင်း၍သာလျှင်ကြံစည်ခြင်း ဝိတက်, သုံးသပ်ခြင်း ဝိစာရရှိသော နီဝရဏ ကင်းခြင်း ကြောင့်ဖြစ်သည့် နှစ်သက်ခြင်း ပီတိ, ချမ်းသာခြင်းသုခရှိသော ပဌမစျာန်သို့ရောက်၍နေ၏။

ဝိတက်, ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်စေတတ်သည့်သမာဓိကို ပွားစေတတ်သောဝိတက် ဝိစာရ မရှိသော သမာဓိကြောင့်ဖြစ်သည့် ပီတိ, သုခရှိသော ဒုတိယ စျာန်သို့ရောက်၍နေ၏။

နှစ်သိမ့်ခြင်း ပီတိကိုလည်းမတပ်မက်ခြင်းကြောင့် သတိ သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်း သာခြင်း သုခကိုလည်း ကိုယ်ဖြင့်ခံစား၏၊ အကြင်တတိယစျာန် ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူချမ်းသာစွာနေလေ့ ရှိသူ" ဟု အရိယတို့ပြောကြ၏၊ထိုတတိယ စျာန်သို့ရောက်၍နေ၏။

ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း, ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ရှေးဦးကပင်လျှင်ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာ မရှိသော လျစ်လျူ ရှုမှု ဥပေက္ခာကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ရောက် ၍နေ၏၊ ဤသမာဓိကို မှန်ကန်သော တည်တံ့ ငံ း သမ္မာ သမာဓိဟု ဆိုအပ်၏။

ဤသည်ကို အမှန်ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်

ကြောင်း လမ်းစဉ်ကျင့်ဝတ်ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါ အရိယ သစ္စာဟု ဆိုအပ်၏။

ထိုတရားသဘောသည် သိဘတ်သော အနက်သဘော ကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သော အနက်သဘော ကြောင့် ပညာမည်၏၊ ထို့ကြောင့် "ဤသည်ကား ဆင်းရဲအမှန် တရားတည်း။ ဤသည်ကား ဆင်းရဲရကြောင်း အမှန်တရား တည်း၊ ဤသည်ကား ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန် အမှန်တရား တည်း၊ ဤသည်ကား ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက် ကြောင်း လမ်းစဉ်ကျင့်ဝတ် အမှန်တရားတည်း" ဟု ကြားနာ အပ်သော တရားသဘော၌ ဖြစ်သောပညာကို သုတမယဉာဏ် မည်၏ ဟုဆိုအပ်၏။

## သစ္စ ကထာ

ဒုက္ခသည် အမှန်သဘောအားဖြင့် အဘယ်သို့ သစ္စာ မည်သနည်း။

ဒုက္ခ၏ ဒုက္ခအနက် သဘောလေးပါးတို့သည် အမှန်တို့ တည်း၊ အမှားမဟုတ်ကုန်၊ တပါးသော သဘောမဟုတ်ကုန်၊ ဒုက္ခ၏နှိပ်စက်ခြင်းသဘော,ပြုပြင်ခြင်းသဘော,ပူပန်ခြင်းသဘော ဖောက်ပြန်ခြင်းသဘောဟူသော ဒုက္ခ၏ ဤဒုက္ခအနက် သဘော လေးပါးတို့သည် အမှန်တို့တည်း၊ အမှားမဟုတ်ကုန်၊ တပါး သော သဘောမဟုတ်ကုန်၊ ဤသို့လျှင် ဒုက္ခသည် မှန်သော သဘောအားဖြင့် သစ္စာမည်၏။

သမုဒယသည် အမှန်သဘောအားဖြင့် အဘယ် သို့သစ္စာ
မည်သနည်း။

သမုဒယ၏ သမုဒယအနက် သဘောလေးပါးတို့သည် အမှန်တို့တည်း၊ အမှားမဟုတ်ကုန်၊ တပါးသော သဘောမဟုတ်ကုန်၊ သမုဒယ၏ အားထုတ်ခြင်း သဘော, ဒုက္ခ၏ အကြောင်းရင်းသဘော, ပေါင်းစပ်ခြင်းသဘော, ကြောင့်ကြခြင်း သဘောဟူသော သမုဒယ၏ ဤသမုဒယအနက် သဘောလေးပါးတို့သည် အမှန်တို့တည်း၊ အမှားမဟုတ်ကုန်၊ တပါး သော သဘောမဟုတ်ကုန်၊ ဤသို့လျှင် သမုဒယသည် အမှန်သဘောအားဖြင့် သစ္စာမည်၏။

နိရောဓသည် အမှန်သဘောအားဖြင့် အဘယ်သို့ သစ္စာ
မည်သနည်း။

နိရောဓ၏ နိရောဓ သဘောလေးပါးတို့သည် အမှန်တို့တည်းအမှားမဟုတ်ကုန်၊ တပါးသောသဘောမဟုတ်ကုန်၊နိရောဓ၏လွတ်မြောက်ခြင်းသဘော, ကင်းဆိတ်ခြင်းသဘော, မပြုပြင်ရခြင်းသဘော, မသေခြင်းသဘောဟူသော နိရောဓ၏ ဤနိရောဓအနက်သဘောလေးပါးတို့သည်အမှန်တို့တည်း၊ အမှားမဟုတ်ကုန်၊တပါးသော သဘောမဟုတ်ကုန်၊ ဤသို့လျှင်နိရောဓသည် အမှန်သဘောအားဖြင့် သစ္စာမည်၏။

မဂ္ဂသည် အမှန်သဘောအားဖြင့် အဘယ်သို့ သစ္စာမည်
သနည်း။

မဂ္ဂ၏ အနက်သဘောလေးပါးတို့သည် အမှန်တို့တည်း၊ အမှားမဟုတ်ကုန်၊ တပါးသော သဘောမဟုတ်ကုန်၊ မဂ္ဂ၏

ထွက်မြောက်ကြောင်းသဘော, နိရောဓ၏အကြောင်းဖြစ်သောသဘော, နိဗ္ဗာန်ကိုမြင်ခြင်းသဘော, အကြီးအမှူးသဘောဟူသော မဂ္ဂ၏ အနက်သဘောလေးပါးတို့သည် အမှန်တို့တည်း၊ အမှား မဟုတ်ကုန်၊ တပါးသော သဘောမဟုတ်ကုန်၊ ဤသို့လျှင် မဂ္ဂသည် အမှန်သဘောအားဖြင့် သစ္စာမည်၏။

# မဟာဝဂ် ပါဠိတော်

## အရိယသစ္စာ

ထိုအခါ မြတ်စွာ ဘုရားသည် များစွာသော ရဟန်း သံဃာနှင့်တကွ ကောဋိရွာသို့ ကြွတော်မူပြီးလျှင် ထိုရွာ၌နေ တော်မူ၏၊ ထိုအခါမြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော် မူ၏။

ရဟန်းတို့။ ။အရိယသစ္စာလေးပါးတို့ကို လျော်ကန် စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိ ခြင်းကြောင့် ငါသည်၎င်း,သင်တို့သည်၎င်း၊ ရှည်လျားစွာသော ဤကာလပတ်လုံးပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

အဘယ်လေးပါးတို့ကို နည်းဟူမူ....

ရဟန်းတို့။ ။ဒုက္ခအရိယသစ္စာ, သမုဒယအရိယသစ္စာ၊ နိရောဓအရိယသစ္စာ, မဂ္ဂအရိယသစ္စာဤ အရိယသစ္စာလေးပါးတို့ကို လျှော်ကန်စွာ မသိခြင်းကြောင့်ထိုး ထွင်း၍မသိခြင်းကြောင့်ငါသည်ရင်း, သင်တို့သည်ရင်း ရှည် လျားစွာသော ဤကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ။ ကျင် လည်ခဲ့ရလှလေပြီ။

ရဟန်းတို့။ ။ထိုအရိယသစ္စာတို့ကို ငါသိမြင် ပေပြီ၊ ဘဝသစ်သို့ ဆွဲဆောင်တတ်သောကြိုးနှင့် တူစွာ ဘဝတဏှာကို ကောင်းစွာ နှုတ်ပယ်ပြီးပေပြီ၊ ဆင်းရဲ၏ အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီး ပေပြီ၊ ယခုအခါတဖန်ဘဝသစ် ၌ ဖြစ်ခြင်း မရှိတော့ပြီ။

မြတ်စွာဘုရားသည် ထိုကောဋိရွာ၌ နေတော် မူစဉ် ရဟန်းတို့အား ဤသို့သော တရားစကား ကိုသာလျှင် အကြိမ် များစွာ ဟောတော်မူ၏။

## ဓမ္မ အာဒါသ

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်း သံဃာများနှင့်အတူ နာတိကရွာသို့ ကြွသွား၍အုတ်ကျောင်း ၌ သီတင်းသုံးတော်မူ၏၊ ထိုအခါအရှင်အာနန္ဒာသည် မြတ်စွာ ဘုရားထံ ချဉ်းကပ်၍ ဤသို့ မေးလျှောက်၏။

အရှင်ဘုရား။ ။နာတိကရွာ၌ သာဠှအမည် ရှိသော ရဟန်းသည် စုတေသွားပါ၏၊

ရဟန်း၏ လားရာဂတိကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။

အာနန္ဒာ။ ။သာဠှမည်သော ရဟန်းသည်အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သည့် စိတ်နှင့် လွတ်မြောက်သည့် ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက်ရောက်၍နေသော ရဟန္တာပေတည်း။

အရှင်ဘုရား။ ။နာတိကရွာ၌ နန္ဒာမည်သော ရဟန်းမိန်းမသည် စုတေသွားပါ၏၊ထိုရဟန်းမိန်းမ၏ လားရာဂတိကား အဘယ်ပါနည်း။ တမလွန်ဘဝကား အဘယ်ပါနည်း။

အာနန္ဒာ။ ။နန္ဒာမည်သောရဟန်းမိန်းမသည် အောက်ဘုံ၌ ပဋိသန္ဓေနေခြင်း အဖို့ရှိသည့်ငါးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပါတ် ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြုမည်ဖြစ်၍ ထိုဘုံမှ ပြန်လာခြင်း သဘောမရှိသော အနာဂါမ်ပေတည်း။

အရှင်ဘုရား။ ။နာတိကရွာ၌ သုဒတ္တမည်သောဥပါသကာသည် စုတေသွားပါ၏၊ ထိုဥပါသကာ၏ လားရာ ဂတိကားအဘယ်ပါနည်း၊ တမလွန် ဘဝကား အဘယ်ပါနည်း။

အာနန္ဒာ။ ။သုဒတ္တမည်သော ဥပါသကာသည် သုံးပါးသော သံယောဇဉ်အနှောင်အဖွဲ့ တို့၏

အကြွင်းမဲ့ကုန်သည့်ပြင် ရာဂ, ဒေါသ, မောဟတို့လည်းခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့ တကြိမ်သာလျှင်လာ၍ ဆင်းရဲ၏ အဆုံးကို ပြုမည့် သကဒါဂါမ်ပေတည်း။

အရှင်ဘုရား။ ။နာတိကရွာ၌ သုဇာတာ မည်သော ဥပါသိကာမသည် စုတေ သွားပါ၏၊ ထိုဥပါသိကာမ၏ လားရာဂတိကားအဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။

အာနန္ဒာ။ ။သုဇာတာမည်သောဥပါသိကာမသည် သုံးပါးသော သံယောဇဉ်အနှောင်အဖွဲ့ တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ကျခြင်း သဘော မရှိသော စင်စစ်အထက် မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ပေတည်း။

အရှင်ဘုရား။ ။နာတိကရွာ၌ ကုက္ကုဋမည်သောဥပါသကာသည်စုတေသွားပါ၏၊ ထိုဥပါသကာ၏ လားရာဂတိကားအဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။

အာနန္ဒာ။ ။ကုက္ကုဋ မည်သော ဥပါသကာ သည် အောက်ဘုံ၌ ပဋိသန္ဓေနေခြင်းအဖို့ရှိသော ငါးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပါတ် ပဋိသန္ဓေနေ၍ ထိုဘုံ၌ သာလျှင် ပရိနိဗ္ဗာန်ပြုမည်ဖြစ်၍ ထိုဘုံမှ ပြန်လည် လာခြင်း သဘောမရှိသော အနာဂါမ်ပေတည်း။

အရှင်ဘုရား။ ။နာတိကရွာ၌ ကာဠိမ္ဗ မည်သော ဥပါသကာသည် စုတေသွားပါ၏၊ ထို ဥပါသကာ၏ လားရာဂတိကား အဘယ်ပါနည်း၊ တမလွန်ဘဝ ကားအဘယ်ပါနည်း။

အာနန္ဒာ။ ။ကာဠိမ္ဗမည်သော ဥပါသကာ သည် အောက်ဘုံ၌ ပဋိသန္ဓေနေခြင်း အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏အကြွင်းမဲ့ ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပါတ်ပဋိသန္ဓေနေ၍ ထိုဘုံ၌ သာလျှင် ပရိနိဗ္ဗာန် ပြုမည်ဖြစ်၍ ထိုဘုံမှ ပြန်လည်ခြင်းသဘော မရှိသော အနာဂါမ်ပေတည်း။

အာနန္ဒာ။ ။ဤအရာသည် အံ့ဖွယ်မဟုတ်၊ လူသေတိုင်း သေတိုင်း တထပတထံသို့ ချဉ်း ကပ်၍ မေးမြန်းနေလျှင်ပင်ပန်းစေရုံမျှသာ ဖြစ်မည်။ ထို့ကြောင့် ဓမ္မအာဒါသခေါ် ကြေးမုံတရားဟောကြားမည်။ အကြင်တရားနှင့် ပြည့်စုံသော အရိယသာဝကသည် ပြောကြားလိုပါမူ "ငါ့အား ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံ၌ ဖြစ်ရန် မရှိပြီ၊ အပါယ်ဒုဂ္ဂတိသို့ ပျက်စီး၍ ကျရောက်ရန် မရှိပြီ၊ ငါသည် သောတာပန်ဖြစ်ပြီ။ ပျက်စီးကျရောက်တတ်သော သဘောမရှိပြီ၊ စင်စစ် အထက်မဂ် သုံးပါးသာလျှင် လားရာရှိတော့၏" ဟု မိမိအကြောင်းကို ပြောကြားနိုင်၏။

ကြေးမုံ (ဓမ္မ အာဒါသ) တရားသည် အဘယ်နည်း။

အာနန္ဒာ။ ။ဤသာသနာ၌ အရိယ သာဝကသည် မြတ်စွာဘုရားကို ဉာဏ်ဖြင့် တွေ့မြင်၍

ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်ကို ဉာဏ်ဖြင့် တွေ့မြင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ သံဃာတော်ကို ဉာဏ်ဖြင့် တွေ့မြင်၍ ကြည်ညိုခြင့်နှင့် ပြည့်စုံ၏၊ သမာဓိကို ဖြစ်စေတတ်သော အရိယတို့ မြတ်နိုးအပ်သော သီလနှင့် ပြည့်စုံ၏။

အာနန္ဒာ။ ။အကြင်ကြေးမုံ တရားနှင့် ပြည့်စုံသော အရိယသာဝကသည် ကိုယ်တိုင်ပင် မိမိ အကြောင်းကို ပြောကြားနိုင်၏။

မြတ်စွာဘုရားသည် ထိုနာတိကရွာ အုတ်ကျောင်း၌ နေတော်မူစဉ်လည်း ဤသို့သော တရားစကားကိုသာလျင် ရဟန်းတို့အား အကြိမ်များစွာ ဟောကြားတော်မူ၏။

## သုဘဒ္ဒ ပရိဗိုဇ်

မြတ်စွာဘုရားသည် မဟာပရိနိဗ္ဗာန် ဝင်စံရန် ကုသိနာရုံ ပြည်မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ် အင်ကြင်း ပင်စုံတို့၏ အကြား ခင်းထားသောညောင်စောင်း၌ လျောင်းစက်နေ၏၊ ထိုအခါ သုဘဒ္ဒအမည်ရှိသော ပရိဗိုဇ်ရောက်လာပြီး အရှင်အာနန္ဒာ၏ထံ အခွင့်ပန်၏။

အရှင်အာနန္ဒာ။ ။မြတ်စွာဘုရားသည် ယနေ့ညဉ့်သန်းလွဲ ပစ္ဆိမယာမ်၌ပင်လျှင် ပရိနိဗ္ဗာန် ပြုလိမ့်မည်ဟု ကြားပါသည်။ အကျွန်ုပ်အားလည်း ယုံမှားတခု ဖြစ်ပေါ်လျက် ရှိပါသည်။ဤယုံမှားကို ပယ်ဖျောက်နိုင်အောင် ရဟန်းဂေါတမသည်အကျွန်ုပ်အား တရားဟောကြားနိုင်

လိမ့်မည်ဟုအကျွန်ုပ်ယုံကြည်ပါသည်။ အရှင်အာနန္ဒာတောင်းပန်ပါ၏။ ကျွန်ုပ်သည် ရဟန်းဂေါတမကို တွေ့ဆုံခွင့်ရလိုပါ၏။

ငါ့ရှင်သုဘဒ္ဒ။ ။ခွင့်မပြုနိုင်ပါ၊ မြတ်စွာ ဘုရားသည် လွန် စွာ ပင် ပန်းနေပါ၏။ မြတ်စွာဘုရားကို မညှဉ်းဆဲပါလင့်။

သုဘဒ္ဒနှင့် အရှင် အာနန္ဒာ စကားပြောဆိုနေကြသည်ကို မြတ်စွာဘုရားကြား၍ "အာနန္ဒာ သုဘဒ္ဒကို မတားမြစ်ပါလင့်၊ ခွင့်ပြုလိုက်ပါ"ဟု မိန့်ကြား၏။ ထိုအခါ သုဘဒ္ဒသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ လျှောက်ကြား၏။

အရှင်ဂေါတမ။ ။အကြင် သမဏ ဗြာဟ္မဏ တို့ သည် တပည့်အပေါင်းနှင့်လည်းပြည့်စုံကြ၏။ ဂိုဏ်းနှင့်လည်းပြည့်စုံကြ၏။ ဂိုဏ်းဆရာလည်းဖြစ်ကြ၏။ ထင်ရှားကျော်စောကြ၏။ အယူဝါဒတည်ထွင်သူတို့ ဖြစ်ကြ၏။ သူတော်ကောင်းဟု လူအများသမုတ်ခြင်းကို ခံရသူများဖြစ်ကြ၏။ ထိုသူအားလုံးတို့သည်ပင် မိမိတို့ဝန်ခံချက်အတိုင်း သိကြပါသလော။

သုဘဒ္ဒ။ ။မမေးလင့်၊ အကြင်တရား ဝိနည်းဟူသော သာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်မရှိ၊ ထို၌သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာမရှိ၊ အကြင်တရားဝိနည်းဟူသော သာသနာ၌အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်ရှိ၏၊ ထို၌သောတာပန်, သကဒါဂါမ်, အနာဂါမ်ရဟန္တာသည်ရှိ၏။

သုဘဒ္ဒ။ ။ငါ၏ တရားဝိနည်းဟူသော ဤသာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်ရှိ

၏။ တပါးသောအယူဝါဒတို့၌ တရားကိုသိမြင်သော အရိယာတို့မှဆိတ်၏။ သုဘဒ္ဒ ဤအရိယမြတ်တို့သည် မှန်စွာနေကြလျှင် လောက၌ ရဟန္တာတို့မှ မဆိတ်မသုဉ်းသည်သာဖြစ်ရာ၏။

သုဘဒ္ဒ။ ။ငါသည် သဗ္ဗညုတဉာဏ်ကိုရှာလိုသည်ဖြစ်၍ နှစ်ဆယ့် ကိုးနှစ်အရွယ်က ရဟန်းပြုခဲ့၏၊ ငါရဟန်းပြုသည်မှစ၍ အနှစ်ငါးဆယ်ကျော်ခဲ့လေပြီ၊ ဤမှအပ၌ အရိယမဂ်တရား၏ ရှေ့ပိုင်းဖြစ်သော ဝိပဿနာမဂ်ကို ပွားစေသောသူလည်းမရှိ၊ သောတာပန်းလည်းမရှိ၊ သကဒါဂါမ်လည်းမရှိ၊ အနာဂါမ်လည်းမရှိ၊ ရဟန္တာလည်း မရှိချေ။

အရှင်ဘုရား။ ။အလွန် နှစ် သက် ဖွယ် ရှိပါပေ၏၊ အကျွန်ုပ်သည် ဘုရား,တရား, သံဃာကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ အကျွန်ုပ်သည် မြတ်စွာဘုရား၏ထံ၌ ရှင်ရဟန်းအဖြစ်ကိုရလိုပါ၏။

အာနန္ဒာ။ ။သို့ဖြစ်လျှင် သုဘဒ္ဒကို ရှင်ရဟန်းပြုပေးလော့။

အရှင်သုဘဒ္ဒသည် ရဟန္တာတို့တွင်တပါးဖြစ်၍ မြတ်စွာဘုရား၏ နောက်ဆုံး မျက်မှောက်တပည့်ဖြစ်လေ၏။

# အရိယ ဝံသသုတ်

[ စတုက္ကအင်္ဂုတ္တရ ဥရုဝေလဝဂ် ]

ဘိက္ခုတို့။ ။အရိယတို့ ကျင့်စဉ်တရားလေးပါး ရှိကုန်၏၊ ယင်းတို့ကို မြင့်မြတ်သောတရားဟု မှတ်သားအပ်ကုန်၏၊ ရှေးအခါကပင် ထင်ရှားရှိလျက်အစဉ် မပျက်သော ကျင့်စဉ်ဟု သိအပ်၏၊ အစဉ်အလာရိုးရာတရားတို့ ဖြစ်၍နောက်ပေါ်တရားတို့နှင့်ရောနှောခြင်းမရှိကုန်၊ ရာဂစသည် ငြိမ်းအေးကြောင်းကျင့်သူ၊ အကုသိုလ်တရား ပယ်ရှား သူနှင့် ပညာရှိများ ဤတရားကို မစွန့်ပယ်ကြ၊ ထိုတရား လေးပါး တို့ကား အဘယ်နည်း။

(၁) ဘိက္ခုတို့။ ။ဤသာသနာ၌တစုံတယောက်သည် ရသမျှသောအဝတ်သင်္ကန်းဖြင့်တင်းတိမ်ရောင့်ရဲ၏၊ရောင့်ရဲခြင်း၏ဂုဏ်ကျေးဇူးကိုချီးကျူး၏၊အဝတ်သင်္ကန်းနှင့်စပ်၍ မသင့်တော်သော ရှာမှီးခြင်းကိုမပြု၊ အဝတ်သင်္ကန်းမရ၍လည်း စိတ်မပျက်၊ ရသောအဝတ်သင်္ကန်းကိုလည်း တွယ်တာမက်မောခြင်းမရှိပဲ ဆင်ခြင်ကာလွတ်မြောက်မှုကို ရှေးရှုသုံးစွဲ၏၊ ဤသို့ရသမျှ အဝတ်သင်္ကန်း၌ တင်းတိမ် ရောင့်ရဲသောအကျင့်ဖြင့် မိမိလည်းမတက်ကြွ၊ သူတပါး တို့ကိုလည်း မနှိမ့်ချ၊ ဘိက္ခုတို့ ဤသို့သော အရိယ ကျင့်စဉ်၌ လုံ့လဝီရိယ ဉာဏ်ပညာသတိတရားထင်ရှားရှိသူကိုရှေးအစဉ်အလာ အထွတ်အမြတ်ဖြစ်သောအရိယ ကျင့်စဉ်၌ တည်သောဘိက္ခုဟုဆိုအပ်၏။

(၂) ဘိက္ခုတို့။ ။ထို့ပြင် ဤ သာ သနာ ၌ တစုံတယောက်သည်ရသမျှ သောအစားအသောက်ဖြင့် တင်းတိမ်ရောင့်ရဲ၏၊ ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူး၏၊ အစားအသောက်နှင့်စပ်၍ မသင့်တော်သော ရှာဖွေမှုကို မပြု၊ အစားအသောက်မရ၍လည်းစိတ်မပျက် ရသော အစားအသောက်ကိုလည်း တွယ်တာမက်မောခြင်းမရှိပဲ ဆင်ခြင်ကာ လွတ်မြောက်မှုကို ရှေးရှုသုံးဆောင်၏၊ ဤသို့ရသမျှ အစားအသောက်၌ တင်းတိမ်ရောင့်ရဲသော အကျင့်ဖြင့် မိမိလည်း မတက်ကြွ၊ သူတပါးတို့ကိုလည်း မနှိမ့်ချ၊ ဘိက္ခုတို့ ဤသို့သော အရိယကျင့်စဉ်၌ လုံ့လဝီရိယ ဉာဏ်ပညာ သတိတရားထင်ရှားရှိသူကို ရှေးအစဉ်အလာ အထွတ်အမြတ် ဖြစ်သော အရိယာ ကျင့်စဉ်၌ တည်သောဘိက္ခုဟုဆိုအပ်၏။

(၃) ဘိက္ခုတို့။ ။ထို့ပြင် ဤ သာ သနာ ၌ တစုံ တယောက် သည် . ရ သ မျှ သော ကျောင်းအိပ်ရာ နေရာဖြင့် တင်းတိမ်ရောင့်ရဲ၏၊ ရောင့်ရဲခြင်း ၏ ဂုဏ်ကျေးဇူးကို ချီးကျူး၏၊ ကျောင်းအိပ်ရာ နေရာနှင့် စပ်၍ မသင့်တော်သော ရှာမှီးခြင်းကိုမပြု၊ ကျောင်းအိပ်ရာ နေရာမရ၍လည်း စိတ်မပျက်၊ ရသောကျောင်းအိပ်ရာ နေရာကို လည်းတွယ်တာမက်မောခြင်းမရှိပဲ ဆင်ခြင်ကာ လွတ်မြောက်မှု ကို ရှေးရှု၍သုံးစွဲ၏၊ ဤသို့ရသမျှ ကျောင်းအိပ်ရာနေရာ၌ တင်း တိမ်ရောင့်ရဲသော အကျင့်ဖြင့် မိမိလည်းမတက်ကြွ၊ သူတပါး တို့ကိုလည်း မနှိမ့်ချ၊ ဘိက္ခုတို့ ဤသို့သော အရိယ ကျင့်စဉ်၌ လုံ့လ ဝီရိယ ဉာဏ်ပညာ သတိတရားထင်ရှား ရှိသူကို အစဉ် အလာ အထွတ်အမြတ်ဖြစ်သော ကျင့်စဉ်၌ တည်သော ဘိက္ခု ဟု ဆိုအပ်၏။

(၄) ဘိက္ခုတို့။ ။ထို့ပြင် ဤ သာ သ နာ၌ တစုံ တယောက်သည် ကိုယ်စိတ် ကိုပွား စေခြင်း၌ မွေ့လျော်ပျော်ပိုက်၏၊ အကုသိုလ် စိတ်တို့ကိုပယ် ခြင်း၌ မွေ့လျော်ပျော်ပိုက်၏၊ ထိုသို့မွေ့လျော်ပျော်ပိုက်ခြင်း တို့ဖြင့် မိမိလည်း မတက်ကြွ၊ သူတပါး တို့ကိုလည်း မနှိမ့်ချ၊ ဘိက္ခုတို့ ဤသို့သော အရိယကျင့်စဉ်၌ လုံ့လဝီရိယ ဉာဏ် ပညာသတိတရားထင်ရှားရှိသူကို ရှေး အစဉ်အလာ အထွတ် အမြတ်ဖြစ်သော ကျင့်စဉ်၌ တည်သောဘိက္ခုဟုဆိုအပ်၏။

ဘိက္ခုတို့၊ ။ဤအရိယကျင့်စဉ် တရားတို့သည် လေးပါးရှိကုန်၏၊ ယင်းလေးပါး

တို့ကို မြင့်မြတ်သောတရားဟု သိမှတ်အပ်ကုန်၏၊ ရှေးအခါ ကပင် ထင်ရှားလျက် အစဉ်မပျက်သောကျင့်စဉ်ဟု သိအပ်၏ အစဉ်အလာ ရိုးရာတရားတို့ဖြစ်၍ နောက်ပေါ်တရားတို့နှင့်ရော၊ နှောခြင်းမရှိကုန်၊ ရာဂစသည် ငြိမ်းအေးကြောင်း ကျင့်သူ့ အကုသိုလ်တရား ပယ်ရှားသူနှင့် ပညာရှိများ ဤတရားကိုမစွန့် ပယ်ကြ။

ဘိက္ခုတို့။ ။ဤ အရိယကျင့်စဉ် လေးပါးနှင့် ပြည့်စုံသူသည် အရှေ့ အနောက် တောင်မြောက် မည်သည့်အရပ်၌ နေသည်ဖြစ်စေ၊မမွေ့လျော် ခြင်းကို လွှမ်းမိုးနှိပ်စက်နိုင်၏၊ မမွေ့လျော်ခြင်းက သူ့ကို မလွှမ်းမိုး မနှိပ်စက်နိုင်၊ ဘိက္ခုတို့ အကြောင်းကား သူသည် မြဲမြံသော လုံ့လဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍ မမွေ့ လျော် ခြင်းမွေ့လျော်ခြင်းကို ခံနိုင်သောကြောင့်ဖြစ်သည်။

# ဣတိဝုတ်ပါဠိတော်

## ၁-လောဘသုတ်

ရဟန်းတို့။ ။တခုသောတရားတို့ကို ပယ်ကြကုန်လော့၊ သင်တို့အနာဂါမ်ဖြစ်ရေးအတွက်ငါ တာဝန်ယူ၏၊ တခုသော တရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ တပ်မက်မှု လောဘဟူသော တခုသော တရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါတာဝန်ယူ၏။

အကြင် လောဘဖြင့် တပ်မက်သူ သတ္တဝါ တို့သည် မကောင်းသော လားရာဂတိသို့ လားရောက်ကြရကုန်၏၊ ထို လောဘကို ကောင်းစွာသိ၍ ခန္ဓာငါးပါးတို့ကို အနိစ္စ စသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် ပယ်စွန့်ကုန်၏၊ ပယ်စွန့်သော ကြောင့် ဤလောကသို့ တရံတခါမျှ မလာကုန်။

## ၂-ဒေါသသုတ်

ရဟန်းတို့။ ။တခုသောတရားကို ပယ်ကြ ကုန်လော့၊
သင်တို့အနာဂါမ် ဖြစ်ရေး အဘွက် ငါ
တာဝန်ယူ၏။ တခုသော တရားဟူသည်အဘယ်နည်း၊ ရဟန်းတို့ ပြစ်မှားမှု ဒေါသဟူသော တခုသောတရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမ်ဖြစ်ရေးအဘွက် ငါဘာဝန် ယူ၏။

အကြင်ဒေါသဖြင့် ဖျက်ဆီးခံရသူ သတ္တဝါ တို့သည် မကောင်းသော လားရာဂတိသို့ လားရောက် ကြရကုန်၏၊ ထို ဒေါသကို ကောင်းစွာသိ၍ ခန္ဓာငါးပါးတို့ကို အနိစ္စစသော အမြင်းအရာတို့ဖြင့် ရှုသူတို့သည် ပယ်စွန့်ကုန်၏၊ ပယ်စွန့်သော ကြောင့် ဤလောကသို့ တရံတခါမျှ မလာရောက်ကုန်။

## ၃-မောဟသုတ်

ရဟန်းတို့။ ။တခုသော တရားကို ပယ်ကြကုန်လော့၊
သင်တို့ အနာဂါမ်ဖြစ်ရေး အဘွက် ငါ
တာဝန်ယူ၏၊ တခုသောတရားဟူသည် အဘယ်နည်း၊ တွေဝေမှု မောဟဟူသော တခုသောတရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမ်ဖြစ်ရေးအဘွက် ငါဘာဝန်ယူ၏။

အကြင်မောဟဖြင့် တွေဝေသော သတ္တဝါ တို့သည် မကောင်းသော လားရာဂတိသို့ လားရောက် ကြရကုန်၏၊ ထို မောဟကို ကောင်းစွာသိ၍ ခန္ဓာငါးပါးတို့ကို အနိစ္စစသော

အခြင်းအရာတို့ဖြင့် ရှုသူတို့သည် ပယ်စွန့်ကုန်၏၊ ပယ်စွန့်သော ကြောင့် ဤလောကသို့ တရံဘခါမျှ မလာရောက်ကုန်။

## ၄-ကောဓသုတ်

ရဟန်းတို့။ ။တခုသောတရားကို ပယ်ကြ ကုန်လော့၊ သင်တို့ အနာဂါမ် ဖြစ်ရေးအတွက် ငါ တာဝန်ယူ၏၊ တခုသော တရားဟူသည် အသယ်နည်း၊ ရဟန်းတို့ အမျက်ထွက်မှုကောဓဟူသော တခုသောတရားကို ပယ်ကြ ကုန်လော့၊ သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါတာဝန်ယူ၏။

အကြင်ကောဓဖြင့် အမျက်ထွက်သူ သတ္တဝါ တို့သည် မကောင်းသော လားရာ ဂတိသို့ ရောက်ကြရကုန်၏၊ ထိုကောဓ ကို ကောင်းစွာသိ၍ ခန္ဓာငါးပါးတို့ကို အနိစ္စစသော အခြင်း အရာတို့ဖြင့် ရှုသူတို့သည် ပယ်စွန့်ကုန်၏၊ ပယ်စွန့်သောကြောင့် ဤလောကသို့ တရံဘခါမျှ မလာရောက်ကုန်။

## ၅-မက္ခသုတ်

ရဟန်းတို့။ ။တခုသောတရားကို ပယ်ကြ ကုန်လော့၊ သင်တို့ အနာဂါမ် ဖြစ်ရေး အတွက်ငါ တာဝန်ယူ၏၊ တခုသောတရားဟူသည် အဘယ်နည်း၊ ရဟန်း တို့ သူ့ကျေးဇူးကို ချေဖျက်မှုမက္ခဟူသောတခုသော တရားကို ပယ်ကြကုန်လော့၊ သင်တို့အနာဂါမ်ဖြစ်ရေးအတွက် ငါတာဝန် ယူ၏။

အကြင် မက္ခတရားဖြင့် သူ့ကျေးဇူးကို ချေဖျက်သော သတ္တဝါတို့သည် မကောင်းသောလားရာဂတိသို့ လားရောက်ကြရကုန်၏။ ထိုမက္ခကို ကောင်းစွာသိ၍ ခန္ဓာ ငါးပါး တို့ကို အနိစ္စစသော အခြင်းအရာ တို့ဖြင့် ရှုသူတို့သည် ပယ်စွန့်ကုန်၏။ ပယ်စွန့်သောကြောင့် ဤလောကသို့ တရံတခါမျှမလာ ရောက်ကုန်။

## ၆-မာနသုတ်

ရဟန်းတို့။ ။တခုသောတရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမ် ဖြစ်ရေးအတွက် ငါ တာဝန်ယူ၏၊ တခုသောတရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ ထောင်လွှားမှု မာနဟူသော တခုသော တရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမ် ဖြစ်ရေး အတွက် ငါတာဝန်ယူ၏။

အကြင်မာနဖြင့် ယစ်သူ သတ္တဝါတို့သည် မကောင်းသော လားရာ ဂတိသို့ လားရောက်ကြရကုန်၏။ ထိုမာနကို ကောင်းစွာသိ၍ ခန္ဓာငါးပါးတို့ကို အနိစ္စစသော အခြင်းအရာ တို့ဖြင့် ရှုသူတို့သည် ပယ်စွန့်ကုန်၏။ ပယ်စွန့်သောကြောင့် ဤ လောကသို့ တရံတခါမျှ မလာရောက်ကုန်။

ဤသည်တို့ကား ကေကနိပါတ်မှ ကောက်နုတ် သော ခြောက်သုတ်တို့ဖြစ်၏၊ ထိုတွင်ပယ်စွန့်ရမည့် တရား ခြောက်ပါး ပါဝင်လေရာ တပါးပါးကိုပယ်စွန့်ပါလျှင် အလုံးစုံအကုန်

ပယ်စွန့်ပြီး ဖြစ်ပါလိမ့်မည်၊ ယင်းတရားတို့သည် အချင်းချင်း တပါးနှင့်တပါး ဆက်သွယ်နေကြပါသည်။

## ဝေဒနာသုတ်

ရဟန်းတို့။ ။ဝေဒနာတို့သည် ဤသုံးပါး တို့တည်း၊ အဘယ် သုံးပါးတို့နည်း သုခဝေဒနာ၊ ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာတို့တည်း၊ ရဟန်းတို့ သုခဝေဒနာကို ဆင်းရဲဟူ၍ ရှုအပ်၏၊ ဒုက္ခဝေဒနာကို ငြောင့်တံကျင်ဟူ၍ ရှုအပ်၏၊ ဥပေက္ခာ ဝေဒနာကို အနိစ္စဟူ၍ ရှုအပ်၏၊ ရဟန်းတို့ အကြင့်ကြောင့် ရဟန်းသည် သုခဝေဒနာကို ဆင်းရဲဟူ၍ မြင်၏။ ဒုက္ခ ဝေဒနာကိုငြောင့်တံကျင်ဟူ၍မြင်၏၊ ဥပေက္ခာ ဝေဒနာကိုအနိစ္စဟူ၍မြင်၏၊ ရဟန်းတို့ ထို့ကြောင့် ဤရဟန်းကို ဖြူစင်၍ ကောင်း သောအမြင်ရှိသူ, တဏှာပြတ်ပြီးသူ, သံယောဇဉ်ကင်းပြီးသူ,အကြွင်းမဲ့မာနကို ပယ်ခြင်းကြောင့်ဆင်းရဲအဆုံးကို ပြုပြီး သူဟု ဆိုအပ်၏။

အကြင်သူသည် သုခဝေဒနာကို ဆင်းရဲဟူ၍ မြင်၏၊ ဒုက္ခဝေဒနာကို ငြောင့်တံကျင်ဟူ၍ မြင်၏၊ ငြိမ်သက်သော ဥပေက္ခာဝေဒနာကို အနိစ္စဟူ၍မြင်၏။ ဝေဒနာ သုံးပါးကို ကောင်းစွာမြင်ပြီးသော ထိုရဟန်းသည် ထိုဝေဒနာတို့၌ သမ္မာဒိဋ္ဌိ ဝိမုတ္တိအားဖြင့် လွတ်မြောက်၏၊ထို့ကြောင့် ထိုရဟန်းသည် အဘိညာဉ် ကိစ္စပြီးဆုံးပြီး၍ငြိမ်းအေးပြီးလျှင် ယောဂလေးပါးကို လွန်မြောက်ပြီးသူဖြစ်၏။

## အဒ္ဓါသုတ်

ရဟန်းတို့။ ။ကာလတို့သည် သုံးပါးတို့တည်း, အဘယ် သုံးပါးတို့နည်း-အတိတ်ကာလ, အနာဂတ်ကာလ, ပစ္စုပ္ပန်ကာလတို့တည်း။ ရဟန်းတို့ ကာလတို့သည် ဤသုံးပါးတို့တည်း။

ခန္ဓာငါးပါး၌ ငါ-သူတပါးဟု အမှတ် ရှိကုန်သော သတ္တဝါတို့သည် ခန္ဓာငါးပါးတို့၌ တည်ကုန်လျက်ခန္ဓာငါးပါးကိုပိုင်းခြား၍ မသိသောကြောင့် သေမင်းနှင့် စင်ယှဉ်ခြင်းသို့ ရောက်ကုန်၏။

ခန္ဓာငါးပါးကို ပိုင်းခြားသိသောကြောင့် ခန္ဓာငါးပါးကို ငါ-သူတပါးဟု မအောက်မေ့၊ ကိလေသာမှလွတ်မြောက်သည်ဖြစ်၍ အတုမဲ့မှန်မြတ်သော ငြိမ်းအေးရာနိဗ္ဗာန်ကိုစိတ်ဖြင့် တွေ့ထိသိမြင်၏။

ခန္ဓာငါးပါးကို ပိုင်းခြား၍ သိခြင်းနှင့် ပြည့်စုံလျက် သူတော်ကောင်းဖြစ်၍ ငြိမ်းအေးရာနိဗ္ဗာန်၌ မွေ့လျော်ကာ ဆင်ခြင်၍ ဝိဝေကရှိသောတရား၌ တည်သူထိုရဟန်း ပုဂ္ဂိုလ်သည် သတ္တဝါဟူသောအရေ အတွက်သို့မရောက်။

## အဂ္ဂိသုတ်

ရဟန်းတို့။ ။မီးတို့သည် ဤသုံးပါးတို့တည်း၊ အဘယ် သုံးပါးတို့နည်း-ရာဂမီး, ဒေါသမီး, မောဟမီးတို့တည်း၊ ရဟန်းတို့မီးတို့သည် ဤသုံးပါးတို့တည်း။

ကာမတို့၌တပ်စွန်းသူ တွေဝေသူ သတ္တဝါတို့ကို ရာဂမီး သည်လောင်မြိုက်၏။ သူ့အသက်ကိုသတ်လေ့ရှိသူ ဖောက်ပြန်သောစိတ်ရှိသူတို့ကို ဒေါသမီးသည် လောင်မြိုက်၏၊ အရိယာတရား၌မလိမ္မာသူ တွေဝေသူတို့ကို မောဟမီးသည် လောင်မြိုက်၏။ ဤမီးသုံးပါးတို့ကိုမသိကြသောသတ္တဝါတို့သည်ခန္ဓာငါးပါး၌အလွန်မွေ့လျော်ကြကုန်၏။ ထိုသူတို့သည်မာရ်အနှောင်အဖွဲ့မှ မလွတ်ကြကုန်မူ၍ ငရဲ, တိရစ္ဆာန်, အသုရကာယ်, ပြိတ္တာဘုံတို့ ကို ပွားများစေကုန်၏။

အကြင်သူတို့သည်ကား မြတ်စွာဘုရား သာသနာတော်၌ ညဉ့်နေ့ပတ်လုံး အားထုတ်ကုန်၏။ပုဂ္ဂိုလ်မြတ်ဖြစ်ကြသောထိုသူ တို့သည် အသုဘဟု အမြဲရှုမှတ်ကုန်သည်ဖြစ်၍ ရာဂမီးကိုငြိမ်း အေးစေကြကုန်၏။ ဒေါသမီးကိုကား မေတ္တာဖြင့်ငြိမ်းအေးစေ ကြကုန်၏။ ကိလေသာကိုဖောက်ခွဲနိုင်သော ပညာဖြင့်မောဟမီး ကို ငြိမ်းအေးစေကြကုန်၏။

ညဉ့်နေ့ပတ်လုံး မပျင်းရိကုန်သော ရင့်ကျက်သောပညာ ရှိတို့သည် ထိုကိလေသာတို့ကို ငြိမ်းစေကြကုန်၍ အကြွင်းမဲ့ ငြိမ်းအေးကြကုန်ပြီ၊ အကြွင်းမဲ့ဆင်းရဲမှလွတ်မြောက်ကြကုန်ပြီ။

အရိယသစ္စာတရားကိုသိမြင်ကုန်သောမဂ်ပညာဖြင့် သံသရာအဆုံးသို့ ရောက်ကုန်သော ပညာရှိတို့သည် ကောင်းစွာသိ၍ ဇာတိကုန်ရာနိဗ္ဗာန်ကို ထူးသောအရဟတ္တမဂ်ဉာဏ်ဖြင့် သိသောကြောင့်တဖန် ဘဝသစ်သို့ မရောက်ကြရကုန်။

# သက္ကပဉှသုတ်

## [သုတ္တန်ပိဋက မဟာဝဂ္ဂပါဠိတော်]

## [ ၁ ]

အခါတပါး မြတ်စွာဘုရားသည် မာဂဓတိုင်းရာဇဂြိုဟ်ပြည်အရှေ့ အမ္ဗသဏ္ဍမည်သော ပုဏ္ဏားရွာ၏မြောက်ဖက် ဝေဒိယကတောင် ဣန္ဒသာလဂူ၌ နေတော်မူ၏။ ထိုအခါ သိကြားမင်းသည် တာဝတိံသာနတ်များနှင့် အတူ ဘုရားဖူးရန် ရောက်လာ၏၊ ထို့ကြောင့် ဝေဒိယကတောင်နှင့် အမ္ဗသဏ္ဍပုဏ္ဏားရွာမှာ နတ်တို့အရောင်ဖြင့် မီးလောင်သကဲ့သို့ ထွန်းပြောင်နေ၏။

ထိုအခါ သိကြားမင်းသည် ပဉ္စသိခနတ်သားကို ခေါ်၍ "အချင်းပဉ္စသိခ မြတ်စွာဘုရားတို့သည် ဈာန်ဝင်စားလေ့ရှိကြ၏။

ချွန်၌မွေ့လျော်ကြ၏။ထိုအခါမျိုး၌တပါးတည်းကိန်းအောင်းတော်မူလေ့ရှိ၍ ငါတို့ချဉ်းကပ်ရန် မလွယ်ကူပါ၊သို့ကြောင့်သင်သည်ရှေးဦးစွာသွားပြီး မြတ်စွာဘုရားထံအခွင့်ပန်ပါလော့၊အခွင့်ရသောအခါမှ ငါတို့ ချဉ်းကပ်ကြမည်”ဟုတိုက်တွန်း၏။

ပဉ္စသိခနတ်သားသည် “ကောင်းပါပြီ အရှင်သိကြားမင်း”ဟု ဝန်ခံပြီး ဗေဠုဝပဏ္ဍု အမည်ရှိသော စောင်းကိုယူ၍ဣန္ဒသာလဂူသို့သွား၏။ ထိုတွင်မြတ်စွာဘုရားနှင့် မနီးလွန်းမဝေးလွန်းသော နေရာကိုရွေးချယ်ပြီးလျှင် စောင်းကြိုးညှိကာစောင်းချင်းတို့ကို သာယာစွာသီကျူး၏။ ထိုအကြောင်းကို မန်လည်ဆရာတော်သည် မဃဒေဝ၌ဤသို့ဖွဲ့ဆို၏။

ကျူးချီမငြီး၊ တကြိမ်တီးက
အံ့ခြီးလူ့ဘော်၊ လေးလကျော်မှ
နာခပျော်မရဲ၊ အသံစဲသား
နတ်ပွဲလွန်စည်၊ နတ်ပြည်မိုးမြင့်
ဘုံခြောက်ဆင့်က၊ မာရ်မင့်စောင်းရင်း
ဉာဏ်သျှစ်ဆင်းကို၊ ဝင်းဝင်းပိုက်ကာ
ငြိမ့်အေးစွာလျှင်၊ ဂါထာဆဲ့ငါး
မြတ်စွာကြားအောင်၊ ဘုရားလူ့ဘာ
သမ္ဗုဒ္ဓ၏၊ ဣန္ဒသာလ
ဂုဟာနီးကပ်၊ သာတင့်ရပ်က
ဂန္ဓဗ်သနင်း၊ သျှောင်ငါးကွင်းနှင့်
နတ်မင်းပဉ္စသိ၊ ဒေဝီရောင်ပ

သူရိယဝစ်၊ မ-မာန်ယစ်လျက်
လက်ရင်းသံစုံ၊ ဥသျှံမချို့
ငွေညို့ ခုနှစ်ချောင်း၊ သံမောင်း သံညင်း
မတင်းမလျော့၊ လက်ကုင်ဆော့၍
ရှင်တော်ထံမှောက်၊ ကျူးသီလျှောက်၏။
ဤစောင်းချင်းကဗျာ ဂါထာတို့ကား
ဗုဒ္ဓကျေးဇူး ဂုဏ်အထူးကိုရင်း
ဓမ္မကျေးဇူး ဂုဏ်အထူးကိုရင်း
သံဃကျေးဇူး ဂုဏ်အထူးကိုရင်း
ရဟန္တာကျေးဇူး ဂုဏ်အထူးကိုရင်း
ကာမကျေးဇူး ဂုဏ်အထူးကိုရင်း
သီကျူးဖွဲ့ဆိုခြင်းတို့ ဖြစ်ပါသည်။

ဒို့သူရိယဝတ္တသာသနာကြောင့် နတ်မင်းကြောင့်ကောင်းခြင်း အင်္ဂါလက္ခဏာနှင့် ပြည့်စုံ၍ငါ့အား နှစ်သက်မြတ်နိုးခြင်းကိုဖြစ်စေနိုင်သည့် သင်ဖြစ်ပေါ်လာ၏။ သင်၏ဘခင် ထိုတိမ္ဗရုသကနတ်မင်းကို ငါရှိခိုးပါ၏။

ပြုံးပြုံးပြက်ပြက် အရောင်ထွက်သောချစ်သူ ချွေးထွက်သူတို့သည် လေပြေကိုနှစ်သက်ကြ၏။ ရေငတ်သူတို့သည် ရေအေးကိုနှစ်သက်ကြ၏။ ရဟန္တာတို့သည် တရားကိုနှစ်သက်ကြ၏၊ ထို့အတူငါသည် သင့်ကိုနှစ်သက်နေပါသည်။

ဆေးသည်သူနာ၏ ရောဂါကိုငြိမ်းစေ၏။ အစာသည် တော်မွတ်နေသူ၏ ဆာလောင်ခြင်းကိုငြိမ်းစေ၏။ တောက်လောင်

နေသောမီးကိုရေဖြင့်ငြိမ်းစေ၏။ ထို့အတူငါ၏အချစ်မီးကို ငြိမ်းစေပါလော့။

အလွန်ပူအိုက်နေသော ဆင်ပြောင်ကြီးသည် ကြာဝတ်မှုန်ပြွမ်းလျက် အေးမြသော ရေရှိသည့်ရေကန်ထဲသို့ သက်ဆင်းသကဲ့သို့ ငါသည် သင်၏ ရင်ခွင်ထဲသို့ သက်ဆင်းလိုပါသည်။

ချွန်းအုပ်မရအောင် အမုန်ကျနေသောဆင်သည်လှံလျှင်လှံမကို ငါနိုင်ပြီဟု မာန်ယစ်လျက် မည်သည့် အကြောင်းကိုမျှ မသိသကဲ့သို့ လက္ခဏာနှင့် ညီညွတ်သည့် ပေါင်ရှိသော သင့်ကြောင့် အချစ်မာန်ယစ်မူးနေသော ငါသည် မည်သည့်အကြောင်းကိုမျှ မသိတော့ပါ။

ငါ၏စိတ်သည် သင်၏အပေါ်၌ တိမ်းညွတ်စွဲမက်နေပါပြီ၊ ငါးများချိတ်ကို မျိုမိသော ငါးကဲ့သို့ ပြန်သည် ဆုတ်နစ်စေရန် မစွမ်းနိုင်တော့ပါ၊

ပေါင်လှသော အိုအဘယ် ငါ့ကို ဖက်လှည့်ပါလော့၊ အမူပါပါနှင့် ကြည့်လော့ရှိသော အိုအဘယ် ငါ့ကိုဖက်လှည့်ပါလော့။ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံသော အိုအဘယ် ငါ့ကိုဖက်လှည့်ပါလော့။ ယင် သို့ပွေ့ဖက်ခြင်းကို ငါအလွန် လိုလားတောင့်တနေပါသည်။

ငါ၏အချစ်သည် ပကတိအားဖြင့် အနည်းငယ် မျှဖြစ်သော်လည်း ရဟန္တာ၌ ပေးလှူသောဒါနစေတနာသည် အတိုင်းမရှိတိုးပွားသ ကဲ့သို့ ဆံဖျားကော့သောသင့်၌ ငါ၏အချစ်သည် အသစ်အသစ် တိုးတက်နေပါသည်။

အလုံးစုံသော ကောင်ခြင်းငါးဖြာ လက္ခဏာနှင့်ပြည့်စုံသော အိုအဘယ် သည်းခံခြင်းစသည့် တာဒိဂုဏ်နှင့် ပြည့်စုံသော မြတ်စွာဘုရားတို့၌ ပြုခဲ့သောငါ၏ ကောင်းမှုသည် သင်နှင့်အတူတကွ အကျိုးရပါစေသတည်း။

အလုံးစုံသော ကောင်းခြင်းငါးဖြာလက္ခဏာနှင့် ပြည့်စုံသူ၏မြေအပြင်၌ ငါပြုထားသောကောင်းမှုဟူသမျှသည် သင်နှင့် အတူတကွ အကျိုးရပါစေသတည်း။

အဘယ်သူရိယဝစ္ဆသာ၊ သာကီဝင်မင်းသား မြတ်စွာဘုရားသည်ဈာန်နှင့်တစိတ်တည်းရှိလျက်သတိပညာနှင့်ယှဉ်လျက် အမြိုက်နိဗ္ဗာန်ကိုရှာသကဲ့သို့ ငါသည်သင့်ကိုရှာ၍ နေပါသည်။

ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံသူ မြတ်စွာဘုရားသည် မြတ်သော သမ္ဗောဓိဉာဏ်သို့ရောက်၍ ဝမ်းမြောက်တော်မူသကဲ့သို့ ဤအတူပင်ငါသည်သင်နှင့် ပေါင်းသင်းရ၍ ဝမ်းမြောက်ရပါစေသတည်း။

သူရိယဝစ္ဆသာ၊ တာဝတိံသာနတ်တို့၏ အရှင်သိကြားမင်းသည် ငါ့အားအလိုရှိရာဆုကို ပေးခဲ့ပါလျှင် ငါသည်သင့်ကိုသာ တောင်းဆိုပါမည်။ငါ၏အချစ်သည် ဤမျှခိုင်မြဲနေပါသည်။

အို ယိမ္မာလှသောသူ ဤသို့ကောင်းခြင်း လက္ခဏာနှင့် ပြည့်စုံသည့် သမီးကညာရတနာရှိသော ပွင့်သစ်စအင်ကြင်းပင်သဖွယ်တင့်တယ်သောသင်၏အဘ တိမ္ဗရုသာ နတ်မင်းကိုရှိခိုးပါ၏။

ယင်းသို့လျှင် စောင်းတီး၍ သီချင်းဆိုသော် မြတ်စွာဘုရားသည် ပဉ္စသိခဂန္ဓဗ္ဗနတ်သားအား ဤသို့မိန့်ကြားတော်မူ၏။

"အချင်းပဉ္စသိခ သင်၏စောင်းသံသည် သီချင်းသံနှင့် ကိုက်ညီ၏ သီချင်းသံသည်လည်း စောင်းသံနှင့်ကိုက်ညီ၏။ သင်၏ စောင်းသံသည် သီချင်းသံကိုမလွန် သီးချင်းသံသည်လည်းစောင်း သံကိုမလွန်၊ ပဉ္စသိခ ဤသီချင်းတို့ကိုဘယ်အခါက သီကုံးထား သနည်း"

ထိုအခါ ပဉ္စသိခကဤသို့ပြန်ကြားလျှောက်ထား၏။

"အရှင်ဘုရား မြတ်စွာဘုရားသည် သမ္မာသမ္ဗောဓိဉာဏ် ကို ရတော်မူစဉ် ရုဝေလတောနေရဉ္စရာမြစ်ကမ်းပါး အဇပါလ ပညောင်ပင်၌သီတင်းသုံးနေတော်မူပါသည်၊ထိုစဉ်အခါအကျွန်ုပ် သည်တိမ္ဗရုဂန္ဓဗ္ဗနတ်မင်းကြီး၏သမီး ဘဒ္ဒါအမည်ရှိသော သူရိယ ဝစ္စသာကိုချစ်ကြိုက်နေပါသည်။ သို့ရာတွင်သူသည်ကား ရထား ထိန်းမာတလိ၏သား သိခဏ္ဍီကို ချစ်နေပါသည်။ သို့ကြောင့် အကျွန်ုပ်သည် ဗေဠုဝပဏ္ဍုစောင်းကိုယူပြီး တိမ္ဗရုနတ်မင်းကြီး ဗိမာန်သို့ချဉ်းကပ်လာ စောင်းတီးပြီး ဤသီချင်းတို့ကို ဖွဲ့ဆိုသီ ကျူးခဲ့ပါသည်။

"ထိုအခါ သူကအကျွန်ုပ်အား 'အရှင်ကျွန်ုပ်သည်ထိုမြတ်စွာဘုရားကို ကိုယ်တိုင် မဖူး-မတွေ့ရသေးပါ၊ သို့ရာတွင် တာဝတိံသာနတ်တို့၏ သုဓမ္မာသဘင်၌ကပြနေစဉ် ထိုမြတ်စွာဘုရား အကြောင်းကို ကြားခဲ့ရပါသည်။ အရှင် သင်သည်ထိုမြတ်စွာ ဘုရားကို ပြောဆိုချီးကျူးသည့်အတွက် ယနေ့ကျွန်ုပ်တို့ပေါင်းစုံ ခြင်းဖြစ်ပါစေလော့'ဟု ဖိတ်ခေါ်ပါသည်။အရှင်ဘုရားအကျွန်ုပ် သည် သူနှင့်ထိုမျှသာ ပေါင်းသင်းရပါသည်။ထို့နောက်ယခုတိုင် မပေါင်းသင်းရတော့ပါ"

ပဥ္စသိခနတ်သားသည် မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုနေကြသောအခါ သိကြားမင်းက- 'အချင်းပဥ္စသိခ သင်သည်ငါ၏စကားကို မြတ်စွာဘုရားအား လျှောက်ကြားပါလော့''ဟု တိုက်တွန်း၏ ထိုအခါ ပဥ္စသိခနတ်သားက မြတ်စွာဘုရားအား လျှောက်ကြား၏။

"အရှင်ဘုရား နတ်တို့၏အရှင်သိကြားမင်းသည် မှူးမတ်အခြံအရံပရိသတ်များနှင့်တကွ မြတ်စွာဘုရားအား ခြေတော်ဦးခိုက်ရှိခိုးပါသည်"

ထိုအခါမြတ်စွာဘုရားက "အချင်းပဥ္စသိခကောင်းပါပြီ နတ်တို့၏အရှင် သိကြားမင်းသည် မှူးမတ်အခြံအရံ ပရိသတ်များနှင့်တကွ ချမ်းသာပါစေ၊ နတ်လူအသုရာ ဂန္ဓဗ္ဗနတ်တို့နှင့် အခြားသောသတ္တဝါတို့သည်လည်း ချမ်းသာကိုအလိုရှိကြသည်သာတည်း''ဟု ပြန်ကြားတော်မူ၏။

ယင်းသို့မြတ်စွာဘုရား အသိအမှတ်ပြုသောအခါသိကြားမင်းသည် ဣန္ဒသာလဂူတွင်းသို့ ဝင်ပြီးမြတ်စွာဘုရားအားရှိခိုးပြီး တနေရာ၌ရပ်နေ၏။ ထိုအခါမြတ်စွာဘုရားကစတင်၍ "ပြဿနာကိစ္စ အလွန်များပါလျက် ကောသိယအနွယ် သိကြားမင်း၏ ဤသို့လာခြင်းသည် အံ့ဖွယ်ရှိပေ၏၊ မဖြစ်ဘူးမြဲ ဖြစ်ခပေ၏" ဟု နှုတ်ဆက်၏။

"အရှင်ဘုရားအကျွန်ုပ်သည် မြတ်စွာဘုရားကို ဖူးမြော်ရန်ချဉ်းကပ်လိုသည်မှာ ကာလကြာမြင့် လှပါသည်။ သို့ရာတွင် တာဝတိံသာနတ်တို့၏ အချို့- အချို့သော ပြဿနာကိစ္စတို့၌ ကြောင့်ကြစိုက်နေရပါ၍ မချဉ်းကပ်နိုင်ခဲ့ပါ၊ မြတ်စွာဘုရား

သာဝတ္ထိပြည် သလဋ္ဌဂန္ဓကုဋိ၌ နေတော်မူစဉ်အခါက အကျွန်ုပ် မြတ်စွာဘုရားကို ဖူးမြော်ရန်သာဝတ္ထိပြည်သို့ ရောက်ခဲ့ဘူးပါသည်။ ထိုအခါမှာ မြတ်စွာဘုရားသည် ဖလသမာပတ်တခုကို ဝင်စားနေရာ ဝဿဝဏ္ဏနတ်မင်းကြီး၏ မိဖုရားဘူဇတိမည်သော နတ်သမီးသည် မြတ်စွာဘုရားကိုရှိခိုးကာ ရပ်လျက် ဝတ်ပြုနေပါသည်။

"အရှင်ဘုရား ထိုအခါ အကျွန်ုပ်ကာ သူ့အားမြတ်စွာဘုရားထံခွင့်ခံပေးပါမည့် အကြောင်းတောင်းပန်သောအခါသူက "အရှင်သိကြားမင်း မြတ်စွာဘုရားကို ဖူးမြော်ရန် အခါမဟုတ်ပါ၊ မြတ်စွာဘုရားသည် တပါးတည်းကိန်းအောင်းလျက် ရှိပါသည်'ဟု ဆိုပါသည်။ သို့ဖြစ်လျှင် မြတ်စွာဘုရား ဖလသမာပတ်မှ ထတော်မူသောအခါ ငါ၏စကားဖြင့် သိကြားမင်းသည် မြတ်စွာဘုရား၏ ခြေတော်ကို ဦးခိုက်ကြောင်း လျှောက်ကြားပါလေဟု မှာကြားခဲ့ပါသည်။ အရှင်ဘုရား အသို့ပါနည်း၊ သူသည် ကျွန်ုပ်၏စကားဖြင့် လျှောက်ကြားပါ၏လော"

"သိကြားမင်း ထိုနတ်သမီးသည် ငါ့ကို လျှောက်ပါသည်။ သူ၏စကားကို ငါသတိရပါသည်၊ စင်စစ်သင်၏ ရထားဘီးသံဖြင့်ပင် ဖလသမာပတ်မှ ငါထခဲ့ပါသည်။

"အရှင်ဘုရား အကျွန်ုပ်တို့ထက် အလျင်တာဝတိံသာ၌ဖြစ်သော နတ်တို့ပြောစကားကို အကျွန်ုပ်ကြားရပါသည်။ မြတ်စွာဘုရားတို့ ပွင့်တော်မူသောအခါ အသုရာတို့ ဆုတ်ယုတ်လျက် နတ်တို့ ပြည့်နှက်စည်ကားသည်ဟု ပြောကြပါသည်၊ အကျွန်ုပ်ကိုယ်တိုင်လည်း တွေ့မြင်ရပါသည်။

အရှင်ဘုရား ဤကပိလဝတ်ပြည်၌ပင် ရတနာမြတ်သုံးပါး၌ ကြည်ညို၍ ငါးပါးသီလကို စောင့်ထိန်းလေ့ ရှိသည့် ဂေါပိကာ အမည်ရှိသော သာကီဝင် မင်းသမီးသည် သေပြီးနောက်၌ တာဝတိံသာနတ်ပြည်ဝယ် အကျွန်ုပ်၏သားဂေါပက နတ်သားအဖြစ်သို့ ရောက်လာပါသည်။ သူကိုးကွယ် ဆည်းကပ်သော ရဟန်းသုံးပါးကား ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ဖြစ်လာကြပါသည်။ တနေ့တွင်အကျွန်ုပ်တို့အား ခစားဖျော်ဖြေရန် ရောက်လာသောသူတို့အား ဂေါပက နတ်သားက "အရှင်တို့သင်တို့သည် အဘယ်ကို ဥာဏ်ဦးလှည့်၍ မြတ်စွာ ဘုရား၏ တရားကို နာကြားခဲ့ကြပါသနည်း" ဟု မေးပါသည်။

ထိုအခါ နတ်သားနှစ်ယောက်တို့သည် မျက်မှောက်ဘဝ၌ပင် သတိကို ရလျက် ဗြဟ္မာ့ ဘုံသို့ ရောက်သွားကြ၏။ တယောက်သော နတ်သားက ကာမဘုံ၌ပင် ပျော်မွေ့ နေပါသည်။ အရှင်ဘုရား နတ်သားနှစ်ယောက်တို့သည် အရှင်ဘုရား၏ တရားကို သိကြသောကြောင့် ဗြဟ္မာ၏ ကိုယ်ခန္ဓာကို ရ၍ အနာဂါမိမဂ်ဟူသော တရားအထူးကို ရကြပါသည်။ အရှင်ဘုရား အကျွန်ုပ်တို့သည် ဤတရားအထူးကို ရရန်လာကြခြင်းဖြစ်ပါသည်။ အရှင်ဘုရား ခွင့်ပြုပါသော် ပြဿနာမေးလျှောက်လိုကြပါသည်။"

"သိကြားမင်း သင်၏စိတ်၌ မေးလိုသော ပြဿနာကိုငါ့အားမေးလော့၊ ထိုထိုပြဿနာအတွက် ဖြစ်ပေါ်လာသော သင်၏ ယုံမှားခြင်း ဝိစိကိစ္ဆာကို အဆုံးတိုင် ပြေလည်အောင်ငါဖြေရှင်းမည်"

[ ၂ ]

"အရှင်ဘုရား များစွာသော သတ္တဝါတို့သည် ရန်ငြိုးကင်းကုန်လျက်၊ဒဏ်ကင်းကုန်လျက်၊ရန်သူကင်းကုန်လျက်၊ စိတ်ဆင်းရဲခြင်းကင်းကုန်လျက်၊ အမျက်ထွက်ခြင်း ကင်းကုန်လျက် နေလိုကြသော်လည်းမကင်းကြသည်မှာအဘယ် အနှောင် အဖွဲ့ကြောင့်ပါနည်း။"

"သိကြားမင်း ထိုသတ္တဝါတို့အား ရန်ငြိုးစသည်ကင်းကုန်လျက် မကင်းဘဲ ရန်ငြိုးစသည်ရှိလျက် နေကြရသည်မှာ ဣဿာ-မစ္ဆရိယ သံယောဇဉ်ကြောင့် ဖြစ်ပါသည်။"

ဣဿာမစ္ဆရိယ သံယောဇဉ်ဟူသည်မှာ မနာလို ဝန်တိုသော အနှောင်အဖွဲ့ဖြစ်၏၊ ဣဿာမှာ သူတပါးတို့၏ စည်းစိမ်ကို ငြူစူခြင်းဖြစ်၍ မစ္ဆရိယကား မိမိစည်းစိမ်ကို ဝန်တိုခြင်းဖြစ်၏၊ ယင်းသို့သော မနာလိုဝန်တိုခြင်းတို့၏ အနှောင်အဖွဲ့ခံနေရသူသည် အဘယ်မှာရန်ငြိုး ကင်းပါမည်နည်း၊ ဒဏ်ကင်းပါမည်နည်း၊ ရန်သူကင်းပါမည်နည်း ထို့ကြောင့်ပင် ရန်ငြိုးရှိမည်၊ ဒဏ်ရှိမည်၊ ရန်သူရှိမည်၊ စိတ်ဆင်းရဲမည်၊ အမျက်ရှိမည်၊ အကယ်၍ ထိုထိုဘေးဒဏ် အသွယ်သွယ် အန္တရာယ်တို့ကင်းလွတ်လိုပါလျှင် ဣဿာ-မစ္ဆရိယ သံယောဇဉ်အနှောင်အဖွဲ့ကို ဖြေရှင်းပစ်ရပါမည်၊ သို့ဖြင့်ဘေးရန်ကင်းသွားလိမ့်မည်၊ သို့ရာတွင် အခြေခံကားလိုပါသည်။

"အရှင်ဘုရား ဣဿာ မစ္ဆရိယသည်ကား အခြေခံဖြစ်ရာ၊ တိုးတက်ကြီးပွားရာ၊ထင်ရှားဖြစ်ပေါ်ရာ၊ အမှန်အစဖြစ်ရာ

အဘယ်အကြောင်းရှိပါသနည်း၊ အဘယ်တရားရှိသော် ဇရာ မရဏ ဖြစ်ပါသနည်း၊ အဘယ်တရား မရှိသော် မဖြစ်ပါသနည်း။"

"သိကြားမင်း ဇရာ မရဏသည်ချစ်ခြင်း-မုန်းခြင်းဟူသော အခြေခံဖြစ်ရာ၊တိုးတက်ဖြစ်ပွားရာ၊ ထင်ရှား ဖြစ်ပေါ်ရာ၊ အမှန်အစဖြစ်ရာ အကြောင်းရှိ၏၊ ချစ်ခြင်း-မုန်းခြင်းရှိသော် ဇရာ မရဏဖြစ်၏၊ မရှိသော်မဖြစ်။"

အချုပ်မှာ ချစ်ခြင်း-မုန်းခြင်းကြောင့် ဇရာ မရဏဖြစ်သည်၊ ငါတို့သည် တစုံ တယောက်ကို ချစ်သည်၊ ထို့ကြောင့် သူတိုးတက်ကြီးပွားသည်ကို မနာလိုခြင်း ဝန်တိုခြင်းမဖြစ် ကြေနပ်နှစ်သက်ဝမ်းမြောက်၏။ တစုံတယောက် ကိုကားမုန်းသည်၊ ထို့ကြောင့် သူ့ဘိုးတက်ကြီးပွားသည်ကို မနာလို ဝန်တိုသည်၊ ကြေနပ်နှစ်သက်ဝမ်းမြောက်ခြင်းမဖြစ်၊ ယင်းသို့ မနာလို ဝန်တိုမှုဖြစ်ရခြင်း၏။ပဓာန မူလ အရင်းအမြစ်မှာ ချစ်ခြင်း-မုန်းခြင်းပင်ဖြစ်၏၊ ချစ်ခြင်း-မုန်းခြင်းရှိ၍ သာ မနာလို ဝန်တိုမှုဖြစ်ရသည်၊ ချစ်ခြင်း-မုန်းခြင်း မရှိပါလျှင် မနာလို ဝန်တိုခြင်းလည်း ရှိတော့မည်မဟုတ်ပါ၊ ထိုအခါ အဆိုပါ ဘေးအန္တရာယ်တို့လည်းဖြစ်လာတော့မည်မဟုတ်ပါ။

"အရှင်ဘုရားချစ်ခြင်း-မုန်းခြင်းသည်ကား အခြေခံဖြစ်ရာ တိုးတက်ဖြစ်ပွားရာ ထင်ရှားဖြစ်ပေါ်ရာ အမှန်အစ ဖြစ်ရာ အဘယ်အကြောင်းရှိပါသနည်း၊ အဘယ်တရားရှိသော် ချစ်ခြင်း မုန်းခြင်းဖြစ်ပါသနည်း၊ အဘယ်တရား မရှိသော်မဖြစ်ပါသနည်း။"

"သိကြားမင်း ချစ်ခြင်း-မုန်းခြင်းသည် လိုချင်ခြင်း ဆန္ဒဟူသော အခြေခံဖြစ်ရာ တိုးတက်ဖြစ်ပွားရာ ထင်ရှား ဖြစ်ပေါ်ရာ အမှန်အစဖြစ်ရာ အကြောင်းရှိ၏၊ လိုချင်ခြင်းရှိသော် ချစ်ခြင်း-မုန်းခြင်းဖြစ်၏၊ မရှိသော်မဖြစ်။"

ချစ်ခြင်း-မုန်းခြင်းဖြစ်ကြောင်းမှာ ဆန္ဒဖြစ်၏၊ ချစ်လိုသောကြောင့် ချစ်သည် မုန်းလိုသောကြောင့်မုန်းသည်၊ လိုချင်ဆန္ဒမရှိလျှင် ချစ်မည်-မုန်းမည်မဟုတ်။ မချစ်-မမုန်းလျှင်မနာလိုဝန်တိုခြင်းလည်းဖြစ်တော့မည်မဟုတ်၍ အန္တရာယ် ကင်းမည်သာတည်း။

"အရှင်ဘုရားလိုချင်ခြင်း ဆန္ဒသည်ကား အခြေခံဖြစ်ရာ တိုးတက်ဖြစ်ပွားရာ ထင်ရှားဖြစ်ပေါ်ရာအမှန်အစ ဖြစ်ရာ အဘယ်အကြောင်းရှိပါသနည်း၊ အဘယ်တရားရှိသော် လိုချင်ခြင်း ဆန္ဒဖြစ်ပါသနည်း၊ အဘယ်တရားမရှိသော် မဖြစ်ပါသနည်း။"

"သိကြားမင်း လိုချင်ခြင်း ဆန္ဒသည် ကြံစည်ခြင်း ဝိတက်ဟူသော အခြေခံဖြစ်ရာ, တိုးတက်ဖြစ်ပွားရာ၊ ထင်ရှားဖြစ်ပေါ်ရာ၊ အမှန်အစဖြစ်ရာ အကြောင်းရှိ၏၊ ကြံစည်ခြင်း ဝိတက်ရှိသော် လိုချင်ခြင်းဆန္ဒဖြစ်၏၊ မရှိသော်မဖြစ်။

လိုချင်ခြင်းသည် အလိုအလျောက်ဖြစ်သည် မဟုတ်၊ ကြံစည်ခြင်းကြောင့် ဖြစ်သည်၊ ကြံစည် တွေး တောခြင်းကြောင့်ဖြစ်၏၊ တစုံတရာကို စိတ်ကူးစဉ်းစား ရာ၌ လိုချင်ခြင်း ဖြစ်လာပါသည်၊ [illegible]

ယင်းအလိုမှာချစ်ခြင်း မုန်ခြင်းဖြစ်ပြီးမနာလိုဝန်တိုမှုကို ပေါက်ဖွားစေလိမ့်မည်၊ထိုအခါအန္တရာယ်တို့နှင့် ရင်ဆိုင်ရပါတော့မည်။

"အရှင်ဘုရား ကြံစည်ခြင်းဝိတက်သည် အခြေခံဖြစ်ရာ၊ တိုးတက်ဖြစ်ပွားရာ၊ ထင်ရှား ဖြစ်ပေါ်ရာ၊ အမှန်အစဖြစ်ရာ အဘယ်အကြောင်းရှိပါသနည်း၊အဘယ်တရားရှိသော်ကြံစည်ခြင်း ဝိတက်ဖြစ်ပါသနည်း၊အဘယ်တရားမရှိသော် မဖြစ်ပါသနည်း။"

"သိကြားမင်း ကြံစည်ခြင်းဝိတက်သည် သံသရာချဲ့တွင်တတ်သည့်တရား ပပဉ္စသညာ အစုဟူသော အခြေခံဖြစ်ရာ၊ တိုးတက်ဖြစ်ပွားရာ၊ထင်ရှားဖြစ်ပေါ်ရာအမှန်အစဖြစ်ရာ၊အကြောင်းရှိ၏၊ သံသရာချဲ့တွင်တတ်သည့် တရားအစုရှိသော် ကြံစည်ခြင်း ဝိတက်ဖြစ်၏၊ မရှိသော်မဖြစ်။"

ပပဉ္စတရားမှာ တဏှာ, မာန, ဒိဋ္ဌိဟူ၍ သုံးပါးရှိ၏၊ ဤတွင်မူတဏှာပပဉ္စကိုသာ ဆိုလိုသည်ဟု အဋ္ဌကထာဆရာတို့ ဖွင့်ဆိုကြ၏၊ တဏှာမှာလောဘပင်ဖြစ်၏၊ သာယာတပ်မက်တတ်သောကြောင့် လောဘမည်၏၊ အာရုံတို့၌ သာယာနှစ်သက်တပ်မက် စွဲလမ်းခြင်းပင်တည်း၊ ယင်းသည် အာရုံကိုယူကိုင်စွဲလမ်းခြင်းလက္ခဏာရှိ၏၊ အလွန်ကပ်ငြိတွယ်တာခြင်း ကိစ္စရှိ၏။ မစွန့်ရက်နိုင် မစွန့်နိုင်ခြင်းအကျိုးရှိ၏၊ သာယာဖွယ် ဟုရှုမြင်ခြင်းအကြောင်းရှိ၏။

ဤတဏှာလောဘကြောင့် ကြံစည်ခြင်း ဝိတက်ဖြစ်၏၊ ဝိတက်ကြောင့် လိုချင်ခြင်းဆန္ဒဖြစ်၏၊ ဆန္ဒကြောင့် ချစ်ခြင်းမုန်းခြင်းပိယ-အပိယဖြစ်၏၊ ပိယ- အပိယကြောင့် မနာလိုဝန်တိုခြင်းဣဿာ-မစ္ဆရိယဖြစ်၏၊ ဣဿာ-မစ္ဆရိယကြောင့်သတ္တဝါ

တို့မှာ ရန်ငြိုးရှိကြရသည်။ ဒဏ်ချှိကြရသည်။ ရန်သူ ရှိကြရသည်။ စိတ်ဆင်းရဲခြင်းရှိကြရသည်။ အမျက်ရှိကြရသည်။ဤမှာ ပြန်သောအားဖြင့် တပ်မက်ခြင်း မရှိလျှင် ကြံစည်ခြင်းမဖြစ်၊ ကြံစည်ခြင်းမဖြစ်လျှင်၊ ချစ်ခြင်း-မုန်းခြင်းမဖြစ်၊ ချစ်ခြင်းမုန်းခြင်းမဖြစ်လျှင် မနောလိုဝန်တိုခြင်း မဖြစ်၊ မနောလိုဝန်တိုခြင်း မဖြစ်လျှင်၊ အဆိုပါ ဘေးဒဏ် အန္တရာယ်တို့ ဖြစ်ကြတော့မည် မဟုတ်၊ အရင်းစစ်တော့ အမြစ်မြေကဆိုသကဲ့သို့ထိုအန္တရာယ်တို့ ဖြစ်ပေါ်လာခြင်း၏ အစပထမမူလ အကြောင်းရင်းမှာတဏှာ လောဘဖြစ်၏။ ယင်းသည်လည်း အခြား တပါးမဟုတ်ပါ၊ မိမိတို့သွန်စွာ နှစ်သက်စွဲလမ်းသဖြင့် အမြတ်တနိုး သိမ်းပိုက်ထားသော အရာသာဖြစ်သည်။ ငါမွေးသည့် မျောက် ငါ့ကို ခြောက်ဟု ဆိုသကဲ့သို့ မိမိတို့၏ အချစ်ကပင် မိမိတို့ကိုဘေးဖြစ်အောင် ကြံဆောင်နေခြင်းဖြစ်၏။ ရန်သူကိုမှ အသဲနှစ်အောင် ချစ်နေပါလျှင် သူပေးသော အပြစ်ဒဏ်ကိုကား ခံယူရပေမည်။ သူကား အခြားတပါးကို မပေးတတ်၊ ဘေးရန်အန္တရာယ်တို့သာ ပေးတတ်သည်။

[ ၇ ]

"အရှင်ဘုရား အဘယ်သို့ကျင့်သူသည် ပပဉ္စသညာစု၏ ချုပ်ခြင်း အားလျော်၍ ထိုချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကိုကျင့်သည် မည်ပါသနည်း"

"သိကြားမင်း ဝမ်းမြောက်ခြင်း သောမနဿကို

မှီဝဲရာအကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ဆုတ်ယုတ်ကုန်၏ဟုသိလျှင် ထိုကဲ့သို့သော ဝမ်းမြောက်ခြင်းကို မမှီဝဲအပ်၊ အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်၏ဟုသိလျှင် ထိုကဲ့သို့သော ဝမ်းမြောက်ခြင်းကို မှီဝဲအပ်၏၊ ထိုတွင်လည်း ကြံစည်းခြင်း-သုံးသပ်ခြင်းမရှိသော ဝမ်းမြောက်ခြင်းသည် သာလွန်၍မြတ်၏။

"သိကြားမင်း နှလုံးမသာခြင်း ဒေါမနဿကိုမှီဝဲရာလည်း အကုသိုလ်တရားတို့တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏ဟုသိလျှင် ထိုကဲ့သို့သော နှလုံးမသာခြင်းကို မမှီဝဲအပ်၊ အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ကုသိုလ်တရားတို့ တိုးပွားကုန်၏ဟုသိလျှင် ထိုကဲ့သို့သော ဝမ်းမြောက်ခြင်းကို မှီဝဲအပ်၏။ ထိုတွင်လည်းကြံစည်-သုံးသပ်ခြင်းမရှိသော နှလုံးမသာခြင်းသည် သာလွန်၍မြတ်၏။

"သိကြားမင်း လျစ်လျူရှုခြင်း၊ဥပေက္ခာကိုမှီဝဲရာလည်း အကုသိုလ်တို့တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏ဟုသိလျှင်ထိုကဲ့သို့သော လျစ်လျူရှုခြင်းကို မမှီဝဲအပ်၊ အကုသိုလ်တရားတို့ဆုတ်ယုတ်ကုန်၍ ကုသိုလ်တရားတို့ တိုးပွားကုန်၏ဟုသိလျှင် ထိုကဲ့သို့သောလျစ်လျူရှုခြင်းကို မှီဝဲအပ်၏။ ထိုတွင်လည်း ကြံစည်သုံးသပ်ခြင်းမရှိသော လျစ်လျူရှုခြင်းသည် သာ၍မြတ်၏။

"သိကြားမင်း ဤသို့ကျင့်သူသည် ပပဉ္စသညာစု၏ ချုပ်ခြင်းအားလျော်၍ ထိုချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို ကျင့်သည်မည်၏"

သတ္တဝါတို့သည် သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဟူသော ဝေဒနာသုံးပါးတွင် တပါးပါးကို မှီဝဲလေ့ရှိ၏။ ထိုတွင် မကောင်းမှု အကုသိုလ်ဖြစ်သော ဝေဒနာကိုမမှီဝဲ မချဉ်းကပ်ဘဲ ကုသိုလ် ကောင်းမှုဖြစ်သော ဝေဒနာကိုမှီဝဲချဉ်းကပ်လျှင် သံသရာနယ်ချဲ့ ပပဉ္စတရား၏ ချုပ်ခြင်းအားလျော်သော အကျင့်ဖြစ်၏။ ထိုနယ်ချဲ့တို့မရှိသော နိဗ္ဗာန်ရောက်ကြောင်း အကျင့်လည်း ဖြစ်၏။

အကျင့်ဟူသည်မှာ လေ့ကျင့်ခြင်းပင် ဖြစ်၏။ ဤတွင် မကောင်းမှု၌ မသာယာဘဲမျက်နှာလွဲပြီး ကောင်းမှု၌သာယာမွေ့လျော်သောအကျင့်ကိုလေ့ကျင့်ရန်ဖြစ်၏။ ယင်းသည်နိဗ္ဗာန်ရောက်ကြောင်း အကျင့်လည်းဖြစ်၏။ နိဗ္ဗာန်တွင်သံသရာနယ်ချဲ့သော ပပဉ္စတရားတို့မရှိချေ။

ပပဉ္စဟူသည်မှာ ဆိုခဲ့သည့်တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြစ်၏။ သတ္တဝါတို့သည် တွယ်တာကပ်ငြိသော တဏှာကြောင့်ရှင်း၊ ငါ တလုလု တံခွန်ထူသောမာနကြောင့်ရှင်း၊ အယူပါဒဖြစ်သောဒိဋ္ဌိကြောင့်ရှင်း၊ သံသရာတကြောမှာ စုန်ဆန်မြောနေကြရခြင်းဖြစ်၏။ ထိုတွင်ဘေးအသွယ်သွယ် အန္တရာယ်တို့သည်း ပြည့်လျှံနေ၏။ သံသရာထဲမှာ လှည့်လည်နေပါလျှင် ထိုထိုဘေးဒုက္ခတို့ကိုမုချခံရမည်ဖြစ်၏။ အကယ်၍ထိုဘေးရန်တို့ကို မခံချင်ပါလျှင် သံသရာနယ်ချဲ့ ပပဉ္စတရားသုံးပါး ချုပ်ငြိမ်းစေရန် လေ့ကျင့်ရပါမည်။

လေ့ကျင့်ရန်အတွက်လည်း မခက်ပါ၊ နေရင်းထိုင်ရင်း လုပ်ကိုင် စားသောက်ရင်းပင် ဖြစ်နိုင်ပါသည်။ မကောင်းမှုဖြစ်

မည့် ခံစားခြင်းကိုရှောင်ကြဉ်ပြီး ကောင်းမှုဖြစ်မည့် ခံစားခြင်းကိုမှီဝဲရန်သာဖြစ်၏။ လေ့ကျင့်ရန်မှာ လွယ်ကူ သော်လည်း အကျိုးအာနိသင်မှာ လွန်စွာကြီးကျယ် မြင့်မြတ် လှပါသည်။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပင်ဖြစ်၍ အဘယ်မျှ မြတ်နိုးဖွယ် ကောင်းပါသနည်း။

"မြတ်စွာဘုရား အဘယ်သို့ ကျင့်သောသူသည် ပါတိမောက္ခသံဝရသီလကို ကျင့်သည်မည်ပါသနည်း"

"သိကြားမင်း ကိုယ်အကျင့် ကာယသမာစာရကို မှီဝဲရာ၌အကုသိုလ်တရားတို့တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏ဟုသိလျှင် ထိုကဲ့သို့သောကိုယ်အကျင့်ကို မမှီဝဲအပ်၊ အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့တိုးပွားကုန်၏ဟု သိလျှင် ထိုကဲ့သို့သောကိုယ်အကျင့်ကို မှီဝဲအပ်၏။

"သိကြားမင်း နှုတ်အကျင့် ဝစီသမာစာရကို မှီဝဲရာ၌လည်း အကုသိုလ်တရားတို့တိုးပွား၍ ကုသိုလ်တရားတို့ဆုတ်ယုတ်ကုန်၏ဟုသိလျှင် ထိုကဲ့သို့သောနှုတ်အကျင့်ကို မမှီဝဲအပ်၊ အကုသိုလ်တရားတို့ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်၏ဟု သိလျှင် ထိုကဲ့သို့သောနှုတ်အကျင့်ကို မှီဝဲအပ်၏။

"သိကြားမင်း ရှာမှီးခြင်း ပရိယေသနာကိုမှီဝဲရာ၌လည်း အကုသိုလ်တရားတို့ တိုးပွား၍ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏ဟုသိလျှင် ထိုကဲ့သို့သောရှာမှီးခြင်းကို မမှီဝဲအပ်၊ အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့တိုးပွားကုန်၏ဟုသိလျှင် ထိုကဲ့သို့သောရှာမှီးခြင်းကိုမှီဝဲအပ်၏။

"သိကြားမင်း ဤသို့ကျင့်သူသည် ပါတိမောက္ခသံဝရ သီလကိုကျင့်သည်မည်၏"။

ပါတိမောက္ခသံဝရသီလ အကျဉ်းချုပ်မှာ ကိုယ်အကျင့်၊ နှုတ်အကျင့်နှင့် ရှာမှီးခြင်းဟူ၍ သုံးပါးရှိ၏။ ထိုတွင်မကောင်းမှု အကုသိုလ်ဖြစ်မည့်ကိုယ်အကျင့်၊ နှုတ်အကျင့်နှင့် ရှာမှီးခြင်းတို့ကို ရှောင်ရှားပြီးကုသိုလ်ကောင်းမှု ဖြစ်မည့်ကိုယ်အကျင့်၊ နှုတ်အကျင့်နှင့်ရှာမှီးခြင်းတို့ကို မှီဝဲချဉ်းကပ်ပါက ယင်းသီလကိုဖြည့်ကျင့်သည်မည်၏။ ယင်းသည်လည်း လေ့ကျင့်ရန်သာ ဖြစ်၏။ မကောင်းသောကိုယ်အကျင့်၊ နှုတ်အကျင့်နှင့်ရှာမှီးခြင်းတို့မဖြစ်စေရန်သော်လည်း လေ့ကျင့်ရမည် သို့မဟုတ် ကောင်းသောထိုအကျင့်သုံးပါးဖြစ်စေရန်သော်လည်း လေ့ကျင့်ရမည်။

အမျိုးကောင်းသားတို့အတွက် ဤသို့ လေ့ကျင့်ရန်မှာ မခက်ပါ၊ ငယ်စဉ်ကပင် မိဘကောင်း၊ ဆရာသမားကောင်းတို့က သွန်သင်ထားသဖြင့် အကျင့်ရပြီးသားဖြစ်နေကြပါလိမ့်မည်။ အမျိုးကောင်းသားတို့ လူကြီးလူကောင်းများ ဖြစ်ကြသည်မှာ ယင်းသို့လေ့ကျင့် ကြသောကြောင့် ဖြစ်၏။ သို့သူတို့မှာအများအားဖြင့်ကောင်းမွန် မြင့်မြတ်သောကိုယ်အကျင့်၊ နှုတ်အကျင့်နှင့် ရှာမှီးခြင်းတို့ရှိကြသည်။ ပါတိမောက္ခသံဝရသီလနှင့်ပြည့်စုံသူတို့ပင်တည်း။

"အရှင်ဘုရားအဘယ်သို့ ကျင့်သူသည် ဣန္ဒြေစောင့်စည်းခြင်း ဣန္ဒြိယသံဝရသီလကို ကျင့်သည်မည်ပါသနည်း"

"သိကြားမင်းမျက်စိဖြင့် သိအပ်သော ရူပါရုံကိုရင်း၊ နားဖြင့်သိအပ်သော သဒ္ဒါရုံကိုရင်း၊ နှာခေါင်းဖြင့်သိအပ်သော

ဂန္ဓာရုံကိုရင်း, လျှာဖြင့်သိအပ်သော ရသာရုံကိုရင်း, ကိုယ်ဖြင့် သိအပ်သော ဖောဋ္ဌဗ္ဗာရုံကိုရင်း, စိတ်ဖြင့်သိအပ်သော ဓမ္မာရုံကိုရင်း မှီဝဲအပ်၊ မမှီဝဲအပ်ဟု နှစ်ပါးအပြား အားဖြင့် ငါဟော ကြား၏။"

"အရှင်ဘုရား အကျဉ်းအားဖြင့် ဟောကြားသော ဤတရားတို့၏ အနက်ကို အကျယ်အားဖြင့် အကျွန်ုပ်ဤသို့သိပါ၏။ ဤအာရုံတို့ကိုမှီဝဲသူအား အကုသိုလ်တရားတို့တိုးပွား၍ ကုသိုလ်တရားတို့ဆုတ်ယုတ်ကုန်၏။ သိလျှင်မမှီဝဲအပ် အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်၏ဟုသိလျှင် မှီဝဲအပ်၏။ ယင်းသို့လျှင် အကျွန်ုပ်သိပါ၏။ အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား ဟောကြားသောပြဿနာ၏ အဖြေကိုကြားနာရသောကြောင့် ဤပြဿနာ၌ ယုံမှားခြင်းမှ လွန်မြောက်ပါပြီ၊ သို့လော သို့လော တွေးတောခြင်းမှ ကင်းပါပြီ"

ဣန္ဒြေမှာ မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်နှင့် စိတ်ဟူ၍ ခြောက်ပါးအပြားရှိ၏။ ယင်းတို့၏အာရုံလည်း အစဉ်အတိုင်း အဆင်း, အသံ, အနံ့, အရသာ, အတွေ့နှင့် အသိဟူ၍ ခြောက်ပါးပင်အပြားရှိ၏။ မျက်စိဖြင့်အဆင်းကိုမြင်ရာ, နားဖြင့်အသံကို ကြားရာ, နှာခေါင်းဖြင့် အနံ့ကို နံရာ, လျှာဖြင့် အရသာကို လျက်ရာ, ကိုယ်ဖြင့် အတွေ့ကို ထိရာနှင့် စိတ်ဖြင့် သဘော တရားကို သိရာ၌မှာ မကောင်းမှု ဖြစ်လျှင် ရှောင် ရှား၍ ကောင်းမှုဖြစ်မှသာ မှီဝဲခြင်းဖြင့် ဣန္ဒြေကို စောင့်စည်း ခြင်း အကျင့်မည်၏။ ယင်းကိုပင် ဣန္ဒြိယသံဝရသီလဟုခေါ်၏။

"အရှင်ဘုရား ရဟန်းပုဏ္ဏားအားလုံး အဆုံးအမ၊ အကျင့် အယူနှင့် ပြီးဆုံးခြင်းတို့ တူညီကြပါသလော"

"သိကြားမင်း, ရဟန်း, ပုဏ္ဏား အားလုံး တူညီခြင်း မရှိကြ"

"အရှင်ဘုရား အဘယ်ကြောင့် တူညီခြင်း မရှိကြပါ သနည်း"

"သိကြားမင်း လောကသည် အမျိုးမျိုး များပြားသော ဓါတ်ရှိ၏။ သတ္တဝါတို့သည် တစုံတခုသော ဓါတ်ကို ပြင်းထန် မြဲမြံစွာ စွဲလမ်း၍ 'ငါ၏ အယူသည်သာမှန်၏။ တပါးသော သူတို့၏ အယူသည် အချည်းနှီးသာတည်း' ဟု ပြောဆိုကြသော ကြောင့် တူညီခြင်း မရှိကြ"

ရဟန်းပုဏ္ဏားတို့သည် အချင်းချင်း အဆုံးအမ ဩဝါဒ ချင်းလည်းမတူကြ၊ အကျင့်သိက္ခာလည်းမတူကြ အယူအဆသည်း မတူကြ၊ ပြီးဆုံးခြင်းလည်းမတူကြ၊ အကြောင်းကား ပြင်းထန်မြဲ မြံသောအစွဲအလမ်းတို့ကြောင့်ဖြစ်၏။ ကိုယ့်အယူသာမှန်သည်၊ သူတပါး အယူသည် အချည်းနှီးဟု ယူဆယုံကြည်ပြောပြောခြင်း တို့ပင်ဖြစ်၏။ တခက်ထည်းသော ဟင်းပင် တောင်ဘက်က ပိုပြီး ချိုသည်ဟု ဆိုသကဲ့သို့ တခုတည်းသောတရားမှာပင် ငါ၏အယူက ပို၍မှန်သည် ဟု ခွဲခြားနေကြရာ ပျက်စီးခြင်းကို ဘယ်သို့ လွန် မြောက်နိုင်ပါမည်နည်း။

"အရှင်ဘုရား ရဟန်း ပုဏ္ဏားအားလုံး ပျက်စီးခြင်းကို လွန်သော မှိုခိုအားထားရာ၊ ယောဂကုန်ရာ၊ တရားအလို့ငှာ မြတ်သောအကျင့်နှင့် ပြီးဆုံးရာ ရှိကြပါသလော"

"သိကြားမင်း ရဟန်း ပုဏ္ဏား အားလုံးမရှိကြ"

"အရှင်ဘုရား အဘယ့်ကြောင့် မရှိကြပါသနည်း"

"သိကြားမင်း တဏှာ ကုန်ခန်းစေတတ်သော မဂ်ဖြင့် ကိလေသာမှ လွတ်မြောက်သော ရဟန်းပုဏ္ဏားတို့သာ ပျက်စီးခြင်းကိုလွန်သော အားထားမှီခိုရာရှိကြ၏။ ယောဂကုန်ရာရှိကြ၏။ တရားအလို့ငှာ မြတ်သောအကျင့်ရှိကြ၏။ ပြီးဆုံးရာ ရှိကြ၏။ ထို့ကြောင့် ရဟန်း ပုဏ္ဏား အားလုံးမရှိကြခြင်းဖြစ်၏"

အားထားမှီခိုရာ၊ ယောဂကုန်ရာ၊ တရားအလို့ငှာ မြတ်သော အကျင့်နှင့် ပြီးဆုံးရာတို့မှာ ပျက်စီးခြင်းကို လွန်မြောက်စေနိုင်ကြသည်။ ဝါ-မပျက်စီးနိုင်ကြပါ။ ယင်းအတွက်ကား တဏှာ ကုန်ခန်းစေတတ်သော မဂ်ဖြင့် ကိလေသာမှ လွတ်မြောက်ရပါသည်။ ထိုသို့မဟုတ်ပါက ပျက်စီးခြင်းကို မလွန်နိုင်ပါ။ ဝါ-ပျက်စီးရသည်သာတည်း။ ရဟန်း ပုဏ္ဏားအားလုံး ကိလေသာမှ လွတ်မြောက်ခြင်း မရှိကြ၍ ပျက်စီးခြင်းကို လွန်ခြင်း မရှိကြဟု မြတ်စွာဘုရားဖြေဆိုတော်မူခြင်းဖြစ်၏။

"အရှင်ဘုရား တဏှာသည် ရောဂါမည်ပါ၏။ အိုင်းအမာမည်ပါ၏။ ငြောင့်မည်ပါ၏။ ဤသတ္တဝါအပေါင်းကို ထိုထိုဘဝ၌ ဖြစ်စေခြင်းငှာ ဆွဲငင်၏။ ထို့ကြောင့် သတ္တဝါအပေါင်းသည် မြတ်သောဘဝ၊ ယုတ်သောဘဝသို့ ရောက်ရပါ၏"

"သိကြားမင်း၊ သင်သည် ဤပြဿနာတို့ကို အခြားသောရဟန်း ပုဏ္ဏားတို့အား မေးဘူးသည်ကို မှတ်မိပါ၏လော"

"အရှင်ဘုရားမှတ်မိပါသည်"

"သိကြားမင်း ထိုသူတို့ အဘယ်သို့ ဖြေကြားကြကုန်သနည်း။ အကယ်၍သင့်အား ဝန်မလေးမူ ပြောကြားပါလော့"

"အရှင်ဘုရား စိတ်ငြိမ်ရာ တောကျောင်းနေ ပုဂ္ဂိုလ်တို့ဟူ၍ အကျွန်ုပ်မှတ်ထင်သော သူတို့ထံချဉ်းကပ်ပြီး မေးဘူးပါသည်။ သူတို့ မဖြေနိုင်ကြပါ၊ အကျွန်ုပ် သိကြားမင်းဖြစ်ကြောင်း ပြောပြသောအခါ သူတို့ကပင် သိကြားမင်းဖြစ်ကြောင်း တရားကိုမေး၍ ကျွန်ုပ်ကပင် သူတို့အား ထိုတရားကို ဟောကြားခဲ့ရပါသည်။ အရှင်ဘုရား အကျွန်ုပ်သည် သူတို့၏ တပည့်မဖြစ်ပါ။ အကျွန်ုပ်ကား အပါယ်လေးပါးသို့ ကျခြင်းသဘော မရှိသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော မြတ်စွာဘုရား၏ တပည့်သောတာပန် ဖြစ်ပါ၏"

"သိကြားမင်း သင်သည် ရှေးအခါက ဤကဲ့သို့ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရဘူးသည်ကို မှတ်မိပါ၏လော"

"အရှင်ဘုရား အသုရာစစ်ပွဲကို အောင်နိုင်သော အခါက နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်ခဲ့ဘူးပါသည်။ သို့ရာတွင် တုတ်ဓား လက်နက်ကိုင်ဆောင်ရသော ချမ်းသာခြင်းမျိုး ဖြစ်ပါ၏၊ ငြီးငွေ့ရန် အလို့ငှာ၊ တပ်မက်ခြင်းကင်းရန် အလို့ငှာ၊ ဝဋ်ဆင်းရဲချုပ်ရန် အလို့ငှာ၊ ရာဂစသည်ငြိမ်းရန် အလို့ငှာ၊ ထူးသော ဉာဏ်ဖြင့် သိရန် အလို့ငှာ၊ သစ္စာလေးပါးကို သိရန် အလို့ငှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ မဖြစ်ပါ။

"အရှင်ဘုရား မြတ်စွာဘုရား၏ တရားတော်ကိုနာကြားရ၍ အကျွန်ုပ်၏ ဤနှစ်သက် ဝမ်းမြောက်ခြင်းသည်သာ တုတ်

ဓါးလက်နက် မကိုင်ဆောင်ရသော ချမ်းသာခြင်းမျိုး ဖြစ်ပါ၏။ စင်စစ်နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှာ ဖြစ်ပါသည်”

“သိကြားမင်းသင်သည်အဘယ်အကျိုးထူးကိုမြင်၍ဤသို့ နှစ်သက်ဝမ်းမြောက်ခြင်းကို ချီးကျူးပြောဆိုပါသနည်း”

“အရှင်ဘုရား အကျွန်ုပ်သည် အကျိုးထူး ခြောက်ပါးကို မြင်၍ ချီးကျူးပြောဆိုခြင်းဖြစ်ပါသည်။

(၁) အကျွန်ုပ်သည် ဤအရပ်၌ပင် တည်နေလျက် သိကြားပင်ဖြစ်၍ အသက်ကိုလည်း တဖန်ပြန်၍ ရပါသည်။

(၂) နတ်ဘုံမှ စုတေ၍ မတွေမဝေ သတိရှိလျက် စိတ်မွေ့လျော်ရာဘုံ၌ ပဋိသန္ဓေနေရပါအံ့။

(၃) ယုံမှားတွေဝေခြင်း ကင်းသည်ဖြစ်၍ သာသနာ၌ မွေ့လျော်နေသော အကျွန်ုပ်သည် သတိ သမ္ပဇဉ်နှင့် ယှဉ်လျက် အရိယ ဖြစ်သည်နှင့်လျော်စွာ နေရပါလတ္တံ့။

(၄) အရိယ အဖြစ်နှင့် သင့်လျော်လျောက်ပတ်စွာ ကျင့်ဆောင်နေထိုင်သော အကျွန်ုပ်အား အနာဂါမိ မဂ်ဖြစ်လျှင် အထက်မဂ်ကို သိလိုသည်ဖြစ်၍ နေရပြီး ယင်းသည်ပင် လူ့ပြည်၌ အသုံးအဆောင်ကြွယ်ဝပါလတ္တံ့။

(၅) အကျွန်ုပ်သည် ယခု ဘုံမှ စုတေလျှင် နတ်ပြည်၌ သိကြားမင်း တဖန်ဖြစ်ရပါလတ္တံ့။

(၆) အသုံးအဆောင်ကြွယ်ဝသည်ရှိသော် သာလွန်မြင့်မြတ်၍ အချိန်မရွေး ချမ်းသာသော တာဝတိံသာ ဘုံသည် အကျွန်ုပ်၏ နေရာဖြစ်ပါလတ္တံ့။”

ထို့နောက်သိကြားမင်းသည် ပဉ္စသိခ နတ်သားကိုခေါ်၍ "အချင်း ပဉ္စသိခ သင်သည် ငါ့အား ကျေးဇူးများလှပေ၏။ သင်သည်မြတ်စွာဘုရားကို ရှေးဦးစွာ ခွင့်ပန်ပေ၏။ သင့်အား သင့်အဘရာထူး၌လည်း ထားအံ့၊ ဂန္ဓဗ္ဗနတ်မင်းလည်း သင်ဖြစ်အံ့။ သင်အလွန်တောင့်တသော သူရိယ ဝစ္ဆသာ နတ်သမီးကိုလည်း သင့်အားပေးအံ့"ဟု ပြောပြ၏။

ထို့နောက် သိကြားမင်းသည် လက်ဖြင့် မြေကိုပုတ်၍ "နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ"ဟု သုံးကြိမ်ဥဒါန်းကျူးရင့်၏။

# အာဠဝကသုတ်

[သုတ္တနိပါတ်ပါဠိတော် ဥရဂဝဂ်]

အခါတပါး မြတ်စွာဘုရားသည် အာဠဝီပြည် အာဠဝကဘီလူး၏ ဗိမာန်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အာဠဝကဘီလူးသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ "ရဟန်း ထွက်သွားလိုက်" ဟု နှင်ချ၏၊ မြတ်စွာဘုရားသည် "ငါ့ရှင် ကောင်းပါပြီ" ဟု ပြောကာ ထွက်သွား၏။ တဖန် ဘီလူးက "ရဟန်း ဝင်လော့" ဟု အမိန့်ပေးပြန်၏။ မြတ်စွာဘုရားလည်း "ငါ့ရှင် ကောင်းပါပြီ" ဟု ပြောကာ ပြန်ဝင်၏။

အာဠဝကဘီလူးသည် ယင်းသို့လျှင် သုံးကြိမ်တိုင်တိုင် ထွက်လိုက်၊ ဝင်လိုက်ဟု အမိန့်ပေး၏။ မြတ်စွာဘုရားလည်း အမိန့်အတိုင်းပင် ကောင်းပါပြီဟု ဝန်ခံကာ ထွက်ချည်၊ ဝင်ချည်ပြု

လုပ်၏။ လေးကြိမ်မြောက်ဘီလူးက “ရဟန်းထွက်သွားလိုက်ပါ” ဟု ဆိုသောအခါ မြတ်စွာဘုရားထွက်မသွားတော့။

“ငါရှင်ငါမထွက်တော့ပါ၊ သင်ပြုဖွယ်ကိစ္စ ရှိသမျှကိုပြုပါလော” ဟု ပြောကာ ထိုင်မြဲထိုင်နေ၏၊ထိုအခါဘီလူးကဤသို့ဆို၏။

“ရဟန်းသင့်ကို ပြဿနာမေးအံ့၊ အကယ်၍မဖြေနိုင်လျှင် သင်၏စိတ်ကိုသော်လည်း ပြန့်လွင့်စေအံ့၊ သင်၏နှလုံးသားကိုမူလည်း ခွဲလိုက်အံ့၊ ခြေကိုမူလည်းကိုင်၍ ဂင်္ဂါမြစ် တဖက်သို့ပစ်လိုက်အံ့”

“ငါရှင် အာဠဝက လောက၌ငါ့အား ဤသို့ပြုနိုင်မည့်သူကို ငါမမြင်ပါ၊သို့ရာတွင်သင်မေးလိုသော ပြဿနာကိုမေးပါ”

ထိုအခါ အာဠဝကဘီလူးသည် မိမိသိလိုသော ပြဿနာတို့ကိုမေး၏။ ထိုပြဿနာများကို မြတ်စွာဘုရားက ဖြေကြားတော်မူ၏။

[ ၁ ]

“ဤလောက၌ ယောကျ်ား၏ မြတ်သော ဥစ္စာသည် အဘယ်နည်း”

“ယုံကြည်မှု သဒ္ဓါတရားပင်တည်း”

သဒ္ဓါတရားသည် လူ၏ ဥစ္စာမြတ်ဖြစ်၏။ အမြတ်ဥစ္စာကို ရှာဖွေသူတို့အတွက်ကား ယင်းသည် အဖိုး မဖြတ်နိုင်သော ရတနာမြတ်ဖြစ်၏။ အဋ္ဌကထာဆရာတို့သည် သဒ္ဓါကို စကြာ

မင်းကြီး၏ပတ္တမြားရတနာနှင့်နှိုင်းယှဉ်ကြ၏။ စကြာမင်းကြီး၏ ပတ္တမြား ရတနာသည် ကိုယ်တိုင်လည်း ကြည်လင် တောက်ပသည်။ ယင်းနှင့်စပ်ယှဉ်သော အရာဝတ္ထုတို့ကိုလည်း ကြည်လင်တောက်ပစေနိုင်၏။အကယ်၍ထိုပတ္တမြားကိုနောက်ကျုနေသော ရေထဲထည့် လိုက်ပါက ထိုရေသည် ကြည်လင် သန့်စင်၍ သွား၏။ ထို့အတူ သဒ္ဓါသည် ကိုယ်တိုင်လည်းကြည်လင် သန့်စင်သည်။ ယင်းနှင့်တွဲဖက်၍ဖြစ်သောတရားတို့ကိုလည်း ကြည်လင်သန့်စင်စေ၏။

ယုံကြည်သက်ဝင် တတ်သောကြောင့် သဒ္ဓါ မည်၏။ အလွန်ကြည်လင်သော ရေပြင်မှန်ပြင်တို့သည် လဝန်း နေဝန်း စသော အရိပ် နိမိတ်တို့ကို မိမိတို့အတွင်း၌ ကောင်းစွာသွင်း၍ ထားဘိသကဲ့သို့ ထို့အတူသဒ္ဓါတရားသည်လည်း ကောင်းမြတ်သော အာရုံတို့ကို မိမိအတွင်း၌ သွင်းထားခြင်း သဘောရှိ၏၊ ယင်းကိုပင် ယုံကြည်မှု ကြည်ညိုမှုဟုဆို၏။

သဒ္ဓါသည် လက်နှင့်လည်းတူ၏။ ရတနာကိုတွေ့ပါသော်လည်း လက်မရှိက ကောက်ယူရန် မစွမ်းနိုင်သကဲ့သို့သဒ္ဓါတည်းဟူသော လက်မရှိပါက ကုသိုလ်ကောင်းမှုတို့ကို တွေ့မြင်ပါသော်လည်း ကောက်မယူနိုင်ချေ။ အခြားအဘယ် အလုပ်ကိုလည်း ပြုလုပ်နိုင်ပါဦးမည်နည်း။

သဒ္ဓါသည် ရွှေငွေ ရတနာနှင့်လည်း တူ၏။ ရွှေငွေ ရတနာမရှိလျှင် မည်သည့် အသုံးအဆောင် အခမ်းအနားမျှ ပြည့်စုံနိုင်မည်မဟုတ်သကဲ့သို့ သဒ္ဓါတည်းဟူသောရွှေငွေရတနာ မရှိပါက လောကီ လောကုတ္တရာ အသုံးအဆောင်တို့နှင့် ကင်း

ဆိတ်၏၊ ရွှေငွေမရှိသူသည် ဆင်းရဲဒုက္ခ ရောက်သကဲ့သို့ သဒ္ဓါ မရှိသူလည်း ဆင်းရဲဒုက္ခရောက်၏။

သဒ္ဓါသည် မျိုးစေ့နှင့်လည်းတူ၏။ မျိုးစေ့ မရှိလျှင် မစိုက်ပျိုးရ၍ အသီးအနှံ မသုံးဆောင်ရသကဲ့သို့ သဒ္ဓါတည်းဟူသော မျိုးစေ့မရှိပါက လောကီလောကုတ္တရာ၌ ဖြစ်သော ကောင်းမြတ်သော အသီးအပွင့်တို့ကို သုံးဆောင် ခံစားရမည် မဟုတ်။

သို့ရာတွင် သတိပြုဖွယ်ကား သဒ္ဓါ အားကြီးရာ၌ ဆိုး ကောင်းယုတ်မြတ် အမှတ်မထင် မဆင်ခြင်တတ် ပညာကင်း လွတ်သည်၏ အဖြစ်သည် ဝါ-မသိတတ်သော မောဟသည် သဒ္ဓါယောင်ယောင်ဟန်ဆောင်ဖြားယောင်းတတ်ခြင်းပင်ဖြစ်၏။

[ ၂ ]

"ကောင်းသော အလေ့အကျင့်တို့တွင်အဘယ်အလေ့ အကျင့်သည် ချမ်းသာကို ဆောင်နိုင်သနည်း"

"ကောင်းစွာကျင့်သောတရားသည် ချမ်းသာကိုဆောင် နိုင်၏"

ကုသိုလ် ကမ္မပထတရားဆယ်ပါးကိုကောင်းစွာကျင့်ခြင်း ပင် ဖြစ်၏။ ယင်းဆယ်ပါးမှာ....

(၁) ဒါန-ပေးကမ်းလှူဒါန်းခြင်း။
(၂) သီလ-သီလဆောက်တည်ခြင်း။
(၃) ဘာဝနာ-ကမ္မဋ္ဌာန်းဘာဝနာ ပွားများခြင်း။

(၄) အပစာယန- အသက်အရွယ် ဂုဏ်သိက္ခာကြီးသူတို့ကို ရိုသေခြင်း။
(၅) ဝေယျာဝစ္စ-အသက်အရွယ် ဂုဏ်သိက္ခာကြီးသူတို့၏ အမှုကိစ္စကိုဆောင်ရွက်ခြင်း။
(၆) ပတ္တိဒါန-မိမိရရှိသော ကုသိုလ်အဘို့ကို အမျှပေးခြင်း။
(၇) ပတ္တာနုမောဒန-သူတပါးတို့ ပေးဝေသော ကုသိုလ်အဘို့ကို သာဓုခေါ်ခြင်း။
(၈) ဓမ္မသဝန-တရားနာခြင်း။
(၉) ဓမ္မဒေသနာ-တရားဟောခြင်းနှင့်။
(၁၀) ဒိဋ္ဌုဇုကမ္မ-အယူအဆဖြောင့်မှန်ခြင်းတို့ ဖြစ်၏။

ယင်းတရားဆယ်ပါးကို ကောင်းစွာ လေ့ကျင့်ပါလျှင် ချမ်းသာကို ဆောင်နိုင်မည်ဖြစ်၏။

ဤဆယ်ပါးကို ပုညကြိယာဟုလည်း ခေါ်၏။ စင်စစ်လူတို့ ကျင့်စဉ် တရားတို့ပင်ဖြစ်၏။ ဝိနည်းပိဋကတ် တော်၌ ရဟန်းသည် လူတို့ကုသိုလ် ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သောဈာန် မဂ်ဖိုလ် တရားကို မိမိသို့ဆောင်ကပ်၍ ပြောဟောလျှင် ပါရာဇိက အာပတ် သင့်ကြောင်း ဆို၏။ သို့ဖြင့် ယင်းဆယ်ပါးသည် လူတို့ကျင့်စဉ် ဖြစ်ကြောင်း ထင်ရှား၏။ လူတို့သည် မိမိတို့၏ ဤကောင်းမြတ်သော ကျင့်ဝတ် တို့ကို ကောင်းစွာ အလေ့အကျင့်ပြုပါလျှင် ချမ်းသာသုခကိုဆောင် လိမ့်မည်သာတည်း။

[ ၃ ]

"အရသာတို့တွင် ဘယ်အရသာသည် သာ လွန် ချိုမြိန်သောအရသာဖြစ်ပါ သနည်း"

"စင်စစ် သစ္စာသည် အရသာတို့တွင် သာလွန် ချိုမြိန်သောအရသာဖြစ်၏"

ဤတွင်သစ္စာမှာ မှန်ကန်စွာ ပြောဆိုခြင်းဖြစ်၏။ ယင်းသည် မုသာဝါဒနှင့် ဆန့်ကျင်ဘက် ဖြစ်၏။ အကုသိုလ်မှာ မုသာဝါဒ ကုသိုလ်မှာကား သစ္စဝါစာသည် အလေးဆုံးဖြစ်၏။ အကုသိုလ်မှာ မုသာဝါဒသည်အပြစ်ကြီး၍ကုသိုလ်မှာသစ္စာဝါစာသည် အကျိုးကြီး၏။ သို့ကြောင့် မဃဒေဝ၌ "သစ္စာဘောက်လှန်၊ မဘောင်မှန်က၊ ဘေးဒဏ် ရောက်ကာ၊ ပျက်တတ် စွာ၏။ သစ္စာနှုတ်သီး၊မန္တန်ကြီးကား၊ သေပြီးသော်မှ၊ ရှင်ပြန် ရ၏"ဟု စပ်ဆိုခြင်းဖြစ်၏။ ထိုမှတပါး သစ္စဝါစာနှင့် ပတ် သက်သော အထောက်အထားတို့ကို မဃဒေဝမှပင်ကောက်နှုတ် ဖော်ပြပါဦးမည်။

( က )

ရှေးကဖြစ်ဟန်၊ လောင်းသုဝဏ်ကို
ပြုံးမာန်တစိ၊ ရန်စယှဉ်သို့
ပိဠိယက္ခ၊ ဗာရာဏသီခင်
လေးကြီးငင်၍ နှင်သို့ယောက်ျား

ဘယ်သူ့သားနည်း၊ သိကြားတမုံ့
ဖြစ်သင်တို့မှ၊ လွတ်ပုံ့အရေး
ယုံလတ်သေးဟု၊ မနေ့လျှင်ဟူး
မြှားဆိပ်လူးဖြင့်၊ ရွှေဒူးယာဘက်
မြေ့ထက်အားထုတ်၊ ချောင်းကာတုတ်၍
ရွယ်ဖြုတ်ချိန်ကာ၊ ပစ်သောခါနှိုက်
သစ္စာဆိုသီး၊ သောတပြီးလျက်
ရှင်ကြီး–ရှင်ပြန်၊နုတ်မတန်တည့်။

( ခ )

ပြင်းထန်ဆိတ်တောက်၊ တောမြေဟောက်လျှင်
ပေါက်၍မြေဝယ်၊ သူငယ်စင်းစင်း
သေတုံလျှင်းလည်း၊ မှန်ခြင်းအရာ
မိမာတာတို့၊ သစ္စာဆိုကြ
ငုတ်ငုတ်ထပေါ်....။

( ဂ )

ထိုမှတသူယ်၊ တောမြိုင်လယ်တွင်
ငုံးငယ်မီးရှောင်၊ ပင်လယ်ခေါင်ဝယ်
ရေဆောင်နစ်မျော၊ သဘော်ဝဲစုတ်
ပလဝါမုတ်မူ၊ ဆယ်ထုတ်ဘေးကင်း

ငါမင်းရာဇာ၊ နွေလခါနိုက်
သစ္စာမှန်တိုင်း၊ ရွတ်ဆိုခိုင်းက
ဗျိုင်းအောက်တို့ဘိုး၊ ခ မယ် မိုးလျှင်
ကြိုးရှိရွာချ၊ ဤသို့စသား
များလှဝတ္ထု၊ အစုစုကို
ရှေ့ဉသည်းအူ၊ မှတ်နည်းယူလော့။

( ဿ )

ဤလူတို့မှာ၊ မပျက်ရာသား
သစ္စာမဏ္ဍိုင်၊ ချိန်ကြိုးခိုင်က
ရှေ့တိုင်မြင်းမိုရ်၊ ယုဂန္ဓိုရ်တို့
လဲပြိုဘိလည်း၊ မပိထိုသူ
တည်လိမ့်ဟူ၏....။

( ၄ )

မသူတော်မှာ၊ သစ္စာမကြိုက်
မုသားလိုက်၏၊ ဒုစရိုက်အမူ
လောကလူတွင်၊ ပြောထူမုသား
ထိုသူအားကား၊သားတိမ်းသား
သမီးများဟု၊ ထင်ရှားကျမ်းနိုက်
မိန့်တော်ရိုက်၏....။

( ဝ )

သူမိုက်ဝါဒ၊ စေတိယံနှင့်
ထိုမှဘုံပြိ၊ ကရမ္ပိတို့
အဝိစိထဲ၊ မီးငရဲသို့
မြေခွဲ၍မျို၊ အစတိုရှင့်....။

( ဆ )

အလိုမကောင်း၊ သူ့အပေါင်းက
တိမ်းစောင်းပယ်ရှာ၊ သူတော်စွာမူ
သစ္စာသက်ဆုံး၊ စောင့်ကြံသုံး၍
နှလုံးမပျက်၊ နှတ်ပြည်ဘက်၏ ...။

ရာဟုလောဝါဒသုတ်တွင် မြတ်စွာဘုရားသည်ခြေဆေးအင်တုံကို မှောက်ပြီး ရှင်ရာဟုလာအား "ရာဟုလာသိလျက်ချွတ်ယွင်းသောစကားကိုဆိုရာ၌အရှက်မရှိသော ရဟန်းတို့အား ရဟန်းတရားသည် ဤအတူ မှောက်ထားပြီးဖြစ်၏။" ဟုဩဝါဒပေးပြီးနောက်တဖန် ခြေဆေးအင်တုံကိုလှန်ပြပြီး "ရာဟုလာသိလျက်ချွတ်ယွင်းသော စကားကိုဆိုရာ၌ ၊ အရှက်မရှိသော ရဟန်းတို့အား ရဟန်းတရားသည် ဤအတူအချည်းအနှီး ဖြစ်၏" ဟု ဩဝါဒပေးတော်မူ၏။ ဗုဒ္ဓဝင်ပါဠိတော်တွင်သစ္စဝါစာနှင့် ပတ်သက်၍ မြတ်စွာဘုရားဤသို့ဟောကြားတော်မူ၏။

“သာရိပုတြာ ရွေးချယ်စိစစ်သော ထိုငါသည် ရှေးရှေးဘုရားတို့ ရှေးရှုမှီဝဲအပ် အဖန်တလဲလဲ အမြဲမှီဝဲအပ်သောသတ္တမမြောက် သစ္စာ ပါရမီကို ထိုအခါ ငါ မြင်၏။ အိုသုမေဓာရသေ့ သင်သည် အစဉ်သင့် သတ္တမမြောက် သစ္စာပါရမီကိုမြဲစွာပြု၍ ဆောက်တည်လော့၊ ထိုပါရမီ၌ စကားနှစ်ခွ မဖြစ်ပါလျှင် ဘုရားအဖြစ်သို့ ရောက်လိမ့်မည်။ သောက်ရှူးကြယ်သည်နတ်နှင့်တကွ လောက၌ ချိန်နှင့် တူသည်ဖြစ်၍ ညဉ့်ဦး သန်ကောင် မိုးသောက်အခါ၌လည်း, ဆောင်းနွေမိုး ဥတု၌လည်း ဘယ်အခါမျှ သွားမြဲခရီးကို မလွန်သကဲ့သို့ ထို့အတူသင်လည်း သစ္စာ၌ တည်၍ ဆိုမြဲစကားကို မလွန်စေလင့်၊ သစ္စာပါရမီကိုဖြည့်က ဘုရားဖြစ်လိမ့်မည်။”

မုသာဝါဒမှာ အပြစ်ကြီးသလောက် သစ္စာဝါစာမှာ အကျိုးကြီးပါ၏။ ဘုရားဖြစ်သည့် အထိပင်ပို့ဆောင် နိုင်၏။ သို့ကြောင့် မြတ်စွာဘုရားသည် အရိယာတို့တွင် သစ္စာသည် အချုပ်ဆုံးဟု ဖြေဆိုတော်မူခြင်းဖြစ်၏။

[ ၄ ]

“အဘယ်သို့အသက်ရှင်ခြင်းကို မြတ်သော အသက်ရှင်ခြင်းဟု ဆိုကုန်သနည်း”

“ပညာဖြင့် အသက်ရှင်ခြင်းကို မြတ်သော အသက်ရှင်ခြင်းဟုဆိုကုန်၏။”

အပြားအားဖြင့် သိတတ်သောကြောင့် ပညာမည်၏။ အပြားအားဖြင့် သိခြင်းမှာ တခုနှစ်ခုသာ သိခြင်း မဟုတ်၊ တဖက်သာသိခြင်း မဟုတ် ဟိုဘက်သည်ဘက်ဖြန့်ကြက်၍ အငုံအလင်သိခြင်းဖြစ်၏။ သိရန်၊ တတ်ရန်၊ လိမ္မာရန်၊ မြော်မြင် ဆင်ခြင်နိုင်ရန်ဖြစ်သောတရားသဘောသည် ပညာမည်၏။ ယင်းကိုမောဟနှင့် ဆန့်ကျင်ဘက်ဖြစ်၍ အမောဟဟုလည်းခေါ်၏။ သိတတ်သောကြောင့်ဉာဏ်ဟုရင်း၊ ဝိဇ္ဇာဟုရင်း၊ ဗောဓိဟုရင်း၊ ဗုဒ္ဓိဟုရင်းခေါ်၏။

ပညာဟူသည် သတ္တဝါတို့၏ အလွဲအမှားတို့ကို အကုန်ဖျက်ဆီး၍ အမှန်ရောက်အောင် ပြုလုပ်နိုင်၏။ အမိုက်ကို အလင်းဖြစ်အောင်လုပ်နိုင်၏၊ လမ်းမှားနေသည်ကို လမ်းမှန်သို့ ပို့ဆောင်တတ်၏။ အဝိဇ္ဇာကြောင့် မျက်စိကန်းနေသည်ကို ထင်လင်းစွာမြင်အောင် ကုမတတ်၏။ တဏှာတည်းဟူသော အချုပ်အထွေးကို ဖြေရှင်းသုတ်သင်တတ်၏။ ကိလေသာအညစ်အကြေးကို ဆေးလျှော်တတ်၏။ ယင်းသည် ဟုတ်မှန်သော ဓါတ်ရင်းသဘောရင်းအတိုင်း ထိုးထွင်းသိမြင်ခြင်း လက္ခဏာရှိ၏။ အာရုံကို ထွန်းပြခြင်း ကိစ္စရှိ၏။

ဘုရားအဖြစ်သို့ ရင့်ကျက်စေတတ်သော ပါရမီ ဆယ်ပါးတွင် ပညာသည် တပါးအပါအဝင်ဖြစ်၏။ ပညာပါရမီနှင့် ပတ်သက်၍ ဗုဒ္ဓဝင်ပါဠိတော်တွင် ဤသို့ဟောကြားတော်မူပါသည်။

"စူးစမ်းရှာဖွေသော ထိုငါသည် ရှေးရှေးဘုရားတို့ ရှေးရှုမိဝဲအပ် အဖန်တလဲလဲ အမြဲမှီဝဲအပ်သော စတုတ္ထမြောက် ပညာပါရမီကို ထိုအခါ ငါတွေ့မြင်၏။ အို သူမေဓာရှင်သော

သင်သည် အစဉ်သင့်စတုတ္ထမြောက် ဤပညာပါရမီကို မြဲစွာပြု၍ ဆောက်တည်လော့။ အကယ်၍ ဘုရားဖြစ်လိုပါလျှင် ဤပညာပါရမီကိုဖြည့်လော့။ ဆွမ်းခံသောရဟန်းသည် ဒါယကာအယုတ် အလတ် အမြတ်ကို မကြည့်ဘဲ မျှလောက်ရုံ ဆွမ်းကိုခံယူသကဲ့သို့ ထို့အတူ သင်လည်း အစဉ်မပြတ် ပညာရှိတို့ထံ မေးမြန်းစူးစမ်းပြီး ပညာပါရမီကို ဖြည့်က ဘုရားဖြစ်လိမ့်မည်"

အသက်ရှင်ခြင်းတို့တွင် ယင်းသို့လျှင် ပညာအမြော်အမြင်နှင့် အသက်ရှင်နေရခြင်းသည်သာ မြတ်သော အသက်ရှင်ခြင်းမည်ပါသည်။ သို့မဟုတ်က ယုတ်ညံ့စွာ အသက်ရှင်နေခြင်းဟု ဆိုနိုင်ပါသည်။

ပညာရှင်ကို ပဏ္ဍိတ၊ ပညာမရှိသူကို ဗာလ သူမိုက်ဟု ခေါ်ကြ၏။ ထိုပဏ္ဍိတ ဗာလနှင့် ပတ်သက်၍ မန်လည်ဆရာတော်စပ်ဆိုချက်အချို့ကို ကောက်နုတ်ဖော်ပြပါဦးမည်။

( က )

အအိပ်, အစား၊ မေထုန်အားဖြင့်
သုံးပါးသာမျှ၊ သိတတ်ကြသား
ဗာလ တိရစ္ဆာန်၊ နိဗ္ဗာန်နှင့်ဝေး
မိုက်သေးတူမျှ၊ မကွဲကြဘူး။

( ခ )

ထိုဗာလဟူ၊ လူတို့သဘော
ပမာလျော၊ ဥသြဥနည်း

ညိုရောင်ချည်းသို့၊ အထည်းစာရိတ်
ကိုယ်စိတ်နှစ်ဝ၊ တွင်း အပပင်
မလှသည်သာ၊ ဆိုးယုတ်မာ၏။

( ဂ )

ပညာယုိရှင်၊ သူတော်စင်မူ
ရုပ်သွင် ရူပ၊ မြင်မလှလည်း
ပြင်ကညိုလျက်၊ ကျိုးနက်ဥတူ
အတွင်းဖြူ၏....။

( ဃ )

မသူတော်ညစ်၊ သူတော်စစ်တို့
ကျိုးပြစ်ခြင်းရာ၊ ဤနှစ်ဖြာနှင့်
လက္ခဏာတရား၊ လွန်ထင်ရှားသည်
ခြား၏ကျင့်ပြု မူရာဘည်း။

( င )

ကျင့်မှုအပြု၊ မှတ်ကြောင်းရှုသော်
ဒုစိန္တိတ၊ စိန္တာစသား
ဗာလ လက္ခဏာ၊ မှန်စွာထိုပြီ
သုစိန္တိတ၊ စိန္တာ စသား
ဉာဏမဆိတ်၊ ပဏ္ဍိတ်လက္ခဏာ
သုံးဖြာကမှ၊ တံခွန်ပြ၏။

( ၈ )

လောကလူ့ရွာ၊ လူတို့မှာမူ
အချို့သူက၊ ဤလူ့ဗာလ
ဟူကုန်ကြလည်း၊ ချို့ကတုံသော်
ပဏ္ဍိတ်ခေါ်၏၊ သူတော်သူယုတ်
လူတို့နှုတ်ကား၊ သမုတ်မခြဲ
မှတ်ရာ ခဲ့ရှင့်....။

( ၉ )

သိခဲ့ မှတ်ခဲ့၊ သို့တပဲလည်း
ဝေခွဲသေချာ၊ ယှဉ်ပညာတို့
လက္ခဏာမှန်ပြ၊ စံညွှန်ကြ၏။

( ၁၀ )

ဗာလမည်ငြား၊ ထိုယောကျ်ားကား
နွားချေးပုံထက်၊ ဖားလတက်လျှင်
တက်မိသောအား၊ ဆောင့်ကြွားမျှသာ
ထိုင်တတ်ကာဖြင့်၊ ငါခြင်္သေ့မှတ်
ထင်မှားတတ်သို့၊ မချွတ်တူရောင်
ဉာဏ်မဲ့ဘောင်ဝယ်၊ မာန်ထောင်ဟုန်းစုံး
ငါဟုကြုံး၍၊ လက်ရုံးချီကြွ
သံဝှန်ပ၏။

# [ ၅ ]

"အဘယ်ဖြင့် ဩဃကို ကူးမြောက်နိုင်သနည်း"

"ယုံကြည်မှု သဒ္ဓါတရားဖြင့် ဩဃကို ကူးမြောက်နိုင်၏"

ဩဃဟူသည်မှာ မိမိ၌ကျရောက်သော သတ္တဝါကို သက်သာခွင့် မရအောင်ပူ၍ လွှမ်းမိုးလျက် သတ်တတ်သော ကြောင့် ဩဃမည်၏၊ မြစ်ပင်လယ်ထဲမှ ဝဲဩဃကြီးပင်တည်း၊ သမုဒ္ဒရာအတွင်း၌ ရှိသောဝဲဩဃကြီးသည် မိမိအပေါ်၌ ကျရောက်လေသမျှသော သတ္တဝါတို့ကို အတင်းနှစ်၍ သတ်တတ် သကဲ့သို့ရင်း, ကူးမြောက်ခြင်းငှာလည်း ခဲယဉ်းသကဲ့သို့ ရင်း ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃဟူသော ဩဃကြီးလေးပါးတို့သည် မိမိနှင့် ဆက်ဆံသမျှသော သတ္တဝါတို့ကို ဒုက္ခအတွင်း၌ အတင်းနှစ်၍လည်း သတ်တတ်ကြ၏၊ ကူးမြောက် ရန်လည်း ခဲယဉ်းကြ၏၊ ထို့ကြောင့် ကာမောဃ အစရှိသော တရားလေးပါးတို့သည် ပကတိဝဲဩဃကြီးနှင့် တူကြ၏။

ကာမောဃဟူသည်မှာ ကာမဩဃဖြစ်၏၊ ကာမာဝစရ တရားတို့၌ သာယာ တပ်သော တဏှာသည် ကာမောဃ မည်၏၊ ကာမတဏှာတည်းဟူသော ဝဲဩဃကြီးပင်တည်း။

ဘဝေါဃဟူသည်မှာ ဘဝဩဃဖြစ်၏၊ မဟဂ္ဂုတ်ကုသိုလ်တည်းဟူသော ကမ္မဘဝ, မဟဂ္ဂုတ်ဝိပါက်တည်း ဟူသော ဥပပတ္တိဘဝစုကို ဤ၌ဘဝဟုဆိုအပ်၏။ ထိုဘဝသစ်၌ သာယာ တပ်မက်သော တဏှာသည် ဘဝေါဃမည်၏။

ဒိဋ္ဌောဃဟူသည်မှာ ဒိဋ္ဌိသြဃဖြစ်၏၊ အမှတ်မရှိသော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိသြဃမည်၏။ အတွေး၊ အမြင်ဟုခေါ်သော အဘိဓမ္မာဝဲသြဃပင်တည်း။

အဝိဇ္ဇောဃဟူသည်မှာ အဝိဇ္ဇာသြဃဖြစ်၏။ အမှတ်မရှိသောမောဟစေတသိက်သည် အဝိဇ္ဇောဃမည်၏။ အဝိဇ္ဇာဝဲသြဃပင်တည်း။

ဤသြဃလေးပါးကို ယုံကြည်မှုသဒ္ဓါ တရားဖြင့်သာကူးမြောက်နိုင်မည်။ သဒ္ဓါတရားတည်းဟူသော လှေသင်္ဘောဖြင့်ကူးမှသာ ယင်းသြဃလေးပါး တဖက်သို့ရောက်မည်၊ သို့မဟုတ်ပါကဝဲသြဃထဲမှာ အလူးအလဲခံနေရမည်။

[ ၆ ]

"အဘယ်ဖြင့် သမုဒ္ဒါကိုကူးမြောက်နိုင်သနည်း"

"မမေ့လျော့မှု အပ္ပမာဒ တရားဖြင့် သမုဒ္ဒါကိုကူးမြောက်နိုင်၏"

ဤတွင်သမုဒ္ဒါဟူသည်မှာ သံသရာဖြစ်၏။ သံသရာဟူသည်မှာလည်းခန္ဓာ အာယတနဓာတ်တို့ အဆက်မပြတ်ဖြစ်ပျက်နေခြင်းပင်တည်း။ သမုဒ္ဒါကိုကူးမြောက်ခြင်းနှင့် ပတ်သက်၍ ဣတိဝုတ်ပါဠိတော်တွင်ဤသို့ ဟောကြားတော်မူ၏။

ရဟန်းတို့ ရဟန်းယောကျ်ားဖြစ်စေ ရဟန်းမိန်းမဖြစ်စေ အကြင်တစုံတယောက်သည် ရာဂကိုရင်း၊ ဒေါသကိုရင်း၊ မောဟကိုရင်းမပယ်နိုင်သေး၊ ရဟန်းတို့ဤပုဂ္ဂိုလ်ကို လှိုင်းဘုံးဝဲဖမ်း

ယူတတ်သော ငါးမကန်းရက္ခိသ်နှင့် တကွသောသမုဒ္ဒရာကိုမကူး မြောက်နိုင်သေးဟုဆိုအပ်၏ ရဟန်းတို့ပယ်နိုင်သော ပုဂ္ဂိုလ်ကို ကူးမြောက်နိုင်သူဟုဆိုအပ်၏။

ဤတွင်ကားမြတ်စွာဘုရားသည်ထိုသမုဒ္ဒရာကိုကူးမြောက် နိုင်ရေးနှင့်ပတ်သက်၍ အပ္ပမာဒတရားကို ဖြေကြားတော်မူ၏။

အပ္ပမာဒဟူသည်မှာမမေ့မလျော့ခြင်းဖြစ်၏။ယင်းတရား နှင့်ပတ်သက်၍ မြပဒပ ဋ္ဌတော်အပ္ပမာဒဝဂ်ကို လေ့လာသင့်၏။

မမေ့ မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏အကြောင်းတည်း။ မမေ့လျော့ သောသူတို့သည်သေသည် မမည်ကုန်၊ မေ့လျော့သော သူတို့ သည် သေသည်မည်ကုန်၏။

မမေ့မလျော့သောပညာရှိဘို့သည်ဤသို့ထူးခြားကြောင်း ကိုသိ၍ မမေ့မလျော့သော သတိတရား၌ရှင်လန်းဝမ်းမြောက် ကုန်လျက်အရိယာတို့၏ကျက်စားရာ လောကုတ္တရာတရားကိုးပါး၌ မွေ့လျော်ကြကုန်၏။

ဤမမေ့မလျော့သော အပ္ပမာဒတရားဖြင့် ရာဂ၊ဒေါသ၊ မောဟကိုကုန်စေပါက အမှန်ပင်သံသရာသမုဒ္ဒရာမှ လွန်မြောက် နိုင်လိမ့်မည်။

[ ၇ ]

"အဘယ်ဖြင့်ဆင်းရဲကို လွန်မြောက်နိုင်သနည်း"

"ထကြွ လုံ့လ ဝီရိယဖြင့် ဆင်းရဲကို လွန်မြောက် နိုင်၏"

ဆင်းရဲဟူသည် အဘယ်နည်း။ မြတ်စွာ ဘုရားသည် ဓမ္မကြာ၍ အရိယာတို့ သိသင့်သော ဆင်းရဲခြင်း အမှန် တရားတို့ကို ဟောကြားတော်မူ၏။

"ရဟန်းတို့ ပဋိသန္ဓေ နေရခြင်းသည်လည်း ဆင်းရဲ၏။ အိုမင်းရင့်ရော် ရခြင်းသည်လည်း ဆင်းရဲ၏။ ဖျားနာရခြင်းသည်လည်း ဆင်းရဲ၏။ သေရခြင်းသည်လည်း ဆင်းရဲ၏။ မချစ်မနှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့်အတူတကွ ပေါင်းယှဉ်ရခြင်းသည်လည်း ဆင်းရဲ၏။ ချစ်နှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့် မပေါင်းယှဉ်ရခြင်း သည်လည်း ဆင်းရဲ၏။ တောင့်တတိုင်း မရခြင်းသည်လည်း ဆင်းရဲ၏။ အကျဉ်းအားဖြင့် ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည်လည်း ဆင်းရဲ၏။"

ဆင်းရဲခြင်းမှာ နှစ်မျိုးရှိသည်။ တမျိုးမှာ ကိုယ်ဆင်းရဲခြင်းဖြစ်၍ နောက်တမျိုးမှာ စိတ်ဆင်းရဲခြင်းဖြစ်၏။ ကိုယ်ဆင်းရဲခြင်းကို ပါဠိလို ဒုက္ခဟုဆို၍ စိတ်ဆင်းရဲခြင်းကို ပါဠိလိုဒေါမနဿဟုဆို၏။ အဘိဓမ္မာအနေဖြင့် ကိုယ်ဆင်းရဲသော ဒေါသသည် အနိဋ္ဌဖြစ်သောဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာရှိ၏။ ယှဉ်ဖော်ယှဉ်ဖက်တရားတို့ကို ညှိုးနွမ်းစေခြင်းကိစ္စရှိ၏။ ဒေါမနဿသည် သဘာဝကိုကြံစည်သော အနိဋ္ဌာရုံကိုခံစားခြင်း လက္ခဏာရှိ၏။ အနိဋ္ဌာရုံအနေအားဖြင့် ခံစားသုံးဆောင်ခြင်း ကိစ္စရှိ၏။

ယင်းသို့သဘောရှိသော ဆင်းရဲလွန်မြောက်ရန်မှာ ထက်ြွလုံ့လဝီရိယဖြစ်၏။ လုံ့လဝီရိယရှိသူသည် ဆင်းရဲကိုလွန်မြောက်နိုင်၏။ မရှိလျှင်ဆင်းရဲကို အလူးအလဲ ခံရမည်သာတည်း၊ မည်

သည့်အမှုကိစ္စမျိုး၌မဆို မတွန့်မဆုတ်ရဲရင့်စွာ အားထုတ်သူကို ဝီရိယဟုခေါ်ဆို၏ ရဲစွမ်းသတ္တိရှိသော သူရဲကောင်းပင်တည်း။

"ရဟန်းတို့ လုံ့လဝီရိယရှိသော သူအားအဘယ်အမှုကိစ္စသည်မပြီးမြောက်ဘဲ ရှိမည်နည်း" ဟု မြတ်စွာဘုရားဟောကြားတော်မူ၏။ ထိုသူသည်မိမိပြုသင့်၊ ပြုထိုက်သော ကိစ္စ၏ ပြီးစီးရန်အရေး၌သာ ပြုလုပ်ဆောင်ရွက်မည့်အနေအထားအသင့်ရှိ၏။ ဤသဘောဖြင့် မိမိအကျိုး သူတပါးတို့၏ အကျိုးဟူသောအကြောင်းကြောင့် အထူးသဖြင့်မရပ် မနားဘဲကြိုးစားအားထုတ်တတ်၏။ သို့ကြောင့်ဝီရိယမည်၏။

ဤဝီရိယကို ဝါယမဟုလည်းခေါ်၏။ ယင်းသည်သမ္မာဝါယာမနှင့်မိစ္ဆာဝါယာမဟု နှစ်မျိုးရှိ၏။ ကောင်းမွန်မှန်ကန်သောအလုပ်၌ အားထုတ်ခြင်းနှင့် မကောင်းမှု၌ အားထုတ်ခြင်းဖြစ်၏။ ဝါယာမစိုက်သူသည် ကောင်းလျှင် ဘုရားဖြစ်အောင်ကောင်းနိုင်၍ မကောင်းလျှင် အဝီစိရောက်အောင် ဆိုနိုင်သည်။ ဗုဒ္ဓဝင်ပါဠိတော်ဝီရိယပါရမီ၌ ဤသို့ဟောကြားတော်မူသည်။

"စူးစမ်းသောငါသည် ရှေးရှေးဘုရားတို့ ရှေးရှုမှီဝဲအပ်သောအဖန်တလဲလဲ အပြဲမှီဝဲအပ်သောပဥ္စမမြောက်ဝီရိယပါရမီကို ထိုအခါ၌ တွေ့မြင်၏။ အို သုမေဓာရသေ့သင်သည် အစဉ်သင့် ပဥ္စမမြောက်ဝီရိယပါရမီကို မြဲစွာပြု၍ဆောက်တည်လော့။ဘုရားအဖြစ်သို့ အကယ်၍ရောက်ချင်ပါလျှင် ဝီရိယပါရမီကိုဖြည့်လော့ ခြင်္သေ့မင်းသည် ထိုင်ခြင်း, ထခြင်း, လမ်းလျှောက်ခြင်း၌မတွန့်သောဝီရိယရှိ၏။ အခါခပ်သိမ်းချီးပင့်သော စိတ်နှလုံးရှိသကဲ့သို့

ထို့အတူသင်လည်း ခပ်သိမ်းသောဘဝ၌ လုံ့လဝီရိယကိုမြဲစွာချီး
ပင့်လော့။ ဝီရိယပါရမီကိုဖြည့်ပါက ဘုရားဖြစ်လိမ့်မည်”

လုံ့လဝီရိယရှိပါက ဘုရားပင်ဖြစ်နိုင်ပေရာ ဆင်းရဲလွန်မြောက်ရန်အတွက်ကား မဆိုလောက်ပါ၊ ငါတို့သည်ဘယ်သို့သောဆင်းရဲနှင့်ရင်ဆိုင်နေရပါသနည်း၊ မည်သည့်ဆင်းရဲမျိုးမဆိုလာပါစေ၊ ဝီရိယသည် ထိုထိုဆင်းရဲအားလုံးကို အပြုံးမပျက် တိုက်ထုတ်ပစ်လိုက်လိမ့်မည်၊ အကယ်၍ဆင်းရဲကို ကြောက်ပါလျှင် ဝီရိယကိုတည်ဆောက်ထားပါဘိ။

[ ၈ ]

“အဘယ်ဖြင့် ထက်ဝန်းကျင် စင်ကြယ်နိုင်သနည်း”
“ပညာဖြင့် ထက်ဝန်းကျင် စင်ကြယ်နိုင်၏”

စင်ကြယ်ခြင်းနှင့်ပတ်သက်၍ သက္ကတဘာသာ မနုသမိတိတွင်ဤသို့ဖွင့်ဆို၏။

“ရေဖြင့် ကိုယ်ခန္ဓာ၏ ဗဟိဒ္ဓအစိတ်အပိုင်းများစင်ကြယ်နိုင်၏။ သစ္စာဖြင့်စိတ်စင်ကြယ်၏။ အတတ်ပညာနှင့် အကျင့်ကြောင့်အတ္တဝိဉာဏ်စင်ကြယ်၏။ အလုံးစုံ တတ်သိ ခြင်းကြောင့်ဉာဏ်ပညာစင်ကြယ်၏။မီးတွင်ဖုတ်လျှင်ရွှေစသောဓာတ်သတ္တုတို့၏အညစ်အကြေးစင်ကြယ်သကဲ့သို့အာနာပါနဆောက်တည်လျှင်စိတ်စသောဣန္ဒြေတို့၏ အညစ်အကြေးများ စင်ကြယ်၏”

ဣတိဝုတ်ပါဠိတော် သောစေယျသုတ်၌ မြတ်စွာဘုရားဟောကြားသော စင်ကြယ်ခြင်းတရားကား ဤသို့တည်း။

"ရဟန်းတို့ စင်ကြယ်ခြင်းတို့သည် ဤသုံးပါးတို့ဘည်း၊ အဘယ်သုံးပါးတို့နည်း၊ ကိုယ်၏စင်ကြယ်ခြင်း, နှုတ်၏စင်ကြယ်ခြင်း, စိတ်၏စင်ကြယ်ခြင်း သုံးပါးတို့တည်း။ ကိုယ်စင်ကြယ်မှု နှုတ်စင်ကြယ်မှု, စိတ်စင်ကြယ်မှုရှိသော အလုံးစုံသောကိလေသာ အညစ်အကြေးတို့ကို ပယ်ပြီးဖြစ်၍ ဖြူစင်မှုသောစေယျတရား နှင့် ပြည့်စုံသောအာသဝေါကင်းသူ ရဟန္တာကို စင်ကြယ်သူဟု ဆိုကြကုန်၏"

ဓမ္မပဒ ပါဠိတော်တွင် ဆဗ္ဗဂ္ဂိရဟန်းတို့အား မြတ်စွာဘုရား ဟောကြားသောတရားဖြင့် ဤပြဿနာကို ကောင်းစွာ သိနိုင်ပါသည်။

"ကိုယ်အမှုအရာ ပျက်စီးမှု ကာယဒုစရိုက်သုံးပါး, နှုတ်အမှုအရာပျက်စီးမှု ဝစီဒုစရိုက်လေးပါး, စိတ်အမှုအရာပျက်စီးမှု မနောဒုစရိုက်သုံးပါးတို့ကို စောင့်ရှောက်ရာ၏။ တားမြစ်ပိတ်ပင်ရာ၏။ စွန့်ပယ်၍သုစရိုက်ကိုကျင့်ရာ၏၊ ပညာရှိတို့သည် ကိုယ်ဖြင့် ဝင်ရောက်လာသောဒုစရိုက်, နှုတ်ဖြင့်ဝင်ရောက်လာသော ဒုစရိုက်, စိတ်ဖြင့်ဝင်ရောက်လာသော ဒုစရိုက်တို့ကို တားမြစ်ပိတ်ပင်နိုင်ကုန်၏။ ထိုပညာရှိတို့သည်သာ တားမြစ် ပိတ်ပင်သူတို့ မည်ကုန်၏"

မစင်ကြယ်သည်မှာ ကံသုံးပါးဖြစ်၏၊ ယင်းတို့မှာကာယကံ, ဝစီကံနှင့် မနောကံတို့ဖြစ်၏။ ယင်းကံသုံးပါးတို့ဖြင့် မကောင်းသော ဒုစရိုက်မှုတို့ကိုပြုသဖြင့် မစင်ကြယ်ခြင်းဖြစ်၏။ ထိုကံသုံးပါးတို့ဖြင့် ကောင်းသော သုစရိုက်မှုတို့ကို ပြုကျင့်လေ စင်ကြယ်မည်၊ ယင်းစင်ကြယ်မှုကိုပညာဖြင့်သာပြုနိုင်၏။ပညာ

ရှိသည်ပညာဖြင့် ဆင်ခြင်၍ထိုဒုစရိုက်မှုတို့ မဝင်လာအောင်တား မြစ်ပိတ်ပင်ထား၏။ ဤသည်ပင်လျှင် စင်ကြယ်ခြင်းမည်၏။

ပညာရှိသည် မိမိကြောင့်ဖြစ်စေ, သူတပါးကြောင့်ဖြစ်စေ, မကောင်းမှုကိုမပြု၊ မကောင်းမှုဖြင့် သားသမီး, တိုင်းပြည် ဥစ္စာကိုအလိုမရှိရာ၊ မတရားမှုဖြင့်မိမိ၏ ပြည့်စုံမှုကို အလိုမရှိရာ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်မျိုးသည် သီလရှိသူ ပညာရှိသူတရား ရှိသူဖြစ်၏။

[ ၉ ]

"အဘယ်အကြောင်းကြောင့် ပညာကိုရသနည်း"

"ရဟန္တာတို့၏ နိဗ္ဗာန်ရောက်ခြင်း၏ အကြောင်းတရားကို ယုံကြည်သောမမေ့မလျော့သော ဆင်ခြင်တတ်သောပညာရှိသူသည် ကောင်းစွာနာကြားရသောကြောင့် ပညာကိုရနိုင်၏"

ရဟန္တာတို့၏ နိဗ္ဗာန်ရောက်ခြင်း အကြောင်းမှာ ဒုက္ခနိရောဓအရိယ သစ္စာဖြစ်၏။ ယင်း၏အဓိပ္ပါယ်မှာ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အရိယာသစ္စာ ဖြစ်၏။ ယင်းမှာလည်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောအလယ် ဗဟိုဖြစ်သော လမ်းရှစ်သွယ်ဖြစ်၏။

(၁) သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း။
(၂) သမ္မာသင်္ကပ္ပ၊ ကောင်းစွာကြံခြင်း။
(၃) သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း။

(၄) သမ္မာကမ္မန္တော၊ ကောင်းစွာပြုခြင်း။
(၅) သမ္မာအာဇီဝေါ၊ ကောင်းစွာ အသက်မွေးခြင်း။
(၆) သမ္မာဝါယမော၊ ကောင်းစွာ အားထုတ်ခြင်း။
(၇) သမ္မာသတိ၊ ကောင်းစွာ အောက်မေ့ခြင်း။
(၈) သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း။

ဤမဂ္ဂင်ရှစ်ပါး တရားသည် သာလျှင် ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့ သိအပ်သော သစ္စာမည်၏။ ဤနိဗ္ဗာန်ရောက်ခြင်း၏ အကြောင်းတရားကို ယုံကြည်ပြီး မမေ့မလျော့ ဆင်ခြင်တတ်သော သူသည် ကောင်းစွာနားကြားသဖြင့် ပညာကိုရနိုင်၏။ ဆိုလိုသည်မှာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကိုလည်း ယုံကြည်ရမည်။ မေ့လျော့ခြင်းလည်း မရှိရ၊ ဆင်ခြင်တတ်သော ဝိစက္ခဏဉာဏ်လည်း ရှိရမည်၊ ထိုသူသည် ကောင်းစွာ နာယူသင်ကြား မှတ်သားသဖြင့် ပညာရနိုင်၏။ ယင်းကိုမန်လည်ဆရာတော်က "ပညာရှိထံ၊ မြဲကျိုးနွံ၍၊ နည်းခံသင်မှ ပညာရ၏" ဟု စပ်ဆို၏။ အချုပ်အားဖြင့်ကား သိဂါလောဝါဒသုတ်၌ မြတ်စွာဘုရား ဟောကြားသော တပည့်ဝတ်ငါးပါးကို ဖြည့်ကျင့်သဖြင့် ပညာရနိုင်၏။

ညီညာတကွ၊ ဆုံးမနာယူ
လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး
သင်ပေးအံ့ရွတ်၊ တပည့်ဝတ်
မချွတ်ငါးခုသာ။

[ ၁၀ ]

"အဘယ်အကြောင်းကြောင့် ဥစ္စာကိုရနိုင်သနည်း"

"လျောက်ပတ်သော အကြောင်းကို ပြုလုပ်သည်ဖြစ်၍ တာဝန်ကိုပစ်ချမထားသောယောကျ်ားသည် ထကြွလုံ့လဝီရိယကြောင့် ဥစ္စာကိုရနိုင်၏"

ဤပြဿနာအဖြေကို မန်လည်ဆရာတော်က "ထကြွဝီရိယ၊ ဥဋ္ဌာနဖြင့်၊ လုံ့လရှိမှ၊ ဥစ္စာရ၏" ဟု စပ်ဆို၏။ လျောက်ပတ်သော အကြောင်းလည်းဖြစ်ရမည်။ မလျောက်ပတ်သောအလုပ်မဟုတ်၊ သင့်လျော်လျောက်ပတ်သော အလုပ်ဟုဆိုလို၏။ ယင်းအလုပ်တာဝန်ကိုလည်း ပစ်ချမထားရ၊ တာဝန်ကြေအောင်ထမ်းဆောင်ရမည်၊ ဤသို့သောသူသည် ထကြွလုံ့လ ဝီရိယကြောင့် ပစ္စည်းဥစ္စာရနိုင်သည်။

ကေ နိပါတ် စူဠသေဋ္ဌိဇာတ်တွင် မြတ်စွာ ဘုရားသည် ကြွက်သေတခုအရင်းပြု၍ လေးလတာဝယ် နှစ်သိန်းကြွယ်သော သူဌေးဖြစ်ရေးကိုဟောကြားတော်မူ၏။

"ပညာရှိသည် အနည်းငယ်သောမီးကို နှုတ်လေဖြင့် မှုတ်လျက်ကြီးစွာသော မီးပုံကြီးကို ပြုသကဲ့သို့ ကုန်သွယ်ခြင်း၌ လိမ္မာသော ပညာရှိသည် အနည်းငယ်လည်းဖြစ်သော ဥစ္စာအရင်းဖြင့် ကြီးစွာသောဥစ္စာကိုလည်း အခြံအရံကိုလည်း ဖြစ်စေ၍ ထိုများစွာသောဥစ္စာ အခြံအရံတို့၌ မိမိကိုယ်ကို တည်စေ၏။"

ထိုမှတပါး ခမ္မပဒ၏သင်ကြားချက်တို့ကိုလည်း အလေးအနက် မှတ်သားလိုက်နာကျင့်သုံးသင့်ပါသည်။

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တရာ ပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲစွာအားထုတ်သူ၏တရက်မျှ အသက်ရှည်ရခြင်းကမြတ်၏။

မိမိသည်သာ မိမိ၏ ကိုးစားရာဖြစ်၏။ သူတပါးသည် မိမိ၏ ကိုးစားရာဘယ်မှာ ဖြစ်နိုင်အံ့နည်း၊ မိမိသည်ကောင်းစွာ ယဉ်ကျေးသဖြင့် ရရောက်နိုင်ခဲသော ကိုးစားရာကိုရနိုင်၏။

မိမိကိုယ်ကို ချစ်အပ်၏ဟု သိပါမူမိမိကိုယ်ကိုကောင်းစွာ စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏၊ ပညာရှိသည် အရွယ် သုံးပါးတို့တွင် တပါးပါးသောအရွယ်၌လုံ့လထုတ်ကာ သုတ်သင်ရာ၏။

အရွယ်ရှိခိုက် မြင့်မြတ်သော အကျင့်ကိုကျင့်လိုက်မိ၊ ဥစ္စာကိုလည်း မရလိုက်မိသောကြောင့် ငါးကုန်ခန်းသောသည်အိုင်၌ အတောင်ကျွတ်သောကြိုးကြာအိုတို့ကဲ့သို့ ကြံမှိုင်၍သာနေကြရကုန်၏။

## [ ၁၁ ]

"အဘယ်အကြောင်းကြောင့် ကျော်စောခြင်းသို့ရောက်ရသနည်း"

"မှန်သောသစ္စာစကားကြောင့်ကျော်စောခြင်းသို့ရောက်နိုင်၏"

မန်လည်ဆရာတော်ကမူ ဤပြဿနာအဖြေကို "မခွန့်တတ်လျှာ၊မှန်ကန်စွာလျှင်၊ သစ္စာတည်မှ၊ ကျော်စောရ၏"ဟုဖွဲ့ဆို၏။ ဤသစ္စာသည် အရသာတို့တွင် အချိုဆုံးသော အရသာလည်းဖြစ်၏။ ယင်းဖြင့် ကျော်စောခြင်း သို့လည်း ရောက်နိုင်၏။ လူသည် ကျော်စောမှုကို အလိုလားဆုံးသော သတ္တဝါဖြစ်၏။ ကျော်စောခြင်းကို မလိုလားပါဘူးဟုဆိုသူသည် အလွန်လိုလားသူသာဖြစ်၏။ သို့ရာတွင် လုပ်ရပ်မှား၍ ကျော်စောမှုကို မရခြင်းဖြစ်၏။

ပါဠိဘာသာ ကိတ္တိကို မြန်မာတို့က ကျော်စောခြင်းဟု ပြန်ဆိုကြ၏၊ တခါတရံ ပါဠိမြန်မာ နှစ်ဘာသာတွဲ စပ်ပြီး ကျော်စောကိတ္တိဟုလည်း ခေါ်ကြ၏။ ကောင်းမွန်သော ဂုဏ်သတင်းတို့ ပြန့်နှံ့ခြင်းပင် ဖြစ်၏။ မကောင်းသတင်းပြန့်နှံ့ခြင်းတို့ကား ကျော်စောကိတ္တိမဟုတ်။အပုပ်အနံ့ တထောင်းထောင်းထခြင်းပင် ဖြစ်၏။ သစ္စာတည်မှသာ ကျော်စောခြင်း ဂုဏ်သတင်းရမည်။ ဤဂုဏ်သတင်းမှာ လွန်စွာတန်ဖိုးရှိ၍ လိုလားအပ်ပါသည်။ ဤသို့သော ကျော်စောခြင်းကို အလိုမရှိသူသည် သစ္စာကို မလိုလားသူပင်ဖြစ်မည်။

အကယ်၍ သစ္စာတည်လျှင်ကား ကျော်စော ကိတ္တိကို ဖယ်ရှား၍ ရမည်မဟုတ်ပါ၊ ထိုနှစ်ပါးမှာ ကြောင်းကျိုး ဆက်စပ်နေလျက် ကောင်းမြတ်သော တရားဖြစ်သဖြင့်စင်စစ်နှစ်သက်မြတ်နိုးသင့်ပါသည်။ လောက၏ အကျိုးစီးပွားကို ပရိယာယ်မပါ၊မာယာမဖက်ဘဲ ကောင်းစွာဆောင်ရွက်နိုင်သဖြင့် ကြိုးစား

ဖြည့်ကျင့်သင့်ပါသည်။ ကျော်စော ခြင်းကိုလည်း လိုလားပါ၊ သစ္စာလည်းရှိပါ။

[ ၁၂ ]

“အဘယ်ဖြင့် အဆွေခင်ပွန်းတို့ကို ဖွဲ့နိုင်သနည်း”

“ပေးကမ်း တတ်သောသူသည် အဆွေခင်ပွန်း တို့ကို ဖွဲ့နိုင်၏”

ယင်းကိုမန်လည်ဆရာတော်က“ကိုယ်ကဥစ္စာ၊စွန့်လွှတ်ကာလျှင်၊ မေတ္တာရှေးရှု၊ပေးကမ်းတတ်မှု၊မိတ်ဆွေရ၏”ဟုစပ်ဆို၏။

လောကနီတိတွင်လည်း “အဓနဿ ကုတော မိတ္တံ” ဟု ဆို၏၊ဥစ္စာမရှိသူအားအဘယ်မှာအဆွေခင်ပွန်း ရပါအံ့နည်း၊ ဟုဆိုလိုခြင်းဖြစ်၏။ ဥစ္စာမရှိသူအား လူတို့ မိတ်မဖွဲ့ ချင်ကြ၊ ယင်းသည် မိတ်မဖွဲ့လိုသူတို့၏ အပြစ်မဟုတ်၊ မိမိအပြစ်သာလျှင် ဖြစ်၏။ ဖြစ်ကြောင်းကို လောကနီတိဖြင့်ပင် ကောင်းစွာသိနိုင်၏။ အပြည့်အစုံမှာ ဤသို့တည်း။

“ပျင်းသောသူအား အတတ်အဘယ်မှာ တတ်အံ့နည်း၊ အတတ်မရှိသောသူအား ဥစ္စာ အဘယ်မှာရအံ့နည်း၊ ဥစ္စာမရှိ သောသူအား အဆွေခင်ပွန်း အဘယ်မှာ ရအံ့နည်း။ အဆွေ ခင်ပွန်းမရှိသောသူအား ချမ်းသာအဘယ်မှာ ရအံ့နည်း။ ချမ်း သာမရှိသောသူအား ကောင်းမှုအဘယ်မှာပြုအံ့နည်း။ ကောင်း မှုမရှိသော သူအား နိဗ္ဗာန်ကို အဘယ်မှာရနိုင်အံ့နည်း။

မြန်မာတို့၏ ဤလောကနီတိသည် ပဋိစ္စသမုပ္ပါဒ်ကဲ့သို့ ပင် မြတ်နိုးဖွယ် ကောင်းသော ကြောင်းကျိုး ဆက်သဘော

တရားဖြစ်၏။ ထိုသူ့မှာမိတ်ဆွေမရှိပါ၊ အကြောင်းကားဥစ္စာမရှိ၍ဖြစ်သည်။ အဘယ်ကြောင့် ဥစ္စာမရှိသနည်း။ အတတ်ပညာမတတ် သောကြောင့်ဖြစ်သည်။ အတတ်ပညာ မတတ်သည်မှာလည်း အပျင်းထူသောကြောင့်ဖြစ်ရာ ထိုသို့သောသူမျိုးကို ဘယ်သူမိတ်ဖွဲ့ ချင်ပါမည်နည်း။ လူပျင်းနှင့် မိတ်ဆွေဖြစ်ပါက မိမိလည်းအပျင်းကူးစက်ပြီး ဖျင်းသွားလိမ့်မည်၊ လုံ့လဝီရိယရှိမှ အတတ်ပညာတတ်မည်၊ အတတ်ပညာတတ်မှ ဥစ္စာရမည်၊ ဥစ္စာရမှ မိတ်ဆွေရမည်၊သို့ရာတွင်ကိုယ်က ဥစ္စာစွန့်လွှတ်ကာလျှင် မေတ္တာရှေး၍ပေးကမ်း တတ်ဖို့လည်း လိုပါသည်။ မပေးလိုမကမ်းလို ဝန်တိုနေသဖြင့်လည်း မိတ်ဆွေရမည်မဟုတ်ပါ၊ အကယ်၍ ဝန်တိုနေပါကကိုယ့်ဥစ္စာကကိုယ့်ကိုပင်ဒုက္ခပေးပေဦးမည်။

စင်စစ်ဥစ္စာသည် ချမ်းသာခြင်းမဟုတ်သေးပါ။ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော မိတ်ဆွေ ရရေးသာဖြစ်၏။ ချမ်းသာခြင်းမှာ မိတ်ဆွေဖြစ်၏။ မိတ်ဆွေ သာလျှင်ချမ်းသာဖြစ်၏။ ဥစ္စာရှိသော်လည်း မပေးကမ်းလို ဝန်တိုနေသဖြင့် မိတ်ဆွေမရှိက ချမ်းသာမည်မဟုတ်ပါ။တကြောင့်ကြကြဖြင့်ဒုက္ခပင် ရောက်နေဦးမည်။

[ ၁၃ ]

"အဘယ်ဖြင့် ဤလောကမှ တမလွန်လောကသို့ရောက်သော် မစိုးရိမ်ရသနည်း"

"ယုံကြည်မှုရှိသောအိမ်၏ အစီးအပွားကို ရှာတတ်သော

အကြင်သူအား မှန်ကန်စွာပြောဆိုမှု သစ္စာ, ပညာဟူသောဓမ္မ, ဝီရိယဟူသောဓိတိ, စွန့်လွှတ်မှုဟူသော စာဂဤတရားလေးပါး တို့ရှိကုန်၏။ ထိုသူသည် တမလွန်ဘဝသို့ ရောက်သော် စင်စစ် မစိုးရိမ်ရပါ။”

မြတ်စွာဘုရားသည် တရား လေးပါးကို ဧက နိပါတ် ဝါနရိန္ဒ ဇာတ်၌ “ရန်သူအောင်မှုကြောင်းလေးခု” အဖြစ်နှင့် ဟောကြားတော်မူ၏။ ဝါနရိန္ဒဟူသည် မျောက်မင်း ဖြစ်၏။ မိကျောင်းတကောင်သည် မျောက်မင်းအား ဖမ်းယူရန် အမျိုးမျိုး ကြိုးစား၏။ ဘယ်နည်းနှင့်မျှ ဖမ်းမမိသဖြင့်နောက်ဆုံးတွင်မိကျောင်းက မျောက်မင်းအားချီးကျူး ပြောကြား၏။

“မျောက်မင်း သင်၏ကိုယ်တွင်း၌သစ္စာ, ပညာ, လုံ့လ နှင့်စွန့်လွှတ်ခြင်းဟူသော ကျေးဇူးတရားလေးပါးတို့ ရှိကုန်သကဲ့သို့ ထို့အတူအကြင်သူ၏ ကိုယ်တွင်း၌ ထိုတရားလေးပါးတို့ရှိကုန်အံ့၊ ထိုသူသည်ရန်သူကို လွန်မြောက်နိုင်၏”

ယင်းစကားကိုယူ၍ ရှင်မဟာရဋ္ဌသာရလည်း “သစ္စာ, ဓမ္မ, ဝီရိယနှင့်၊စာဂဟူသည်၊ ရန်သူအောင်မှု၊ ကြောင်းလေးခု” ဟု စပ်ဆို၏။ ဤတွင်ကား ယင်းတရားလေးပါးနှင့် ပြည့်စုံသူသည် နောင်တမလွန်ဘဝ ရောက်သည့်တိုင်အောင် မစိုးရိမ်ရဘော့ပါ၊ ဤတွင်ဓမ္မဟူသည်မှာ ပညာဖြစ်၏။ အကယ်၍သစ္စာလည်းရှိလျှင်, ဓမ္မဟူသောပညာလည်းရှိလျှင်, လုံ့လဝီရိယလည်း ရှိလျှင်, ပေးကမ်းစွန့်လွှတ်ခြင်းလည်းရှိလျှင် ရန်သူကိုအဘယ်မှု၍ မလွှမ်းမိုးနိုင်ဘဲရှိမည်နည်း၊ သေပြီးသည့်နောက် ဟိုဘဝသို့ ရောက်သည့်တိုင်အောင် စိုးရိမ်ဖွယ်မရှိနိုင်ပါ။

အကယ်၍ရန်သူကို မလွှမ်းမိုးနိုင်သေးပါလျှင် ရန်သူအောင်မှု ကြောင်းလေးခုနှင့် မပြည့်စုံသေး၍ ဖြစ်မည်၊ သစ္စာ ဓမ္မ, ဝီရိယနှင့်စာဂတို့ အသီးသီးတည်ရှိနေပါလျှင် ဘာမျှစိုးရိမ်ဖွယ်မရှိ လောကတွင် မစိုးရိမ်ရသော အဆင့်ရောက်လျှင်ဘာကိုမျှ ကြောက်ဖွယ်မရှိတော့ပါ၊ အသောက၊ စိုးရိမ်ခြင်းလည်း မရှိ ဝိရဇ ရန်သူဟူ၍ မြူမျှမရှိ၊ ခေမ ဘေးလည်းမရှိဆိုသော အဆင့်သည် အဘယ်မျှ ကြည်နူးနှစ်လိုဖွယ် ကောင်းပါသနည်း။ စိုးရိမ်ခြင်းမှလွတ်ကင်းလိုပါလျှင် ဤတရားလေးပါးနှင့် ပြည့်စုံအောင်ဆောက်တည် ကြပါကုန်။

"အာဠဝက ငါတိုက်တွန်း၏ သစ္စာထက် လွန်သောအကြောင်းသည်ရှိ၏, ပညာထက်လွန်သော အကြောင်းသည်ရှိ၏ စွန့်ကြဲခြင်းထက် လွန်သောအကြောင်းသည်ရှိ၏, သည်းခံခြင်းထက် လွန်သောအကြောင်းသည်ရှိ၏ ဤလောက၌ရှိပါမူအခြားသောရဟန်းပုဏ္ဏားများစွာတို့ကို မေးပါဦးလော့"

"အကျွန်ုပ်သည် ယနေ့တမလွန်ဘဝ၌ဖြစ်သော အကျိုးစီးပွားကိုသိပြီးသူဖြစ်ရကား ယခုအခါအဘယ်မှာလျှင် အခြားသောရဟန်း ပုဏ္ဏားများစွာတို့ကို မေးမြန်းပါတော့အံ့နည်း၊ မြတ်စွာဘုရားသည် အကျွန်ုပ်၏အကျိုးငှာ အာဠဝီပြည်သို့ နေရန်ကြွလာတော်မူပေစွတကား အကြင်ဘုရား၌လှူခြင်းသည် အကျိုးကြီး၏။ ထိုဘုရားကိုယခု အကျွန်ုပ်သိရပါပြီ၊ အကျွန်ုပ်သည် မြတ်စွာဘုရားကိုရှိ၏, တရားတော်၏ ကောင်းမြတ်ခြင်းကိုရှိ၏, ရှိခိုးလျက် တရွာမှတရွာ တမြို့မှတမြို့သို့ လှည့်လည်ပါတော့အံ့"

# ယက္ခပြဿနာ

[မဟာဘာရတ-ဝန ပဗ္ဗ]

ဗုဒ္ဓဓမ္မတွင် အာဠဝကသူတ္တန်သည် လူတို့အားအဘယ် မျှကျေးဇူးများနိုင်သည်ကို သိခဲ့ကြပါပြီ၊ ထို့အတူ ဟိန္ဒူဓမ္မ တွင်လည်းယက္ခပြဿနာဟုရှိ၏။ ယင်းကို မဟာဘာရတ ကျမ်း ဝန ပဗ္ဗခန်း၌ တွေ့ရ၏။ ထိုပြဿနာလည်း လူတို့အား အစီး အပွားဖြစ်နိုင်၍ ဤတွင်ကောက်နုတ်ဖော်ပြပါမည်၊ ဟိန္ဒူယက္ခ ပြဿနာဖြစ်ပေါ်ပုံမှာ ကေနိုပါတ် ဒေဝဓမ္မဇာတ်နှင့် အတော် တူ၏။ ဒေဝဓမ္မဇာတ်သမ်းအကျဉ်းမှာ ဤသို့တည်း။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်း မင်းပြု၏၊ ထိုမင်း၏ မိဖုရားနှစ်ယောက်တွင်မိဖုရားကြီးက

မဟိံသကုမာရနှင့်စန္ဒကုမာရဟု သားနှစ်ယောက် ဖွားမြင်၏။ မိဖုရားငယ်၌ သူရိယကုမာရဟု သားတယောက်သာဖွားမြင်၏။ မင်း သားသုံးဦး အရွယ် ရောက် သော အခါ မိဖုရားငယ်က သူ၏သား သူရိယ ကုမာရကို အိမ်ရှေ့မင်းအဖြစ်အဘိသိက် သွန်းရန် မင်းကြီးအား တိုက်တွန်း၏၊ ဤပြဿနာ အတွက် ခမည်းတော်မင်းကြီး၏ အခက်အခဲကို တွေ့မြင်ရသောအခါ မိဖုရားကြီးမှ ဖွားမြင်သော သားတော် နှစ်ပါးတို့သည် တောထွက်သွားကြ၏။ ထိုအခါညီအငယ်ဆုံး သူရိယကုမာရ လည်းနောင်တော်နှစ်ပါးနောက်သို့ လိုက်သွား၏။

မင်းသားသုံးယောက်တို့သည် ဟိမဝန္တာသို့ ရောက်သွားကြ၏။ ထိုတွင်အစ်ကိုကြီးသည် ရေသောက်လိုသဖြင့် ညီငယ်နှစ်ဦးအား ရေရှာလွှတ်လိုက်၏။ သို့ရာတွင် သူတို့သည် ရောက်ချိန်တန်လျက်မရောက်ကြ၊ သို့ကြောင့် အစ်ကိုကြီးသည်ညီငယ်တို့ သွားရာဆီသို့လိုက်၏။ တနေရာတွင်ရေကန်ကြီးတခုကို တွေ့ရသော်လည်း ညီငယ်တို့ကိုကားမတွေ့ရ၊ သူသည်ရုတ်တရက်ရေကို မသောက်သေးပဲ ညီနှစ်ယောက်၏ အခြေအနေကို စူးစမ်းနေ၏။ ထိုစဉ်တွင်ဘီလူးတယောက် ပေါ်ပေါက်လာ၍ မေးကြည့်၏။

"ဘီလူး - ငါ၏ညီတော်နှစ်ပါးကို တွေ့ပါသလော"

"မင်းသား - တွေ့ပါသည်"

"ဘီလူး - သူတို့အခု ဘယ်မှာနည်း "

"မင်းသား - အကျွန်ုပ်ဖမ်းချုပ်ထားပါသည်"

"ဘီလူး - အဘယ်ကြောင့်နည်း"

"မင်းသား - သူတို့သည် အကျွန်ုပ်ပိုင်သော ရေကန်မှ ရေကို သောက်ကြသည်။ သို့ရာတွင်သူတို့သည် ဒေဝဓမ္မကို မပြောနိုင်ကြပါ။ ဒေဝဓမ္မကို မပြောနိုင်သူတို့အား ဖမ်းစားရန် ဝေဿဝဏ် နတ်မင်းကြီးကအကျွန်ုပ်အား ညွှန်ကြားထားပါသည်။ သင်ပြောနိုင်ပါသလော၊ ပြောနိုင်က ပြောပါ"

"ဘီလူး - ငါပြောနိုင်သည်၊ လောက၌ ဟိရိ-သြတ္တပ္ပနှင့် ပြည့်စုံသော ငြိမ်သက်သော သူတော်ကောင်းတို့ကို ဒေဝဓမ္မဟုဆိုအပ်ကုန်၏"

"မင်းသား - သင့်အား အကျွန်ုပ် ကြည်ညိုပါသည်။ သို့ကြောင့် ညီနှစ်ယောက်တွင်တယောက်ကိုပေးပါမည်။ အဘယ်သူ့ကိုယူပါမည်နည်း"

"ဘီလူး - အငယ်ဆုံး သူရိယကုမာရကို ပေးပါ"

"မင်းသား - သင်သည် ဒေဝဓမ္မကိုကားသိပါ၏။ သို့ရာတွင် ကျင့်သူကား မဟုတ်ပါတကား။

"ဘီလူး - အဘယ့်ကြောင့်ပါနည်း"

"မင်းသား - ကြီးသူ့အား ပူဇော်မှုကို မပြုသော ကြောင့်ပါ"

"ဘီလူး - သူရိယကုမာရသည် ငါတို့၏အဖေတူ အမေကွဲ ညီငယ်ဖြစ်၏။ ငါတို့သည် သူ့ကြောင့် ညဉ့်ဆောင်သို့ ရောက်လာကြသည်။ သူသည် ဝီနန်းကို ရှုံ့ကာ ငါ့ကိုယ်ကျွဲ ငါတို့ကို ဖြိုမြိုးလိုက်လာသူ ဖြစ်သည်။ သို့ကြောင့်

သူ့ကို သင့်အား ပေးခဲ့ပါလျှင် လူများ ဘယ်သို့ ဝေဖန်ကြမည်နည်း”

“မင်းသား - မှန်ပါသည် သင်သည် ဒေဝဓမ္မကိုလည်း သိသည်။ ထို့ပြင်သိသည့်အတိုင်း ကျင့်သူလည်းဖြစ်သည်။ သို့ကြောင့်သင့်အား ပိုမိုကြည်ညိုသဖြင့် ညီနှစ်ယောက်လုံးကို ပြန်ပေးပြီး ပူဇော်ပါသည်။

ဤနည်းနှင့်နှင့်ပင်ဟတ္ထိနပုရပြည်ကြီးရှင်ဘုရင်ပဏ္ဍုမင်း၏ သားငါးယောက်တို့သည် တောတွင်းသို့ ရောက်နေကြသည်။ သူတို့တွင် အစ်ကိုအကြီးဆုံးမှာ ယုဓိဋ္ဌိရဖြစ်၏။ သူသည် ရေသောက်ချင် သဖြင့် ညီငယ်လေးယောက်တို့ကို ရေရှာခိုင်းလိုက်၏။ သို့ရာတွင် တယောက်မျှ ပြန်မလာသဖြင့် နောက်ဆုံးတွင် မင်းသားကြီး ကိုယ်တိုင် လိုက်သွား၏။ မကြာမီ ရေကန်တခုသို့ ရောက်ရာ ကန်ရိုးတွင် ညီလေးယောက် အတုံးအရုံးဖြစ်နေသည်ကို တွေ့ရ၏။ အကြောင်းကား သူတို့သည် ရေကန်စောင့်ယက္ခမေးသော ပြဿနာကို မဖြေဆိုဘဲ ရေကို အတင်းခတ်ကြသည်။ သို့ကြောင့် သူတို့အား ယက္ခဖမ်းစားထားခြင်းဖြစ်၏။ ယက္ခသည် မင်းသားကြီးအားလည်းထိုပြဿနာတို့ကိုမေး၏။

“မင်းသား - ကမ္ဘာပေါ်တွင်အဘယ်အရာသည် အကြီးဆုံးနည်း”

“ယက္ခ - အမေသည်ကမ္ဘာပေါ်တွင်အကြီးဆုံးဖြစ်၏”

“မင်းသား - နတ်ပြည်ထက် မြင့်သောအရာ အဘယ်နည်း....”

“ယက္ခ - အဖေသည်နတ်ပြည်ထက် မြင့်၏”

"မင်းသား - လေထက်အဘယ်အရာက ပိုပြီးလျင်မြန် သနည်း"

"ယက္ခ - စိတ်ကလေထက်ပိုပြီးမြန်စွာသွားနိုင်၏"

"မင်းသား - အရပ်တပါး သွားသူ၏ မိတ်ဆွေသည် အဘယ်သူနည်း"

"ယက္ခ - အရပ်တပါးသွားသူ၏ မိတ်ဆွေမှာ အဖော် ဖြစ်၏"

"မင်းသား - အိမ်နေသူ၏ မိတ်ဆွေသည် အဘယ်သူ နည်း...."

"ယက္ခ - အိမ်နေသူ၏ မိတ်ဆွေမှာ မယားဖြစ်၏"

"မင်းသား - သေသွားသူ၏ မိတ်ဆွေသည် အဘယ် သူနည်း"

"ယက္ခ - သေသွားသူ၏ မိတ်ဆွေမှာ အလှူဒါနဖြစ်၏"

"မင်းသား - ရောဂါသည်၏ မိတ်ဆွေသည် အဘယ် သူနည်း"

"ယက္ခ - ရောဂါသည်၏ မိတ်ဆွေမှာ ဆေးဆရာဖြစ်၏"

"မင်းသား - မေ့ဟူသည် အဘယ်နည်း"

"ယက္ခ - သနားကြင်နာခြင်းသည် ဓမ္မည်၏"

"မင်းသား - ချမ်းသာဟူသည် အဘယ်နည်း"

"ယက္ခ - အကျင့်စာရိတ္တကောင်းမွန်ခြင်းသည် ချမ်း သာမည်၏"

"မင်းသား - နတ်ပြည်သို့ရောက်ကြောင်း အကျင့်သည် အဘယ်နည်း"

"ယက္ခ — အမှန်တရား ကိုးစားခြင်းသည် နတ်ပြည်
ရောက်ကြောင်း အကျင့်မည်၏"
"မင်းသား— လောက၌အဘယ်တရားအမြတ်ဆုံးနည်း"
"ယက္ခ — မညှဉ်းဆဲခြင်းတရားသည် အမြတ်ဆုံးဖြစ်၏"
"မင်းသား — အဘယ်အရာကိုတားမြစ် သဖြင့် သောက
ကင်းမည်နည်း"
"ယက္ခ — စိတ်ကိုတားမြစ်သဖြင့် သောကကင်း၏"
"မင်းသား — အဘယ်သူသည် မိတ်ဆွေအဖြစ်ကို မစွန့်
လွှတ်သနည်း"
"ယက္ခ — သူတော်ကောင်းသည် မိတ်ဆွေ အဖြစ် မစွန့်
လွှတ်ပါ"
"မင်းသား — အဘယ်ကိုစွန့်သဖြင့် လူတိုင်း ချစ်မည်
နည်း"
"ယက္ခ — မာနကို စွန့်သဖြင့်လူတိုင်းချစ်၏"
"မင်းသား — အဘယ်ကိုစွန့်သဖြင့် သောကကင်းမည်
နည်း...."
"ယက္ခ — အမျက်ကို စွန့်သဖြင့် သောကကင်းမည်"
"မင်းသား — အဘယ်ကို စွန့်သဖြင့် ဥစ္စာရမည်နည်း"
"ယက္ခ — အလိုဆန္ဒကို စွန့်သဖြင့် ဥစ္စာရမည်"
"မင်းသား — အဘယ်ကို စွန့်သဖြင့်ချမ်းသာမည်နည်း"
"ယက္ခ — လောဘကို စွန့်သဖြင့်ချမ်းသာမည်"
"မင်းသား — လူ၏အကြီးဆုံးရန်သူကား အဘယ်နည်း'
"ယက္ခ —လူ၏အကြီးဆုံးရန်သူမှာအမျက်ဒေါသဖြစ်၏'

"မင်းသား — အဘယ် ရောဂါသည် ဆေးမရှိသနည်း"

"ယက္ခ — လောဘအား ဆေးမရှိပါ"

"မင်းသား — အဘယ်သူကို သူတော်ကောင်း ခေါ်၍ အဘယ်သူကို သူယုတ်မာခေါ်သနည်း"

"ယက္ခ — သတ္တဝါတို့အား သနားသူကို သူတော်ကောင်းခေါ်၍ ရက်စက်သူကို သူယုတ်မာဟု ခေါ်ပါသည်"

"မင်းသား — ခိုင်မြဲခြင်းသည် အဘယ်နည်း"

"ယက္ခ — တရားမြဲခြင်းသည် ခိုင်မြဲခြင်းမည်၏"

"မင်းသား — တည်ကြည်ခြင်းသည် အဘယ်နည်း"

"ယက္ခ — ဣန္ဒြေတို့ကိုအလို၌ထားခြင်းသည် တည်ကြည်ခြင်းမည်၏"

"မင်းသား — ဒါနသည် အဘယ်နည်း"

"ယက္ခ — သတ္တဝါတို့ကို စောင့်ရှောက်ခြင်းသည် ဒါန မည်၏"

"မင်းသား — ချစ်ဖွယ်သော စကားဆိုသဖြင့် အဘယ် အကျိုးရမည်နည်း"

"ယက္ခ — လူအားလုံးတို့ ချစ်ခင်ခြင်း အကျိုးရ၏"

"မင်းသား — စဉ်းစား ချိန်ဆ၍ ပြုသဖြင့် အဘယ် အကျိုးရမည်နည်း။

"ယက္ခ — အလုံးစုံတို့၌ အောင်မြင်ခြင်း အကျိုးရ၏"

"မင်းသား — မိတ်ဆွေ များသဖြင့် အဘယ် အကျိုး ရမည်နည်း"

"ယက္ခ - ချမ်းသာခြင်း အကျိုးရ၏"
"မင်းသား - တရားကို ကိုးစားသဖြင့် အဘယ်အကျိုး
ရမည်နည်း"
"ယက္ခ - သုဂတိသို့ လားရခြင်း အကျိုးရ၏"
"မင်းသား — ကမ္ဘာ ပေါ်တွင် အဘယ်သူ ချမ်းသာ
သနည်း"
"ယက္ခ - ဆောင့်ရဲလွယ်သူသည် ချမ်းသာ၏"
"မင်းသား - အံ့ဩဖွယ်သည် အဘယ်နည်း"
"ယက္ခ - နေ့စဉ် သေနေသူများကို တွေ့မြင်ရလျက်
ငါမူကား သေမည်မဟုတ်ဟု ထင်မြင်ယူဆ
နေသူသည် အံ့ဩဖွယ်ဖြစ်၏"

ဤသို့လျှင် ဓမ္မရာဇာဖြစ်သော ယုဓိဋ္ဌိရ မင်းသားသည် ယက္ခ၏ အမေးများကို ဖြေဆို၏။ ယက္ခသည် လွန်စွာနှစ်သက်၍ "အကျွန်ုပ်သည် သင်၏ သင့်လျော်သောအဖြေများကို နှစ်သက်လှပါသည်၊ ထို့ကြောင့်ညီလေးယောက်တွင် တယောက်ကို ပြန်ပေးပါမည်။ အဘယ်သူ့ကို အလိုရှိပါသနည်း" ဟုဆို၏။

ထိုအခါ ယုဓိဋ္ဌိရက "အကယ်၍ ငါ့အပေါ် နှစ်သက်ပါသော် ငါ၏ ညီငယ် နကုလကို ပေးပါဘိ" ဟု ပြန်ကြား၏။

"အရှင်သည် အားလုံးတို့ထက် ခွန်အားကြီးမားသော ဘီမနှင့် တန်ခိုးကြီးလှသော အဇ္ဇုနကဲ့သို့သော ညီများကိုထား၍ အဖေတူ အမေကွဲညီကို အဘယ့်ကြောင့် တောင်းဆိုပါသနည်း" ဟု မေး၏။

"သင်၏အမြင်မှာမူ ငါတို့မှာ အမေနှစ်ဦးရှိကြသည်ဖြစ်၏။ သို့ရာတွင် ငါ၏ အသိမှာ ညီလေးယောက်အတူတူ ဖြစ်ကြသည်။ အမေကုန္တီနှင့် မာဒြီ၌ ငါသည် တစုံတရာ ကွဲပြားခြားနားခြင်းမရှိပါ။ အမေကုန္တီ၏ သားတို့တွင် ငါသည် အသက်ရှင်လျက်ရှိ၏။ မာဒြီမှာ သားတယောက်သာ ရှိသည်။ လူများက ငါ့အား ဓမ္မအားဓမ္မရာဇာဟု ခေါ်ကြသည်ကို ငါမြတ်နိုးလှပါသည်။ သို့ကြောင့် ဓမ္မကိုစောင့်ရှောက်ရန်မှာ ငါ၏ အလုပ်ဖြစ်သည်။ ဓမ္မကို စောင့်ရှောက်သူတို့သည် မြတ်သောသုခကို ရကြသည်။ ငါ၏ ညီလေးယောက်တို့တွင် ရှေးဦးစွာ နကုလကို အသက်ရှင်စေသည်မှာ ငါ၏ ဓမ္မဖြစ်ပါသည်။ ငါကားအသက်အန္တရာယ်ဖြစ်သည့်တိုင်အောင် ဓမ္မမှ ဖောက်ပြန်လိမ့်မည် မဟုတ်ပါ။ ယင်းသည် ငါ၏ခိုင်မြဲသော ပဋိညာဉ်ဖြစ်၏"

ဓမ္မရာဇာ ယုဓိဋ္ဌိရ၏စကားကို ကြားရသောအခါ ယက္ခသည် ပို၍ကြည်ညိုနှစ်သက်လှသဖြင့် ညီလေးယောက်လုံးကိုပင် ပေးအပ်ကာ ပူဇော်လေသည်။

# သဘိယသုတ်

[ သုတ္တနိပါတ် ပါဠိတော် မဟာဝဂ် ]

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌သီတင်းသုံးနေတော်မူ၏။ ထိုအခါ သဘိယပရိဗိုဇ်သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ လျှောက်ကြား၏။

"မြတ်စွာဘုရား - တွေးတောယုံမှားလျက် မဆုံးဖြတ်နိုင်သောကြောင့် အမေးပြဿနာ မေးလျှောက်ရန် အလိုရှိသည်ဖြစ်ပါ၍ အကျွန်ုပ် ရောက်လာပါ၏။ ထိုပြဿနာကို အဆုံးတိုင် ဖြေရှင်းတော်မူပါ"

"သဘိယ - သင်မေးလိုသော ပြဿနာကို မေးလော့။ သင်၏ ယုံမှားခြင်းဝိစိကိစ္ဆာကို အဆုံးတိုင် ငါဖြေရှင်းအံ့"

"မြတ်စွာဘုရား - အဘယ်သို့ ရောက်သူကို ဘိက္ခုဟု ဆိုကြသနည်း"

"သဘိယ — အကြင်ပုဂ္ဂိုလ်သည်၊ မိမိပြုအပ်သော မဂ်ဖြင့် ကိလေသာ ငြိမ်းရာသို့ရောက်၏။ ယုံမှားခြင်းကို လွန်မြောက်၏။ ပျက်စီးဆုတ်ယုတ်ခြင်းနှင့် ကြီးပွားခြင်းကို ပယ်စွန့်၍ မဂ်အကျင့်ကို ကျင့်သုံးပြီးဖြစ်၏။ တဖန်ဘဝသစ်၌ ဖြစ်မှု ကုန်ခန်းပြီးဖြစ်၏။ ထိုပုဂ္ဂိုလ်သည် ဘိက္ခုမည်၏။

"မြတ်စွာဘုရား - အဘယ် အကြောင်းဖြင့် လွန်စွာငြိမ်းသောသူဟု ဆိုကြသနည်း"

"သဘိယ - အကြင်ပုဂ္ဂိုလ်သည် အလုံးစုံသော အာရုံတို့၌ လျစ်လျူရှုတတ်၏။ သတိရှိ၏။ ထိုသူသည် လောကအားလုံး၌ တစုံတယောက်ကိုမျှ မညှဉ်းဆဲ၊ သြဃလေးပါးမှ ကူးမြောက်ပြီးဖြစ်၏။ မကောင်းမှုမှ ငြိမ်းအေးပြီးဖြစ်၏။ မိစ္ဆာ ဝိတက်တို့ဖြင့် မနှောက်ကျု၊ ရာဂစသော ဉဿဒတို့ မရှိသော ပုဂ္ဂိုလ်သည် လွန်စွာ ငြိမ်းအေးသောသူ မည်၏။

"မြတ်စွာဘုရား - အဘယ်သို့သော သူကို ယဉ်ကျေးပြီးဟု ဆိုကြသနည်း။"

"သဘိယ - အကြင် ပုဂ္ဂိုလ်၏ အဇ္ဈတ္တ သန္တာန်၌၎င်း၊ ဗဟိဒ္ဓသန္တာန်၌၎င်း လောက အားလုံးဝယ် စက္ခုစသော ဣန္ဒြေတို့သည် ပွားများပြီး ဖြစ်ကုန်၏။ ဤလောကကို၎င်း၊ တမလွန်လောကကို၎င်း၊ ထိုးထွင်းသိ၍ သေရမည့် အချိန်ကာလကို ငံ့လင့်နေ၏။ ထိုပုဂ္ဂိုလ်သည် ပွားများပြီးဖြစ်၍ ယဉ်ကျေးသူမည်၏"

"မြတ်စွာဘုရား - အဘယ်အကြောင်းဖြင့် ဗုဒ္ဓဟု ဆိုသနည်း"

"သဘိယ - ကပ်ကမ္ဘာ အားလုံးတို့ကိုရင်း၊ နှစ်ပါးစုံသော စုတိပဋိသန္ဓေဟူသော ကျင်လည်မှု သံသရာကိုရင်း၊ သိမြင်ပြီးဖြစ်၍ ရာဂမြူကင်းလျက် အညစ်အကြေးမရှိသော အထူးသဖြင့် စင်ကြယ်သော ဇာတိကုန်ရာ နိဗ္ဗာန်သို့ ရောက်သော ထိုပုဂ္ဂိုလ်ကို ဗုဒ္ဓဟု ဆိုကြ၏"

"မြတ်စွာဘုရား - အဘယ်သို့ ရောက်သူကို မကောင်းမှုမှအပပြုပြီးသူ ဗြာဟ္မဏဟု ဆိုကြသနည်း"

"သဘိယ - အကြင်ပုဂ္ဂိုလ်သည် မကောင်းမှုကို အားလုံးအပပြု၍တည်သော သဘောရှိ၏။အညစ်အကြေးကင်း၏။ အရဟတ္တဖိုလ် သမာဓိဖြင့် ကောင်းစွာ သံသရာကို လွန်၍ ပြုဖွယ်ကိစ္စပြီးဆုံးပြီဖြစ်၏။ တဏှာဒိဋ္ဌိကိုမမှီမူ၍တာဒိဂုဏ်နှင့်ပြည့်စုံ၏။ထိုပုဂ္ဂိုလ်ကို မကောင်းမှုမှအပပြုပြီးသူ ဗြာဟ္မဏဟု ဆိုအပ်၏"

"မြတ်စွာဘုရား - အဘယ်အကြောင်းဖြင့် ငြိမ်းအေးပြီးသူ သမဏဟု ဆိုကြသနည်း"

"သဘိယ - အကြင် ပုဂ္ဂိုလ်သည် အရိယမဂ်ဖြင့် ကိလေသာတို့ကို ငြိမ်းစေလျက် တည်၏။ ကောင်းမှု မကောင်းမှုကို ပယ်၍ ရာဂမြူကင်း၏။ ဤလောကနှင့် တမလွန်လောကကို သိ၍ ပဋိသန္ဓေနေခြင်း သေခြင်းကိုလွန်မြောက်၏။ ဖေါက်ပြန်ခြင်းမရှိမူ၍ သဘောအတိုင်း တည်သောကြောင့်

တာဒိဂုဏ်နှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူ သမဏဟု ဆိုအပ်၏”

“မြတ်စွာဘုရား - အဘယ်သို့သော သူကို မကောင်းမှု ဆေးကြောပြီးသူ နှာတက ဟု ဆိုကြသနည်း”

“သဘိယ - အကြင်ပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၌ ရင်း၊ ဗဟိဒ္ဓသန္တာန်၌ရင်း၊ လောကအားလုံးဝယ် အလုံးစုံသော မကောင်းမှုတို့ကို ဆေးလျှော်ပြီးလျှင် တဏှာဒိဋ္ဌိတို့ဖြင့် ကြံစည်အပ်ကုန်သော လူ့ပြည်နတ်ပြည်တို့၌ လူဟုရင်း၊ နတ်ဟုရင်း ကြံစည်ခြင်းသို့မရောက်၊ ထိုပုဂ္ဂိုလ်ကို ဆေးလျှော်ပြီးသူ နှာတကဟု ဆိုအပ်၏”

“မြတ်စွာဘုရား - အဘယ်အကြောင်းဖြင့် မကောင်းမှုကို မပြုတတ်သူနာဂဟု ဆိုသနည်း”

“သဘိယ - အကြင်ပုဂ္ဂိုလ်သည် လောက၌ တစုံတခုသော မကောင်းမှုကို မပြု၊ စပ်ယှဉ်မှု အားလုံးနှင့် အနှောင်အဖွဲ့တို့ကို ဖြေဖျောက်ပယ်စွန့်ပြီးလျှင် အလုံးစုံသောခန္ဓာစသည်တို့၌ နှစ်ပါးသော ဝိမုတ္တိတို့ဖြင့် လွတ်မြောက်သည်ဖြစ်၍ မကပ်ငြိ။ ဖေါက်ပြန်ခြင်းမရှိမူ၍ သဘောအတိုင်း တည်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်ကို မကောင်းမှု မပြုသော နာဂဟု ဆိုအပ်၏”

“မြတ်စွာဘုရား - အဘယ်သူကို ခေတ္တမည်သော အာယတနကိုအောင်သူဟူ၍ မြတ်စွာဘုရားတို့ ဆိုကြသနည်း”

"သဘိယ - အကြင်ပုဂ္ဂိုလ်သည် နတ်, လူ, ဗြဟ္မာ၌ဖြစ်သော အာယတနအားလုံးတို့ကို သိမြင်ပြီး၍ အာယတနအားလုံးတို့၏ မူလ အနှောင်အဖွဲ့မှ လွတ်မြောက်၏။ ဖေါက်ပြန်ခြင်းမရှိမူ၍ သဘောအတိုင်းတည်သောကြောင့်တာဒိဂုဏ်နှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်ကို ခေတ္တမည်သော အာယတနကို အောင်ပြီးသူဟု ဆိုအပ်၏"

"မြတ်စွာဘုရား - အဘယ်အကြောင်းဖြင့် ဖြတ်တောက်ဖျက်ဆီးတတ်သူ ဟုဆိုကြသနည်း"

"သဘိယ - အကြင်ပုဂ္ဂိုလ်သည် နတ်၊ လူ၊ ဗြဟ္မာ ကုသိုလ်ကံ အကုသိုလ်ကံကျိုကြံ အားလုံးကို သိမြင်ပြီး၍ ကျိုကြံအားလုံးတို့၏ မူလအနှောင်အဖွဲ့မှ လွတ်မြောက်၏။ ဖေါက်ပြန်ခြင်းမရှိမူ၍ သဘောအတိုင်း တည်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်ကို ကျိုကြံကို ဖြတ်တောက်ဖျက်ဆီးတတ်သူဟု ဆိုအပ်၏"

'မြတ်စွာဘုရား - အဘယ်သို့သောသူကို ပညာ ရှိ ဟု ဆိုကြသနည်း"

"သဘိယ - အကြင်ပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်ဖြစ်ကြသည့် ဖြူစင်သော အာယတနနှစ်ပါးတို့ကို သိမြင်၍ စင်ကြယ်သော ပညာရှိ၏။ မည်းနက်သော အကုသိုလ်ကံ၊ ဖြူစင်သော ကုသိုလ်ကံတရားကို လွန်မြောက်၏။ ဖေါက်ပြန်ခြင်း မရှိမူ၍ သဘောအတိုင်းတည်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံသော ထိုပုဂ္ဂိုလ်ကို ပညာရှိဟု ဆိုအပ်၏"

"မြတ်စွာဘုရား - အဘယ်အကြောင်းဖြင့် မုနိမည်၏ဟု ဆိုသနည်း"

"သဘိယ - အကြင်ပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်နှင့် လောကအားလုံး၌ သူယုတ်မာတို့၏ တရား၊ သူတော်ကောင်းတို့၏ တရားကို သိမြင်၍ ရာဂစသောကပ်ငြိမှုနှင့် တဏှာဒိဋ္ဌိဟူသောကွန်ရက်ကို လွန်၍တည်၏။ ထိုပုဂ္ဂိုလ်ကို နတ်လူတို့ ပူဇော်အပ်သည် ဖြစ်၍မုနိဟု ဆိုအပ်၏"

"မြတ်စွာဘုရား - အဘယ်သို့ ရောက်သူကို သိခြင်းသို့ ရောက်သူ ဝေဒဂူဟု ဆိုကြသနည်း"

"သဘိယ - ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် သမဏ ဗြာဟ္မဏတို့၏ ဝေဒကျမ်း အားလုံးတို့ကို လွန်မြောက်လျက် ဝေဒနာ အားလုံးတို့၌ တပ်စွန်းမှု ကင်း၏။ ထိုပုဂ္ဂိုလ်ကို ဝေဒဂူမည်၏ဟု ဆိုအပ်၏"

"မြတ်စွာဘုရား - အဘယ်အကြောင်းဖြင့်လျော်စွာသိသူ အနုဗုဒ္ဓဟုဆိုကြသနည်း"

"သဘိယ - အကြင်ပုဂ္ဂိုလ်သည် အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန်၌ တဏှာ၊ ဒိဋ္ဌိ၊ မာန၊ ပပဉ္စတရားသုံးပါး နာမ် ရုပ်တရားနှင့် နာမ်ရုပ်ဟူသော အနာရောဂါ၏ အမြစ် အဝိဇ္ဇာ ဘဝတဏှာကို လျော်စွာ သိမြင်၍ ရောဂါအားလုံး၏ မူလဖြစ်သော အနှောင်အဖွဲ့မှ လွတ်မြောက်၏။ ဖေါက်ပြန်မှု မရှိမူ၍ သဘောအတိုင်း တည်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံသော ထိုပုဂ္ဂိုလ်ကို အနုဗုဒ္ဓဟု ဆိုအပ်၏"

"မြတ်စွာဘုရား - အဘယ်သို့သော သူကို ဝိရိယရှိသူဟု ဆိုကြသနည်း"

"သဘိယ - ဤလောက၌ အကြင်ပုဂ္ဂိုလ်သည်မကောင်းမှု အားလုံးမှ ကြဉ်ရှောင်၏။ ငရဲ၌ ဖြစ်သော ဝဋ္ဋဆင်းရဲကို လွန်မြောက်၍ တည်၏။ ဝိရိယဟူသော နေရာအိမ်ရှိ၏။ အကျင့်ပဓာနရှိသည်ဖြစ်၍ တည်ကြည်မှုရှိ၏။ ဖေါက်ပြန်မှု မရှိမှု၍ သဘောအတိုင်းတည်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံသော ထိုပုဂ္ဂိုလ်ကို ဝိရိယရှိသူဟု ဆိုအပ်၏"

"မြတ်စွာဘုရား - အဘယ်သို့လျှင် အာဇာနည် မည်သနည်း"

"သဘိယ - အကြင်ပုဂ္ဂိုလ်အား အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန်၌ အနှောင်အဖွဲ့တို့သည် ဖြတ်တောက်ပြီး ဖြစ်ကုန်၏။ ကပ်ငြိမှု အမြစ်မူလကိုလည်း နုတ်ပြီးဖြစ်၏။ ကပ်ငြိမှုအားလုံး၏ မူလအနှောင်အဖွဲ့မှ လွတ်မြောက်၏။ ဖေါက်ပြန်မှု မရှိမှု၍ သဘောအတိုင်း တည်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံသော ထိုပုဂ္ဂိုလ်ကို အာဇာနည်ဟု ဆိုအပ်၏"

"မြတ်စွာဘုရား - အဘယ်သို့ရောက်သူကို အကြားအမြင်များသူ သောတ္တိယဟု ဆိုကြသနည်း"

"သဘိယ - လောက၌ တရားအားလုံးကို ကြားနာရသည်ရှိသော် ထူးသောဉာဏ်ဖြင့် သိလျက် အပြစ်ရှိ မရှိ တရားဟူသမျှကို နှိမ်နင်းနိုင်သူ၊ ယုံမှားခြင်းမရှိသူ၊ အနှောင်အဖွဲ့မှ လွတ်မြောက်သူ၊ ခန္ဓာစသောတရားအားလုံးတို့၌

ရာဂစသည် နှိပ်စက်ခြင်း မရှိသူကို အကြွား အမြင် များ သူ သောတ္တိယဟု ဆိုကြ၏”

“မြတ်စွာဘုရား - အဘယ် အကြောင်းဖြင့် အရိယာဟု ဆိုကြသနည်း”

‘‘သဘိယ - အကြင်ပုဂ္ဂိုလ်သည် အာသဝ လေးပါးနှင့် တကွ ဒိဋ္ဌိဟူသော အာလာယ နှစ်ပါးကို ဖြတ်၍ မဂ်ဉာဏ်လေးပါးသို့ ရောက်သဖြင့် သိကြားလိမ်မာ၏။ ထိုပုဂ္ဂိုလ်သည် ပဋိသန္ဓေနေခြင်းသို့ မကပ်ရောက်။ သုံးပါးအပြား ရှိသော သညာနှင့် ကာမဂုဏ်တည်းဟူသော ညွန်ကို ပယ်ဖျောက်၍ တဏှာ ဒိဋ္ဌိဟူသောကြံစည်မှု ကပ္ပသို့လည်းမရောက်၊ ထိုပုဂ္ဂိုလ်ကို အရိယာဟုဆိုကြ၏။”

“မြတ်စွာဘုရား — အဘယ်သို့သောသူကို စရဏရှိသူဟု ဆိုကြသနည်း”

“သဘိယ — ဤသာသနာ၌အကြင်ပုဂ္ဂိုလ်သည် စရဏ တရားတို့ကြောင့်ရောက်သင့်၊ရောက်ထိုက်သော အရဟတ္တဖိုလ်သို့ရောက်၏။ စရဏတရားတို့၌လည်း လိမ္မာ၏။ အခါခပ်သိမ်း နိဗ္ဗာန်တရားကိုလည်းသိ၏။ အလုံးစုံသော ခန္ဓာ စသော တရားတို့၌ မကပ်ငြိ၊ဝိမုတ္တိနှစ်ပါးတို့ဖြင့် လွတ်မြောက်ပြီး သော စိတ်ရှိ၏၊အကြင်ပုဂ္ဂိုလ်အား စိတ်ထိခိုက်မှုပဋိဃတို့မရှိကုန် ထိုပုဂ္ဂိုလ်သည် စရဏရှိသူမည်၏။”

“မြတ်စွာဘုရား-းအဘယ်သို့လျှင်ပရိဗိုဇ်မည်ပါသနည်း”

“သဘိယ—အကြင်ပုဂ္ဂိုလ်သည် ဆင်းရဲကျိုးကို ဖြစ်စေ တတ်သောအတိတ်, အနာဂတ်, ပစ္စုပ္ပန်ကံကို

မဂ်ဉာဏ်ဖြင့်ပယ်သုတ်၍လှည့်ပတ်မှုမာယာ, မာန, လောဘနှင့် ဒေါသကိုပိုင်းခြားသိလျက် ကျင့်သုံးပြီးလျှင် နာမ်-ရုပ်တို့၏ အဆုံးကိုပြုခဲ့ပြီ၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသောသိုပုဂ္ဂိုလ်ကို ပရိဗ္ဗာဇကဟုဆိုကြ၏။

ထို့နောက်သဘိယ ပရိဗိုဇ်သည် မြတ်စွာဘုရား၏ခြေဦးတိုက်၍ မြတ်စွာဘုရားအား "အရှင်ဘုရားတရားတော်သည်အလွန်နှစ်သက်ဖွယ်ရှိပေစွ၊ အကျွန်ုပ်သည်မြတ်စွာဘုရားကိုကိုးကွယ်ရာဟု ဆည်းကပ်ပါ၏။ တရား, သံဃာကိုလည်း ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏။ အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ ထံ၌ ရှင်အဖြစ်ရလိုပါ၏၊ ရဟန်းအဖြစ်ရလိုပါ၏" ဟုလျှောက်၏။

သဘိယ ပရိဗိုဇ်သည် မြတ်စွာဘုရား၏ အထံ၌ ရှင်-ရဟန်းအဖြစ်ကို ရလေ၏။ အရှင်သဘိယသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် တပါးအပါအဝင်ဖြစ်၏။

# ပါရာယနဝဂ်

## [သုတ္တနိပါတ် ပါဠိတော်]

### ဝတ္ထုဂါထာ

ဝေဒကျမ်းတို့၌ တဖက်ကမ်းရောက် တတ်မြောက်ပြီးသော ဗာဝရီအမည်ရှိသော ပုဏ္ဏားသည် ကြောင့်ကြမရှိမှုကို လိုလားတောင့်တလျက်ကောသလတိုင်းသူတို့၏မွေ့လျော်ဖွယ်ရာဖြစ်သော သာဝတ္ထိပြည်မှဒက္ခိဏာပထတိုင်းသို့ သွား၏။

ထိုပုဏ္ဏားသည် အဿကတိုင်း အဠကတိုင်းတို့၏ အလယ် ဂေါဓာဝရီမြစ် အလယ်ကျွန်း၌ ဆွမ်းခံခြင်းဖြင့်ရင်း, သစ်သီး သစ်ဥဖြင့်ရင်း, မျှတနေ၏။

ထိုကျွန်းကိုပင်အမှီပြု၍ ပြန့်ပြောကြီးကျယ်သော ရွာဖြစ်၏။ ထိုရွာကြီးမှထွက်သော အခွန်အတုတ်ဖြင့် ဖလ္လုပွဲကြီးလှူဒါန်း ပြုလုပ်၏။

ဗာဝရီ ပုဏ္ဏားသည် အလှူကြီးလှူပြီး၍ ကျောင်းသခ်မ်းသို့ဝင်သွားပြီးနောက် အခြားပုဏ္ဏားတယောက် ရောက်လာ၏။

ထိုပုဏ္ဏားသည်ကား ခြေတောက်ချင်း တိုက်ခတ်၍သွားတတ်၏။ တော်မွတ်သူဖြစ်၏။ သွားချေးထူ၏။ ဦးခေါင်း၌မြူမှုန့်အလိမ်းလိမ်းကပ်ငြိနေ၏။ သူသည်ဗာဝရီပုဏ္ဏားထံ ချဉ်းကပ်ပြီး အသပြာငါးထောင် တောင်း၏။

ထိုပုဏ္ဏားကို ဗာဝရီပုဏ္ဏားမြင်သော် နေရာဖြင့်ဖိတ်မန်၏။ ချမ်းသာကျန်းမာခြင်းကို မေးပြီးလျှင် "ပုဏ္ဏားအကျွန်ုပ်၏ပေးလှူဖွယ်ရာ အာလုံးကို အကျွန်ုပ် စွန့်လှူလိုက်ပါပြီ၊ ပုဏ္ဏားအကျွန်ုပ်အား ခွင့်လွှတ်ပါလော့၊ အကျွန်ုပ်အား အသပြာငါးရာမရှိတော့ပါ"ဟု တောင်းပန်၏။

ထိုအခါပုဏ္ဏားက "အကျွန်ုပ် တောင်းခံနေ ပါလျက်အရှင်သည် အကယ်၍မပေ ငြားအံ့၊ ခုနစ်ရက်မြောက်သောနေ့၌ အရှင့်ဦးခေါင်းသည် ခုနစ်စိတ်ကွဲပါစေ"ဟု ကျိန်ဆဲ၏။

အံ့ဖွယ်သရဲ ပြုလုပ်တတ်သော ထိုပုဏ္ဏားသည်ဟန်ဆောင်လျက် ကြောက်မက်ဖွယ်ရာ ကျိန်ဆိုရေရွတ်ခြင်းသာဖြစ်၏။ သို့ရာတွင် ဗာဝရီကားထိုပုဏ္ဏား၏ စကားကိုကြားသဖြင့် စိတ်ဆင်းရဲသွား၏။ သောကမြား စူးဝင်နေသဖြင့်အစာအာဟာရကို မသုံးဆောင်နိုင်၍ အသားအရေခြောက်ခန်းနေ၏၊ စျာန်သမာပတ်၌မမွေ့လျော်နိုင်တော့ပေ။

ထိုအခါအကျိုးကို လိုလားသောနတ်သား တယောက်သည် ဗာဝရီ၏ထံ ချဉ်းကပ်ပြီး "ထိုပုဏ္ဏားသည် ဦးခေါင်းကိုသိသူမဟုတ်၊ ဥစ္စာကိုအလိုရှိသဖြင့် အံ့ဖွယ်သရဲပြုတတ် သူသာဖြစ်

သည် ဦးခေါင်း၌ရင်း, ဦးခေါင်းပြုတ်ကျမှု၌ရင်း ဉာဏ်ရှိသူမဟုတ် ဟုပြောပြ၏။

"အရှင်နတ်မင်း ဦးခေါင်းကိုရင်း, ဦးခေါင်းပြုတ်ကျမှုကိုရင်းအကယ်၍သိပါမူသင်သည်ကိုအကြောင်းကို အကျွန်ုပ်အား ပြောကြားပါလော့၊ သင်၏ထိုစကားကို နားထောင်ပါမည်။"

"ဤအကြောင်းကိုအကျွန်ုပ်လည်းမသိပါ၊ဤအကြောင်း၌အကျွန်ုပ်အား အသိဉာဏ်မရှိပါ"

"အရှင်နတ်မင်း ယင်းသို့ဖြစ်မူ ထိုအကြောင်းကိုအဘယ်သူသိပါသနည်း၊ ထိုသူကိုအကျွန်ုပ်အား ပြောကြားပါလော့"

"ဩက္ကာကရာဇ်မင်း၏ အဆက်အနွယ် သာကီဝင်မင်းသား သိဒ္ဓတ္ထသည် ကပိလဝတ် နေပြည်တော်မှ ထွက်မြန်းလျှင် လောက၏အကြီးအကဲ ဖြစ်တော်မူ၍ ပညာအရောင်ကို ပြုတော်မူ၏။ ဗာဝရီ ထိုမြတ်စွာဘုရားသည် အလုံးစုံသော တရားတို့၏ အပြီး-အဆုံးသို့ရောက်တော်မူ၏။ သင်သွား၍ ထိုမြတ်စွာဘုရားကို မေးလျှောက်လော့"

ဗာဝရီပုဏ္ဏားသည် ဘုရားဟူသော စကားကို ကြားရလျှင် ဝမ်းမြောက်တက်ကြွလာ၏။ ပူဇော်အားမှ သဘော နှည်းသွား၏။ မျှားဝဒေသ သစ်ဆက်မ ထိကိုလည်းရ၏၊

"အရှင်နတ်မင်း အဘယ်ရွာ အဘယ်နိဂုံး အဘယ်ဇနပုဒ်၌ မြတ်စွာဘုရား နေတော်မူပါသနည်း၊ မြတ်သော မြတ်စွာဘုရားကို အကျွန်ုပ်တို့ ဖူးကြပါကုန်အံ့"

"တိသာကီဝင်မင်းသား မြတ်စွာဘုရားသည် ကောသလမင်း၏ မြို့တော်သာဝတ္ထိပြည်၌ နေတော်မူ၏။"

ထို့နောက် ဗာဝရိပုဏ္ဏားသည် ဝေဒကျမ်းတို့၌ ကမ်းဘဖက်ရောက် တတ်မြောက်သောတပည့် ပုဏ္ဏားတို့ကိုခေါ်ပြီးလျှင် "လုလင်ပုဏ္ဏားတို့ လာကြကုန်လော့၊ သင်တို့သည် သာဝတ္ထိပြည်သို့ လျင်စွာသွား၍ မြတ်သောမြတ်စွာဘုရားကို ဖူးမြင်ကြချေကုန်လော့"

"ဆရာပုဏ္ဏား အကျွန်ုပ်တို့သည် ဘုရားဟု အဘယ်သို့ သိနိုင်ကုန်အံ့နည်း"

"သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတို့သည် ဝေဒကျမ်းတို့၌လာကုန်၏။ ကိုယ်၌ထိုလက္ခဏာတို့ရှိသော သူအား အဖြစ် နှစ်မျိုးသာရှိ၏။ သုံးခုမြောက် မဖြစ်နိုင်။ ထိုသူသည်အကယ်၍ လူ့ဘောင်၌နေလျှင် ဒဏ်မထား, လက်နက်မကိုင်မူ၍ တရားသဖြင့်ဆုံးမလျက် ကျွန်းလေးပြင်ကို အောင်မြင် နိုင်ရာ၏။ အကယ်၍ရဟန်းဘောင်သို့ ဝင်ရောက်ပါလျှင် အတုမရှိသော ဘုရားဖြစ်နိုင်၏။"

"ဆရာပုဏ္ဏားအကျွန်ုပ်တို့သည် အကယ်၍မြတ်စွာဘုရားသခင်ကိုဖူးမြင်ရပါသော် အဘယ်အမှုကို ပြုကြရပါမည်နည်း"

"ငါ၏ အသက်အရွယ်, အမျိုးအနွယ်, လက္ခဏာ, ဝေဒကျမ်း, တပည့်များ, ဦးခေါင်းနှင့် ဦးခေါင်းပြတ်ကျမှုကို စိတ်ဖြင့်သာ မေးကြကုန်လော့၊ အကယ်၍ အပိတ်အပင်မရှိ မြင်စွမ်းနိုင်သော ဘုရားဖြစ်ခဲ့မူ စိတ်ဖြင့် မေးသောပြဿနာတို့ကို နှုတ်ဖြင့် ဖြေကြားလိမ့်မည်"

ဗာဝရိပုဏ္ဏား၏ တပည့် ပုဏ္ဏား ပေါင်းမှာ တသောင်း ခြောက်ထောင်ရှိ၏။ သူတို့မှာဂိုဏ်းအသီးသီးရှိကြ၏။ သောက၌

ထင်ရှား ကျော်စော သူများဖြစ်ကြ၏။ ဈာန်ရကြသဖြင့် ဈာန် ဝင်စားမှု၌ မွေ့လျော်ကြ၏။ ပညာရှိတို့ဖြစ်ကြ၏။ ဆံကျစ်ထုံး၍ သစ်နက်ရေကိုဆောင်ကြ၏။ သူတို့သည်ဗာဝရီရသေ့ကို ရှိခိုးကြပြီးလျှင် အရိုအသေပြုလျက် မြောက်အရပ်သို့ရှေးရှုကာ ဖဲသွားကြကုန်၏။

ပုဏ္ဏား တဆယ့်ခြောက်ယောက် တို့သည် ရှေးဦးစွာ အဋ္ဌကမင်း၏တည်နေရာ အာဟိဿတိမြို့တော်သို့ ဝင်ရောက်ကြ၏။ ထို့နောက်ဆက်လက်၍ခရီးထွက်ကြရာ ဥဇ္ဇေနီပြည်ဂေါနဒ္ဓမြို့ ဝေဒိသမြို့, ဝနသမြို့သို့၎င်း ကောသမ္ဗီပြည် သာကေတမြို့သို့၎င်း အသီးသီးရောက်ပြီးနောက် သာဝတ္ထိပြည်သို့ ဆိုက်ရောက်ကြ၏။ သို့ရာတွင် မြတ်စွာဘုရားသည် ယခုအခါ သာဝတ္ထိပြည်၌ မရှိချေ။

သူတို့သည်တဖန် ခရီးဆက်ကြရပြန်၏။ သေတဗျမြို့သို့၎င်း, ကပိလဝတ်ပြည်သို့၎င်း, ကုသိနာရုံပြည်သို့၎င်း, ပါဝါမြို့သို့၎င်း, ဘောဂမြို့သို့၎င်း, ဝေသာလီပြည် သို့၎င်း, ရာဇဂြိုဟ်ပြည်သို့၎င်း, အသီးသီးရောက်ကြ၏။ ထိုတွင်မှ တို့သည် ရေငတ်သူသည် အေးမြသောရေကို ရသကဲ့သို့၎င်း, ကုန်သွယ် သူသည် များစွာသော အမြတ်အစွန်းတို့ကို ရသကဲ့သို့၎င်း, နွေရာသီအပူ နှိပ်စက်ခံရသူသည်အရိပ်ကိုရသကဲ့သို့၎င်း, နှစ်သက်ဖွယ်မွေ့လျော်ဖွယ် ရှိသော ပါသာဏကစေတီရှိရာ တောင်သို့ အလျင်အမြန် တက်ကြ၏။

ထိုအချိန်၌ မြတ်စွာဘုရားသည် ရဟန်းသံဃာခြံရံလျက် တောအတွင်း၌ ရဟန်းတို့အားခြင်္သေ့မင်းသဖွယ် စမ္မာယ်လျက်

တရားဟောကြားနေ၏။ ပုဏ္ဏားတို့သည်မြတ်စွာဘုရားသခင်ကိုသ ပြည့်ဝန်းအသွင်ဖူးမြင်ရသောအခါလွန်စွာ ရွှင်လန်းဝမ်းမြောက်သွား၏။ ထို့နောက်သူတို့တွင်ခေါင်းဆောင်ဖြစ်သော အဇိတ အမည်ရှိသောပုဏ္ဏားသည် ဆရာရသေ့ မှာကြား လိုက်သော ပြဿနာတို့ကို မြတ်စွာဘုရားအား စိတ်ဖြင့်မေးလျှောက်၏။

"အဇိတ - သင်တို့၏ဆရာဗာဝရီ၏ အသက်သည် တရာ့
နှစ်ဆယ်ရှိ၏။သူသည်အနွယ်အားဖြင့်ဗာဝရီဖြစ်၏။
သူ၏ကိုယ်၌လက္ခဏာအင်္ဂါသုံးပါးရှိ၏။ ဝေဒကျမ်းတို့၌ တဖက်ကမ်းရောက်တတ်မြောက်၏။ အဘိဓာန်ကျမ်း, အလင်္ကာကျမ်းနှင့်တကွ လက္ခဏာကျမ်း, ဣတိဟာသ ကျမ်းတို့ကို တပည့်ငါးရာတို့အား သင်ကြားပို့ချ၏။

"မြတ်စွာဘုရား - ဗာဝရီပုဏ္ဏား၏ လက္ခဏာ တို့ကို
အကျယ်စိစစ်ပြီးထင်စွာပြတော်မူပါ၊
အကျွန်ုပ်တို့အား ယုံမှားမဖြစ်ပါစေလင့်"

"လုလင်-ဗာဝရီ ပုဏ္ဏားသည် လျှာဖြင့် မျက်နှာကို
ဖုံးအုပ်နိုင်၏။ သူ၏ မျက်မှောင်
အကြား၌ ဥဏ္ဏလုံမွေးရှင် ပေါက်၏။ သူ့အား အအိမ်ဖြင့် ဖုံးလွှမ်းသောပုရိသ အင်္ဂါရှိ၏။"

တစုံတရာ အမေး ပုစ္ဆာကို မကြားရပဲ မြတ်စွာ ဘုရား၏ အဖြေကို ကြားရသောရသေ့တို့သည် အလွန် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြလျက် လက်အုပ်ချီကာ အထူးထူး ကြံဆကြ၏။ စိတ်ဖြင့်မေးအပ်သော ပြဿနာကိုဘယ်သူ မေးပါသနည်း၊ နတ်,

ဗြဟ္မာ သို့မဟုတ်သိကြားပင် မေးသလော၊ မြတ်စွာဘုရားသည် ဤအဖြေကို အယ်သူအား ဖြေကြားပါသနည်း။

"ဗာဝရီ ပုဏ္ဏားသည်ဦး ခေါင်းကိုရင်၊ ဦးခေါင်းပြုတ်ကျမှုကိုရင်း မေးလိုက်ပါ၏။ သို့အမေးကို ဖြေကြားတော်မူပါလော၊ မြတ်စွာဘုရားသည် အကျွန်ုပ် တို့၏ ယုံမှားမှုကို ဖျောက်တော်မူပါလော့"

"အဇိတ - အမှုန်ဟူသောတရားကို မသိသော အဝိဇ္ဇာသည် ဦးခေါင်းမည်၏။ ယုံကြည်မှုသဒ္ဓါ, အောက်မေ့မှုသတိ, တည်ကြည်မှုသမာဓိနှင့် ကုသိုလ်ကိုအလိုရှိမှုဆန္ဒ, အားထုတ်မှုဝီရိယနှင့် ယှဉ်သော ဝိဇ္ဇာသည်ဦးခေါင်းကို ဖြုတ်ချတတ်သော တရားမည်၏"

ထိုသို့ဖြေကြားသောအခါ အဇိတလုလင်သည်အားကြီးသော နှစ်သက်ဝမ်းမြောက်မှုဖြင့် တက်ကြွသောကိုယ်စိတ်ရှိသည်ဖြစ်၍ ပခုံးတဖက်၌သင်္ကန်းရေကိုတင်ကာ မြတ်စွာဘုရား၏ခြေတော်ကို ဦးခိုက်၏။

"ပညာစက္ခု ရှိတော်မူသော အရှင်ဘုရား တပည့်တော်နှင့်တကွ ဗာဝရီပုဏ္ဏားသည် ဝမ်းမြောက်ဝမ်းသာ တက်ကြွသောစိတ်ရှိသည်ဖြစ်၍ အရှင်ဘုရား၏ခြေကို ရှိခိုးလိုက်ပါ၏"

"တပည့်များနှင့် အတူတကွ ဗာဝရီပုဏ္ဏားသည် ချမ်းသာစေသတည်း၊ အဇိတလုလင်သည်လည်း ချမ်းသာစေသတည်း အသက်ရှည်စေသတည်း။ သင်တို့အားလုံး၏ ယုံမှားမှုအားလုံးကို ငါမေးခွင့်ပြုပြီ၊ သင်တို့မေးလိုသော ပုစ္ဆာဟူသမျှကို မေးကြကုန်လော့"

မြတ်စွာဘုရားက ခွင့်ပြုသဖြင့် အဇိတလုလင်သည်ထိုင်ပြီးလျှင် လက်အုပ်ချီကာ ပဌမ အမေး ပြဿနာကို ထိုပါသဏကနတ်ကွန်း၌ မြတ်စွာဘုရားအား မေးလျှောက်၏။

**၁–အဇိတလုလင်အမေး**

"မြတ်စွာဘုရား-လောက ကိုအဘယ် တရားက ဖုံးလွှမ်းထားပါသနည်း"

"အဇိတ လောကကိုမသိမှု အဝိဇ္ဇာကဖုံးလွှမ်းထား၏"

"မြတ်စွာဘုရား- လောကသည် အဘယ် တရားကြောင့် မထင်ရှားပါသနည်း"

"အဇိတ- ဓိမိအားသာဖြစ်စေလို၍ သူတပါးအားမဖြစ်စေလိုမှုမစ္ဆရိယနှင့်မေ့လျော့မှု ပမာဒတရားကြောင့်လောကသည် မထင်ရှား"

"မြတ်စွာဘုရား-အဘယ်တရားကို လိမ်းကျံကပ်ငြိတတ်သောတရားဟု ဆိုပါသနည်း"

"အဇိတ-မြည်းတမ်းကြောင်းတဏှာကို လိမ်းကျံကပ်ငြိတတ်သော တရားဟုငါဆို၏"

"မြတ်စွာဘုရား-အဘယ်တရားသည် ထိုလောက၏ဘေးကြီးဖြစ်ပါသနည်း"

"အဇိတ - သံသရာဝဋ်ဒုက္ခသည် ထိုလောက၏ ဘေးကြီးဖြစ်၏"

"မြတ်စွာဘုရား-အာယတန အားလုံးတို့၌ တဏှာအယဉ်တို့သည် စီးကုန်၏။ တဏှာအယဉ်တို့ကို

အဘယ်တရားသည်တားမြစ်ပိတ်ပင် နိုင်ပါသနည်း”

“အဇိတ- လောက၌ စီးသွားကုန်သော တဏှာအယဉ်တို့ကို အောက်မေ့မှုသတိသည်တား မြစ်ပိတ်ပင်နိုင်၏”

”မြတ်စွာဘုရား-တဏှာအယဉ်တို့ကို စောင့်စည်းပိတ်ဆို့နိုင်သောတရားကိုဟောဘော်မူပါလော့၊ အဘယ် တရားသည်တဏှာအယဉ်တို့ကို စောင့်စည်း ပိတ်ဆို့နိုင် ပါသနည်း”

“အဇိတ- ပညာကထိုတဏှာ အယဉ်တို့ကို စောင့်စည်း ပိတ်ဆို့နိုင်၏”

“မြတ်စွာဘုရား- ပညာ သတိနှင့်နာမ်-ရုပ်သည်ရှိပါ၏၊ ဤပညာ, သတိ, နာမ်,ရုပ်တရားသည် အဘယ်၌ ချုပ်ပါသနည်း”

“အဇိတ-နိဗ္ဗာန်၌ နာမ်, ရုပ်သည် အကြွင်းမဲ့ချုပ်၏ ကုသိုလ်ကံ အကုသိုလ် ကံဟူသော အဘိသင်္ခါရဝိညာဏ်၏ချုပ်ရာနိဗ္ဗာန်၌ ဤနာမ်, ရုပ်သည်ချုပ်၏”

“မြတ်စွာဘုရား- တရားကိုသိပြီးသော ရဟန္တာပုဂ္ဂိုလ်နှင့် ကျင့်ဆဲ ဖြစ်သော သေက္ခပုဂ္ဂိုလ် တို့၏ အကျင့်ကို ဟောတော်မူပါလော့”

“အဇိတ- ရဟန်းသည် ကာမတို့၌ မတပ်မက် မတွယ်တာရာ၊ စိတ်ညစ်ညူး နောက်ကျုသူမဖြစ်ရာ၊ တရားအားလုံးတို့၌ လိမ္မာသည်သတိရှိသည်ဖြစ်၍နေထိုင်ရာ၏။”

## ၂-တိဿမေတ္တေယျလုလင် အမေး

"အရှင်ဘုရား- ဤလောက၌ အဘယ်သူသည် ရောင့်ရဲလွယ်သူ ဖြစ်ပါသနည်း၊ အဘယ်သူအား တုန်လှုပ်မှုတို့ မရှိပါကုန်သနည်း၊ အဘယ်သူသည်အစွန်းနှစ်ဖက်နှင့် အလယ်ကိုပညာဖြင့်သိ၍ မလိမ်းကျံ မငြိကပ် ပါသနည်း၊ အဘယ်သူကို မဟာပုရိသဟု ဆိုပါသနည်း၊ အဘယ်သူသည် ချုပ်စပ်တတ်သောတဏှာကို လွန်မြောက်ပါသနည်း"

"မေတ္တေယျ- အကြင်ရဟန်းသည် ကာမတို့၌ အပြစ်ကို မြင်၍ မဂ်အကျင့်မြတ်ကို ကျင့်သုံးသူ၊ တပ်မက်မှုတဏှာကင်းသူ၊ အခါခပ်သိမ်း အောက်မေ့မှု သတိရှိသူ၊ ပညာဖြင့်ဆင်ခြင်၍ အေးငြိမ်းသူဖြစ်၏။ ထိုရဟန်းအားတုန်လှုပ်တတ်သောတဏှာဒိဋ္ဌိတို့မရှိကုန်၊ ထိုရဟန်းသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာဟူသော အစွန်းနှစ်ဖက်ကို၎င်း၊ နိရောဓသစ္စာဟူသော အလယ်ကို၎င်း၊ မဂ်ဉာဏ်ဖြင့်သိ၍ တဏှာဒိဋ္ဌိတို့ဖြင့် မလိမ်းကျံ မကပ်ငြိတော့ပေ၊ ထိုရဟန်းကိုမဟာပုရိသဟုငါဆို၏။ထိုရဟန်းသည် ဤလောက၌ ချုပ်စပ်တတ်သော တဏှာကို လွန်မြောက်လေပြီ"

## ၃-ပုဏ္ဏက လုလင်အမေး

"မြတ်စွာဘုရား- ဤလောက၌ ရသေ့၊ လူ၊ မင်း၊ ပုဏ္ဏားတို့သည် အဘယ်ကို မှီကုန်၍ နတ်တို့

အား ပူဇော်မှုကို အများအပြား ပြုကြပါကုန်သနည်း"

"ပုဏ္ဏက- ဤလောက၌ရသေ့, လူ, မင်း, ပုဏ္ဏားအားလုံးတို့သည် လူ့, နတ့်, ဗြဟ္မာ့ အဖြစ်ကိုတောင့်တကြကုန်လျက် နတ်တို့အားပူဇော်မှုကို အများ အပြား ပြုကြကုန်၏"

"မြတ်စွာဘုရား- အသို့ပါနည်း ပူဇော်မှု၌ မမေ့မလျော့ကုန်သော ထိုသူတို့သည် ပဋိသန္ဓေနေမှု, အိုမှုကိုလွန်မြောက် နိုင်ပါကုန်သလော"

"ပုဏ္ဏက- ထိုသူတို့သည် ပူဇော်မှုကို အားထုတ်ကြကုန်သော်လည်း ဘဝဂ်တပ်စွန်းမှု တဏှာဖြင့် တပ်မက်ကုန်သောကြောင့် ပဋိသန္ဓေနေမှု, အိုမှုစသောဝဋ်ဆင်းရဲကို မလွန်မြောက်နိုင်ကုန်"

"မြတ်စွာဘုရား- သို့ဖြစ်ပါလျှင် အဘယ်သူသည် နတ်လောက, လူ့လောက၌ ပဋိသန္ဓေနေမှု အိုမှုစသော ဝဋ်ဆင်းရဲကို လွန်မြောက် နိုင်ပါသနည်း"

"ပုဏ္ဏက- လောက၌ အကြင်သူအား မိမိအတွင်း အပသဘောတရားတို့ကို ပညာဖြင့်ဆင်ခြင်၍ တစုံတခုသော လောက၌ တုန်လှုပ်တတ်သော တဏှာမရှိ၊ ထိုသူသည် ကိလေသာငြိမ်းအေးသူ, ဒုစရိုက်အခိုးကင်းသူ, ဆင်းရဲကြောင်း ကိလေသာကင်းပြီးသူဖြစ်၍ ပဋိသန္ဓေနေမှု, အိုမှုစသော ဝဋ်ဆင်းရဲကိုကူးမြောက်နိုင်၏။"

## ၄-မေတ္တဂူလုလင်အမေး

"မြတ်စွာဘုရား- လောက၌ ဆင်းရဲ အများ အပြားရှိပါကုန်၏။ ဤဆင်းရဲ တို့သည် အဘယ်ကြောင့် ဖြစ်ပေါ်လာပါကုန်သနည်း"

"မေတ္တဂူ- လောက၌ဆင်းရဲအားလုံးတို့သည် ကိလေသာစသော ဥပဓိ ဟူသော အကြောင်း ကြောင့် ဖြစ်ပေါ်လာကုန်၏။ ပညာမဲ့သည်ဖြစ်၍ ကိလေသာစသော ဥပဓိကိုပြုလုပ်သူသည် အဖန်တလဲလဲပဋိသန္ဓေ နေခြင်းစသော ဆင်းရဲသို့ရောက်ရ၏။ ထို့ကြောင့်ဇာတိစသော ဝဋ်ဆင်းရဲ၏။ ဖြစ်ကြောင်းကိုအဖန်ဖန်ရှုဆင်ခြင်လျက်အနိစ္စ စသည်ကိုပိုင်းခြား သိသည်ဖြစ်၍ ကိလေသာစသော ဥပဓိကိုမပြုလုပ်ရာ"

"မြတ်စွာဘုရား- ပညာရှိတို့သည် သံသရာအယဉ်ကိုရင်း ပဋိသန္ဓေနေမှုကိုရင်း, အိုမှုကိုရင်း, ပူဆွေးမှု, ငိုကြွေးမှုကိုရင်း,အဘယ်သို့ လွန်မြောက်ပါကုန်သနည်း"

"မေတ္တဂူ- ယခုဘဝ၌ပင် ကိုယ်တိုင်မျက်မှောက် ပြုနိုင်သော နိဗ္ဗာန်ရောက်ကြောင်း တရားကို သင့်အားဟောကြားအံ့၊ ယင်းသို့သောတရားကို သိ၍သတိရှိလျက် ကျင့်ကြံအားထုတ်သူသည် လောက၌တဏှာကို လွန်မြောက်နိုင်ရာ၏။"

"မြတ်စွာဘုရား- မြတ်သော တရားကို အကျွန်ုပ်အလွန် နှစ်သက်လှပါ၏၊"

"မေတ္တဂူ- မစ္ဆပြုန်, အတိတ်, အနာဂတ်စသော တရား
အားလုံးကိုသင်သိ၏။ ထိုတရားအားလုံးတို့၌
တဏှာဒိဋ္ဌိဟူသော တည်ရာအိမ်နှင့် အဘိသင်္ခါရ ဝိညာဏ်ကိုနှုတ်
ပယ်လော့၊ ဤသို့နှုတ်ပယ်နိုင်သည်ရှိသော် ဘဝ၌မတည်ရာ၊ယင်း
သို့နေလေ့ရှိသော ပညာရှိရဟန်းသည် သတိရှိလျက် မမေ့မ
လျော့ကျင့်ကာ တဏှာဒိဋ္ဌိအားဖြင့် မြတ်နိုးမှုတို့ကို ပယ်စွန့်သည်
ရှိသော် ဤဘဝ၌ပင်လျှင် ပဋိသန္ဓေနေမှု, အိုမှု, စိုးရိမ်မှု,ငိုကြွေး
မှုဟူသော ဆင်းရဲကိုပယ်စွန့် နိုင်ရာ၏။"

"မြတ်စွာဘုရား- အရှင်ဘုရား၏ ချဉ်းကပ်၍ အကျွန်ုပ်
ရှိခိုးပါ၏။ အကျွန်ုပ်ကို မပြတ်ခါခါ
ဆုံးမတော်မူပါ"

"မေတ္တဂူ- အကြင်သူကိုသင်သည် မကောင်းမှုမှ အပပြု
ပြီးသူ, မဂ်ဉာဏ် လေးပါးတို့ဖြင့် အဆုံးသို့
ရောက်ပြီးသူ, ကြောင့်ကြမရှိသူ, ကာမဘဝ၌ ကပ်ငြိခြင်းမရှိသူ
ဟုသိရာ၏။ ထိုသူသည်မချွတ်လျှင် ဤသံသရာအယဉ် ဩဃကို
လွန်မြောက်သူ, တဖက်ကမ်းကူးမြောက်ပြီးသူ, ကိလေသာသွေး
ငြောင့်မရှိသူ, ယုံမှားကင်းသူဖြစ်နိုင်၏။ ဤလောက၌အကြင်
သူသည်ပညာရှိ၏။ လေးပါးသော မဂ်ဉာဏ်တို့ဖြင့် အဆုံးသို့
ရောက်၏။ ထိုသူသည်ဘဝငယ် ဘဝကြီး၌ ဤရာဂစသောကပ်
ငြိတွယ်တာမှုကို ပယ်စွန့်သောကြောင့် တဏှာကင်းပြီးသူ, ဆင်း
ရဲကြောင်း ကိလေသာကင်းပြီးသူ, တွယ်တာမှု ကင်းပြီးသူဖြစ်၍
ပဋိသန္ဓေနေမှု အိုမှုစသောဝဋ်ဆင်းရဲကို ကူးမြောက်နိုင်၏"

## ၅-ဓောတကလုလင်အမေး

"မြတ်စွာဘုရား-အရှင်ဘုရား၏စကားကိုအလွန်နာကြား လိုပါ၏။ အရှင်ဘုရား၏ စကားသံကို ကြားနာရ၍ မိမိ၏ရာဂစသည်ငြိမ်းအေးခြင်းငှာ ကျင့်နိုင်ရာ၏"

"ဓောတက- သို့ဖြစ်လျှင်ပြင်းစွာအားထုတ်မှုကိုပြုလော့၊ ငါ့ထံမှတရားသံကို ကြားနာရ၍ ဤငါ ၏သာသနာ၌ သာလျှင်ရင့်ကျက်သော ပညာရှိသည် သတိရှိသည် ဖြစ်၍ မိမိ၏ရာဂစသည် ငြိမ်းအေးရန်ကျင့်ရ၏။"

"မြတ်စွာဘုရား- အရှင်ဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။ အကျွန်ုပ်ကိုယုံမှားမှုတို့မှလွတ်မြောက် စေတော်မူပါလော့"

"ဓောတက- လောက၌ယုံမှားမှုရှိသူ တစုံတယောက်ကို မျှ လွတ်မြောက်စေရန် ငါ တတ်နိုင်သည် မဟုတ်၊ သင်သည်မြတ်သော နိဗ္ဗာန်ကိုသိလျှင် ဤနည်းဖြင့်ဤ သံသရာအယဉ် ဩဃကို လွန်မြောက်နိုင်ရာ၏။"

"မြတ်စွာဘုရား- အကြင်သခါရတို့မှ ကင်းဆိတ်သော နိဗ္ဗာန်တရားကို အကျွန်ုပ်သိရာပါ၏၊ အကျွန်ုပ်အား သနားသည်ဖြစ်၍ ထိုတရားဖြင့် ဆုံးမတော်မူပါ၊ အကျွန်ုပ်သည် ကောင်းကင်ကဲ့သို့ အထူးထူး အထွေထွေ ရှိသည့် အဖြစ်သို့မရောက်မူ၍ ဤသာသနာ၌သာလျှင် ကိလေသာတို့မှ ငြိမ်းအေးသည်ဖြစ်၍ တဏှာဒိဋ္ဌိတို့ကိုမမှီပဲ ကျင့်ကြံအားထုတ် လိုပါ၏။"

ဒေါတက- တဆင့်ကြားမဟုတ် ကိုယ်တိုင် မျက်မှောက်ပြုနိုင်သော ကိလေသာ ငြိမ်းအေးမှု နိဗ္ဗာန်တရားကိုသင့်အား ငါဟောကြားအံ့၊ ယင်းတရားကိုသိ၍ သတိရှိလျက်ကျင့်ကြံ အားထုတ်သူသည် ဤလောက၌ တဏှာကိုလွန်မြောက်နိုင်ရာ၏။"

"မြတ်စွာဘုရား-ထိုကိလေသာ ငြိမ်းအေးမှု နိဗ္ဗာန်တရားမြတ်ကို အကျွန်ုပ် နှစ်သက်လှပါ၏"

"ဒေါတက-ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်စသော တရားအားလုံးကို အနိစ္စစသော အပြားအားဖြင့် သင်သိ၏။ လောက၌ ထိုတရားအားလုံးကို ကပ်ငြိတတ်သော တရားဟု သိ၍ ဘဝကြီးငယ် ဖြစ်ခြင်းငှာ တပ်မက်တွယ်တာမှု တဏှာကို မပြုလေလင့်"

## ၆-ဥပသီဝလုလင်အမေး

"မြတ်စွာဘုရား-အကျွန်ုပ်သည် တစ်ယောက်တည်း အမှီမရှိဘဲ ကြီးကျယ်သော သြဃ သံသရာအယဉ်ကို ကူးမြောက်ရန် မတတ်နိုင်ပါ၊ ဤသံသရာအယဉ်ကို ကူးမြောက်နိုင်ရာ အာရုံကို ဟောကြားတော်မူပါ"

"ဥပသီဝ-သတိရှိလျက် အာကိဉ္စညာယတန သမာပတ်ကို အမှီပြုသောအားဖြင့် ရှုသည်ဖြစ်၍ တစုံတခုမျှမရှိ ဟူသော အာကိဉ္စညာယတန သမာပတ်ကိုမှီ၍ သံသရာအယဉ်သြဃကို ကူးမြောက်လေလော့။ ကာမတို့ကိုပယ်လျက်

ယုံမှားခြင်းတို့မှ ကင်းပျောက်သည် ဖြစ်၍ တဏှာကုန်ရာကို နေ့ ရော ညဉ့်ပါ ထင်စွာရှုလေ၌”

“မြတ်စွာဘုရား-အကြင်သူသည် အလုံးစုံသော ကာမတို့ ၌ တပ်မက်မှုကင်း၏။ အာကိဉ္စညာယတန သမာပတ်ကို အမှီပြုလျက် တပါးသော သမာပတ်ကိုစွန့်၍ မြတ်သော အာကိဉ္စညာယတန သမာပတ် ဟူသော သညာ ဝိမောက္ခ၌ နှလုံးသွင်း၏။ ထိုသူသည်။ အာကိဉ္စညာယတန ဗြဟ္မာ့ဘုံ၌ ရောက်သည်ဖြစ်၍ တည်ရာသလော”

“ဥပသီဝ-ထိုသူသည် အာကိဉ္စညာယတန ဗြဟ္မာ့ဘုံ၌ ရောက်သည်ဖြစ်၍ တည်ရာ၏”

“မြတ်စွာဘုရား-ထိုသူသည် ထိုဗြဟ္မာ့ဘုံ၌ပင်လျှင် နှစ်ပေါင်း များစွာ ငြိမ်းအေးသည် ဖြစ်၍ လွတ်မြောက်သည် ဖြစ်ရာသလော။ သို့မဟုတ် ထိုသူ၏ ဝိညာဏ်သည် ရွေ့လျောရာသေးသလော”

“ဥပသီဝ-လေဟုန်ဖြင့် လွင့်သော မီးလျှံသည် ချုပ်ပျောက်ခြင်းသို့ ရောက်သကဲ့သို့ ဤဘုံဘဝ ဟူသော ပဏ္ဏတ်သို့ မရောက်သကဲ့သို့ ဤအတူ ရဟန်းသည် နာမကာယမှ လွတ်သည် ဖြစ်၍ ချုပ်ပျောက်ခြင်းသို့ ရောက်၏။ ဤဘုံဘဝ ဟူသော ပဏ္ဏတ်သို့ မရောက်”

“မြတ်စွာဘုရား-ထိုသူသည် ချုပ်ပျောက်ခြင်းသို့ ရောက်သွားသလော။ သို့မဟုတ်မရှိတော့ပြီလော။ သို့မဟုတ် ငြိမ်းအေးသော သဘောဖြင့်မဖောက်ပြန်တော့ပြီလော”

"ဥပသီဝ-ပရိနိဗ္ဗာန်ပြုခြင်းသို့ ရောက် သူအား ရုပ်စသော အတိုင်းအရှည် ပမာဏ မရှိ။ အကြောင်းရာဂစသောအကြောင်းဖြင့် ဆိုဖွယ်ရာဟိသူ့ အား ထိုအကြောင်းမျိုး မရှိတော့ပြီ၊ အားလုံးကို ပယ်နုတ်ပြီးသည်ရှိသော် အလုံးစုံ ခေါ်ဆိုရာ အကြောင်းမျိုးကိုလည်း ပယ်နုတ်ပြီးဖြစ်၏"

၇- နန္ဒလုလင် အမေး

"မြတ်စွာဘုရား-လောက၌ မုနိ အမည်ခံ အာဇီဝက စသည်တို့ ရှိကြကုန်၏ဟု လူတို့ပြောဆိုကြကုန်၏။ ထိုစကားကို အဘယ့်ကြောင့် ဆိုကုန်သနည်း။ သမာပတ်ဉာဏ် စသည်နှင့် ပြည့်စုံသူကို မုနိဟု ဆိုကုန်သလော။ သို့မဟုတ် ခေါင်းပါးသော အသက်မွေးမှုနှင့် ပြည့်စုံသော သူကို မုနိဟု ဆိုကုန်သလော"

"နန္ဒ- ကျွမ်းကျင်သူ ခန္ဓာစသည်၌ လိမ္မာသူတို့သည် အမြင် စင်ကြယ်မှုဖြင့် မုနိဟု မဆိုကုန်၊ အကြားစင်ကြယ်မှုဖြင့် မုနိဟုမဆိုကုန်၊ သမာပတ်စသော ဉာဏ်ဖြင့် မုနိဟုမဆိုကုန်၊ အကြင်သူတို့သည် ကိလေသာ စစ်သားမာရ်စသည်ကင်းအောင်ပြုပြီး၍ ဆင်းရဲမရှိကုန်၊ တပ်ငြိတွယ်တာမှုအာသာမရှိကုန်ပဲ ကျင့်ကြကုန်၏။ ထိုသူတို့ကို မုနိဟုဆို၏။"

"မြတ်စွာဘုရား ဤသမဏဗြာဟ္မဏ အားလုံး တို့သည် မြင်မှုကြားမှုဖြင့်လည်းစင်ကြယ်၏ဟုဆိုကြ၏။ ခေါင်းသီးမှုသီလ၊ ဆောက်တည်မှုဝတ်ဖြင့်လည်း စင်ကြယ်၏ဟုဆိုကြ၏။ များသောအပြားရှိသော ကောတုဟလမင်္ဂလာ

ဖြင့်လည်း စင်ကြယ်၏ဟု ဆိုကြ၏။ အသို့ပါနည်း ထိုသမဏ, ဗြာဟ္မဏအားလုံးတို့သည်ထိုမိမိအယူ၌စောင့်စည်းခံနေထိုင်ကြကုန်သည်ရှိသော် ပဋိသန္ဓေနေမှု, အိုမှုကို လွန်မြောက် နိုင်ပါကုန်သလော"

"နန္ဒ- ထိုသမဏ,ဗြာဟ္မဏတို့သည် ပဋိသန္ဓေနေမှု, အိုမှုကို မကူးမြောက်နိုင်ကြကုန်"

"မြတ်စွာဘုရား- အဘယ်သူသည် ကူးမြောက် နိုင်ပါသနည်း"

"နန္ဒ- ဤလောက၌ အကြင်သူတို့သည် ရူပါရုံ, သဒ္ဒါရုံ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဖြင့်စင်ကြယ်၏ဟူသော အယူ, စောင့်ထိန်းမှုသီလ, ဆောက်တည်မှု ဝတဖြင့်စင်ကြယ်၏ဟူသော အယူအားလုံးကိုပယ်စွန့်၍ များသောအပြားရှိသောကောတုဟလမင်္ဂလာအားလုံးကိုလည်းပယ်စွန့်၍တဏှာကို ပိုင်းခြားသိလျက်အာသဝကင်းကုန်၏။ ထိုသူတို့ကို သံသရာအယဉ်ဩဃမှ လွန်မြောက်ကုန်ပြီဟု ငါဆို၏။"

"မြတ်စွာဘုရား- အရှင်ဘုရား၏က ကိလေသာစသော ဥပဓိကို ပယ်တတ်သည့် ထိုစကားကို အကျွန်ုပ်နှစ်သက်ပါ၏။"

## ဂ–ဟေမက လုလင်အမေး

"မြတ်စွာဘုရား အကြင် တရားကိုသိ၍ သတိ ရှိလျက် ကျင့်သူသည် လောက၌ကပ်ငြိမှုတဏှာ

ကို လှန်မြောက်ရာ၏။ တဏှာကိုဖျက်ဆီးတတ်သော ထိုတရားကို အကျွန်ုပ်အား ဟောကြားပါလော့”

“ဟေမက- ဤလောက၌ချစ်ဖွယ် သဘောရှိကုန်သော အာရုံခြောက်ပါး တရားတို့၌ အလွန်တပ်ငွန်းမှုဆန္ဒ ရာဂကိုပယ်ဖျောက်နိုင်သော အေးငြိမ်းရာနိဗ္ဗာန်သည် ရွေ့လျောခြင်းမရှိ၊ သတိရှိကြသော [illegible] သူတို့သည် ထိုနိဗ္ဗာန်ကို သိသောကြောင့် တရားကိုမြင်ပြီး၍ အေးငြိမ်းပြီးသူတို့ဖြစ်ကုန်၏။ ထိုသူတို့သည် အခါခပ်သိမ်း [illegible] သည်ဖြစ်၍ လောက၌တပ်ငြိမှုတဏှာကို လွန်မြောက်ကုန်၏။”

## ၉-တောဒေယျလုလင်ပြဿနာ

“မြတ်စွာဘုရား - အကြင် ပုဂ္ဂိုလ်၌ ကာမတို့ မကိန်း[illegible] [illegible] တဏှာမရှိ၊ အကြင် ပုဂ္ဂိုလ်သည် [illegible] လော၊ [illegible] ဝိစိကိစ္ဆာ ကိုလည်းမြောက်၏။ [illegible] လွန်မြောက် [illegible]”

“တောဒေယျ [illegible] ပေါ်း [illegible] ဝိဇ [illegible] အလို [illegible]”

“မြတ်စွာဘုရား- ထိုပုဂ္ဂိုလ် [illegible] ကောင်း [illegible] တွယ်တာမှုအာသာ ရှိသေးသလော၊ ထိုသူသည်ပညာရှိသူ ဖြစ်သလော၊ သို့မဟုတ်

သမာပတ္တိ စသော ဉာဏ်ဖြင့် တဏှာကပ္ပ ဒိဋ္ဌိကပ္ပကို ဖြစ်စေ သလော"

"တောဒေယျ-ထိုသူသည် အာသာကင်းပြီ၊ အာသာမရှိတော့ပြီ၊ ထိုသူသည် ပညာရှိသူဖြစ်၏။ သမာပတ္တိစသောဉာဏ်ဖြင့် တဏှာကပ္ပဒိဋ္ဌိကပ္ပကိုဖြစ်စေသူမဟုတ်တော့ပြီ ဤသို့လျှင်ကြောင့်ကြမှုရှိသူ, ကာမနှင့် ဘဝ၌ကပ်ငြိမှု တဏှာမရှိသူကို မုနိဟုသိလေလော့"

## ၁၀–ကပ္ပလုလင်ပြဿနာ

"မြတ်စွာဘုရား- ဖြစ်ပေါ်နေသော ဘေးများစွာရှိသော ကြီးမားသော ပြင်းထန်သော ရေ့အလယ်၌ တည်ကုန်သော အိုခြင်း, သေခြင်းဖြင့် နှိပ်စက်ခံနေရသူတို့၏။ မှီခိုရာကျွန်းကို ဟောကြားပေးတော်မူပါ ဤဒုက္ခ နောက်ထပ် မဖြစ်နိုင်ရာသော ဤကျွန်းကိုအကျွန်ုပ်အား ဟောကြားပေးပါလော့"

"ကပ္ပ- မှီခိုရာကျွန်း သည် ကြောင့်ကြမှုကင်းခြင်း၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းယူမှုမရှိခြင်း၊ ဤကျွန်းမှ တပါး အခြားကျွန်းမရှိ၊ အိုခြင်း, သေခြင်း၏ကုန်ရာဖြစ်သော ထိုကျွန်း ကို နိဗ္ဗာန်ဟုငါဆို၏။ သတိရှိသော အကြင်သူတို့သည် ထိုနိဗ္ဗာန် ကျွန်းကို သိသောကြောင့် မျက်မှောက်ဘဝ၌ပင် ကိလေသာငြိမ်း သူဖြစ်ကုန်၏။ ထိုသူတို့သည်မာရ်၏ နောက်သို့ လိုက်သူ မာရ်၏ လုပ်အကျွေး မဟုတ်တော့ကုန်"

## ၁၁-ဇတုကဏ္ဏိလုလင်အမေး

"မြတ်စွာဘုရား- ငြိမ်းချမ်းမှု နိဗ္ဗာန်ကို ဟောကြားပါလော့၊ ဉာဏ်သာသနာ၌ ပင်္ကိသန္ဓေနေမှု အိုမှုကိုပယ်ဖျက်နိုင်သော တရားကိုပညာနည်းသော အကျွန်ုပ်အား ဟောကြားပါလော့"

"ဇတုကဏ္ဏိ- ကာမမှထွက်မြောက်ရာ နိဗ္ဗာန်ကိုဘေးကင်းရာဟုရှုမြင်၍ ကာမတို့၌တပ်မက်မှုကို ပယ်ဖျောက်လော့၊ တဏှာဒိဋ္ဌိဖြင့်စွဲယူအပ်သော ပယ်စွန့်သင့်သော ရာဂစသော ကြောင့်ကြမှုသည် သင့်အား မဖြစ်စေလင့်၊ အတိတ်သင်္ခါရတို့ကိုအာရုံပြု၍ဖြစ်သောကိလေသာမျိုးကိုခြောက်ခန်းစေလော့၊ အနာဂတ်သင်္ခါရတို့ကို အာရုံပြု၍ဖြစ်သော ရာဂစသောကြောင့်ကြမှု သင့်အားမဖြစ်စေလင့်၊ ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကို တဏှာဒိဋ္ဌိအားဖြင့် သင်မစွဲယူခဲ့မူကိလေသာအေးငြိမ်းသည်ဖြစ်၍ နေရလိမ့်မည်၊ အကြင်အာသဝတို့ဖြင့် သေမင်း၏အလိုသို့လိုက်ရာ၏။ နာမ်, ရုပ်အားလုံး၌ မြတ်နိုးစွဲလမ်းမှုကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်အား ထိုအာသဝတို့မရှိတော့ကုန်"

## ၁၂-ဘဒြာဝုဓလုလင်အမေး

မြတ်စွာဘုရား- အရှင်ဘုရား၏ တရားကို နာကြားပြီးသောဉာဏ်ပါသော အနက်ကွန်းမှ ဖဲသွားကြရပါလိမ့်မည်၊ မြတ်စွာဘုရား၏တရားကိုအားရနှစ်သက်လိုလားသောသူ အများမျိုး တို့သည်

အင်္ဂ, မဂဓ စသော ဇနပုဒ်တို့မှ အညီအညွတ်ရောက်လာကြ၏။ တောင်းပန်ပါ၏ထိုသူတို့အားတရားဟောကြားတော်မူပါလော့”

“ဘဒြာဝုဓ- အနာဂတ်၌ရှင်း, အတိတ်၌ရှင်း, ပစ္စုပ္ပန်၌ရှင်း စွဲယူမှုတဏှာအားလုံးကိုပယ်ဖျောက်ရာ၏။ လောက၌အကြင်၊ အကြင် ရုပ်ဝေဒနာစသော တရားကို စွဲယူကုန်၏။ ထိုထိုတရားဖြင့်သာလျှင် မာရ်သည်သတ္တဝါသို့အစဉ်လိုက်၏။ ထို့ကြောင့်သခါရတို့၏ အနိစ္စစသော အခြင်းအရာကို သိသောအောက်မေ့မှု သတိရှိသူ ရဟန်းသည် သေခြင်းတရား၏တည်ရာ ကိလေသာ ခန္ဓာစသည်၌ ကပ်ငြိ တတ်သော သတ္တဝါအပေါင်းကို စွဲယူတတ်သော သတ္တဝါတို့ဟု ရှုလျက်လောကအားလုံး၌ ရုပ်ဝေဒနာစသည် တစုံတခုကိုမျှမစွဲယူရာ”

## ၁၃-ဥဒယလုလင်အမေး

“မြတ်စွာဘုရား- အဝိဇ္ဇာကို ဖျက်ဆီးတတ်သောကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်ဝိမောက္ခကို ဟောကြားတော်မူပါလော့”

“ဥဒယ- ကာမဂုဏ်ကို လိုလားသော ကာမစ္ဆန္ဒနှင့်နှလုံးမသာမှု ဒေါမနဿ နှစ်ပါးကိုပယ်ခြင်း, ထိုင်းမှိုင်းမှုထိနကိုပယ်ဖျက်ခြင်း နောင်တ တဖန်ပူပန်မှု ကုက္ကုစ္စကို တားမြစ်ခြင်း၊ လျစ်လျူရှုမှု စတုတ္ထဈာန် ဥပေက္ခာကြောင့်ဖြစ်သောသတိ၏ စင်ကြယ်ခြင်း ရှိသော ဓမ္မဝိတက်လျှင် ရှေ့သွားရှိသော အဝိဇ္ဇာကို ဖျက်ဆီးတတ်သောတရားကို ထွက်

မြောက်မှု အပ္ပဏိဟိတဝိမောက္ခဟု ဆို၏"

"မြတ်စွာဘုရား-လောကသည် အဘယ်နှောင်ကြိုး သံယောဇဉ်ရှိပါသနည်း"

"ဥဒယ-လောကသည် နှစ်သက်မှု တဏှာလျှင် နှောင်ကြိုး သံယောဇဉ်ရှိ၏"

"မြတ်စွာဘုရား-ထို လောကကို သုံးသပ်ခြင်းကား အဘယ်ပါနည်း"

"ဥဒယ-ထိုလောကကို သုံးသပ်ခြင်းကား ကြံစည်မှု ဝိတက်တည်း"

"မြတ်စွာဘုရား-အဘယ်တရားကို အထူးစွန့်ပယ်ခြင်းဖြင့် နိဗ္ဗာန်ဟု ဆိုအပ်ပါသနည်း"

"ဥဒယ-တဏှာကိုပယ်ခြင်းဖြင့် နိဗ္ဗာန်ဟု ဆိုအပ်၏"

"မြတ်စွာဘုရား-သတိရှိသည်ဖြစ်၍ အဘယ်သို့နေသူအား ကုသိုလ် အကုသိုလ် ကံနှင့်တကွ ဖြစ်သော ဝိညာဏ်သည် ချုပ်ပါသနည်း"

"ဥဒယ-သတိရှိသည်ဖြစ်၍အတွင်းအဇ္ဈတ္တသန္တာန်၌ရှင်း၊ အပဗဟိဒ္ဓ သန္တာန်၌ ရှင်း၊ ခံစားမှုဝေဒနာကို မနှစ်သက်မူ၍ ဤသို့ နေသူအား ကုသိုလ် အကုသိုလ် ကံနှင့် တကွဖြစ်သော ဝိညာဏ်သည်ချုပ်၏"

## ၁၄-ပေါသာလ လုလင်အမေး

"မြတ်စွာဘုရား-ရုပ်အမှတ် သညာရှိသော ရူပါဝစရသမာပတ်ကို လွန်မြောက်ပြီးသော ရုပ်ပဋိသန္ဓေ

အားလုံးကို တဒင် ဝိက္ခမ္ဘနအားဖြင့် ပယ်ပြီးသော အတွင်း အဇ္ဈတ္တသန္တာန်၌ရင်း၊ အပ ဗဟိဒ္ဓသန္တာန်၌ရင်း တစုံတခုမျှ မရှိဟု ရှုသော အာကိဉ္စညာယတန စျာန်ရပုဂ္ဂိုလ်၏ ဉာဏ်ကို မေးလျှောက်ပါ၏။ ထိုသို့သဘောရှိသောသူကို အဘယ်သို့သိအပ်ပါသနည်း”

“ပေါသာလ-အလုံးစုံသောဝိညာဏ်၏ တည်ရာ ဝိညာဏဋ္ဌိတိတို့ကို အမှန်သိသော ငါသည် ထိုအာကိဉ္စညာယတနလျှင်လည်း လျှောင်းဆုရှိသော ထိုသတ္တဝါကို သိ၏။ အကြင်စျာန်ရပုဂ္ဂိုလ်သည် အာကိဉ္စညာယတနဘုံ၌ဖြစ်စေတတ်သော ယင်းကုသိုလ်ကံကို ပလိဗောဓဟု သိ၍ အရူပရာဂဟု ဆိုအပ်သော နှစ်သက်မှု နန္ဒီကိုလည်း ဘဝရာဂ သံယောဇဉ်ဟု သိ၍ ဤသို့ ထိုအာကိဉ္စညာယတန သမာပတ်ကို ထူးသော ဉာဏ်ဖြင့် သိပြီးလျှင် ထိုသမာပတ်မှ ထလျက် ထိုသမာပတ်ကို အနိစ္စစသောအားဖြင့် ရှု၏။ မဂ် အကျင့်ကို ကျင့်သုံးပြီးသော ထိုစျာန်ရရဟန္တာပုဂ္ဂိုလ်၏ ဤအရဟတ္တဖိုလ်ဉာဏ်သည် မဖောက်မပြန် မှန်ကန်သော ဉာဏ်ပေတည်း”

## ၁၇-မောဃရာဇလုလင် အမေး

“မြတ်စွာဘုရား—အကျွန်ုပ်သည် မြတ်စွာဘုရားကို နှစ်ကြိမ်တိုင် မေးလျှောက်ခဲ့ပါပြီ။ အရှင်ဘုရားသည် သုံးကြိမ်တိုင် မေးမှသာလျှင် ဖြေကြားတော်မူ၏ဟု

အကျွန်ုပ်ကြားဘူးပါသည်။ လောကကို အဘယ်သို့ ရှုသူကိုသေမင်း မမြင်နိုင်ပါသနည်း”

“မောဃရာဇ–အခါခပ်သိမ်း သတိရှိလျက် မိမိကိုယ်ဟု
စွဲလန်းမှု အတ္တာနု ဒိဋ္ဌိကို နှုတ်ပယ်၍
လောကကို ဆိတ်သုဉ်းသောအားဖြင့် ရှုလော့။ ဤသို့ရှုသည်ရှိသော် သေမင်းကို လွန်မြောက်နိုင်ရာ၏။ ဤသို့လောကကိုရှုသော သူကိုသေမင်းသည် မမြင်နိုင်”

## ၁၆- ပိင်္ဂိယ လုလင်အမေး

“မြတ်စွာဘုရား—အကျွန်ုပ်သည် အိုပါပြီ၊ အားနည်းပါပြီ၊ ရုပ်အဆင်း ရုပ်လျော့ပါပြီ၊ မျက်စိများ မကြည်လင်တော့ပါ၊ နားကောင်းစွာ မကြားတော့ပါ၊ အကျွန်ုပ်သည် အရှင်ဘုရား၏တရားကို မျက် မှောက်မပြုမီ အကြားဉ်သာလျှင် တွေဝေလျက် မပျက်စီးလိုပါ၊ ဤနေရာ၌ ပဋိသန္ဓေနေမှု အိုမှုကို ပယ်ဖျောက်နိုင်သော အကြင်တရားကို အကျွန်ုပ်သိလိုပါ၏။ ထိုတရားကို ဟောကြားတော်မူပါ”

“ပိင်္ဂိယ—ခမ္မ လျော့ကုန်သောလူတို့သည်ရုပ်တို့ကြောင့် ပင်ပန်းသည်တို့ကိုပါမြင်၍ရုပ်တို့ကြောင့်ပင်ဖေါက်ပြန်ပျက်စီးရကုန်၏။ ထို့ကြောင့် သင်သည်မမေ့ လျော့မူ၍ တဖန်ဘဝသစ်၌ မဖြစ်ခြင်း ငှာ ရုပ်ကို စွန့်ပယ်လေလော့”

“မြတ်စွာဘုရား—ပဋိသန္ဓေနေမှု အိုမှုကို ပယ်စွန့်ရာ ဖြစ်

သောတရားကိုဟောကြားတော်မူပါလော့"

"ပိင်္ဂိယ—ဘဏ္ဍာသည် နှိပ်စက်ဖျက်ဆီး တတ်ကုန် သော ကြောင့် ပူပန်ခြင်း ရှိကုန်သော အိုခြင်းဖြင့် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့ကို သင် တွေ့ မြင် နေရ၏။ ထို့ကြောင့် သင်သည် မမေ့လျော့မူ၍ ဘဝသစ်၌ တဖန်မဖြစ်ခြင်းငှာ တဏှာကို စွန့်ပယ်လေလော့"

ဤပါရာယနသုတ်ကို မြတ်စွာဘုရားသည် မဂဓတိုင်း ပါသာဏနတ်ကွန်း၌နေစဉ် တကျိပ်ခြောက်ယောက်သော ဗာဝရီ၏ အလုပ်အကျွေး တပည့်တို့သည် တောင်းပန်အပ်သည်ဖြစ်၍ မေးတိုင်းမေးတိုင်းသော ပြဿနာကို ဖြေကြား၏။ တခုတခုသော ပြဿနာ၏ အနက် ပါဠိကိုသိ၍ လောကုတ္တရာ တရားနှင့် လျော်သောအကျင့်ကို အကယ်၍ ကျင့်ကြံအားထုတ်ခဲ့မူ အိုခြင်း သေခြင်း၏ တဖက်ကမ်းသို့ ရောက်နိုင်ရာသည်သာတည်း။ ဤတရားတို့သည် ကမ်းတဖက်သို့ ရောက်စေတတ်သောကြောင့် ပါရာဏမည်သည်သာတည်း။

အကြင်သူသည် တခုတခုသော အမေးပြဿနာကို မြတ်စွာဘုရားဖြေကြားသည့်အတိုင်း ကျင့်၏။ ထိုသူသည် သံသရာတည်းဟူသော ဤမှာဖက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုမှာဖက်ကမ်းသို့ ရောက်ရာ၏။ မြတ်သော မဂ်ကို ပွားများသော သူသည် သံသရာတည်းဟူသော ဤမှာဖက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသို့ ရောက်ရာ၏။ ဤမဂ်သည် နိဗ္ဗာန်ဟူသော ထိုမှာဖက်ကမ်းသို့ သွားရန်လမ်းဖြစ်သောကြောင့် ပါရာယနမည်၏။

# အရိယာသူမြတ်အဖြစ်

## ၁

[ဘာဝနာဒီပနီ]

ငရဲကြီး ရှစ်ပြည်ထောင် တို့မှစ၍ လောကန္တရိက် အသုရကာယ် ဘုံရှိသော အလုံးစုံသော အပါယ်ဘုံအနန္တတို့သည် အဘယ်မှဖြစ်ပွားကုန်သနည်း ဟူမူ-

ဇမ္ဗူဒီပါကျွန်းအပြင်၌ ခပ်သိမ်းသောမြစ်ကြီးမြစ်ငယ် တို့သည် ဟိမဝန္တာမှထွက်ကုန်သကဲ့သို့ သတ္တဝါအပေါင်းတို့၏ စိတ်မှဖြစ်ပွားကုန်၏။ နိယာမအဖြစ်သို့ရောက်အောင် ပြုပြင်၍ ထားအပ်သော အရိယာပုဂ္ဂိုလ်တို့၏ စိတ်ကို ချန်လှပ်၍ခပ်သိမ်း သော လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့စိတ်မှ ဖြစ်ပွားကုန်၏ဟူလို။

ထိုလူ, နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့တွင်တယောက် တယောက်သော သတ္တဝါတို့၏ စိတ်သည်ထို အလုံးစုံသောအ ပါယ်ဘုံအနန္တတို့နှင့် အခြားမရှိတပြင်တည်း တစပ်တည်းဆက် နွယ်လျက်တည်၏။ မကောင်းမှု၌မွေ့လျော်ခြင်းသည် ခပ်သိမ်း

သောသတ္တဝါတို့၏ စိတ်၏ ပကတိသဘောတည်း၊ ထို့ကြောင့် သံသရာ၌ ကျင်လည်ကြကုန်သော သတ္တဝါတို့အား ဒိဋ္ဌိအမှောက်အမှား, ဒုစရိုက်အမိုက်အမဲတို့ကို အသက်ထက်ဆုံး လိုက်စား၍ ကုန်ခဲ့ရသောဘဝတို့သာ အလွန်များပြားကုန်၏။

အပါယ်ဘုံ အနန္တတို့သို့ ပစ်ချရန် ဒုစ္စရိုက် ကံဟောင်းတို့သည် တယောက်တယောက်သောသတ္တဝါတို့၏ သန္တာန်တွင် အနန္တပါရှိလျက်နေကြကုန်၏။ သေခြင်းသဘောသည်လည်း ခပ်သိမ်းသော ဘဝတို့၌ ပဋိသန္ဓေနေသည်မှစ၍ အစဉ်အမြဲ ပါရှိ၍နေ၏၊ ဘယ်နာရီမှာ မဆို သေနိုင်၏။ မသေနိုင်သော နာရီဟူ၍ မရှိ သေခဲ့လျှင်လည်း ထိုကံဟောင်းတို့အတွက် အပါယ်ဘုံအနန္တတို့တွင် ဘယ်အပါယ်ဘုံမှာမဆို ခဏခြင်း ကျရောက်နိုင်ကြကုန်၏။ မကျရောက်နိုင်သော အပါယ်ဘုံဟူ၍ တစုံတခုမျှ မရှိ၊ ဤသို့လျှင် ခပ်သိမ်းသော သတ္တဝါတို့၏ စိတ်သည် အပါယ်ဘုံအနန္တတို့နှင့် အခြားမရှိ တပြင်တည်း တစပ်တည်း ဆက်နွယ်၍ နေကြပုံကို သိအပ်၏။

ကောင်းကင်၌ ပစ်မြှောက်ကုန်သော အသိန်းမကသော အုတ်, ကျောက်, လှံတံတို့သည်ရင်း, လေဟုန်ဖြင့်မြှောက်တင်အပ်ကုန်သော အသိန်းမကသောသစ်ကိုင်း သစ်ခက်,သစ်ရွက်တို့သည်ရင်း၊ အောက်မြေအပြင်တို့နှင့် အခြားမရှိ တပြင်တည်း တစပ်တည်းဆက်နွယ်လျက် နေကြကုန်၏။ ပစ်မြှောက်မှုဟူသော ပြုပြင်မှုအဟုန် လေအဟုန်ကုန်သည်နှင့် တပြိုင်နက်မြေအပြင်မှာ ချည်းကျရောက်လာကြရကုန်၏။

လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံသည် ကောင်းကင်နှင့်တူ၏

အပါယ်လေးဘုံကြီးသည် မြေပြင်ကြီးနှင့်တူ၏၊ လူ့ခန္ဓာ နတ်ခန္ဓာတို့သည် ပစ်မြှောက်အပ်ကုန်သော အုတ် ကျောက် လုံးတုံးတို့နှင့်တူကုန်၏။ ဒါနသီလမှုအစရှိသော ပြုပြင်မှုအဟုန်သည် ပစ်မြှောက်သော လက်အဟုန်နှင့်တူ၏။ ဗြဟ္မာ့ခန္ဓာ တို့သည် သစ်ကိုင်း သစ်ခက် သစ်ရွက်တို့နှင့်တူ၏။ ဤဥပမာအတိုင်းအနမတဂ္ဂသံသရာတလျှောက် ကြံမြင်လေ။

အဘယ်ကြောင့် ထိုဝတ္ထုတို့သည် ကောင်းကင်၌အမြဲ မနေနိုင်ကြကုန် သနည်းဟူမူကား ကောင်းကင်သို့တက်မှု နေမှု သည်ထိုဝတ္ထုတို့၏ ပကတိသဘောမဟုတ်၊ ထိုဝတ္ထုတို့၏ပကတိ အစွမ်းမဟုတ်၊ ထိုဝတ္ထုတို့မှာ ကောင်းကင်သို့ ပျံတက်နိုင်သော အစွမ်းဟူ၍မြူမျှမရှိ၊ ကောင်းကင်သို့ ပျံတက်နိုင်သောအစွမ်း သတ္တိမှ ဆိတ်ကင်းကြကုန်၏။ ကောင်းကင်၌ တည်နေနိုင်သော အစွမ်းသတ္တိမှဆိတ်ကင်းကြကုန်၏၊ လက်ဟုန်လေဟုန်တို့၏အစွမ်း ကြောင့်သာ ကောင်းကင်သို့တက်ကြလေကုန်၏။ အောက်သို့ကျ မှုမြေ၌စမှုသည်သာလျှင် ထိုဝတ္ထုတို့၏ ပကတိသဘော ဖြစ်၏။ ထို့ကြောင့်လက်ဟုန် လေဟုန်ကုန်လျှင်ထိုဝတ္ထုတို့သည်ကောင်းကင်၌ မျက်တောင်တခပ်မျှ မတည်တံ့နိုင်ကြကုန်မူ၍ မြေအပြင်၌ အသက်ရှည်သမျှ တည်နေကြကုန်၏။ ဤ ဥပမာ အတိုင်း အနမတဂ္ဂ သံသရာ၌ လူ့ခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာ ခန္ဓာတို့၏ သင်္ခါရမျိုးဖြစ်ပုံ, အနိစ္စမျိုးဖြစ်ပုံ, ဒုက္ခမျိုးဖြစ်ပုံ, အနတ္တမျိုး ဖြစ်ပုံတို့ကို ထင်လေမြင်လေ။

ယခုအခါ၌ နိယာမအဖြစ်သို့ ရောက်အောင် ပြုပြင်၍ ထားအပ်သော အရိယာတို့၏ စိတ်ကိုချန်လှပ်၍ဟူသော စကား

၌ သင်္ခါရဆိုသည်ကား စိတ်ကိုပြုပြင်မှုတည်း၊ ထိုစိတ်ကိုပြုပြင်မှုသည် အခိုက်အတန့် တဒင်္ဂတနပ်စာ အနေနှင့်ပြုပြင်မှု၊ နိယာမအဖြစ်သို့ရောက်အောင် ပြုပြင်မှုဟူ၍နှစ်ပါးရှိ၏။

စိတ်ကိုဖြူစင်စေတတ်သောအရည်၊ အရောင်သည်သီလ၊ သမာဓိ၊ ပညာဟူ၍ သုံးပါးရှိ၏။ စိတ်ကိုညစ်နွမ်းစေတတ်သောအညစ်အကြေးသည်ဒိဋ္ဌိ၊ ကာမ၊ အဝိဇ္ဇာဟူ၍ သုံးပါးရှိ၏။

ထိုသုံးပါးတို့တွင်လည်း တပါး၊ ပါး၌ အနုသယဘုံ၊ ပရိယုဋ္ဌာနဘုံ၊ ဝီတိက္ကမဘုံဟူ၍ ဘုံသုံးဆင့်ရှိ၏။စိတ်သန္တာန်၌အစဉ်အမြဲကိန်းဝပ်၍ နေသော အညစ်အကြေး သုံးပါးသည်။ အနုသယဘုံမည်၏။ အာရုံခိုက်မှုရှိသောအခါ မနောကံ ကိစ္စနှင့်ထကြွ၍လာသော အညစ်အကြေးကြီးသုံးပါးသည် ပရိယုဋ္ဌာနဘုံမည်၏။ ထို့ထက်ခက်ထန် သောင်းကျန်းခြင်းသို့ ရောက်သဖြင့် ဝစီကံကိစ္စ၊ ကာယကံကိစ္စတို့နှင့် ထကြွလှုပ်ရှား၍လာသော အညစ်အကြေးကြီး သုံးပါးသည် ဝီတိက္ကမဘုံမည်၏။

ဒိဋ္ဌိဘုံသုံးဆင့်၊ ကာမဘုံသုံးဆင့်၊ အဝိဇ္ဇာဘုံသုံးဆင့်ဖြစ်၏။ ဒိဋ္ဌိနု၊ ဒိဋ္ဌိလတ်၊ ဒိဋ္ဌိကြမ်း၊ ကာမနု၊ ကာမလတ်၊ ကာမကြမ်း၊ အဝိဇ္ဇာနု၊ အဝိဇ္ဇာလတ်၊ အဝိဇ္ဇာကြမ်း ဟူလိုသည်။ ထိုသုံးပါးတို့တွင် ကာယကံ၊ ဝစီကံဟူသောအကြမ်းသည် မနောကံဟူသောအလတ်မှ ဖြစ်ပွား၏။ မနောကံဟူသော အလတ်သည် စိတ်သန္တာန်၌ အစဉ်အမြဲကိန်းဝပ်၍နေသော အနုမျိုးမှဖြစ်၏။ အလတ်၊ အကြမ်းတို့ကို ပယ်ရှားသော်လည်း အနုမျိုးမပြတ်က တဒင်္ဂ တနပ်စာမျှသာ ပယ်ရှားနိုင်၏။ မကြာမီအလတ်အကြမ်းဖြစ်ပွား၍လာ၏။ အနုမျိုးကိုအကုန်အစင် နှုတ်ပယ်၍

ပစ်ခဲ့သည်ရှိသော် အလတ်အကြမ်းတို့သည် တရံတခါဆစ်မျှမဖြစ် လာကြကုန်ပြီ။

သတ္တဝါတို့၌စိတ်ကို ပူပြင်မှုဆိုသည်ကား စိတ်၌ရှိသော ဒိဋ္ဌိ၊ ကာမ၊ အဝိဇ္ဇာဟူသော အညစ်အကြေးကြီး သုံးပါးကို ပယ်သတ်ရ၍စိတ်၌ သီလ၊ သမာဓိ၊ ပညာဟူသော အရည်အရောင်ကြီးသုံးပါးကို တည်ထောင်မှုပေတည်း။

ထိုသုံးပါးတို့တွင် ဒိဋ္ဌိကိုစိတ်သန္တာန်တွင် အကုန်အစင်မျိုးပြတ်အောင်ပယ်သတ်နိုင်မှုသီလသည်စိတ်သန္တာန်၌နိစ္စနိယာမအဖြစ်ဖြင့်တည်နိုင်၏။ ဒိဋ္ဌိကို အကုန်အစင်မျိုးပြတ်အောင်မပယ်မသတ်မှု၍ ရှေးသူတော်ကောင်း၊ ရှားသူတော်ကောင်းပြုလုပ်နေသော်လည်း တစ်ဝဲသီလ၊ တနပ်စားသီလသာ ဖြစ်နိုင်၏။ ယခုဘဝ၌သော်လည်း၊ နောက်နောက်ဘဝ၌သော်လည်း ဒိဋ္ဌိပုဆိုးသူ့ထံ ပြန်ပေါ်ပေ၍ အလဇ္ဇီအဖြစ်သို့ မနွှယ် [illegible] ရောက်ရပြန်၏။

ကာမကို စိတ်သန္တာန်တွင် အကုန်အစင်မျိုးပြတ်အောင် ပယ်သတ်နိုင်မှု သမာဓိသည် စိတ်သန္တာန်၌ နိစ္စနိယာမ အဖြစ်ဖြင့် တည်နိုင်၏။ ကာမကို အကုန်အစင်မျိုးပြတ်အောင် မပယ်မသတ်မှု၍ ရှေးသူတော်ကောင်း၊ ရှားသူတော်ကောင်း ပုဂ္ဂိုလ်ကြီးပြုလုပ်နေသော်လည်း တစ်ဝဲ၊ တနပ်စား [illegible] ရှိသော ကြိုးနိုင်၏။ ယခုဘဝ၌သော်လည်း၊ နောက်နောက်ဘဝ၌သော်လည်း သွားမသွား အခါ ကာမဂုဏ်ဆိုကြီးအဖြစ်သို့ မနွှယ် ရောက်ပြန်၏။

အဝိဇ္ဇာကို စိတ်သန္တာန်တွင် အကုန်အစင်မျိုး ပြတ်အောင် ပယ်သတ်နိုင်မှုပညာသည် စိတ်သန္တာန်၌ နိစ္စနိယာမအဖြစ်ဖြင့်

တည်နိုင်၏။ အဝိဇ္ဇာကိုအကုန်အစင်မျိုးပြတ်အောင်မပယ်မသတ်မူ၍ ရသေ့ပညာရှိ, ရဟန်းပညာရှိ, လူပညာရှိ, နတ်ပညာရှိ ပဏ္ဍိတအမော်တိုင်းကျော် ပြည်ကျော်ပုလ္လပ်၍ နေသော်လည်း တဒင်္ဂ တနပ်စာမျှသာ ဖြစ်နိုင်၏။ ယခုဘဝ၌သော်၎င်း, နောက်နောက်ဘဝ၌သော်၎င်း အရှေ့အနောက် တောင်မြောက်ကိုမျှ မသိတတ်သော အန္ဓဗာလအဖြစ်သို့ မချွတ်ရောက်မြဲ ရောက်ရပြန်၏။

ဤအရာတွင်ဒိဋ္ဌိကို မျိုးပြတ်အောင် ပယ်သတ် နိုင်ပေလျှင် ဒိဋ္ဌိနှင့်ယှဉ်သောကာမ, အဝိဇ္ဇာတို့လည်း မျိုးပြတ်ကုန်တော့သည်။ ကာမကိုပြတ်အောင် ပယ်နိုင်သော်လျှင် ကာမနှင့်ယှဉ်သောအဝိဇ္ဇာလည်း မျိုးပြတ်တော့၏။ ဒိဋ္ဌိမျိုးပြတ်ခဲ့လျှင်သစ္စာလေးပါးတို့၌ တွေဝေသောအဝိဇ္ဇာပင်လျှင် [illegible]ပါး၍ အနည်းငယ်ဖုံးလွှမ်းခြင်း မကောင်းရုံမျှသာ ကျန်ရှိ[illegible] [illegible] မှတ်။

ဤသတ္တဝါအပေါင်းတို့သည် [illegible] [illegible]အား ဖြင့် မကောင်းမှုဒုစရိုက် အမိုက် [illegible] [illegible] [illegible]ခြင်း အလေ့ရှိသော ဝိပ်တိုင်း စိတ်ကို [illegible] [illegible], ပညာတို့၌ နိစ္စ နိယာမအဖြစ်သို့ ရောက်လေ [illegible] [illegible]ချုပ်၍ တယ်တရား [illegible] ပယ်ရှားရသည်ဟူ၍ [illegible] [illegible]ကုန်၏၊ ထို့ကြောင့် သတ္တဝါတို့၏ စိတ်ကို ကောင်းမြတ်သော အမှု၌ နိစ္စနိယာမဖြစ်၍ အင်္ဂါဝရ [illegible] [illegible] [illegible] မြတ်စွာဘုရားတို့၏ ဥာဏ်တော် အရာသာဖြစ်[illegible]။

လောက၌ မြတ်စွာဘုရားတို့၏ ပွင့်မှုမည်သည် ဤနိစ္စနိယာမသမ်းကို ဖွင့်ခြင်းငှာ ပွင့်ရ၏။ ထို့ကြောင့် မြတ်စွာဘုရား

တို့၏ သာသနာဆိုသည်ကား သံသရာ၌ သူသူ ငါငါသတ္တဝါတို့ သန္တာန်ဝယ် အာဖန်ဖန်ဖြစ်ခဲ့ဘူးသော သီလ, သမာဓိ, ပညာမျိုးကို ဆိုသည်မဟုတ်၊ ယခုဘဝမှစ၍ နောက်ဘဝ အဆက်ဆက် ကမ္ဘာအဆက်ဆက် တရံတဆစ်မျှ ပျက်ကွက်ခြင်းမရှိဘဲ နိစ္စ နိယာမ အဖြစ်သို့ ရောက်သော သီလ, သမာဓိ, ပညာကိုသာလျှင် မြတ်စွာဘုရားတို့၏ သာသနာဟူ၍ ဆိုအပ်၏။

အာဇီဝဋ္ဌမက သီလသည် ယခုဘဝ၌ သက္ကာယဒိဋ္ဌိချုပ်ငြိမ်းခြင်းသို့ မဆိုက်သော အာဇီဝဋ္ဌမက သီလ, ယခုဘဝ၌ သက္ကာယဒိဋ္ဌိ ချုပ် ငြိမ်း ခြင်း သို့ ဆိုက်သော အာဇီဝဋ္ဌမက ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် သက္ကာယဒိဋ္ဌိချုပ်ငြိမ်းခြင်းသို့ မဆိုက်သော အာဇီဝဋ္ဌမက သီလသည် တဒင်္ဂ သီလသာဖြစ်၏။ တနပ်စားသီလသာဖြစ်၏။ မြတ်စွာဘုရားတို့၏ သာသနာအစစ်မဟုတ်၊ သက္ကာယ ဒိဋ္ဌိ ချုပ်ငြိမ်းခြင်း သို့ ဆိုက်သော သီလသည်သာလျှင် မြတ်စွာဘုရားတို့၏ သာသနာအစစ်ဖြစ်၏။ ဤသို့ စသည်ဖြင့် ခွဲ၍ သိလေ။

မြတ်စွာဘုရားသာသနာတော်တွင်း၌ ကြုံကြိုက်ကြရကုန်သော သူတို့သည်ကား နိစ္စ နိယာမအဖြစ်သို့ ရောက်၍ မြတ်စွာဘုရားတို့၏ သာသနာအဖြစ်ဖြစ်သော သီလ, သမာဓိ, ပညာကို ရကြောင်းအကျိုးငှာ သက္ကာယ ဒိဋ္ဌိကိုပယ်သတ်မှုဟု ဆိုအပ်သော အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော လက္ခဏာရေး သုံးပါးတို့ကို အားထုတ်ကြကုန်၏။ ထိုလက္ခဏာရေးသုံးပါးတို့တွင်လည်း အနိစ္စလက္ခဏာသည်လိုရင်းပဓာနဖြစ်၏။ အနိစ္စလက္ခဏာကောင်းစွာထင်မြင်ခဲ့လျှင် အနတ္တလက္ခဏာထင်မြင်တော့သည်။ အနတ္တ

လက္ခဏာ ကောင်းစွာ ထင်မြင်ခဲ့လျှင် သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်း တော့သည်။

သက္ကာယဒိဋ္ဌိချုပ်ငြိမ်းခဲ့လျှင် ချုပ်ငြိမ်းသည်နှင့်တပြိုင်နက် ထိုသူတို့လည်း ပုထုဇဉ်အနွယ်မှ ကျွတ်လွတ်ကြကုန်၍ အရိယာ သူမြတ်အဖြစ်သို့ ရောက်ကြလေကုန်၏။ လောကီဘုံသားအဖြစ် မှ ကျွတ်လွတ်ကြကုန်၍ လောကုတ္တရာဘုံသားအဖြစ်သို့ ရောက် ကြလေကုန်၏။ သဥပါဒိသေသ ပဌမ နိဗ္ဗာန်ဘုံသားအဖြစ်သို့ ရောက်ကြလေကုန်၏။ အာဇီဝဋ္ဌမက သီလသည်လည်း ဘဝ အဆက်ဆက် ကမ္ဘာအဆက်ဆက် မပျက်ကွက်နိုင်သော နိစ္စနိယာ မအဖြစ်သို့ရောက်လေ၏။ ကုသိုလ်ကောင်းမှုတို့၌ရင်း၊သတိပဋ္ဌာန် အမှုတို့၌ရင်း၊ ဘုရားဂုဏ်, တရားဂုဏ်,သံဃာ့ဂုဏ်တို့၌ရင်း,စိတ်၏ တည်ကြည်ခြင်းဟူသော သမာဓိသည်လည်း နိစ္စနိယာမအဖြစ်သို့ ရောက်လေ၏။ လက္ခဏာရေးသုံးပါးတို့၌ရင်း, သစ္စာလေးပါး တရားတို့၌ရင်း, ထင်လင်းသော ပညာသည်လည်း နိစ္စနိယာမ အဖြစ်သို့ ရောက်လေ၏။

ဝိသာခါ အနာထပိဏ်တို့ကဲ့သို့ ဘုံစဉ်စံ အရိယာမျိုး ဖြစ်ကြကုန်၍ ဘဝများစွာ ကမ္ဘာအဆက်ဆက် ကျင်လည်၍ သွားကြကုန်သော်လည်း ထိုသီလ, သမာဓိ, ပညာသာသနာတော် မြတ်ကြီး သုံးပါးတို့သည် တဘဝထက် တဘဝ၊ တကမ္ဘာထက် တကမ္ဘာ ပွင့်လင်းစည်ကား တိုးတက်၍သာ သွားလေကုန်တော့ သည်။ ထိုသူတို့မှာ အနမတဂ္ဂ သံသရာ၌ သာသနာကွယ်သော ဘဝ, သာသနာပသောကမ္ဘာဟူ၍ မရှိကြကုန်ပြီ။ အနုပါဒိသေ သ ဒုတိယ နိဗ္ဗာန်သို့ မကူးကြမီအတွင်း သဥပါဒိသေသပဌမ

နိဗ္ဗာန်ကြီး၌ အမြဲတည်ကြကုန်၍ အထွတ်အမြတ်ဖြစ်သော လူ့ချမ်းသာ, နတ်ချမ်းသာ,ဗြဟ္မာ့ချမ်းသာတို့ကို အစဉ်ခံစား စံစားရှိသာ နေကြရကုန်၏။

လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာတို့ကို ဘဝများစွာ ကမ္ဘာများစွာ ခံစား စံစားကြကုန်၍ အားရကြကုန်သောအခါ ငြီးငွေ့ကြကုန်သောအခါ စက်ဆုပ်ကြကုန်သောအခါမှ ခန္ဓာငါးပါးတို့ကို စွန့်ပစ်၍ ဒုတိယနိဗ္ဗာန်သို့ ကူးကြကုန်၏။

သတ္တဝါတို့၏ စိတ်ကို ပြုပြင်မှုတို့တွင် ဤကဲ့သို့ ကောင်းမြတ်သော အဖို့၌ နိစ္စနိယာမ အဖြစ်သို့ ရောက်အောင် ပြုပြင်မှုကိုကား သင်္ခါရဒုက္ခဟူ၍ မဆိုအပ်၊ ဤမှတပါးသော သီလအလုပ်, သမာဓိအလုပ်, ပညာအလုပ်ဟူသမျှတို့သည်ကား သင်္ခါရဒုက္ခမှုတို့သာတည်း။ အဘယ့်ကြောင့်ဆိုသော် ဘဝတွေကမ္ဘာတွေသာ အနမတဂ္ဂကုန်မျှော၍ အပယ်လေးဘုံကပင် ထရသော လမ်းမျိုး မဟုတ်ပေ၊ အပါယ်မျိုး အပါယ်ပိုးကပင် ကျွတ်လွတ်နိုင်သော လမ်းမျိုးမဟုတ်သောကြောင့်တည်း။

## ၂
## ပိဋကတ်ဂုဏ်ရည်

"မဂ္ဂင်ရှစ်ပါးဖြစ်သော ကံသည် စေတနာဟူသော သင်္ခါရကံကို ကုန်စေနိုင်၏" ဟူရာ၌ စေတနာစေဘသိက်သည် သဗ္ဗစိတ္တသာ ဓာရဏ စေတသိက်ဖြစ်သော ကြောင့် ကုသိုလ်စိတ်ဖြစ်တိုင်းပင် ပါဝင်သည်ဖြစ်၍ စေတနာ ကံကုန်အောင်မည်ကဲ့သို့ပြုရမည်နည်း ဟူမူ၊ သမ္မာဝါစာ, သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊

ဤမဂ္ဂင်သုံးပါးဖြစ်သော 'အာဇီဝဋ္ဌမက' တည်းဟူသော သီလကို ပုဿမ ကောင်းမွန်စွာ စောင့်ရှောက်ရမည်၊ လူတို့နှင့် စပ်ဆိုင်သော ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလတို့ထက် ဤအာဇီဝဋ္ဌမက သီလသည် မဂ္ဂင်သုံးပါးနှင့်တိုက်ရိုက် တိုက်ဆိုင် မိသည်။

ဤသမ္မာဝါယမ, သမ္မာသတိ၊ ဤမဂ္ဂင် နှစ်ပါးတို့သည် သမ္မာသမာဓိ မဂ္ဂင်တွင်ပါဝင်သည်ဟု ဟောတော်မူသောကြောင့် တခုခုသော သမထ ဝိပဿနာအာရုံ၌ စိတ်ရပ်တည်ခြင်း သမာဓိ ဖြစ်အောင် အားထုတ်သော ဝီရိယ၊ ထိုတခုခုသော သမထ ဝိပဿနာ အာရုံမှတွက်၍ ဥဒ္ဓစ္စ, ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသ ဝိတက်တို့ မဖြစ်ရအောင် စောင့်ကြပ်သော သတိသည် သာ မုချမဂ္ဂင်ဖြစ်သော ဝီရိယသတိဖြစ်သည်။

သမ္မာသင်္ကပ္ပသည် သမ္မာဒိဋ္ဌိမဂ္ဂင်တွင် ပါဝင်သည်ဟု ဟောတော်မူ သောကြောင့် နာမ်ရုပ်ဟူသော သင်္ခါရတို့၏ သဘာဝလက္ခဏာ, သာမညလက္ခဏာတို့ကိုလက္ခဏာရေးသုံးပါး တင်၍ ဝိပဿနာဉာဏ်ဖြင့်ရှုရအောင် ကြံစည်သော ဝိတက်မှ သာ.လျှင် မုချသမ္မာသင်္ကပ္ပ မဂ္ဂင်ဖြစ်သည်။

ထို့ကြောင့် ဒါန, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒနာ, ဓမ္မဿဝန, ဓမ္မဒေသနာ၊ ဤကုသိုလ်တို့ဖြစ်အောင် ဤကုသိုလ်မှ တပါးလည်း မေတ္တာအစရှိသော ကုသိုလ်များဖြစ် အောင် အားထုတ်သော ဝီရိယ, သတိ, ဝိတက်, လက္ခဏာရေး သုံးပါး, နာမ်၊ ရုပ်တို့၏ သဘာဝမှေ့တို့မှတပါး၊ တခြားအရာများ ကိုသိသော ပညာတို့သည် မုချတိုက်ရိုက် မဂ္ဂင်မဖြစ်နိုင်၊ လျင်မြန် စွာမဂ်ဖိုလ်ရကြောင်း မဟုတ်နိုင်။

မုချမဂ္ဂင်ရှစ်ပါးမဟုတ်သော ဒါန, အပစာယန, ဝေယျာဝစ္စ၊ အစရှိသော ကုသိုလ်တို့၌ မဂ္ဂင်ရှစ်ပါး ဟူသော ကံသည်၊ အားနည်း၍ စေတနာ ဟူသော ကံအားကြီး၏၊ ထိုစေတနာ ကံသည်လည်း သောတာပတ္တိမဂ် အစ ရှိသော ဖိုလ်လေးပါး ဟူသောအကျိုးမရှိ၊ ကာမ, ရူပ, အရူပဘည်းဟူသောဘုံသုံး ပါးတို့၌ ပဋိသန္ဓေဟူသော အကျိုးရှိသည်သာဖြစ်၍ သံသရာ စက်မှ မလွတ်နိုင်။

ဆိုခဲ့ပြီးသည့်အတိုင်း မုချမဂ္ဂင်ဖြစ်သော အာဇီဝဋ္ဌမက သီလကိုဖြစ်အောင် စောင့်ကြပ်၍ သမာဓိ ဖြစ်အောင် လုံ့လ၊ ဝီရိယထုတ်ပြီးလျှင် သတိဖြင့်စောင့်ကြပ်၍ သမ္မာသင်္ကပ္ပ ဝိတက် ဖြင့်သင်္ခါရတို့ကို ကြံစည်ပြီး လျှင် သမ္မာဒိဋ္ဌိဖြင့် လက္ခဏာရေး သုံးပါးတင်ပြီးလျှင် ရှုသောဝိပဿနာဉာဏ်တည်းဟူသော သီလ ဘာဝနာ ကုသိုလ်တို့ကို ပြုလုပ်လျှင် သဗ္ဗစိတ္တ သာဓာရဏဖြစ်၍ စေတနာ စေတသိက် ပါဝင် သော်လည်း ထိုစေ တနာ သည် မခေါ်ဝေါ်လောက်, အနည်းငယ် မကင်းကောင်း၍ ပါရုံမျှ သာဖြစ်သောကြောင့် စေတနာဟူသောကံ၏ အကျိုးပဋိသန္ဓေကို မပေးမီ ကျန်မဂ္ဂင်ရှစ်ပါးဟူသောကံ၏ အကျိုး, သောတာပတ္တိ အစရှိသော ဖိုလ်လေးပါးအကျိုးကို ရသဖြင့် စေတနာဟူသော ကံ၏ အကြောင်း အဝိဇ္ဇာ ပျောက်၍ စေတနာ ကံကုန်ပြီးလျှင် ရဟန္တာဖြစ်လေသည် ဟူ၍ မှတ်အပ်သတည်း။

ထို့ကြောင့် သီလ, သမာဓိ, ပညာဖြစ်သော သီလ ဘာဝနာ ကုသိုလ်တို့မှတပါး ဒါနအစရှိသော အခြားကုသိုလ် တို့ကိုပြုလျှင် မိမိပြုသော ကုသိုလ်ကံ, အလှူခံပုဂ္ဂိုလ်, လှူသောသူ, လှူ

ဖွယ်ဝတ္ထု၊ မေတ္တာ၏ အာရုံဖြစ်သော သတ္တဝါ အစရှိသည် တို့ကို အနိစ္စ, ဒုက္ခ, အနတ္တသာ ဟူ၍ လက္ခဏာရေး သုံးပါး တင်ပြီးလျှင် ဘာဝနာပွားရန်တို့ ဝင့်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရောက်ရန်တို့ ရည်ဆောင်ပြုလုပ်ပြီးလျှင် လက္ခဏာရေး သုံးပါးတင်၍ ဘာဝနာပြုလုပ်မှသာ ထိုကုသိုလ်တို့၌ မဂ္ဂင်ရှစ် ပါး ကံအားကြီး၍ဖိုလ်လေးပါးဟူသော အကျိုးကိုရမည်။

ဘာဝနာပွားရန်တို့မဟုတ်၊ ဒါနအစရှိသော ကုသိုလ်တို့ ကို သက်သက်သာ ပြုလုပ်လျှင် စေတနာကံ အားကြီး၍ ပဋိ သန္ဓေဟူသော အကျိုးကိုရမည်၊ သက်ဖျစ်တတွက်ကိုပင် စိတ္တက္ခ ပေါင်းကုဋေတသိန်းဖြစ်၍ ချုပ်သည်ဆိုသောကြောင့် ဘာဝနာ ပွားဘို့မဟုတ်သော ကုသိုလ်တို့ကို ပြုရာ၌စေတနာ ကံပေါင်း မရေမတွက်နိုင် အသင်္ချေယျ၊ အပ္ပမေယျဖြစ်၍ ပဋိသန္ဓေအကြိမ် ပေါင်း အသင်္ချေယျ၊ အပ္ပမေယျ ဖြစ်သဖြင့် အစအဆုံးမထင် အနမတဂ္ဂသံသာရ ဖြစ်လေသည်ဟူ၍လည်း သတိကြပ်ကြပ်ထား အပ်သတည်း။

အကုသိုလ်ကံကို ပြုရာ၌ကား ကုသိုလ် ကံကဲ့သို့မဂ္ဂင် ရှစ်ပါးနှင့် အလျှင်းမဆက်ဆံ၊ စေတနာကံကြီးသက်သက်ဖြစ် သောကြောင့် အနမတဂ္ဂသံသရာစက် သက်သက်ဖြစ်လေသည်။ ဤသို့ဖြစ်၍ သီလ, ဘာဝနာတို့မှတပါး အခြားကုသိုလ်တို့သည် မှုချတိုက်ရိုက်မဂ္ဂင်ရှစ်ပါးမဖြစ်နိုင်၊ ဆိုခဲ့ပြီးသည့်အတိုင်း ဆွဲငင်၍ သွတ်သွင်းပြုလုပ်မှသာ မဂ္ဂင်ရှစ်ပါး ဖြစ်နိုင်သတည်း။

ဤပဋိစ္စသမုပ္ပါဒ်ဟူသော သံသရာစက်ဝင့်ဒုက္ခမှလွတ်ရာ လွတ်ကြောင်း ကျင့်ဝတ် ပဋိပတ်သည်ကား ဤသိက္ခာသုံးပါးဟူ

သောမဂ္ဂင်ရှစ်ပါး ဥဘပါး မရှိပြီ၊ နိဗ္ဗာန်ရောက်ကြောင်း မြတ်သောအကျင့်ဖြစ်၍ ဗြဟ္မစရိယ၊ ဗြဟ္မယာန ဟူ၍လည်း ဟောတော်မူသည်။

ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ ဟူကုန်သောအစွန်းနှစ်ဖက်လွှတ်၍ အလယ်လမ်းဖြစ်သောကြောင့် မဇ္ဈိမ ပဋိပဒါဟူ၍လည်း ဟောတော်မူသည်။ ထို့ကြောင့် "နတ်သား....စင်စစ်မရပ်ပဲအားထုတ်၍မကူးပဲ ငါသည်ဩဃလေးပါးကို လွန်မြောက်ပြီဟူ၍ ဟောခဲ့ခြင်းဖြစ်သည်"ဟု မြတ်စွာဘုရားရှင် ဟောကြားခြင်းဖြစ်၏။

## ၃

## [ပဏ္ဍိတ ဝေဒနိယ]

တပည့်တို့- အခါတပါးလည်း မြတ်စွာဘုရား ရှင်သည် လက်မ၊ လက်သည်းပေါ်၌ ဖုံမှုန့်ကို ကော်ယူတင်ထား၍ ရဟန်းတို့ကိုပြပြီးလျှင် "ချစ်သားတို့၊ သောတာပတ္တိမဂ်, ဖိုလ်ကိုရ၍ သောတာပန် ဖြစ်လေသော ပုဂ္ဂိုလ်အား ကုန်လေပြီးသော ဒုက္ခနှင့် ကြွင်းကျန်သေးသောဒုက္ခ ဘယ်သင်းက များသနည်းဆိုသော် ကုန်လေပြီးသောဒုက္ခသည် မဟာပထဝီမြေကြီးမှာ သဲဖုံမှုန့်တွေလောက်များ၏။ ကြွင်းကျန်သောဒုက္ခသည်ဤငါဘုရားလက်သည်းပေါ်မှာရှိဖုံမှုန့်လောက်သာရှိတော့သည်"ဟု ပမာနှိုင်းပြ ဟောကြားတော်မူပေ၏။ သောတာပတ္တိဖိုလ်သို့ ရောက်လိုက်လျှင် အဲသည်လောက် ဒုက္ခတွေလည်း ကင်းချုပ်သွားကုန်၏။ ထိုသောတာပန် ပုဂ္ဂိုလ်၌ ချီးမွမ်းဖွယ်ဂုဏ်

ကျေးဇူးတွေကား ပြော၍မကုန်နိုင်အောင် များပြား၏။

တပည့်တို့- သောတာပတ္တိဖိုလ်ကိုရ၍ သောတာပန်ဖြစ်ရလျှင် ဤကဲ့သို့အပုံကြီး ကျေးဇူးများသည်။ အဖိုးတန်သည်။ အဲသည်လို အဖိုးတန်ခြင်း ကြောင့်ပဲ တပည့်တို့မြတ်စွာဘုရားအရှင်သည် ဓမ္မပဒပါဠိတော်၌အနာထပိဏ်သူဌေးကြီးအား "သူဌေးကြီး မြေပြင်တခုလုံး၌ ဧကရာဇ်စကြာမင်းဟူသော တယောက်ထည်းသာ မင်းပြုရခြင်းထက်ရင်း, နတ်ပြည်ခြောက်ထပ်လုံးကို ရောက်ရခြင်းထက်ရင်း, ဗြဟ္မာ့ပြည်နှင့်တကွတလောကလုံးကို အစိုးရခြင်းထက်ရင်း သောတာပတ္တိဖိုလ်သည်မြတ်လှပေ၏" ဟုဟောကြားတော်မူပေ၏။

တပည့်တို့- သောတာပန် ဖြစ်ရလျှင်ပင် သို့ကလောက်ကျေးဇူးများပြီး အဖိုးတန်ပြီး သည့်အထက်တက်၍ သကဒါဂါမ် ဖြစ်သည်ရှိသော်ကား အဘယ်မှာဆိုဖွယ်ရှိတော့မည်နည်း၊ သည့်အထက်တက်၍ အနာဂါမ် ဖြစ်သည်ရှိသော်ကား အဘယ်မှာဆိုဖွယ် ရှိတော့မည်နည်း သည့်အထက်အရဟတ္တဖိုလ်သို့ကျ၍ ရဟန္တာဖြစ်သည်ရှိသော်ကား အဘယ်မှာဆိုဖွယ်ရှိတော့မည်နည်း၊ အတိုင်းမသိ အသချေ်ယျ အပ္ပမေယျ ကျေးဇူးများတော့သည်သာပ၊ အဖိုးတန်တော့သည်သာပ။ ဤကား မဂ်ဖိုလ်၏အကျိုး အာနိသင်ကြီးပုံ၊ အဖိုးတန်ပုံကိုပြချက်တည်း။

တပည့်တို့- ဤမဂ်၄လးဆင့် ဖြစ်သွားရာ၌ မဂ်ပေါ်ပုံ၊ ကိလေသာကုန်ပုံ ဘယ်သို့နည်း ဆိုသော် တပည့်တို့ သောတာပတ္တိ မဂ်ဇောအပေါ်တွင်သက္ကာယဒိဋ္ဌိ, ဝိစိ

ကိစ္စာ ကိလေသာနှစ်ပါး စိတ်သန္တာန်၌အကြွင်း အကျန်မရှိ အကုန်လည်းကင်းပြတ်သည်၊ ချုပ်သည်၊ ခုနစ်ဘဝအထက်၌ ဖြစ်စေတတ်သော အပါယ်လေးပါးသို့ လားစေတတ်သော ရာဂကြမ်း, ဒေါသကြမ်း, မောဟကြမ်း အလုံးစုံသော အကုသိုလ်ကိလေသာအကြမ်းတို့လည်း ကင်းချုပ်ကြသည်။ ဤအကြောင်းကိလေသာကင်းချုပ်သည်နှင့် တပြိုင်နက် တချက်တည်း ဤအကြောင်းကြောင့် နောင်အပါယ်၌ ခုနစ်ဘဝအဆက်၌ဖြစ်လတ္တံ့သော ခတ်ခြောက်ပါး အကျိုးဒုက္ခတရားတို့လည်း ကင်းပြတ်ချုပ်ပျောက်ကြလေတော့၏။ ငရဲစသည့်မှပ္ပါဒ်စက်ရထားကြီးကျိုးပြတ်လေတော့၏။

သကဒါဂါမိ မဂ်ဇောအပေါ်တွင် ဤလူ့ဘုံ ကာမဘုံသို့ တကြိမ်ထက်အလွန် ပြန်လာစေတတ်သော အတန်ငယ်ထက်သန်သေးသော ရာဂကြမ်း, ဒေါသကြမ်း, မောဟကြမ်းအလုံးစုံသော အကုသိုလ်ကိလေသာ အကြမ်းတို့သည် ကင်းပြတ်ချုပ်ပျောက်ကုန်၏။ ဤအကြောင်း ကိလေသာကြောင့် နောင်ဖြစ်လတ္တံ့သော ခတ်ခြောက်ပါး အကျိုးဒုက္ခ တရား တို့လည်း ကင်းပြတ်ချုပ်ပျောက်ကုန်၏။ ဒုက္ခရထားကျိုးပျက်လေ၏။

အနာဂါမိ မဂ်ဇောအပေါ်တွင် ဒေါသ, ကုက္ကုစ္စ, မစ္ဆရိယ, ကုက္ကုစ္စ ဤလေးပါးတို့သည် အကြွင်းအကျန်မရှိ အကုန်လုံးကင်းပြတ်ကြ၏။ ကာမဂုဏ်ကို ခံစားချင်သော ကာမဘုံ၌ နောင်တဖန် ဖြစ်စေတတ်သော ရာဂ, မောဟ အလုံးစုံသော အကုသိုလ် ကိလေသာအကြမ်းတို့လည်း ကင်းပြတ် ချုပ်ပျောက်

ကြကုန်၏။ အကျိုးဒုက္ခတရားတွေလည်းကင်းချုပ် ကွယ်ပျောက်ကြကုန်၏။ ဒုက္ခရထားကျိုး ပျက်လေ၏။

လေးဆင့်မြောက် အရဟတ္တမဂ်ဇောပေါ်တွင် အလွန်အားနည်းသိမ်မွေ့စွာ ကြွင်းကျန်၍ နေသော ရုပ အရူပဘုံတို့၌ ဖြစ်စေတတ်သော ရာဂ, မောဟ, မာန, ဥဒ္ဓစ္စ, ထိနမိဒ္ဓ ဟူသော အကုသိုလ် ကိလေသာတို့သည် အကြွင်းအကျန်မရှိ အကုန်လုံး ကင်းပြတ် ချုပ်ပျောက်ကြလေဘော့၏။ စိတ်သန္တာန်၌ ဘာတစ်ခု ကိလေသာအညစ်အကြေးမှ မရှိတော့ပြီ။ အတုမရှိ သန့်ရှင်းစင်ကြယ်၍ သွားလေတော့၏။ ထို့ကြောင့် ပင် လျှင် မြတ်စွာဘုရားသည် သုတ္တ နိပါတ် ပါဠိတော် ရ တ နသုတ်၌ "ဘုရားမြတ်သည် အကြင် အရဟတ္တမဂ် သမာဓိကို ဘာတစ်ခု ကိလေသာအညစ်အကြေးမရှိ သန့်ရှင်း စင်ကြယ်၏ဟူ၍ ချီးမွမ်းတော်မူ၏။ ထိုအရဟတ္တမဂ် သမာဓိနှင့် တူမျှသော သမာဓိ တရားသည် မရှိ" ဟူ၍ ဟောတော်မူ၏။

တပည့်တို့-ဤကဲ့သို့ အကြောင်းအကုသိုလ် သမုဒယကင်းချုပ်သည်နှင့် တပြိုင်နက် စုတိကျပြီးနောက်၌ ဖြစ်ပေါ်လတ္တံ့သော ခတ်ခြောက်ပါး အကျိုးဒုက္ခတရားတို့သည် ကင်းချုပ်ကြကုန်၏။ ပဋိစ္စသမုပ္ပါဒ် စက်ရထားကြီး အစတုံးကျိုးပြတ်လေ၏။

ဤသည်တို့ကား အရိယ သူမြတ်အဖြစ်နှင့် ပတ်သက်၍ ဘာဝနာ ဒီပနီ၊ ဝိမုတ္တိရသ ကျမ်းနှင့် ပဏ္ဍိတ ဝေဒနီယ ဒီပနီကျမ်းတို့၏ အဆိုအမိန့် တို့ကို ကောက်နုတ်ကိုးကားပြခြင်းဖြစ်၏။

ဘာဝနာ ဒီပနီတရား ဟောကြားသူမှာ မုံရွာမြို့လယ်တီ

ဆရာတော်ဘုရားကြီးဖြစ်၏။ ဝိမုတ္တိရသ၏ အနှစ်သာရကို ထုတ်ဖေါ်သူကား ယော အတွင်ဝန် ဦးဖိုးလှိုင်ဟု ထင်ရှားသော ပညာရှိအမတ်ကြီး ဖြစ်၏။ နောက်ဆုံး ပဏ္ဍိတ ဝေဒနီယ သဘောတရားတို့ကို လက်တွေ့ကျင့်သုံးသူမှာသက္ကျ တောင် ဦးတိလောက ဖြစ်၏။ ထို့မှတပါး အရိယဖြစ်စဉ်တရားများ အများအပြားပင် ကြွင်းကျန်ပါသေးသည်၊ သို့သော်လည်း အလုံးစုံအကုန် အနှစ်သာရ ထုတ်လိုက်ပါသော် ဤနည်းဆင်ဆင်တို့ပင် ဖြစ်ကြပါသည်။ ဤတွင်ပင် တရားတပုဒ်ကို အဟုတ်သိမြင်ပါလျှင် အရိယအသွင်ကို ကောင်းစွာ တွေ့မြင်နိုင်ပါသည်။

## နိဂုံးချုပ်

အရိယသစ္စာဟူသည်မှာ စင်ကြယ်မြင့်မြတ်သူတို့၏ အမှန်တရားဖြစ်၏။ အထက်တွင် စင်ကြယ်မြင့်မြတ်သော အရိယတို့၏ အမှန်တရား သစ္စာများကို အတန်ကျယ်ပြန့်စွာ သိုင်းဝိုင်းဖွင့်ပြခဲ့ပါသည်။ ယင်းတို့၏ အနှစ်သာရအချုပ်မှာ အဋ္ဌ အရိယ ပုဂ္ဂလော’ဟုဆိုသည့်အတိုင်း အရိယပုဂ္ဂိုလ်ရှစ်ယောက်တို့ပင် ဖြစ်၏။ ယင်းတို့မှာ

(၁) သောတာပတ္တိမဂ်။
(၂) ယင်းဖိုလ်။
(၃) သကဒါဂါမိမဂ်။
(၄) ယင်းဖိုလ်။
(၅) အနာဂါမိမဂ်။

(၆) ယင်းဖိုလ်။
(၇) အရဟတ္တမဂ်နှင့်
(၈) ယင်းဖိုလ် ပုဂ္ဂိုလ်တို့ဖြစ်၏။ အရေအတွက်အားဖြင့် ရှစ်ယောက်ရှိသော်လည်း ဝေါဟာရ အားဖြင့် လေးယောက်သာရှိသည်၊ ယင်းတို့မှာ-

၁-သောတာပန်ပုဂ္ဂိုလ်
၂-သကဒါဂါမ်ပုဂ္ဂိုလ်
၃-အနာဂါမ် ပုဂ္ဂိုလ်နှင့်
၄-ရဟန္တာပုဂ္ဂိုလ်တို့ဖြစ်၏။

သောတာပန်-ပုဂ္ဂိုလ် ဟူသည်မှာ သောတာပတ္တိမဂ်ကို ရပြီးနောက် သောတာပတ္တိဖိုလ်သို့ ရောက်သောပုဂ္ဂိုလ်ဖြစ်၏။ သူ၏ မဂ်စိတ်သည်ကား ဒိဋ္ဌိတသမ္ပယုတ်နှင့်ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်ထားသည်။ ဒိဋ္ဌိဂတသမ္ပယုတ်ဟူသည်မှာ မှားယွင်းသော မိစ္ဆာ အမြင်နှင့် စပ်ယှဉ်ခြင်းဖြစ်၏။ အမြင်မှားရှိခြင်းပင်တည်း။ အမြင်မှားရှိခြင်းမှာ မကောင်းမှုပြုသော်လည်း အပြစ်မရှိဟု ယူဆခြင်းဖြစ်၏။ သောတာပန်သည် ယင်းသို့ယူဆခြင်းမရှိ။ ဤအယူအဆမျိုးလုံးဝမရှိ။ ထို့ပြင် ဝိစိကိစ္ဆာလည်းမရှိပါ။ ဝိစိကိစ္ဆာဟူသည်မှာ မဆုံးဖြတ်နိုင်ခြင်းဖြစ်၏။ သောတာပန်သည် ကုသိုလ်အကုသိုလ်စသော သဘောတရားတို့၌ ယုံမှားခြင်း မဆုံးဖြတ်နိုင်ခြင်းမရှိ။ ကောင်းစွာ ဆုံးဖြတ်နိုင်၏။ မှားယွင်းသော မိစ္ဆာအယူဝါဒနှင့်ယုံမှားသံသယလွတ်ကင်းလျှင် သောတာပန်ဖြစ်၏။ ထို့ပြင်သူသည် အပါယ်ကျမည့် ဒိဋ္ဌိဂတဝိပ္ပယုတ်နှင့် ဒေါသကိုလည်း နည်းပါးအောင် ပြုသောအားဖြင့် ပယ်၏။ ဒိဋ္ဌိဂတဝိပ္ပယုတ်

-မှာ မှားယွင်းသော မိစ္ဆာအယူအဆနှင့် မယှဉ်ခြင်း ဖြစ်၏။ မကောင်းမှုပြုသော်လည်း အပြစ်ရှိသည်ဟု ယူဆခြင်းပင်တည်း။ သောတာပန်မှာ လောဘလည်းရှိပါသေးသည်။ ဒေါသလည်း ရှိပါသေးသည်။ သို့သော်လည်းသူ၏လောဘ,ဒေါသမှာအပါယ် သို့ရောက်လောက်အောင် ကြီးကျယ်ခြင်း မရှိပါ၊ သို့ကြောင့် သောတာပန်သည် အပါယ်သို့လားခြင်းမရှိပါ၊ ဝိသမလောဘ မဖြစ်မူ၍ ဒေါသမကြီးလျှင် အငယ်တန်း အရိယာ အဆင့်၌ တည်နေနိုင်ပါသည်။ ဗုဒ္ဓဝါဒီမှန်လျှင် အများအားဖြင့် မှား ယွင်းသော မိစ္ဆာဒိဋ္ဌိအယူအဆမရှိကြပါ၊ မကောင်းမှု ပြုလျှင် အပြစ်ရှိသည်၊ ကောင်းမှုပြုလျှင် အပြစ်ကင်းသည်ဟု သိမြင်ကြ သည်။ ယင်းသဘောတရားကို ယုံမှားမရှိ ကောင်းစွာ ဆုံးဖြတ် နိုင်ကြ၏။ အရေးကြီးသည်မှာ အပါယ်ကျစေနိုင်သော ဝိသမ လောဘနှင့် ကြမ်းတမ်းသော ဒေါသကိုဆင်ခြင်ဖို့ပင်ဖြစ်၏။

သကဒါဂါမ်။ ။ပုဂ္ဂိုလ်ဟူသည်မှာ ဤလူ့ပြည်သို့ တကြိမ်သာ ပြန်လာမည့်သူဖြစ်သည်။ သူနှင့်ပတ်သက်၍အပါယ် ကျမည့်အရေး တွေးတောနေဖွယ်မရှိပါ၊ အပါယ် ဘေးသည် သောတာပန်အဆင့်ကပင်ကင်းဝေးလွန်မြောက် ခဲ့ပါပြီ၊ သော တာပန်သည်ကာမဘုံသို့ ခုနစ်ကြိမ်အထိပြန် လာတတ်ပါသေး သည်။သကဒါဂါမ်ကားတကြိမ်တခါသာ ပြန်လာပြီးပရိနိဗ္ဗာန် ဝင်စံမည့် ပုဂ္ဂိုလ်ဖြစ်၏။ သူ၏မဂ်စိတ်သည်ကာ:ဘယ်အကုသိုလ် ကိုမျှမပယ်ပါ၊ ကြမ်းကြမ်းတမ်းတမ်း အကျိုးကိုပေးမည့် ဒိဋ္ဌိ ဂတ ဝိပ္ပယုတ်နှင့် ဒေါသနည်းပါးအောင်သာ ပြုလုပ်ပါသည်။ ယင်းတရားနှစ်ပါးမှာ အပါယ်သို့လည်း ကျရောက်စေနိုင်သည်။

အပါယ်ကျမည့် အချိန်အခါကိုကား သောတာပတ္တိမဂ်ကဖြိုဖျက်ခဲ့ပြီးဖြစ်၏။ နောက်တခုမှာ ကြမ်းတမ်းစွာသောအကျိုးကို ပေးနိုင်ခြင်းဖြစ်၏။ ယင်းတို့ကား ဤသကဒါဂါမိမဂ်ကဆက်လက်ပယ်ဖျက်၏။ ဆိုလိုသည်မှာ သောတာပန်၏လောဘ, ဒေါသမှာ အပါယ်ကျခြင်း မရှိသော်လည်း ဆင်းရဲခြင်း,အဆင်းမလှခြင်းစသော ကြမ်းတမ်းသောဆိုးကျိုးကို ရနိုင်သည်။ သကဒါဂါမ် အဆင့်မှာကား ထိုသို့သော ဆိုးကျိုးမျိုးကို မခံရဘော့ဟူ၏။ သူကား ဒုတိယအဆင့်အရိယဖြစ်၏။

အနာဂါမ်။ ။ပုဂ္ဂိုလ်ဟူသည်မှာ ဤလူ့ပြည်သို့ဘယ်အခါမျှ ပြန်မလာသော သူဖြစ်၏။ အကြောင်းကား သူ၏မဂ်သည် ကာမဘုံကို တွယ်တာတပ်မက်သော ဒိဋ္ဌိဂတဝိပ္ပယုတ်ကို အကြွင်းမဲ့ပယ်သောကြောင့်ဖြစ်၏။ သူ့မှာမူ လုံးဝဒေါသမရှိတော့ပါ၊ သိမ်သိမ်မွေ့မွေ့အကျိုးကို ပေးမည့် ဒေါသကိုပင် အကြွင်းမရှိအောင်ပယ်ထားသောကြောင့်ဖြစ်၏။သို့ဖြင့်ဒေါသကို အပယ်ကျစေသော ဒေါသ,ကြမ်းတမ်းသောအကျိုးကို ဖြစ်စေသည့် ဒေါသနှင့် သိမ်မွေ့သော အကျိုးကို ဖြစ်စေသည့်ဒေါသ ဟူ၍ သုံးမျိုးခွဲခြားမှတ်သားနိုင်၏။ သို့ဖြင့် မိမိတို့၏ အဆင့်ကို အဆိုပါ လောဘ,ဒေါသ,နှစ်ရပ်ဖြင့် ဆုံးဖြတ်နိုင်ပါသည်။

ရဟန္တာ။ ။ပုဂ္ဂိုလ်ဟူသည်မှာ မြတ်သောအလှူကိုခံယူထိုက်သော နောက်ဆုံးအဆင့်အရိယပုဂ္ဂိုလ်ဖြစ်၏ သူသည်ကား ရူပဘုံ, အရူပဘုံတို့၌ တွယ်တာတပ်မက်သောဒိဋ္ဌိဂတဝိပ္ပယုတ်နှင့်ဥဒ္ဓစ္စတို့ကိုအကြွင်းမဲ့ပယ်၏၊ သို့ဖြင့်အဆိုပါဒိဋ္ဌိဂတဝိပ္ပယုတ်သည်ကာမဘုံ၌ တပ်မက်သည်လည်းရှိ၏။ ရူပဘုံ၌ တပ်မက်

သည်လည်းရှိ၏။ အရူပဘုံ၌ တပ်မက်သည်လည်းရှိ၏။ သောတာပန်နှင့် သကဒါဂါမ်တို့သည် ကာမဘုံ၌ တပ်မက်ကြ၏၊ ထို့ကြောင့် သူတို့သည်ကာမဘုံသို့ ပြန်လာကြရခြင်း ဖြစ်၏။ အနာဂါမ်ကား ကာမဘုံ၌ တပ်မက်ခြင်းမရှိပါ၊ သို့သော်လည်း သူသည်ရူပဘုံနှင့် အရူပဘုံကိုကား တပ်မက်သေး၏။ ရဟန္တာကား ထိုထိုတပ်မက်မှုဟူသမျှကို အလုံးစုံအကုန်စွန့်ပယ်သူဖြစ်၏။ ဥဒ္ဓစ္စဟူသည်မှာ စိတ်၏ မငြိမ်မသက် ပျံ့လွင့်ခြင်းလက္ခဏာ ရှိ၏။ ရဟန္တာသည်ယင်းတရားကို အမြစ်ကတူးဖြိုပစ်၍ စိတ်မငြိမ်မသက်ပျံ့လွင့်ခြင်း မရှိပါ၊ ငြိမ်သက်တည်ကြည်၏။

လူတို့သည် လွန်စွာပင် အရိယ ဖြစ်ချင် ကြသည်။ အကြောင်းကား အပါယ်ဘေးကိုကြောက်သောကြောင့်ဖြစ်၏။ အရိယဖြစ်လျှင်ကား အယုတ်ဆုံး အပါယ်ဝဋ်မှကင်းလွတ်မည်၊ ထို့ကြောင့် အရိယဖြစ်ချင်ကြပါသည်။ သို့သော်လည်း အရိယဖြစ်နည်း နိသျှည်းတို့မှာ လွန်စွာလေးနက်ခဲခက်သဖြင့်အနားသို့ပင် မကပ်ဝံ့ပဲဖြစ်နေကြရသည်။ ဤအတွင်းမှာ ပညာရှိကြီးများကလည်း "အခုကာလ လူတွေဟာ ချောင် ချောင် နဲ့ အရိယာဖြစ်ချင်နေကြတယ်။ လေးကုဋ္ဌာရာအဆင့်ကိုအချောင်မရနိုင်ဘူး" စသည်ဖြင့် မိန့်ကြား ကြပြန်သည်။ ထို့ကြောင့် အရိယ ဖြစ်ရေးမှာ ဝေးသည်ထက်ဝေးနေရပါသည်။ မြတ်စွာဘုရား လက်ထက်က ရဟန်းတပါးသည် မြတ်စွာဘုရားထံသွားပြီး "အရှင်ဘုရား မြတ်စွာဘုရား ပညတ်သော သိက္ခာ ပုဒ်တို့များပြားလှသဖြင့် လုံခြုံအောင် စောင့်ထိန်းရန်မစွမ်း နိုင်ပါ၊ ထို့ကြောင့် လူထွက်ခွင့်ပြုပါဘုရား"ဟု လျှောက်ကြား၏။ ထို

အခါ မြလိစ္စာဘုရားက “ရဟန်း သို့ဖြစ်လျှင် သင်သည်သိက္ခာပုဒ်တခုမျှကို စောင့်ထိန်းနိုင်မည်လား” ဟု မေး၏။ ရဟန်းက ဝန်ခံသောအခါ စိတ်တခုကိုသာ စောင့်ထိန်းရန် မိန့်ကြားတော်မူ၏။ သို့ဖြင့် ထိုရဟန်းသည်ပူဇော်အထူးကို ခံသိုက်သော ရဟန္တာအဆင့်သို့ ရောက်သွား၏။ ထို့အတူ ရှင်အနုရုဒ္ဓါသည် အဘိဓမ္မတ္ထ သင်္ဂဟာအမည်ရှိသော သင်္ဂြိုဟ်ကမ္မဋ္ဌာန်း ပိုင်းတွင် အရိယ အဖြစ်ကို လွယ်ကူစွာ ရောက်နိုင်စေရန် ဆောင်ပုဒ် ပြုလုပ်ထားပါသည်။

သောဘာပတ္တိ မဂ်ကို ပွားသဖြင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်သောကြောင့် အပါယ်သို့ ကျခြင်းမရှိ၊ အလွန်ဆုံး ခုနစ်ဘဝမျှသာ ပဋိသန္ဓေနေရသော သောတာပန်ပုဂ္ဂိုလ်။

သကဒါဂါမိ မဂ်ကို ပွားသဖြင့် ရာဂ, ဒေါသ, မောဟတို့ကို နည်းပါးအောင် ပြုရ၍ ဤလူ့ပြည်သို့တကြိမ်သာ လာရသော သကဒါဂါမ်ပုဂ္ဂိုလ်။

အနာဂါမိ မဂ်ကိုပွားသဖြင့် ကာမ,ရာဂ, ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်သောကြောင့် ဤကာမ ဘုံသို့ မလာသော အနာဂါမ်ပုဂ္ဂိုလ်။

အရဟတ္တမဂ်ကို ပွားသဖြင့်အလုံးစုံသောကိလေသာတို့ကို အကြွင်းမဲ့ ပယ်သောကြောင့် မြတ်သောအလှူကို ခံထိုက်သောရဟန္တာပုဂ္ဂိုလ်။

မဂ်ကို ပွားသည်မှာ မြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်း စိတ်တခုကို ထိန်းသိမ်းခြင်းပင်ဖြစ်၏။ အကုသိုလ်

မဖြစ်စေရန် အပြစ်မပြုမိစေရန် သတိထား၍ရှောင်ရှားခြင်းပင်တည်း။ ရှောင်ရှားရန်အဆင့်လည်း လေးဆင့်ရှိသည်။ အငယ်တန်း, ဒုတိယတန်း, တတိယတန်းနှင့် စတုတ္ထတန်း အဆင့်ဖြစ်၏။ မူလတန်း, အလယ်တန်း, အထက်တန်းနှင့် တက္ကသိုလ်တန်းအဆင့်တို့ကဲ့သို့ပင်တည်း၊ တက္ကသိုလ် ဘွဲ့တို့တွင် အဆင့်ဆင့်ရှိသကဲ့သို့ ရဟန္တာတို့တွင်လည်း အဆင့်ဆင့် ရှိကြသည်။ ယင်းတို့မှာ ဘေဒဂ် အမျိုးမျိုးတို့ပင်ဖြစ်၏။ ယင်းသည်လည်း အထူးအဆန်းမဟုတ်လှပါ၊ မိမိလုံ့လဝီရိယဥဿာဟအတိုင်းပင်ဖြစ်၏။ အနည်းအကျဉ်းသာ စောင့်ထိန်းနိုင်လျှင် အနည်းအကျဉ်းမျှသာ အကျိုးရမည်။ များများစောင့်ထိန်းနိုင်လျှင် များများအကျိုးရမည်မှာ သဘာဝ အတိုင်းဖြစ်၏။ မြတ်စွာဘုရား ဟောကြားသော တရားမှာ လွန်စွာ လွယ်ကူ သန့်ရှင်းပါသည်။ အခက်အခဲ အရှုပ်အထွေးမရှိပါ၊ လူတိုင်း သိမြင်ဆင်ခြင်နိုင်ရန် ဟောကြားသောတရားဖြစ်၏။

အခါတပါး ရှင်မာလုကျပုတ္တသည် မြတ်စွာဘုရားအား "အရှင်ဘုရား မြတ်စွာ ဘုရားသည် အကျွန်ုပ်အား အကျဉ်းမျှဖြင့် တရားကိုဟောကြား တော်မူပါလော့၊ အကျွန်ုပ်သည် မြတ်စွာဘုရား ဟောကြားသောတရားအနက်ကိုသိကောင်းပါ၏၊ တရားတော်၏ အမွေခံဖြစ်နိုင်ကောင်းပါ၏"ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက "မာလုကျပုတ္တ ရဟန်းအား ထင်ရှားဖြစ်ပေါ်ခဲ့သော် သက်န်း, ဆွမ်း, ကျောင်း အိပ်ရာနေရာ, ဆေးပစ္စည်းဟူသော အကြောင်းလေးမျိုးကြောင့် ဖြစ်ပေါ်၏။

ထင်ရှားဖြစ်ပေါ်ခဲ့သော် ယင်းလေးမျိုးတို့၌ ဖြစ်ပေါ်၏၊

တဏှာကိုပယ်ဖြတ်ပြီးသော ရဟန်းသည် နောင်တဖန် ဖြစ်ခြင်း သဘောမရှိ၊ ဤရဟန်းကို တဏှာဖြတ်ပြီးသောရဟန်း, သံယော ဇဉ်ကိုလွန်မြောက်ပြီးသောရဟန်းဟုဆိုအပ်၏''ဟုဟောကြား၏။

မာလုကျပုတ္တသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ကပ် လျက် မမေ့မလျော့ပြင်းထန်စွာ အားထုတ်လျက် နိဗ္ဗာန်သို့စေ လွှတ်သော စိတ်ရှိသည်ဖြစ်၍ နေသော် ရဟန်း ဘောင်သို့ဝင် ရောက်သောအမျိုးသားတို့ လိုလားအပ်သည့် အတုမဲ့ဖြစ်သော အကျင့်မြတ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို မကြာမီ မျက်မှောက်ပြုလျက် ရောက်၍နေ၏။

ဤတွင်မမေ့မလျော့ပြင်းထန်စွာအားထုတ်ခြင်းဟူသည် မှာသက်နှံ, ဆွမ်း, ကျောင်း, ဆေး, ဟူသောပစ္စည်းတို့၌တပ်မက် စွဲလမ်းနေသော တဏှာလောဘကို စွန့်ပယ်ရန်ဖြစ်၏။ ရဟန်းတို့ သည် ယင်းလေးမျိုးတို့အပေါ်မှာ လွန်စွာတွယ်တာမက်မောနေ ကြသည်။ သို့ကြောင့်ဤလေးမျိုးအပေါ် သာယာနှစ်သက်တပ် မက်နေမှုကို ဖယ်ခွာရန်မြတ်စွာဘုရား တိုက်တွန်းခြင်း ဖြစ်၏။ အဟုတ်တကယ်စွန့်ပယ် လိုက်သည်နှင့်တပြိုင်နက် အရဟတ္တဖိုလ် အလိုလိုပေါ်လာမည်ဖြစ်၏။ တဏှာကိုပယ်ရန် ဗာဟိယအား မြတ်စွာဘုရားဟောကြားသော တရားကိုနာကြားပါဘိ–

''မြင်ရာ၌မြင်ကာမျှ ဖြစ်မည်။ ကြားရာ၌ကြား ကာမျှဖြစ်မည်။ တွေ့ရာ၌တွေ့ကာမျှဖြစ်မည်၊ သိရာ၌သိ ကာမျှဖြစ်မည်ဟုကျင့်၊ ယင်းသို့ကျင့်လျှင် သင်သည်ရာဂ စသည်နှင့်တကွ ဖြစ်တော့မည်မဟုတ်၊ ထိုအခါသင်သည် ရူပါရုံစသည်၌ နှစ်သက်ပြစ်မှားတွေဝေမှု ဖြစ်တော့မည်

မဟုတ်၊ ထိုအခါသင်သည် မျက်မှောက် တမလွန်နှစ်ပါး စုံဘဝ၌ ဖြစ်တော့မည်မဟုတ်၊ ဤသည်ပင်လျှင်ဆင်းရဲ၏အဆုံးတည်း"

ထိုအခါ ဗာဟိယအား ထိုခဏ၌ပင်လျှင် မစွဲလမ်းမှု၍ အာသဝေါတရားတို့မှစိတ်သည်လွတ်၏။

အဘယ်မျှ လွယ်ကူသော တရားတို့ပေတည်း၊ သို့သော် လည်းနောင်အခါ ပညာရှိတို့ပညာစွမ်းပြကြသဖြင့် လွန်စွာခက်ခဲပြီး သာမန်တို့လက်လှမ်းမမှီနိုင်အောင် ဖြစ်သွားကုန်၏။ပြောကြပါသေးသည် "ဤမျှဖြင့်တရားရသည်မှာ မာလုကျပုတ္တမို့၊ဗာဟိယမို့ ထို့ပြင်သူတို့အား ဘုရားသခင်ကိုယ်တော်တိုင် ဟောကြားခြင်းဖြစ်သည်"ဟူသတည်း။ စင်စစ်ပညာစွမ်းပြရန်နှင့် ပရိသတ်စုဆောင်းရန် ကိုးကားခြင်းသာဖြစ်၏။ မည်သူမဆိုမြင်ရာ၌ မြင်ရုံသာဖြစ်လျှင် ရာဂမဖြစ်နိုင်ပါ၊ ထိုအာရုံမှာ နှစ်သက်ခြင်းလည်း ဖြစ်တော့မည်မဟုတ်ပါ၊ သို့မဟုတ်ပြစ်မှားခြင်းလည်း ဖြစ်တော့မည်မဟုတ်ပါ။သို့မဟုတ်တွေဝေခြင်းလည်း ဖြစ်တော့မည်မဟုတ်ပါ၊ အကြောင်းကားသူသည် မြင်ရုံသာမြင်သည် ထို့ထက်ပို၍ သုံးသပ်ခြင်းမရှိသောကြောင့်ဖြစ်၏။ ယင်းသို့ကျင့်လျှင် ဘယ်သူမလွတ်မြောက်ပဲရှိမည်နည်း။

"သို့သော်လည်း ကျင့်ဘို့လိုပါသည်"

တက်လာသောစိတ်ကို နှိမ်လိုက်ခြင်းပင်ဖြစ်၏။ ကျင့်ဟူသည်မှာ မြင်ရာရာမှာ မြင်ရုံဖြစ်အောင်, ကြားရာမှာ ကြားရုံဖြစ်အောင်, တွေ့ရာမှာတွေ့ရုံဖြစ်အောင်, သိရာမှာသိရုံဖြစ်အောင်, ကျင့်ခြင်းသာဖြစ်၏။ ယင်းသည်ပင် ကျင့်သည်မည်၏။ တခြား

သွားကျင့်နေလျှင် တခြားသာ ဖြစ်မည်။ ဆင်းရဲ၏ အဆုံးသို့ ရောက်မည်မဟုတ်ပါ။

ပြောကြားသည်ကို ကြားလျှင် ကြားရုံသာ ဖြစ်အောင် ကျင့်ပါ၊ ဆက်ပြီးစဉ်းစားပါက သာယာချင်သာယာမည်၊ ပြစ်မှားချင်ပြစ်မှားမည်၊ တွေဝေချင်တွေဝေမည်၊ တွေ့ရာမှာရှင်း, သိရာမှာရှင်း ထို့အတူပင်ဖြစ်၏။ သာယာခြင်း, ပြစ်မှားခြင်း, တွေဝေခြင်းတို့မှာ လောဘ, ဒေါသ, မောဟဟူသောအကုသိုလ်၏အရင်းအမြစ်တို့ ဖြစ်ကြသည်။ ပုထုဇဉ်တို့မှာဤတရားသုံးပါးလွန်စွာများပြား၏။ သေ့ကျင့်သဖြင့် အရိယအဆင့်သို့ရောက်သူတို့မှာ မိမိရရောက်သော အဆင့်အားလျော်စွာ တစတစနည်းပါးသွားပြီး နောက်ဆုံးအဆင့်မှာလုံးဝ ပြတ်စဲသွား၏။

"ပြောတော့လွယ်ပါရဲ့၊ အကျင့်ခက်တယ်"

အပြောလည်း လွယ်ပါသည်။အကျင့်လည်းလွယ်ပါသည်၊ မပြောခြင်းနှင့် မကျင့်ခြင်းသာရှိသည်။ ပြောလျှင်လည်းလွယ်သည်။ မြတ်စွာဘုရားသည် လူထိုင်းလိုလို အရိယာဖြစ်ပြီး ကမ္ဘာလောကကြီး သာယာငြိမ်းချမ်းစေရန် ညွှန်ကြား ထားသော တရားဖြစ်၏။ ခက်ခဲခြင်းသည် ငြိမ်းချမ်းသာယာခြင်း၏ဆန့်ကျင်ဘက်ဖြစ်၏။ ထို့အတူကျင့်ဘို့လည်း လွယ်ပါသည်။ လွယ်မှုလည်းလူတိုင်း လိုက်နာကျင့်သုံးနိုင်မည်၊ နည်းနည်း ကျင့်လျှင် အကျိုးနည်းနည်းရမည်။ များများကျင့်လျှင် များများရမည်။ ခက်ခဲ၍ မကျင့်ကြပါလျှင် ဘယ်အကျိုးမျှ ရကြ တော့မည် မဟုတ်ပါ။

ဗုဒ္ဓခေတ်အခါက အခြားဘာသာတရားများမပေါ်သေးပါ၊ သို့ကြောင့် ထိုစဉ်အခါက တရားမှာဗြာဟ္မဏတရားနှင့် ဗုဒ္ဓတရားဟု နှစ်မျိုးသာရှိ၏။ စင်စစ်ဗုဒ္ဓတရားမှာ ဗြာဟ္မဏတရားကို ဆန့်ကျင်ပြီး ပေါ်ထွက်လာခြင်းဖြစ်၏။ ဆန့်ကျင်ဆိုသည်မှ ဗုဒ္ဓသည် ထိုဗြာဟ္မဏတရားကို ယုံကြည်မှုမရှိခြင်းပင်တည်း၊ ဗြာဟ္မဏဘရားမှာ လွန်စွာခက်ခဲလှ၍ ပြင်းထန်စွာကျင့်ရသည်။ ဗုဒ္ဓတရားမှာ လွယ်ကူသန့်ရှင်း၍ ပေါ့ပေါ့ပါးပါး ကျင့်သွားနိုင်၏။ သို့ကြောင့် တရားအဆုံးတွင်လူပေါင်း ကုဋေကုဋာ တရားသိမြင် ကျွတ်တန်းဝင်နိုင်ကြခြင်းဖြစ်၏။ ခက်ခဲနေပါက တရားနာရုံမျှနှင့် တယောက်တလေမျှ လွတ်မြောက်ဖွယ်မရှိရာ၊ လွတ်မြောက်ခြင်းဆိုသည်မှာလည်း ထိုသို့ခက်ခဲပြင်းထန်စွာ ကျင့်ကြံရခြင်းတို့မှ လွတ်ကင်း၍ ငြိမ်းချမ်းခြင်းဖြစ်၏။

မြင်ကြားတွေ့သိရာမှာ မြင်ကြားတွေ့သိရုံသာဖြစ်အောင် လေ့ကျင့်ရန်မှာ မခက်ပါ၊ လွန်စွာလွယ်ပါသည်။ သို့ရာတွင် အကျိုးအာနိသင်ကား လွန်စွာကြီးမားလှပါသည်။ သတ္တဝါတို့မလိုလား မနှစ်သက်သော ဆင်းရဲများ ကုန်ဆုံးသည့် အထိဖြစ်၏။ ဆင်းရဲကုန်ဆုံးခြင်းဟူသည်မှာ ချမ်းသာခြင်း ဖြစ်၏။ ဤချမ်းသာ ခြင်းမှာဆင်းရဲမရှိသော ချမ်းသာခြင်းဖြစ်၏၊ ငွေရှိ၍ ချမ်းသာခြင်း ဆိုသည်မှာ ဆင်းရဲခြင်းကိုရောရှက်နေသည်။ သူ၏ချမ်းသာ ခြင်းမှာ ငွေရှိသောကြောင့် ဖြစ်သဖြင့် ငွေကုန်သည်နှင့် တပြိုင်နက် ဆင်းရဲသွားလိမ့်မည်၊ မြင်ကြားတွေ့သိရုံသာ ဖြစ်အောင်လေ့ကျင့်ထားသော ချမ်းသာခြင်းကားဒုက္ခမရှိသော ချမ်းသာခြင်းဖြစ်၏၊ နိဗ္ဗာန်ပင်တည်း။

"ရဟန်းတို့- အကြင်နိဗ္ဗာန်အရပ်၌ပထဝီ, အာပေါ,တေဇော,ဝါယောဓာတ်မရှိ၊ အာကာသာနဉ္စာယတနစျာန်,ဝိညာဏဉ္စာယတနစျာန်,အာကိဉ္စညာယတနစျာန်, နေဝသညာနာသညာယတနစျာန်လည်းမရှိ၊ ပစ္စုပ္ပန်, တမလွန် လောကလည်းမရှိ၊ နေ-လနှစ်ပါးတို့လည်း မရှိကုန်၊ ထိုနိဗ္ဗာန်သည် ရှိသည်သာတည်း၊ ရဟန်းတို့-ထိုနိဗ္ဗာန်၌လည်း တစုံတခုသောဘဝမှလာခြင်းကို ငါမဆို၊ တစုံတခုသောဘဝသို့ သွားခြင်းကိုလည်း ငါမဆို၊ တစုံတခုသော အရပ်၌ တည်ခြင်းကိုလည်း ငါမဆို၊ ရွေ့လျောစုတေခြင်းကိုလည်း ငါမဆို၊ ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းကိုလည်း ငါမဆို၊ ထိုနိဗ္ဗာန်သည်တည်ရာမရှိ၊ ဖြစ်ခြင်းမရှိ၊ အာရုံပြုမှုမရှိသည် သာတည်း၊ ဤသဘောတရားသည် ဆင်းရဲ၏ အဆုံးတည်း။"

ဤကားမြတ်စွာဘုရားဟောကြားသော နိဗ္ဗာန်၏အသွင်ဖြစ်၏။ နိဗ္ဗာန်ကို အချို့က လူ့ဘုံနတ်ရပ်ကဲ့သို့ဘုံပြသာဒ်နှင့် ထင်မှတ်နေကြ၏။ ယင်းမှာ မဟာဘုတ်လေးပါးမရှိသဖြင့် ဘယ်မှာဘုံပြသာဒ်ရှိနိုင်မည်နည်း၊ မည်သည့် အရာဝတ္ထုမဆို မြေ,ရေ,လေ,မီးဟူသော မဟာဘုတ်ကြီးလေးပါးဖြင့် အမာခံတည် ဆောက် ထားရ၏။ အ ချို့ က လည်း ရုပ် မ ရှိ သော အရူပ စျာန် လေး ပါး ကိုပင် နိဗ္ဗာန်ဟု ထင်ကြ၏။ စင်စစ်ထိုဘုံ ယင်းတို့သည်းမရှိ၊ ပစ္စုပ္ပန်-တမလွန်လည်းမရှိ၊ နေနှင့်လလည်းမရှိ၊ သေခြင်းမရှိ၍ မွေးခြင်းလည်းမရှိ၊ ယင်းသို့ ဘယ်အရာမျှမရှိသော အရပ်သည်ပင် နိဗ္ဗာန်ဖြစ်၏။ ဆင်းရဲဆုံးရာဖြစ်၏။ လောကတွင်မူ ဘာမျှမရှိခြင်းသည် ဆင်းရဲခြင်း ဖြစ်

၏။ အကြောင်းကား ရှိချင်လျက်မရှိသောကြောင့်ဖြစ်၏။နိဗ္ဗာန်၏မရှိခြင်းမှာ မရှိချင်၍ မရှိခြင်းဖြစ်၍ ချမ်းသာစစ် ချမ်းသာမှန်ဖြစ်၏။

"တဏှာကင်းရာ နိဗ္ဗာန် မည်သည်ကား မြင်နိုင်ခဲသော တရားတည်း၊ စင်စစ်နိဗ္ဗာန်သည် မြင်ရန်လွယ်ကူသော တရားမဟုတ်၊ နိရောဓသစ္စာကို အာရုံပြုသော အားဖြင့်၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသောအားဖြင့် မဂ္ဂသစ္စာကို ပွားသောအားဖြင့် ထိုးထွင်း၍ သိသကဲ့သို့ တဏှာဟူသောသမုဒယသစ္စာကိုလည်း ပယ်သောအားဖြင့် ထိုးထွင်း၍ သိအပ်၏။ ဤသို့သစ္စာလေးပါးကို မဂ်ပညာဖြင့် သိမြင်သူအား ကြောင့်ကြမှုမရှိနိုင်တော့ပါ။"

မြင်နိုင်ခဲသည်မှာ မြင်ရန်မလွယ်ကူခြင်းပင်ဖြစ်၏။ လွယ်ကူသောတရားသည် ဤတွင် အဘယ်ကြောင့်ခက်နေပါသနည်း။ နည်းလမ်းကို မသိသောကြောင့်ဖြစ်သည်။သိလျှင်ကား အလွန်ရှင်းလင်းစွာတွေ့မြင်ရမည်၊ ယင်းနည်းကို မြတ်စွာဘုရားဟောကြားပါသည်။ ထိုနည်းဖြင့်ကြည့်ပါက ဖောက်ထွင်း သိမြင်နိုင်၏။ နိရောဓသစ္စာကို အာရုံစူးစိုက်ထားပါ၊ ဒုက္ခသစ္စာကိုပိုင်းခြား၍သိ၊ မဂ္ဂသစ္စာကို ပွား၊ သမုဒယသစ္စာကို ပယ်၊ သို့ဖြင့် နိဗ္ဗာန်ကိုထိုးထွင်းသိမြင်နိုင်၏။ ပထမသုတ်မှာ နိဗ္ဗာန်၏ သရုပ်ဖြစ်၏။ ဤသုတ်မှာ နိဗ္ဗာန်သရုပ်ကို မျက်ဝါးထင်ထင်တွေ့မြင်ရန်ဖြစ်၏။

နိရောဓသစ္စာမှာ နိဗ္ဗာန်ဖြစ်သည်၊ နိဗ္ဗာန်သည်ဒုက္ခမရှိသော ချမ်းသာခြင်းဖြစ်၏။ တကယ်ချမ်းသာ ချင်လျှင် ယင်း

ကို အာရုံစူးစိုက်ရမည်။ အကယ်၍သာဒုက္ခသစ္စာကို ပိုင်းခြား ဝေဖန်ပြီးသိပါလျှင် အဘယ်သူသည် ဒုက္ခကုန်ရာနိရောဓသစ္စာ ကို အာရုံမကပ်ပဲရှိပါမည်နည်း၊ ဒုက္ခကြောက်လျှင်ဒုက္ခ မရှိရာ ကို ရရောက်ချင်မည်သာတည်း၊ မဂ္ဂသစ္စာကို ပွားပါဟုဆိုသည် မှာ ထိုနိဗ္ဗာန်သို့ရောက်ကြောင်း လမ်းကောင်းပေါ် သွားခြင်း ပင်ဖြစ်၏။ ယင်းမှာ မဂ္ဂင်ရှစ်ပါးပင်ဖြစ်၏။ သောတာပတ္တိ မဂ်ကိုပွား, သကဒါဂါမိမဂ်ကိုပွား စသည်ဖြင့် ဆိုခဲ့ သည့်မှာ လည်း ဤမဂ္ဂင်ရှစ်ပါးကို လိုက်နာ ကျင့်သုံးခြင်းပင် ဖြစ်၏။ အကယ်၍ ကောင်းမွန်မှန်ကန်စွာမြင်ခြင်း, ကြံစည်ခြင်းရှိပါမူ သမုဒယသစ္စာ တဏှာလောဘသည် တဖြည်းဖြည်း တစစလျော့ ကျသွားပါလိမ့်မည်၊ ထိုအခါနိဗ္ဗာန်ကို ကောင်းစွာ ထင်ထင် တွေ့မြင်မည်၊ သို့မဟုတ်က မြင်ဘို့ခက်သည်။

တဏှာသမုဒယကို တွယ်တာနေပါလျှင် သူ၏အခြံအရံ အပေါင်းအသင်းဖြစ်သော ဒုက္ခများပေါ်ပေါက် လာမည်မှာ မြေကြီးလက်ခတ်သကဲ့သို့ လွဲမည်မဟုတ်ပါ၊ ယင်းကိုမတွယ်တာ လျှင် သူတို့လည်းအလိုက်သိစွာအလိုအလျောက်ပင်ပျောက်ပျက် ကုန်ပါလိမ့်မည်၊ ထို့အတူနိရောခခေါ် နိဗ္ဗာန်ကိုခင်လျှင်မဂ်လမ်း ခရီးသို့လျှောက်ရန်ဝန်လေးမည်မဟုတ်ပါ၊ အကယ်၍မဂ္ဂင်လမ်း ပေါ်လျှောက်လျှင်လည်း နိဗ္ဗာန်သို့ရောက်မည်မှာ သေချာလှပါ သည်။ မြတ်စွာဘုရားသည် ဤမျှရှင်းလင်းပြတ်သားပါသည်။ မြတ်စွာဘုရားသည် ထိုမြင်နိုင်ခဲ့သော နိဗ္ဗာန်ကိုလွယ်ကူစွာညွှန် ပြထားပါသည်။ ဘယ်အတွက်ခက်အောင် ကြံဆောင် နေကြ ပါသနည်း။

"ရဟန်းတို့-ဖြစ်ပေါ်မှုမရှိသော ထင်ရှား ဖြစ်နေမှုမရှိသော ပြုလုပ်ထားမှုမရှိသော၊ စီရင်ထားမှုမရှိသောနိဗ္ဗာန်သည်ရှိ၏။ရဟန်းတို့-အကယ်၍ထိုနိဗ္ဗာန် မရှိပါမူဤလောက၌ဖြစ်ပေါ်မှုရှိသော၊ ထင်ရှား ဖြစ်မှု ရှိသော၊ ပြုလုပ်ထားမှု ရှိသော၊ စီရင်ထားမှုရှိသော ခန္ဓာပဥ္စကမှထွက်မြောက်ရာသည်မထင်ရှားရာ၊ ထိုနိဗ္ဗာန်ရှိသောကြောင့်သာ ထွက်မြောက်ရာသည် ထင်ရှား၏။"

နိဗ္ဗာန်သည်ကား ဖြစ်ပေါ်မှုလည်းမရှိ၊ထင်ရှားဖြစ်နေမှုလည်းမရှိ၊ပြုလုပ်ထာလည်းမှုမရှိ၊စီရင်ထားမှုလည်းမရှိပါ၊ ဤလေးပါးသည်နိဗ္ဗာန်၏ သဘောလက္ခဏာတို့ဖြစ်၏။သတ္တဝါတို့၏ ခန္ဓာငါးပါးမှာ ဖြစ်ပေါ်မှုလည်းရှိ၏။ ထင်ရှားနေမှုလည်းရှိ၏။ ပြုလုပ်ထားမှုလည်းရှိ၏။ စီရင်ထားမှုလည်းရှိ၏။ ယင်းအရှိ လေးပါးသည်လည်းခန္ဓာငါးပါး၏သဘောလက္ခဏာဖြစ်၏။ သတ္တဝါတို့ ဒုက္ခရောက်ရသည်မှာ ယင်းရှိမှုတို့ကြောင့်ဖြစ်၏။ မရှိလျှင် အဘယ်သို့ ဒုက္ခရောက်နိုင်မည်နည်း၊ ယင်းအရှိ လေးပါးကိုပင် ချမ်းသာဟုယူဆနေပါလျှင်ကား ရောက်သမျှဘေးဒဏ် လူးလိမ့်ခံရန်သာရှိသည်။ စင်စစ် ထိုလေးပါးမရှိသောနိဗ္ဗာန် ရှိသည်။ သို့ကြောင့် ထိုလေးပါး ရှိသော ခန္ဓာငါးပါးမှ ထွက်မြောက်နိုင်သည်။

"ရုပ်အစရှိသော သင်္ခါရ၌ တဏှာဒိဋ္ဌိတို့ဖြင့် မှီသောသူအား တဏှာဒိဋ္ဌိတို့ဖြင့် တုန်လှုပ်၏။ တဏှာဒိဋ္ဌိတို့ဖြင့် မမှီသောသူအား တုန်လှုပ်မှုမရှိ၊ တုန်လှုပ်မှု မရှိသော် ငြိမ်းအေး၏။ ငြိမ်းအေးမှုရှိသော် ညွတ်မှုတဏှာမရှိသော် ပဋိသန္ဓေ အားဖြင့်

ဤဘဝသို့လာခြင်း, စုတေအားဖြင့် ထိုဘဝသို့သွားခြင်းမဖြစ်၊ လာခြင်း-သွားခြင်း မရှိသော် စုတေခြင်း- ပဋိသန္ဓေ နေခြင်း မဖြစ်၊ စုတေခြင်း ပဋိသန္ဓေ နေခြင်းမရှိသော် မျက်မှောက် တမလွန်နှစ်ပါးစုံ၌ ဖြစ်တော့မည်မဟုတ်၊ ဤသည်ပင်လျှင်ဆင်းရဲ၏ အဆုံးတည်း။"

တုန်လှုပ်သည်မှာ သေပြီးနောက်အပါယ်သို့ ရောက်မည်ကို ကြောက်ခြင်းပင် ဖြစ်၏။ သေလျှင်အပါယ်သို့ ကျလေမည်လားဟု ယုံမှားရသူသည်တုန်လှုပ်ကြောက်ရွံ့၏။ အကြောင်းကား ရုပ်အစရှိသော သင်္ခါရ၌ တဏှာဒိဋ္ဌိတို့ဖြင့် မှီနေသောကြောင့်ဖြစ်၏။ ရုပ်အစရှိသော သင်္ခါရမှာ ခန္ဓာငါးပါးပင်ဖြစ်၏။ သင်္ခါရမှာ အထက်ကဆိုခဲ့သော ဖြစ်ပေါ်လာမှုလည်းရှိ၏။ ထင်ရှားဖြစ်နေမှုလည်း ရှိ၏။ ပြုလုပ် ထားမှုလည်းရှိ၏။ စီရင်ထားမှုလည်းရှိ၏။ ယင်းအပေါ်မှာ တဖန်တဏှာဒိဋ္ဌိတို့ဖြင့် မှီတွယ်နေပြန်ရာ အဘယ်မှာမတုန်လှုပ်ပဲရှိမည်နည်း၊ နူရာဝဲစွဲပြီးလဲရာသူခိုးထောင်းခံရသကဲ့သို့ဖြစ်နေ၏။

တဏှာဟူသည် တပ်မက်စွဲလမ်းခြင်းဖြစ်၏။ အဘယ်မျှစွဲလမ်းနေသနည်း ဟူမူ သေမည်ကိုပင် ကောင်းစွာ မသေနိုင်မခွဲနိုင်-မခွာရက်ဖြစ်နေသည်။ ထိုတွင်ဖေါက်ပြန် သော အယူဝါဒအစွဲအလမ်းနှင့် ဖုံးလွှမ်းနေပြန်ရာ သေဒဏ်ခံရမည့်တရားခံကဲ့သို့ ဖြစ်နေပေမည်၊ စင်စစ်လည်းအမှန်ပင် သေဒဏ် ခံရပါတော့မည်၊ သို့ရာတွင် သူသည် သေရုံဖြင့် မပြီးသေးပါ၊ သေပြီးနောက် ရောက်ရာဘဝအတွက်လည်း သူ၏ တဏှာဒိဋ္ဌိတို့ကို ကြို

တင်ပို့ထား၏။ သို့ကြောင့်သူတို့သည် ထိုကစောင့်ပြီး သူ့ကို နှောင်ဖွဲ့ရန်အသင့်ဖြစ်နေကြသည်။

အရိယတို့ကား ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိကြပါ၊ အကြောင်းကားသူတို့သည် ရုပ်အစရှိသော သင်္ခါရ၌ တဏှာ ဒိဋ္ဌိတို့ဖြင့် မမှီသောကြောင့်ဖြစ်၏။ သို့ကြောင့်သူတို့သည် ငြိမ်းအေး၏၊ ငြိမ်းအေးခြင်း၊ တည်ငြိမ်ခြင်းတို့မှာ မတုန်လှုပ်ခြင်း၏ အနက်-အဓိပ္ပါယ် တို့ပင်ဖြစ်၏။ တုန်လှုပ်ခြင်းမှာ မငြိမ်ခြင်း ဖြစ်၏၊ မတုန်လှုပ်လျှင် ငြိမ်းအေး၏၊ သို့ကြောင့် ညွတ်ခြင်း တဏှာမဖြစ် ညွတ်ခြင်းမှာ တစုံတရာသို့ ယိမ်းယိုင် နေခြင်းဖြစ် ၏၊ ဟိုဟို-သည်သည် ယိမ်းယိုင်ကိုင်းညွတ်ခြင်း တဏှာမရှိပါ လျှင်ဘယ်မှာ ပဋိသန္ဓေနေခြင်းရှိမည်နည်း၊ ပဋိသန္ဓေ နေခြင်း မှာ ညွတ်မှုတဏှာကြောင့်ဖြစ်၏။ ယင်းတဏှာမရှိကပဋိသန္ဓေ နေစရာမရှိပါ၊ ပဋိသန္ဓေမနေလျှင်လည်း ဘယ်မှာ သေစရာရှိ တော့မည်နည်း၊ ဤဘဝ-ထိုဘဝမရှိတော့၍ ဆင်းရဲလည်း မရှိ ပါ၊ ယင်းသည်ဆင်းရဲ၏ အဆုံးဖြစ်၏၊ နောက်ထပ်ဆင်းရဲဖွယ် မရှိတော့သည်ကို ဆင်းရဲအဆုံးဟုခေါ်၏။

ဥဒါန်းပါဠိတော်၌ ဖေါ်ပြသည့်အတိုင်းနိဗ္ဗာန်၏ သရုပ် ကိုဖော်ထုတ်ဟောကြားသော သုတ်လေးသုတ်ရှိ၏၊ ယင်းလေး သုတ်လုံးကို ဖော်ထုတ်ရှင်းပြခဲ့ပါပြီ၊ မြတ်စွာဘုရားသည် မည် သည့်တရားကိုပင် ဟောကြားသည်ဖြစ်စေ နိဗ္ဗာန်အတွက်ချည်း ဖြစ်၏။ ထိုတွင်ဥဒါန်းပါဠိတော်၌ ဟောကြားသော နိဗ္ဗာန် တရားမှာအရှင်းလင်းဆုံးနှင့် အပြတ်သားဆုံးဖြစ်၏။ သို့ကြောင့် နိဗ္ဗာန်နှင့်ပတ်သက်၍ ဖွင့်ဆိုလိုသူတိုင်းသည် ဤသုတ်တို့ကိုပင်

ပဓာနထား၍ ကိုးကားတင်ပြကြရသည်။ နိဗ္ဗာန်ကို အလိုရှိသူတိုင်းသည် အာဂုံဆောင်ကာစဉ်းစားဘို့ ကောင်းလှ ပါသည်။ အရိယတို့၏ နောက်ဆုံးရည်မှန်းချက်မှာ နိဗ္ဗာန်ပင် ဖြစ်၏။ သို့ကြောင့် ဣတိဝုတ် ပါဠိတော်မှ နိဗ္ဗာန်တရားကို ထုတ်နှုတ်ပြ ပါဦးမည်။

"တဏှာဒိဋ္ဌိအစွမ်းဖြင့်တစုံတခုသောတရားကို မမှီသော တာဒိဂုဏ်ရှင်ဖြစ်သော စက္ခုငါးပါးရှိသော မြတ်စွာဘုရားသည် ဤနှစ်ပါးသော နိဗ္ဗာနဓာတ်တို့ကို ပြတော်မူ၏၊ တမျိုးသောနိဗ္ဗာနဓာတ်သည်ဤမျက်မှောက် အတ္တဘော၌ ဖြစ်၏။ခန္ဓာငါးပါးကြွင်းကျန်၏ဘဝတဏှာကုန်ခန်း၏။ခန္ဓာငါးပါးအကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်သည်ကား ခန္ဓာပျက်ပြီးသောအခါ၌ဖြစ်၏။ ယင်းနိဗ္ဗာနဓာတ်၌ အလုံးစုံ အားဖြင့် ဘဝတို့သည် ချုပ်ကုန်၏။

"အကြင်ပုဂ္ဂိုလ်တို့သည်ပြုပြင်ခြင်းကင်းသော ထိုနိဗ္ဗာန်ကိုသိ၍ ကိလေသာမှ လွတ်မြောက်သော စိတ်ရှိကုန်၏။ ဘဝတဏှာကုန်ခမ်းကုန်၏။ ထိုပုဂ္ဂိုလ်တို့သည်တရားအနှစ်ကို ရသောကြောင့် ရာဂစသည်ကုန်ရာ နိဗ္ဗာန်၌ မွေ့လျော်ကုန်၏။ တာဒိဂုဏ်ရှင် ထိုဘုရားသခင်တို့သည် အလုံးစုံသော ဘဝတို့ကို ပယ်စွန့်ကုန်၏။"

နိဗ္ဗာန်သည် သဉပါဒိသေသနှင့် အနုပါဒိသေသဟု နှစ်မျိုးရှိ၏။ ပဌမနိဗ္ဗာန်မှာ ခန္ဓာငါးပါးကြွင်းကျန်နေသေး၏။ ဤမျက်မှောက် အတ္တဘော၌ဖြစ်၏။ အဓိပ္ပါယ်မှာ ဘဝတဏှာကား မရှိတော့ပါ၊ ဤဘဝ-ထိုဘဝ ဘယ်ဘဝကိုမျှတွယ်တာ

တပ်မက်ခြင်း မရှိ၍ ငြိမ်းချမ်းနေပါပြီ၊ နိဗ္ဗာန်သို့ဆိုက်နေပါပြီ၊ သို့ရာတွင်သူကား မသေသေးပါ၊ အသက် ထင်ရှား ရှိနေသေး၏။ သို့ကြောင့်သူရောက်သော နိဗ္ဗာန်ကို သဉပါဒိသေသနိဗ္ဗာန်ဟု ခေါ်၏။ ခန္ဓာနှင့်အသက် ထင်ရှားရှိနေသူ၏၊ နိဗ္ဗာန်ပင်တည်း။ နောက်တမျိုးမှာ ထိုသူကွယ်လွန်သွားခြင်း ဖြစ်၏။ ထိုအခါ ∴ သူ၏နိဗ္ဗာန်မှာ အနုပါဒိသေသနိဗ္ဗာန်မည်၏။ သေသွားပြီဖြစ်သဖြင့် ခန္ဓာငါးပါးမရှိမူ၍ နိဗ္ဗာန် ဆိုက်ရောက်ခြင်းပင်တည်း၊ ပရိနိဗ္ဗာန်ပြုသည်ဟု ဆိုလို၏၊ အခြုပ်မှာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လျှင် သဉပါဒိသေသ နိဗ္ဗာန်သို့ရောက်သည်မည်၏။ ပရိနိဗ္ဗာန်ပြုလျှင်အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်သည်မည်၏။

ဆက်လက်၍ မိလိန္ဒပဉှာမှ နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်းနှင့်စပ်လျဉ်း၍ မိလိန္ဒမင်းကြီးမေး၍ ရှင်နာဂသေန၏ဖြေဆိုချက်ကို တင်ဆက်ပါဦးမည်။

ဘန္တေနာဂသေန။ ။နိဗ္ဗာန်သည် အတိတ် လည်းမဟုတ်၊ ပစ္စုပ္ပန်လည်း မဟုတ်၊ ခဏသုံးပါးသို့ ရောက်ဆဲလည်းမဟုတ်၊ ရောက်ပြီးလည်းမဟုတ်၊ မချတ်ဖြစ်လတ္တံ့လည်းမဟုတ်ဟု အရှင်တို့ဆိုကြ၏။ သို့ဖြစ်ပါလျှင် တစုံတယောက်သည် ကောင်းစွာကျင့်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရာ ထိုသူသည် ဖြစ်ဆဲနိဗ္ဗာန် ကိုမျက်မှောက်ပြုသလော၊ သို့မဟုတ်ဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုသလော။

မဟာရာဇာ။ ။ထိုသူသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရာဖြစ်ဆဲ နိဗ္ဗာန်လည်း မဟုတ်၊ ဖြစ်ပြီး

နိဗ္ဗာန်လည်းမဟုတ်၊ စင်စစ်သော်ကား ကောင်းစွာကျင့်သော သူ မျက်မှောက်ပြုရာ နိဗ္ဗာနဓာတ်ရှိ၏။

ဘန္တေ။ ။ဤပြဿနာကို လျှို့ဝှက် မထားပါလင့် ပွင့်လင်းစွာ ဖြေကြားတော်မူပါ၊ ဘန္တေ-သင်ကြားဆည်းပူးထားသော နည်းနာနယ ဗဟုသုတ ဟူသမျှ လောင်းထည့်လိုက်ပါ၊ လူတို့သည် ဤအချက်တွင် တွေဝေနေကြ၏။ ယုံမှားနေကြ၏။ သံသယသို့ ပြေးဝင်နေကြ၏။ ဤဆူးငြောင့်ကိုနုတ်ပါယ်ပါလော့။

မဟာရာဇာ။ ။ငြိမ်းအေးသောချမ်းသာစစ်ဖြစ်သော, မွန်မြတ်၍ တောင့်တအပ်သော နိဗ္ဗာနဓာတ်ကို ကောင်းစွာကျင့်သူသည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ အတိုင်း သင်္ခါရတရားတို့ကို သုံးသပ်လျက် ပညာဖြင့် မျက်မှောက်ပြု၏။ တပည့်သည်ဆရာ၏ အဆုံးအမအတိုင်းပညာဖြင့် မျက်မှောက်ပြုသကဲ့သို့ပင်တည်း။ မင်းကြီး-ထိုနိဗ္ဗာန်ကို အပြစ်မရှိ၊ ဥပါဒ်မရှိ၊ဘေးမရှိ၊ ရန်မရှိ၊ အေးငြိမ်းချမ်းသာသော, သာယာသော, မွန်မြတ်စင်ကြယ်သော, အေးမြသော အားဖြင့် ရှုမြင်အပ်၏။

မီးလောင်သော ယောကျ်ားသည် မီးလွတ်ရာသို့ ရုန်းထွက်၍ မီးမရှိသောနေရာသို့ရောက်သော် လွန်ကဲသောချမ်းသာကိုရ၏။

အပုပ်ကောင်များရှိသော နေရာသို့ရောက်သူသည်အပုပ်လွတ်ရာသို့ ရုန်းထွက်၍ အပုပ်မရှိသော နေရာသို့ ရောက်သော် လွန်ကဲသော ချမ်းသာကိုရ၏။

ကြောက်မက်ဖွယ်နေရာသို့ ရောက်သောသူသည် ဘေးကင်းရာသို့ ရုန်းထွက်၍ ဘေးလွတ်ရာသို့ ရောက်သော် လွန်ကဲသော ချမ်းသာကိုရ၏။

ညစ်နွမ်းသော ညွှန်ပြောင်းရှိရာ အရပ်သို့ ရောက်သော်သူသည် ထိုနေရာမှလွတ်မြောက်၍ လွန်ကဲသော ချမ်းသာကိုရ၏။

မဟာရာဇာ။ ။ထို့အတူ ကောင်းစွာကျင့်သူသည် သုံးလောက မီးပူ၊ ကိလေသာအကောင်ပုပ်၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဘေး၊ ပူဇော်သကာ တည်းဟူသော ညွှန်ပြောင်းတို့မှလွတ်ကင်းသော နိဗ္ဗာန်ကိုမျက်မှောက်ပြု၏။

မဟာရာဇာ။ ။ကောင်းစွာကျင့်သူသည် သင်္ခါရတရားတို့၏ ဖြစ်ခြင်းကို သုံးသပ်၏။ပျက်ခြင်းကို သုံးသပ်၏။ ထိုအခါ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏကို မြင်၏။ ထိုသင်္ခါရတရားတို့၏ အစ၊ အလယ်၊ အဆုံး-သုံးပါး လုံးတို့၌ တစုံတရာ ချစ်စရာ သာယာစရာကို မမြင်၊ ရဲရဲတောက်လောင်နေသော သံတွေခဲ၌ ကိုင်တွယ်နိုင်သော နေရာကိုမမြင်သကဲ့သို့ဖြစ်၏။ အလျှံပြောင်ပြောင် တောက်လောင်နေသောမီးပုံထဲ၌ ပုန်းခိုစရာ နေရာကို မမြင်သကဲ့သို့ကောက်ယူရာကိုမတွေ့မမြင်ရသော ထိုသူတို့၏စိတ်၌ မမွေ့လျော်ခြင်းသည် ကောင်းစွာတည်၏။ ဘုံသုံးပါး၌ ငြီးငွေ့၏။ ထိုအခါ သင်္ခါရတရားတို့ မဖြစ်ရာ နိဗ္ဗာန်သို့ ပြေးဝင်၏။ မျက်စိလည် လမ်းမှားနေသူသည် လမ်းမှန် ကိုတွေ့၍ ကြည်လင် ရွှင်ပျ သကဲ့သို့ဖြစ်၏၊ ထိုသူသည် သင်္ခါရတို့မဖြစ်ရာ နိဗ္ဗာန်ရောက်ကြောင်းမဂ်ကို အားထုတ်၏။ ရှာမှီးပွားများ၏၊ ကြိမ်ဖန်များစွာပြုသောအခါ

သတိ, ဝီရိယ, ပီတိသည်ကောင်းစွာတည်၏၊ အဆင့်ဆင့်အထပ်ထပ် နှလုံးသွင်းသော ထိုသူ၏ စိတ်သည် သင်္ခါရတို့၏ ဖြစ်စဉ်ကို လွန်မြောက်၍ နိဗ္ဗာန်သို့ သက်ဝင်၏၊ ထိုကဲ့သို့သောသူကို နိဗ္ဗာန်မျက်မှောက်ပြုသူဟုဆိုအပ်၏။

ဘန္တေနာဂသေန။ ။ချုပ် ခြင်း သည် နိဗ္ဗာန် မည် သလော။

မဟာရာဇာ။ ။ဟုတ်၏။

ဘန္တေ။ ။အဘယ်သို့ ချုပ်ခြင်းသည် နိဗ္ဗာန် မည် သနည်း။

မဟာရာဇာ။ ။ပုထုဇဉ်တို့သည်အာယတနတို့ကိုအလွန် နှစ်သက်စွဲလမ်းပြောဆို ကြ၏။ အဆုံးတိုင် သက်ဝင်တည်ကုန်၍ တဏှာရေအလျဉ်ဖြင့် မျောပါကြ၏။ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းစသော ဘေးဒုက္ခတို့ မလွန်ကြ၊ အကြားအမြင်ရှိသောအရိယသာဝကသည်ကား ယင်းအာယတနတို့ကိုတွယ်တာတပ်မက်မှုရှိကြ၊ တဏှာချုပ်သောကြောင့် ပြင်းစွာ စွဲလမ်းမှု ဥပါဒါန်ချုပ်၏။ ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ ဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေခြင်းစသော ဘေးဒုက္ခတို့ ချုပ်ကုန်၏။ မင်းကြီး-ဤသို့လျှင် ချုပ်ခြင်းသည် နိဗ္ဗာန်မည်၏။

ကမ္ဘာလောကကြီး အေးချမ်း သာယာရေးအတွက် လူများများ အရိယ ဖြစ်စေချင်၏။ အရိယဖြစ်ရန်အတွက်ခက်ခဲနေပါက လိုသလောက် အရိယ ဦးရေ ရလိမ့်မည် မဟုတ်၊ သို့ကြောင့် မြတ်စွာဘုရား ဟောကြားသည့်အတိုင်း အလွယ်

ဆုံး အရိယာဖြစ်နည်း တရားတို့ကို ရွေးချယ် တင်ပြခြင်း ဖြစ်၏။ ဗုဒ္ဓဝင်ပါဠိတော်၌ မြတ်စွာဘုရား ဓမ္မစကြာ တရားဟောကြား သောအခါ လူနတ်ဗြဟ္မာ သတ္တဝါပေါင်း တဆဲ့ ရှစ်ကုဋေ အသိတရား ရကြ၏။ မင်္ဂလသုတ်တရား ဟောကြားသောအခါ မှာ အသိတရားရသော အရေအတွက်ကို မဆိုအပ်ဟု လာရှိ၏။ ဘယ်ရွေ့-ဘယ်မျှဟု ပြောမပြနိုင်လောက်အောင် များပြား ခြင်းဖြစ်မည်၊ ရာဟုလာသုတ်သားကို ဆုံးမသောအခါမှာလည်း တရားသိမြင်သူတို့သည် မရေ-မတွက် နိုင်လောက်အောင်ပင်ဖြစ် ၏။ မြတ်စွာဘုရားကိုယ်တိုင် ဟောကြားခြင်းဖြစ်၍ ဤမျှများ ပြားစွာ ကျွတ်တမ်းဝင်ကြခြင်း ဖြစ်သည်ဟု ဆိုသောစကားကို မငြင်းလိုပါ၊ သို့ရာတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ကိုးတိုင်း-ကိုးဌာန သာသနာပြု ရဟန်းတော်များ တရားဟော သောအခါမှာလည်း အကျွတ်တရား ရသောလူများ မနည်း လှပါ။

၁။ ကသ္မီရ- ဂန္ဓာရတိုင်းတွင် အရှင် မဇ္ဈန္တိကသည် အာသီဝိသောပမသုတ်ကို ဟောကြားရာဒေသနာ အဆုံးမှာ လူပေါင်း ရှစ်သောင်း လေးထောင် အရိယာ ဖြစ်သွားကြ၏။
၂။ မဟိံသကတိုင်းတွင် အရှင်မဟာဒေဝသည် ဒေဝ ဒူတသုတ်ကို ဟောကြားရာ ဒေသနာအဆုံးမှာ လူ ပေါင်း လေးသောင်း အရိယာဖြစ်သွားကြ၏။
၃။ ဝနဝါသီတိုင်းတွင် အရှင်ရက္ခိတသည် အနမတဂ္ဂိ ယသုတ်ကို ဟောကြားရာ ဒေသနာအဆုံးမှာ လူ

ပေါင်း ခြောက်သောင်း အရိယ ဖြစ်သွားကြ၏။

၄။ အပရန္တတိုင်းတွင် အရှင်ယောနကဓမ္မရက္ခိတသည် အဂ္ဂိခန္ဓောပမသုတ်ကို ဟောကြားရာဒေသနာ အဆုံးမှာ လူပေါင်းခုနစ်သောင်း အရိယ ဖြစ်သွားကြ၏။

၅။ မဟာရဋ္ဌတိုင်းတွင် အရှင်ဓမ္မရက္ခိတသည် မဟာနာရဒ ကဿပဇာတ်ကို ဟောကြားရာ ဒေသနာ အဆုံး၌ လူပေါင်းရှစ်သောင်း လေးထောင် အရိယ ဖြစ်သွားကြ၏။

၆။ ယောနက တိုင်းတွင် အရှင်မဟာ ရက္ခိတသည် ကာဠကာရာမ သုတ်ကို ဟောကြားရာ ဒေသနာ အဆုံးမှာ လူပေါင်းတသိန်း ခုနစ်သောင်း အရိယ ဖြစ်သွားကြ၏။

၇။ ဟိမဝန္တာအရပ်တွင် အရှင်မဇ္ဈိမသည် ဓမ္မ စကြာ သုတ်ကို ဟောကြားရာဒေသနာအဆုံးမှာ လူပေါင်း ကုဋေရှစ်ဆယ် အရိယဖြစ်သွားကြ၏။

၈။ သုဝဏ္ဏဘူမိခေါ် သထုံပြည်တွင် အရှင်သောနနှင့် အရှင်ဥတ္တရတို့ ဗြဟ္မဇာလ သုတ်ကို ဟောကြားရာ ဒေသနာ အဆုံးမှာ လူပေါင်း ခြောက်သောင်း အရိယ ဖြစ်သွားကြ၏။

၉။ သီဟိုဠ်ကျွန်းတွင် အရှင်မဟိန္ဒသည်စူဠဟတ္ထိပဒေါပမသုတ်ကို ဟောကြားရာ လူပေါင်း လေးသောင်း အရိယ ဖြစ်သွားကြ၏။

သို့ဖြစ်ပါလျှင် ယခုအခါမှာလည်း အဘယ်ကြောင့် အရိယ အမြောက်အများ မဖြစ်နိုင်သနည်း၊ ဗုဒ္ဓမွသည် ဗုဒ္ဓ ရှိစဉ်ကသာ တန်ခိုးအရှိန်အဝါ အာနိသင်ရှိသည်မဟုတ်၊ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးနောက်လည်း ဓမ္မတရား ထင်ရှား ရှိနေသမျှ ကာလပတ်လုံး လိုက်နာကျင့်သုံးပါလျှင် ထို့အတူပင် အကျိုး အာနိသင်ရှိသည်။ သန့်ရှင်းစင်ကြယ် သိလွယ်သော တရားကို မခက်–ခက်အောင် ကြံဆောင်နေလျှင်ကား လူအများကြောက် ရွံ့ရှောင်ရှား သွားကြလိမ့်မည်။ ပညာရှိတို့သည် ဓမ္မတရားကို ကြည်ညိုဆပွားလေးစားယုံကြည်အောင်သာ ပြုလုပ်သင့်ကြပါ သည်။အနားသို့ မချဉ်းကပ်ရဲအောင် ပညာစွမ်း မပြသင့်ကြပါ။

အချို့သောသူသည် စကြံသွားနေယင်း အရိယ ဖြစ် သွား၏။ အချို့သောသူသည် ရေချိုးနေယင်း အရိယဖြစ် သွား၏။ အချို့သောသူသည် ခြေဆေးယင်း အရိယဖြစ်သွား ၏။ အချို့သောသူသည် ဆီမီးကိုကြည့်နေယင်း အရိယ ဖြစ် သွား၏။ အချို့သောသူသည် မြစ်ရေအလျဉ်ကို ကြည့်နေယင်း အရိယ ဖြစ်သွား၏။ အချို့သောသူသည် ကျင်ကြီး–ကျင်ငယ် စွန့်ရာမှ အရိယဖြစ်သွား၏။ ထိုမှတပါး လွယ်လွယ် ကူကူနှင့် အရိယဖြစ်သူ အမျိုးမျိုးအဖုံဖုံ အမျိုးစုံစွာနှင့် များစွာ ရှိ၏။ ပညာရှိတို့သည် ယင်းနည်းကိုသာ ပေါ့ပေါ့-ပါးပါး သက် သောင့်သက်သာ ညွှန်သင့်ကြပါသည်။ သို့ဖြင့် ဗုဒ္ဓလောက ကြီးသည် အရိယတို့ဖြင့် လွန်စွာသာယာ၍ ကြည်နူးနှစ်လိုဖွယ် ဖြစ်လာနိုင်ပါသည်။

"ပဋိစ္စသမုပ္ပါဒ် အစရှိသော ဒေသနာတို့၏ ခက်ခဲ-နက်နဲခြင်းအကြောင်းကို မြတ်စွာဘုရားကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့သည်မဟုတ်ပါလော"

ဟုတ်ပါသည်၊ မြတ်စွာဘုရားသည် ခက်ခဲ-နက်နဲသော ပညာရှိများလို ခက်ခဲ နက်နဲသော တရားကို ဟောကြားပြီး ထိုသူတို့၏ သက္ကာယဒိဋ္ဌိဆူးငြောင့်ကို နှုတ်ပယ်ပေးခြင်း ဖြစ်၏။ သူတို့၏ အစွဲ-အလမ်းအယူ-အဆ တို့မှာ လွန်စွာ ခိုင်မြဲလေးနက် နေကြသည်။ သူတို့၏အယူ- အစွဲကို ပေါ့ပေါ့-ဆဆ ဖြင့် ဖြိုခွဲ၍ မရနိုင်ပါ၊ သူတို့၏ အယူအဆထက် အဆပေါင်းများစွာ နက်နဲသော တရားကို ပြသော အခါမှ သူတို့၏ ပမာဏကိုနှိုင်းဆနိုင်ကြ၏။ မြန်မာတို့တွင် ထိုသို့သော သူများ ရှိပါသလော၊ ယောအတွင်းဝန် ဦးဘိုးလှိုင်သည် ဝိမုတ္တိ ရသ၌ သူတို့၏ အယူဝါဒကို ဖော်ပြထားပါသည်။ မိမိတို့တွင် အဘယ်သူ၌ ထိုသို့သော အယူအဆမျိုးရှိပါသနည်း။

"ကသည်း လူမျိုးတို့မှာ ဤအသက် ဇီဝထွက်ခွါနိုးကို အသက်ဇီဝမထွက်ပဲ ခေတ္တရပ်ဆိုင်းနေအောင်ရှေးက ကသည်းဆရာကြီးတို့ မန်းမှုတ်နိုင်ကြောင်းနှင့် ပြောဆိုကြသည်။

"သိုးဆောင်းလူမျိုးတို့မှာ ဟိန္ဒူပုဏ္ဏားတို့အယူအတိုင်း ဇီဝဟူသော ပါဠိပျက်၍ သိုးဆောင်းတို့ ဘာသာဖြင့် 'အိဒင်ဇိုး'ဟူ၍ ဤအတ္တကို ခေါ်ပြီးလျှင် ယုံကြည်လေးမြတ်စွာအယူရှိကြသည်။ အိဒင်ကား အမြဲမပျက်, ဇိုးကားဇီဝ ဆိုလိုသည်။

"သိုးဆောင်းဘာသာ 'ဂေါ့' ဟုခေါ်သော လောကကို ဖန်ဆင်းသော ဘုရားက ဤ'အိဒင်ဇိုး'ကို သတ္တဝါ ၌သာ

ပေးသည်။ တိရစ္ဆာန်တို့ဥ္မပေး၊ ထို့ကြောင့်တိရစ္ဆာန်တို့သည် လူလောက်မလိမ္မာ၊ တိရစ္ဆာန်တို့ကို သတ်၍ စားသောက်သော်လည်း ငရဲမရှိဟူ၍ သိုးဆောင်းလူမျိုးတို့အယူရှိသည်။

"ဟိန္ဒူ, ပသီအစရှိသော လူမျိုးတို့မူကား ဤဇီဝသည် လူ့,တိရစ္ဆာန်သတ္တဝါရှိသမျှမှာပင်ရှိသည်ဟူ၍ အယူရှိကြသည်။ ခိုဒါကို ကိုးကွယ်သည့် ပသီစသော လူမျိုးတို့က ဤခန္ဓာ၏ အချုပ်ရှုပ်ဟုအတ္တကို ခေါ်သည်။

"ဤသို့ ဤအတ္တ အယူဝါဒသည် လောကဦးဖုံးလွှမ်း၍ အကြွင်းအကျန်မရှိ၊ အလုံးစုံသောသူ့ဥ္မပင်လျှင်ဤသက္ကာယ ဒိဋ္ဌိမကင်းနိုင်လေသတည်း။ သတ္တဝါတို့သည် သံသရာ ဝဋ်ဆင်းရဲမှ မကျွတ်-မလွတ်နိုင်"

ဤတွင်သိစေလိုသည်မှာ ယခုအခါ ဗုဒ္ဓဝါဒီ တို့သည် အများအားဖြင့် ယင်းသို့သော သက္ကာယဒိဋ္ဌိမျိုး မရှိကြခြင်းပင်ဖြစ်၏။ ယောမင်းကြီးသည်ထိုအယူဝါဒတို့၏အကျဉ်းချုပ်ကိုသာ သရုပ်ဆုတ်ပြခြင်းဖြစ်၏။ထိုဝါဒတို့၏ဖြစ်ပေါ်ခြင်းသဘောဘာရားတို့မှာ လွန်စွာခက်ခဲ-နက်နဲ၏။ ထိုတွင် မြတ်စွာဘုရား လက်ထက်မတိုင်မီက ဝါဒမှာ ဟိန္ဒူဝါဒ သာဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ယင်းဝါဒနှင့် ပတ်သက်၍ လေးနက်သော တရားများဟောကြား ရခြင်းဖြစ်၏။ ရိုးရိုးသားသားလူများအတွက်ကား လွန်စွာလွယ်ကူ-သန့်ရှင်းသောတရားကို ဟောကြားပြီး လွတ်မြောက်စေခဲ့၏။ အထူးသဖြင့် ပင်ပန်းကြီးစွာကျင့်ရခြင်းတို့မှ လွတ်မြောက်ရန် လိုပါသည်။ ဗုဒ္ဓမှသည် မဇ္ဈိမ ပဋိပဒါလမ်းစဉ်ဖြစ်၏။

မဇ္ဈိမပဋိပဒါ ဟူသည်မှာ လက်ျာအချောင်နှင့် လက်ဝဲ အကြပ်နှစ်ပါး၏ အလယ်ဗဟိုက မဂ္ဂင်လမ်းစဉ်ဖြစ်၏။ ယင်းလမ်းစဉ် ပေါ်သွားခြင်းသည်ပင် ပဋိပဒါအကျင့်မည်၏။ တရားကျင့်ဟူသည်မှာ ကောင်းစွာမြင်ခြင်း, ကောင်းစွာကြံစည်ခြင်းတို့ပင် ဖြစ်၏။ ထို့ထက်လွန်လျှင် လက်ဝဲ အကြပ်အတည်းဖြစ်သွား၍ လျော့လျှင် လက်ျာအချောင်ဖြစ်သွားမည်၊ လက်ဝဲ-လက်ျာ မှာ ထူးမခြားနားလှပါ၊ ပင်ပန်းဆင်းရဲခြင်းနှင့် ယုတ်ညံ့ခြင်း သာ ကွာခြားသည်၊ နှစ်မျိုးလုံး လွတ်မြောက်ရန်မဖြစ်၊အရိယ ကျင့်ဝတ်များမဟုတ်၊ အနရိယတို့ အလုပ်များသာဖြစ်၏။ သို့ ကြောင့်အရိယဖြစ်လိုသူသည်မဂ္ဂင်ရှစ်ပါးလမ်းပေါ်၌သာလွှယ်ကူ သက်သာစွာဖြင့် ဖြောင့်မတ်စွာ သွားသင့်လှပါသည်။ သားယား ဖြောင့်ဖြူးလျက် အန္တရာယ် ကင်းသော ယင်း လမ်းပေါ်မှ တဖက်သို့ ဖဲထွက်သွားလျှင် စက်ဆုတ်ဖွယ်ယုတ်ညံ့၍ အခြား တဖက်သို့ ဖဲထွက်သွားလျှင်ဆင်းရဲပင်ပန်းမည်ဖြစ်၏။

ရဟန်းတို့-တထာဂတ ထိုးထွင်းသိသော,မျက်စိကို ပြုသော, ဉာဏ်ကိုပြုသော, မဂ္ဂင်ရှစ်ပါးဟူသော အလယ်လမ်း အကျင့်သည် ငြိမ်းအေးခြင်းငှာ, အထူး သိခြင်းငှာ,ကောင်းစွာ သိခြင်းငှာ, နိဗ္ဗာန်အကျိုးငှာဖြစ်၏။

သစ္စေန မေသမော နတ္ထိ (ဝဋ္ဋသုတ်)

ငါ၏ သစ္စာနှင့် တူသော တရားမရှိ။

သော်ဇင်

(၁၃၃၆ ခု၊ တော်သလင်းလဆုတ် ၄ ရက်)

(၁၉၇၄ ခု၊ အောက်တိုဘာလ ၄ ရက်)

သဘာဝ ရုပ်ဝတ္ထုဘုရားနှင့်ဝိညာဉ်ဘုရား
နတ်ဘုရား နှင့် လူသားဘုရား
မိဘ ကိုးကွယ်သူနှင့် သူရဲကောင်းကိုးကွယ်သူ
အရက်ကိုးကွယ်သူနှင့် အလှအပကိုးကွယ်သူ
ကမ္ဘာ့လူသားတို့၏ ကိုးကွယ်မှုအထွေထွေ၊
ယုံကြည်မှု အထွေထွေ.... ။

# ဗုဒ္ဓနှင့် ခေတ်ပြိုင် ဘုရားများ

## ရေးသားပြုစုသူ မောင်အုံ

[သကျသီဟ၊ ဓမ္မာစရိယ၊ပါဠိပါရဂူ၊ မဟာပဏ္ဍိတ-ဘုံဘော]

တမန်တော်များ၊ လူဝင်စား ဘုရားများ၊ ဂရိပြည်-တရုပ်ပြည်တို့မှ သဘောတရားရေး ခေါင်းဆောင်ဆရာကြီးများ၊ ပါရှားပြည်မှ ဇိုရိအက်စတာဘာသာ၊ အိန္ဒိယပြည်မှ တိတ္ထိဂိုဏ်း ဆရာကြီးများ၊ မဟာဝီရ ဂျိန်းဘုရားနှင့် ဂျိန်းသာသနာဝင်၊ ဂျိန်းစာပေဗုဒ္ဓဝါဒရှုဒေါင့်မှအမှားအမှန်စိစစ်ဝေဘန်ချက်များ ။

ပါဠိစာပေ၊ အဋ္ဌကထာ၊ ဋီကာ၊သက္ကတစာပေ၊ အင်္ဂလိပ် စာပေတို့မှ ထုတ်နှုတ်တင်ပြချက်....။

မပေါ်ဖူး ဟူးထူးခြားခြား စာအုပ်ကောင်းတအုပ်ကို ယမုနာ စာပေက အစွမ်းကုန်မွမ်းမံ၍ တင်ပြပါတော့မည်။ သက်ဆိုင်ရာ ပရိသတ်များ ရင်သတ်ရှုမော အံ့သြဘွယ်ရာ အကိုးအကား၊ အထောက်အထား၊ အချက်အလက်၊ ဓာတ်ပုံ များနှင့်တကွ တခမ်းတနား ထွက်လာပါတော့မည်။

ပိဋကတ်သုံးပုံမှ စာတအုပ်၏အမည်ကို ပြောပါဟုဆိုလျှင် အထစ်အငေါ့မရှိပဲ ဓမ္မပဒဟုပြောပြလိုက်ပါမည်။ အကြောင်းကား ယင်းသည် အထူးကျေးဇူးများ၍ တခုတည်းသော အကောင်းဆုံးစာအုပ်ဖြစ်သောကြောင့်တည်း။

ဓမ္မပဒသည်လူအမျိုးမျိုးတို့၏ စိတ်သဘောအမျိုးမျိုးတို့ကို လိုက်၍ဗုဒ္ဓမြတ်စွာဘုရားဟော ကြားတော်မူခဲ့သော တရားတော်ပေါင်းစုံပါရှိသဖြင့် တရားတော်ညွန့်ပေါင်းကျမ်း An Anthrology Ofverse ဖြစ်သောကြောင့်တည်း။

မြန်မာ ဗုဒ္ဓဘာသာ တို့သည် ဓမ္မပဒပါ ဇာတ်သွားတို့ကို သိကြ၏။ ဓမ္မပဒပါ ဗုဒ္ဓတရား တို့ကိုကား မျက်ခြေပြတ်၏။

ဓမ္မပဒကိုအခြေခံလျက်ပြည့်စုံသော ဗုဒ္ဓဓမ္မကိုမကြေညက်မကောက်မိဘဲ အဘိဓမ္မာလိုတရားကို ကျော်လွှား ရွတ်ဖတ်ရင်းအစာမကြေ လိုရင်းမရောက်ကြ။

# ဓမ္မပဒ ဋီကာသစ်

## ဦးသော်ဇင်

ဓမ္မပဒသည် ဗုဒ္ဓဓမ္မ

ဓမ္မပဒမှ ဗုဒ္ဓဓမ္မကိုရှာ

ဓမ္မပဒမှ ဗုဒ္ဓဓမ္မကိုမြတ်နိုးစွာပူဇော်

ဓမ္မပဒမှ ဗုဒ္ဓဓမ္မသည်ဆင်းရဲဒုက္ခဟူသမျှမှကျွန်ုပ်တို့ မြောက်၍

ဓမ္မပဒမှ ဗုဒ္ဓဓမ္မသည် ချမ်းသာသုခ အထွတ်အထိပ်သို့

# ဗုဒ္ဓဓမ္မကို လေ့လာပါလျှင် ပြဿနာပေါင်း များစွာ ဝန်းရံနေ၏။

ဗုဒ္ဓ မြတ်စွာဘုရားထင်ရှားရှိခဲ့ပါသလော။
ဗုဒ္ဓ မြတ်စွာဘုရားသည် လောကတွင်အမြတ်ဆုံးလော။
ဗုဒ္ဓသည်အလုံးစုံကိုအကုန်သိသော သဗ္ဗညုတဉာဏ်ရှင်လော။
ဗုဒ္ဓအား ပူဇော်၍ အကျိုးရှိမည်လော။
ကုသိုလ်ကံ အကုသိုလ်ကံ တို့ရှိပါသလော။
ထိုကံတို့၏ အကျိုးဖလ အာနိသံသရှိပါသလော။
ရှေးဘဝရှိခဲ့သလော၊ နောက်ဘဝရှိဦးမည်လော။
နိဗ္ဗာန်သည် အဟုတ်တကယ် ချမ်းသာသလော။
ဝိပဿနာ လုပ်ငန်းသည် မှန်ကန်သလော။
ရဟန်းပြုရန် လိုသေးသလော။
ပရိတ်ရွတ်၍ အန္တရာယ်ကင်းမည်လော။

# မိလိန္ဒပဉှာ

## ဦးသော်ဇင်

ဤသို့ အစရှိသော ပြဿနာ အသီးသီးယုံမှားခြင်းအသွယ်သွယ်တို့ဖြင့် ရှုပ်ထွေးပွေယှက် အဖြေခက်နေ၏။ ဤယုံမှား သကော ပြဿနာ၊ ထိုထိုပြဿနာတို့၏ တခုတည်းသော အဖြေမှာမိလိန္ဒပဉှာဖြစ်၏။မိလိန္ဒပဉှာသည် ထိုမှတပါးရာပေါင်း များစွာသော ပြဿနာများကို အာဂမ သဘာဝယုတ္တိပေါင်းများစွာဖြင့် ရှင်းလင်းဖြေဆိုထား၏။ တိုးဖြည့်၍ ❋ မကြာမီထွက်လာမည် ❋

# အရိယ သစ္စာ

လမ်းခရီးအားလုံးတွင် အင်္ဂါရှစ်ပါး ရှိသော မဂ်လမ်းခရီးသည် အမြတ်ဆုံး ဖြစ်၏။ သစ္စာ အားလုံးတို့တွင် အရိယသစ္စာ လေးပါးသည် အမြတ်ဆုံးဖြစ်၏။ သဘောတရားအားလုံးတို့တွင် ရာဂ ကင်းသော နိဗ္ဗာန်သည် အမြတ်ဆုံး ဖြစ်၏၊ အခြေနှစ်ချောင်းရှိသောသတ္တဝါအားလုံးတို့တွင် မျက်စိရှိသူသည် အမြတ်ဆုံးဖြစ်၏။

ရဟန်းတို့-အရိယသစ္စာလေးပါးတို့ကိုလျှော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း,သင်တို့သည်၎င်း၊ ရှည်လျားစွာသော ဤကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

ရဟန်းတို့-ထိုအရိယသစ္စာတို့ကို ငါသိမြင်ပေပြီ၊ ဘဝသစ်သို့ ဆွဲဆောင်တတ်သောကြိုးနှင့်တူစွာ ဘဝတဏှာကိုကောင်းစွာနုတ်ပယ်ပြီးပေပြီ၊ ဆင်းရဲ၏ အမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးပေပြီ၊ ယခုအခါ တဖန်ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီ။